
www.burmeseclassic.com



www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၅၀၁၁၂၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀၀၄၄၀၁၁၂ |
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၂ \| ဩဂုတ်လ |
| ထုတ်ဝေသူ | - | ဦးအေးလွင (၀၄၁၅၂) ရွှေဥစာပေတိုက် တိုက် (၄)၊ အခန်း (၁၀) ပြည်တော်သစ်ရိပ်သာ၊ ပုဇွန်တောင်၊ ရန်ကုန်။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ |
| ဖြန့်ချေး | - | ၁၀၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

၈၉၅.၈၃
လေဒီဇော်
ရက်ရက်စက်စက် ရက်စက်ရက်သူ / လေဒီဇော်။ – ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၁ ။
၁၁၄ – စာ ၊ ၁၂.၃ × ၁၈ စင်တီ ။
(၁) ရက်ရက်စက်စက် ရက်စက်ရက်သူ




"ဒါ ကိုယ့်ရဲ့ရွှေနှနေလက်ဆောင်ပေါ့၊ ဒီလက်စွပ်ကို တစ်သက်လုံးမချွတ်ပါနဲ့တော့။ အရမ်းချစ်တယ် ရွှေသား...မင်းရော ကိုယ့်ကိုချစ်ရဲ့လား"

"စောစောကပြောတာကို ကြားချင်လို့လား"

"စောစောကပြောတာကို ကြားချင်တာထက် မျက်နှာချင်းဆိုင်ပြောတာကို ကြားချင်တာ"

"ကျွန်မလေညီး ညီစြွေးလိုပဲ ပေ့ိရင်တောင် မလျှော့ပါဘူး...အရမ်းချစ်တယ်"

"ကြည့်စမ်း...ချစ်သူလေးကိုကိုင်ရင်းနဲ့ ချစ်သူ့မျက်နှာကိုကြည့်ပြီး ချစ်သူပြောတာကို လတ်လတ်ဆတ်ဆတ်ကြားရတာက ဘာနဲ့မှမလဲနိုင်တဲ့ခံစားမှုပါလား။ ဘယ်တော့မှလမ်းမခွဲကြေးနော်...ကတိ"

"အိုး ကတိ...ဘယ်တော့မှလမ်းမခွဲဘူး"

"ဘယ်သူ့ချုတ်ချုက် မပျက်နဲ့နော် အချစ်"

"ဘယ်သူချက်လို့ရမှာလဲ"

"ဘယ်သူ့အဘောတူတူမတူတူ ကိုယ်တို့အတူတူပဲနော်"

"အတူတူပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဘဝမှာ မိန်းကလေးတွေအများကြီး ဝင်ထွက်ခဲ့ဖူးတယ်"

"သိပြီးသားကို ဘာဖြစ်လို့ပြန်ပြောနေတာလဲ။ ကျွန်မနဲ့မတွေ့ခင်ကတိစ္စတွေကို ခွင့်လွှတ်တယ်လို့ပြောပြီးပြီပဲ ညီသွေးရဲ့။ ဘာလဲ...ရှစ်တန်းကိုးတန်းကတည်းက စွဲတဲ့အကြောင်းကို ကြွားချင်တာလား"

"ကိုယ်ပြောချင်တာက အဲဒါမဟုတ်ဘူး ငွေသားရဲ့၊ မိန်းကလေးတွေအများကြီး ဝင်ထွက်ခဲ့ပေမယ့် ရင်ထဲထိ ရောက်ခဲ့တာမဟုတ်ဘူး။ အဲဒီကလီလောက်နဲ့တင် ပြီးခဲ့တာ။ ငွေသားနဲ့တွေ့မှ အချစ်ဆိုတာကို နက်နက်ရှိုင်းရှိုင်းခံစားမိပြီး ရင်ဘတ်ထဲမှာ အမြစ်တွယ်သွားတာလေ။ ဒါကြောင့် ငွေသားကို ကိုယ့်နှလုံးသားရဲ့ဘုရင်မအဖြစ် တင်မြှောက်ခဲ့တာလို့ပြောချင်တာ"

"ညီသွေးတကျတော့ ကျွန်မရဲ့စိတ်ကူးယဉ်ကမ္ဘာလေးထဲက ရွှေမင်းသားလေး"

"ဘယ်လို"

"ဒီလိုလေ၊ ကျွန်မလည်း ညီသွေးနဲ့မတွေ့ခင်က အချစ်အကြောင်းကို နားလည်ခဲ့တာမဟုတ်ဘူး။ ချစ်သူရည်းစားလည်း တစ်ယောက်မှမထားခဲ့ဖူးဘူး။ ဒါပေမဲ့ စိတ်ကူးယဉ်ကမ္ဘာလေးထဲ





မှာတော့ ကျွန်မစိတ်ကြိုက်ရွေးချယ်ထားတဲ့ ချစ်သူတစ်ယောက်ရှိခဲ့ဖူးတယ်"

"ဘယ်လိုမျိုး စိတ်ကြိုက်ရွေးချယ်ထားတာလဲ၊ မနာလိုလိုက်တာကွာ"

"မနာလိုမဖြစ်နဲ့ ညီသွေးရဲ့၊ အဲဒီလို ကျွန်မစိတ်ကြိုက်ရွေးချယ်ထားတဲ့ချစ်သူလေးက ညီသွေးပဲ"

"ဟာ!...တကယ်"

"တကယ်ပေါ့"

◙◙◙



www.burmeseclassic.com

www.burmeseclassic.com

* သန့်စင်ညိုသွေး
* ငွေသားနေပေါယ်
* ဂျင်မီ
* မေညိုသွေး

BURMESE CLASSIC .com

## အခန်း (၁)

"တရွေ့ရွေ့ပြောင်းလဲသွားနဲ့ နေ့ရက်တွေ× × × အလွမ်းများက တိုးလျှိုနိပ်စက်ရေး × × × တမ်းတနဲ့ မင်းရဲ့အငွေ့အသက်လေး× × × အနားမှာ အမြဲရှိစေချင် ငါ့ရဲ့ညမနက်တွေထဲ× × × ဘယ်တော့မှ တို့နှစ်ယောက် နီးမှာလဲ× × × ဘယ်အချိန်ထိ ငါစောင့်ရမလဲ"

"ဟယ်. . . လာပြန်ပြီတော်၊ ဒီဖုန်းက တစ်နေ့ ဘယ်နှခါ လာနေမှာလဲ"

"Busy လုပ်လိုက်ဟယ်"

"Power သာ off ပစ်လိုက်"

"ဟုတ်ပါ့ဟယ်, မနာလိုစရာကောင်းအောင်မိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် သူတို့နှစ်ယောက်ကို 'ညိုသွေးပိုပို'၊ 'ငွေသားကဲကဲ'လို့ ခေါ်တာပေါ့။ ရှင်တို့ပြောသလိုသာလုပ်ရင် ငွေသားနဲ့ငယ် ချက်ချင်းလဲသေသွားနိုင်တယ်"

သူငယ်ချင်းတွေက တစ်ယောက်တစ်မျိုး ထ,ပြောလိုက်ပေမယ့် ငွေသားရဲ့ရင်ထဲမှာတော့ တလှပ်လှပ်ဖြင့် ကြည်နူးပီတိတွေ စွတ်စိုစိမ့်နေလေ၏။ ဘန်နီဖြိုးရဲ့ 'အလွမ်းပြေအနမ်း'ဆိုတာ ချစ်သူအတွက် သီးသန့်လုပ်ထားသည့် ring tone လေးမှန်း သူငယ်ချင်းတွေကပါ ရိုးအီနေအောင် သိနေသော်ငြားလည်း ငွေသားရင်ထဲမှာတော့ ချစ်သူရဲ့ဖုန်းမို့လို့ပဲဖြစ်မည်။ ထိုသီချင်းသံလေး ထွက်ပေါ်လာတိုင်း မရိုးနိုင်အောင် ခံစားစမြဲပင်။

တစ်ဖက်မှ ညိုသွေးက လှမ်းခေါ်လျှင် ဘန်နီဖြိုးက 'အလွမ်းပြေအနမ်း'ကို ထ,အော်လိုက်၊ ငွေသားကခေါ်လျှင် တစ်ဖက်မှာ ချမ်းချမ်းက 'ရှိသည့်,ဖြစ်သည့်,ချစ်သည့်'ကို ထ,အော်လိုက်ဆိုတော့ သူငယ်ချင်းအပေါင်းအသင်းမိတ်ဆွေတွေအားလုံးက ငွေသားတို့ချစ်သူနှစ်ယောက်နှင့်ပတ်သက်ပြီး အထူးအာရုံနောက်စရာ ဖြစ်နေတော့သည်။

"ရှင်တို့ကလည်း မနာလိုမဖြစ်စမ်းပါနဲ့။ ကျွန်မတို့က သူများအတွဲတွေလိုမှမဟုတ်တာ။ ဖုန်းလေးထဲကပဲ အလွမ်းပြေအနမ်းတွေ ပေးနေရတာကို"

"ဟယ်. . . ငွေသား၊ ဟိုမှာ ရှင့်အိမ်က လာကြိုနေပြီ"





"ဟုတ်ပါ့တော်၊ လာ,လာ ဒီဘက်လာကြ၊ ဦးမျိုးက ကျွန်မ မလာမချင်းစောင့်နေလိမ့်မယ်။ သူမမြင်နိုင်အောင် ဒီဘက်နားမှာ ကွယ်ပြောမယ်"

**"ကြယ်ပွင့်လေးများ လမ်းပြဦး× × × ကောင်မလေးနဲ့နီးနိုင်ဖို့ အဝေးဝေးသွားလို့ သွေးအေးသွားမှာ ငါကြောက်လို့× × × ခင်းစိတ်ထဲ အမြဲတမ်းရှိပါစေ× × × ဆုံနိုင်မှာပါ တို့နှစ်ယောက်တစ်နေ့× × × ခုတော့ ဖုန်းလေးထဲပဲ အလွမ်းပြေအနမ်းတွေပေး"**

ငွေသားသည် ဦးမျိုး မမြင်နိုင်စေရန် သူငယ်ချင်းတွေကို အကွယ်တစ်နေရာသို့ ဆွဲခေါ်ပြီး ဖုန်းဖွင့်လိုက်လေသည်။

ဘာပဲပြောပြော ထို ring tone သံလေး ဝင်လာတိုင်း သူငယ်ချင်းမတွေက ပွစိပွစိပြောတတ်တာ အကျင့်ဖြစ်နေသလို ငွေသား ဖုန်းပြောတိုင်းလည်း ထိုသူငယ်ချင်းမတွေက ဝိုင်းကြည့်ပြီး မဲ့လိုက်, ရွဲ့လိုက်, ပြုံးလိုက်, ရယ်လိုက် လုပ်တတ်သည်မှာ အကျင့်တစ်ခုလိုဖြစ်နေခဲ့၏။

ဘာကြောင့်လဲဆိုတော့ ငွေသား ချစ်သူရသွားခဲ့ရခြင်းမှာ သူမတို့၏ Support ကောင်းမှု၊ Sponsor ကောင်းခဲ့မှုတို့ကြောင့်ဖြစ်ပါသည်။

"ညိုသွေး"

"အဲဒီညိုသွေးဆိုတာကို ပြောင်းဖို့ကောင်းပြီ"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



“ငွေသားရဲ့ချစ်သူဖြစ်နေပြီလေ၊ ငွေသားထက်လည်း တစ်နှစ်ကျော်ကျော် ကြီးတာပဲ”

“ချစ်သူဖြစ်လို့ ချစ်သူတွေရဲ့ထုံးတမ်းစဉ်လာကြီးအတိုင်း ခေါ်ရမယ်ဆိုတာ မရှိဘူးလား ညီုသွေးရဲ့။ ပြီးတော့ တစ်နှစ်လောက် ကြီးတာကိုများ ဆရာကြီးလုပ်ချင်သေးလို့လား”

“ဆရာကြီးတော့ မလုပ်ရဲပါဘူးကွာ၊ အစ်ကိုကြီးတော့ လုပ်ချင်သား”

“ကျွန်မရဲ့သူငယ်ချင်းတွေဆိုရင် နှစ်ကြီးနှစ်ငယ်တွေရော၊ လ,ကြီး လ,ငယ်တွေရော ဒီလိုပဲခေါ်နေကြတာပဲ။ ကျွန်မကတော့ သန့်စင်ညီုသွေးဆိုတဲ့နာမည်ကို အရမ်းကြိုက်တယ်၊ ညီုသွေးလို့ခေါ်ရတာကို ပိုပြီးကြိုက်တယ်၊ ခေါ်လို့ကောင်းတယ်”

“ဒါဆိုလည်း ကြိုက်သလိုသာ ခေါ်တော့ကွာ၊ ကိုယ်နဲ့ပတ်သက်ရင် ဘယ်လိုအကြောင်းမျိုးပဲဖြစ်ဖြစ် ငွေသား ကြိုက်ရင် ပြီးရော”

“ဟို့, ဒါနဲ့. . . ညီုသွေး ဘာပြောစရာရှိလို့လဲဟင်”

“ပြောစရာရှိမှ ခေါ်ရမှာလား ငွေသားရယ်။ ငွေသားကို ကိုယ်ပြောပြီးပြီပဲ၊ ကိုယ်အချိန်အားတိုင်း ငွေသားဆီ ဖုန်းခေါ်နေမှာလို့”

“ဒါပေမဲ့ ညီုသွေး အားတဲ့အချိန်က ကျွန်မ မအားရင်ကော. . .”





“အားနိုင်မယ်ထင်တာပဲ၊ အခု ငွေသား အတန်းပြီးပြီ မို့လား။ အရမ်းလှနေတယ်”

“ရှင်! ”

ဘုရားသခင်!. . . ငွေသား တအံ့တသြဖြစ်ပြီး ဘေးပတ်ပတ်လည်ကိုကြည့်လိုက်တော့ သူငယ်ချင်းမတွေကလည်း တောင်ကြည့်မြောက်ကြည့်နှင့် ရှာဖွေတော့သည်။

“ရှင်. . . ရှင် ဘယ်ကပြောနေတာလဲ ညီုသွေး။ ကျွန်မအနားတစ်ဝိုက်မှာ ရှိနေတယ်ထင်တယ်”

“အင်း, ကိုယ် ငွေသားကိုလှမ်းမြင်နေရတယ်။ ငွေသားကတော့ ကိုယ့်ကို အလွယ်တကူတွေ့မှာမဟုတ်ဘူး။ ငွေသားရဲ့အင်္ကျီက ပန်းနုရောင်လေး၊ ကော်လံရဲ့အင်္ကျီက အနီရောင်, ဇင်မာနဲ့ အိမွန်က အဖြူရောင်လေးတွေ။ နဒီကတော့ အနက်ရောင်လေး”

“ကြည့်စမ်း! ရှင်က ဒါမျိုးလည်း တတ်တယ်လား။ ဒါဆို ကျွန်မ နေ့တိုင်းနေ့တိုင်း ဒီ့ထက်အလှပိုပြင်ပြီး သတိနဲ့နေမှဖြစ်တော့မယ်”

“ဘာဖြစ်လို့လဲ ငွေသားရဲ့”

“ကိုယ့်ချစ်သူက အရိပ်လို လိုက်ကြည့်နေပြီဆိုတော့ ကျွန်မကလည်း အချိန်မရွေးလှနေမှဖြစ်တော့မှာပေါ့။ ပြီးတော့ ကျွန်မက ပါးစပ်ကို အသားကုန်ဖြဲပြီး ရယ်တတ်တာမျိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



သင်းတတ်တာမျိုးတွေ၊ မွှဲတတ်တာမျိုးတွေ၊ ကုတ်တတ်တာမျိုးတွေ၊ တစ်ခါတလေ နှာခေါင်းနှိုက်နေတတ်တာမျိုးတွေက အချိန်မရွေး မထင်မှတ်ဘဲ ဖြစ်သွားတတ်တာဆိုတော့ ကျွန်မက ဟန်ဆောင်တတ်တာမဟုတ်ဘူး ညီ့သွေးရဲ့"

"ဟား. . . ဟား. . . ဟား. . . ငွေသားလေးရယ်၊ အဲဒီလို ရိုးသားပြီး ပွင့်ပွင့်လင်းလင်းပြောတတ်တာကိုက အရမ်းချစ်စရာကောင်းနေတာ။ ငွေသားက ဘယ်လိုပဲနေနေ လှနေတာပါ။ ချစ်သူကို ပဲပေးချင်တာနဲ့ ပိုပြင်မိမှ အိုတာဖြစ်သွားဦးမယ်။ ဒါပေမဲ့. . . ကိုယ်ကတော့ ငွေသားဘယ်လိုပုံစံမျိုးလေးပဲဖြစ်ဖြစ် ချစ်နေမှာပဲ"

"အင်း, ယုံပါတယ် ညီ့သွေးရဲ့၊ ဒါဆို ကျွန်မ ဖုန်းချလိုက်တော့မယ်နော်။ သတိရလို့ တမင်သက်သက်ခေါ်တာမဟုတ်လား"

"နေပါဦး ငွေသားရဲ့. . . ကိုယ်ပြောစရာကျန်နေသေးတယ်၊ ငွေသားပဲ အတန်းချိန်ကလွဲရင် ကျန်တဲ့အချိန်တွေ ဖုန်းခေါ်လို့ရတယ်ဆို။ ဘာတွေအရေးကြီးနေလဲ အချစ်ကလေး"

"မနက်က ညီ့သွေးကိုပြောဖို့မေ့သွားတယ်၊ ဒီနေ့ ဖေဖေ့ကို MRTV 4 က Interview လုပ်ဖို့အစီအစဉ်ရှိတယ်လေ။ Interview မလုပ်ခင် ကျွန်မက ဖေဖေ့နားမှာ Guide လုပ်ပေးရမှာဆိုတော့ အလုပ်ကို မြန်မြန်ရောက်မှဖြစ်မှာ"





"သြော်, အိုခေ အိုခေ. . . ကိုယ်နားလည်ပြီ ငွေသား"

"ဒါဆို ပြောစရာရှိတာ မြန်မြန်ပြောလိုက်နော်"

"ငွေသားရဲ့မွေးနေ့က ကပ်နေပြီဆိုတော့ ကိုယ့်ရင်တွေ အရမ်းလှုပ်ရှားနေတယ်။ ပြီးတော့ ပျော်လည်း အရမ်းပျော်နေတယ်။ ချစ်သူဖြစ်ပြီးမှ ပထမဆုံးအကြိမ်တွေ့ရမှာ ဘယ်လောက်ပျော်စရာကောင်းလဲ ငွေသား"

"အင်း, ကျွန်မလည်း ညီ့သွေးလိုပဲ ခံစားရတယ်။ မွေးနေ့မှာ ဖေဖေက ဘယ်မှပေးမလွှတ်ဖူးတော့ ခွင့်တောင်းဖို့အတွက်တောင် ရင်ထဲမှာ တထိတ်ထိတ်နဲ့"

"ဒါပေမဲ့ ရအောင်ပြောနော် အချစ်၊ မွေးနေ့မှာ ချစ်သူနဲ့အတူတူ ဘုရားကို အရုဏ်တက်ချိန် သွားရတယ်ဆိုတာ ဘယ်လောက်ကြည်နူးစရာကောင်းလဲ"

"ကတိပေးပြီးပြီပဲ ညီ့သွေးရဲ့၊ အဲဒီ့အစီအစဉ်ကို ဖြစ်အောင် လုပ်မှာပါ။ သူငယ်ချင်းတွေကလည်း ကူညီမှာဆိုတော့ သေချာနိုင်ပါတယ်"

"ကိုယ် မင်းအတွက် မွေးနေ့လက်ဆောင် ကြိုပေးဖို့ စီစဉ်နေတယ်။ PRE HAPPY BIRTHDAY. . . ပေါ့"

"PRE HAPPY BIRTHDAY!. . . ဘာလဲဟင်"

"Suprise လေ၊ မွေးနေ့မရောက်ခင် ငွေသားလက်ထဲ ရောက်လာစေရမယ်။ အခု အဲဒီစိတ်ကူးလေးကိုရလို့ အိမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ။ ကဲ၊ ဒါပဲနော်၊ ငွေသားလေး အရမ်းချစ်တယ်၊ ဘိုင့်ဘိုင်. . ."

"ကျွန်မရောပဲ. . . တာ့တာ"

ဟုပြောပြီး ညိုသွေးရဲ့ပုံလေးပေါ်နေသော Display ကို Kiss ပေးလိုက်လေသည်။

"အချိန်ရတိုင်း ဖုန်းခေါ်နေတာတောင် ရှင်တို့ဥစ္စာက ပြောစရာတွေ မကုန်နိုင်သေးဘူးလား"

"သူက PRE HAPPY BIRTHDAY တွေဘာတွေ လုပ်နေပြန်ပြီ၊ ဘာပေးမှာတဲ့လဲ"

"Suprise တဲ့. . . မွေးနေ့မတိုင်ခင် ကျွန်မလက်ထဲ ရောက်လာစေရမယ်တဲ့၊ အဲဒီစိတ်ကူးလေးကို လှမ်းပြောတာတဲ့။ ပြီးတော့ ကျွန်မမွေးနေ့ကျရင် ဘုရားအတူတူသွားဖို့ကိစ္စကို မပျက်အောင် ခဏခဏသတိပေးနေတာ။ အဲဒီနေ့အတွက် သူကြိုတွေးပြီး ပျော်နေတဲ့အကြောင်း စိတ်လှုပ်ရှားနေတဲ့အကြောင်းတွေပေါ့ဟယ်"

"ရှင့်ကို ညိုသွေးက အရမ်းချစ်တာပဲနော်။ ရှင် အရမ်းကံကောင်းတယ်။ သူက ရှင့်မှာ လိုအပ်နေတာမျိုးတွေ, မေ့နေတတ်တာမျိုးလေးတွေကအစ တစ်ခုချင်းသတိပေးပြီး ဖြည့်ဆည်းပေးနေမယ့်ပုံပဲ၊ အချိန်ရရင် ရသလိုလည်း ရှင့်နောက်ကို အရိပ်ကလေးလို လိုက်နေတတ်တယ်ထင်တယ်။ အခုလည်း ဒီအနီး





နားတစ်ဝိုက်မှာ ရှိပုံပေါ်တယ်ဟဲ့။ ကျုပ်တို့လည်း အနေအထိုင်ဆင်ခြင်ဦးမှ"

"ရှင်သိလား ငွေသား။ မိန်းကလေးတွေက သူတို့ကို အံ့သြပျော်ရွှင်အောင် လုပ်နိုင်တဲ့လူကို ဘယ်တော့မှမမေ့ဘူးတဲ့။ ရှင်လည်း အဲဒီလိုဖြစ်တော့မယ်။ ဘာဖြစ်လို့လဲဆိုတော့ ညိုသွေး ရှင့်ကိုချစ်တဲ့ပုံစံက စိတ်ကူးယဉ်ဆန်ဆန်လေးတွေ, အံ့သြစရာကောင်းတာလေးတွေနဲ့ ပြည့်နေတာ။ ဒါကြောင့် ရှင်ကံကောင်းတယ်လို့ပြောတာ။ ကျုပ်တို့ကျေးဇူးကို မမေ့နဲ့ ငွေသားနုစပယ်"

"ဟဲ့၊ ဟိုမှာကြည့်စမ်း! ဦးမျိုး ကားထဲက ထွက်လာပြီး ဟိုကြည့်ဒီကြည့်နဲ့ ရှာနေပြီ"

တစ်ယောက်တစ်မျိုး ပွစိပွစိဖြစ်နေချိန်မှာပဲ နောက်ထပ်ဖုန်းခေါ်သံ ထွက်လာပြန်သည်။ ဒီတစ်ခါ ring tone လေးကတော့ ညိုသွေးဆီမှ မဟုတ်တော့တဲ့ 'WE ARE THE WORLD' ကို ဖေဖေကိုယ်တိုင် စိတ်ကြိုက်ထည့်ပေးထားသည့် ဖေဖေ့ခေါ်သံပင် ဖြစ်လေသည်။

"ဟယ်. . . ရှင့်ဖားသားကြီး ဖုန်းဝင်လာပြန်ပြီ။ မျက်စိအောက်က အပျောက်မခံနိုင်တဲ့ ချစ်သူနဲ့၊ မျက်စိအောက်က အပျောက်မခံနိုင်တဲ့ ဘိုးတော်နဲ့တော့ တွေ့ပြီပေါ့။ ဒါဆို ကျုပ်တို့ လစ်တော့မယ်"

"အိုခေ၊ ကျေးဇူးပဲ၊ ဟဲ့၊ နဒီ ကျန်ခဲ့မှာမှလား။ ရှင်အိမ်



www.burmeseclassic.com

www.burmeseclassic.com



က ကျွန်မနဲ့လမ်းကြုံနေတာကို။ ဟယ်လို ဖေဖေ''

ငွေသားက တစ်ဆက်တည်းဖုန်းပြောလိုက်တော့ သူငယ်ချင်းသုံးယောက်ကလည်း ထွက်သွားပြီး အနားမှာ နဒီတစ်ယောက်သာ ကျန်ခဲ့သည်။ နှစ်ယောက်သား ဖုန်းပြောရင်း ကားဆီသို့ လျှောက်လာခဲ့၏။

''သမီးရေ့ လာနေပြီလား။ ဒီမှာ အင်တာဗျူးအစီအစဉ် စ,တော့မယ်''

''သမီး အခုမှ ကျောင်းထဲက ထွက်လာတာဖေဖေ။ ခဏလေး စောင့်ခိုင်းပေးပါ။ သမီး အနားမှာ ရှိနေချင်တယ်''

''ဖေဖေ ကော်ဖီတော့ တိုက်ထားတယ်၊ ဒါပေမဲ့ အားလုံးက အချိန်နဲ့အလုပ်လုပ်နေရတာဆိုတော့ သူတို့ အချိန်ပိုပေးနိုင်မှာမဟုတ်ဘူး။ ဖေဖေက မေးခွန်းယူထားပြီး အေးဆေးဖြေပေးချင်ပေမယ့် သူတို့က real life ကိုပဲ လိုချင်တာတဲ့။ အခု ဓာတ်ပုံရိုက်တဲ့လူတွေကတော့ ရိုက်နေတယ်။ သင်တန်းမှာတော့ ရိုက်ခဲ့ပြီးပြီတဲ့''

''ဟုတ်. . . ခဏနေရင် သမီးရောက်တော့မှာပါ''

''ဒါနဲ့ သမီးဘာဖြစ်လို့ နောက်ကျတာလဲ။ အလုပ်ကိစ္စရှိတယ်လို့ ဖေဖေကြိုပြောပြီးသားလေ။ အခုတလော သမီး ဘယ်လိုဖြစ်နေလဲ''

''ဘာမှမဖြစ်ပါဘူး. . . ဟို''





''ဖုန်းခေါ်တိုင်းလည်း Busy ဖြစ်နေတာက များတယ်။ ကျောင်းပြန်ချိန်တွေလည်း နောက်ကျလာသလိုပဲ။ ဟုတ်တယ်, ဖေဖေ အခုမှသတိထားမိတယ်။ မှန်မှန်ပြောစမ်း! သမီး၊ ဘာဖြစ်လို့ နောက်ကျနေတာလဲ။ ဖေဖေ သမီးကို ယုံလို့မရတော့ဘူး ထင်တယ်''

''ယုံပါ ဖေဖေရဲ့၊ သမီး. . . ဟို''

''တဟိုဟို တဟင်ဟင် လုပ်မနေနဲ့၊ မေးတာကို မြန်မြန်ဖြေ၊ ဖေဖေအစီအစဉ်ဖျက်ပြီး လိုက်လာမှာနော်''

''ဖေဖေကလည်း ဘာဖြစ်လို့ လိုက်လာရမှာလဲ။ ဖေဖေ စိတ်ထင်လို့ပါ။ ဒီနေ့တစ်ရက်တည်း နောက်ကျတာနဲ့ သိမ်းကျုံးပြီး အပြစ်ပြောတော့မလို့လား။ ဒီမှာ နဒီက ဖိနပ်ပြတ်သွားလို့ ကောခိုင် သွားဝယ်နေတာကို စောင့်ရင်းနဲ့ ကြာသွားတာ''

''ဟဲ့, ငါ့ဖိနပ်က ဘယ်မှာပြတ်လို့လဲ''

ရုတ်တရက် နဒီ့အသံ ထွက်လာတာမို့ ဖေဖေမကြားနိုင်ရန် ဖုန်းကို အသေအုပ်လိုက်ရလေသည်။ ပြီးတော့ နဒီ့အနားကပ်၍ သွားကြားထဲက ထွက်သောအသံမျိုးနှင့်. . .

''သေတော့မှာပဲ၊ ဒီမှာ စစ်နေလို့ ရှင့်ကိုဆွဲပြီး လိမ်လိုက်ရတာ''

ဟုပြောပြီး ဖုန်းကို ပြန်နားစွင့်လိုက်ရသည်။

''ဖိနပ်က ဘယ်လိုဖြစ်ပြီး ပြတ်ရတာလဲ၊ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တစ်မျိုး ထည့်လဲစီးနေကြတဲ့ကလေးတွေက ပြတ်ရော အကြောင်းရှိလို့လား''

''ဒီနေ့ နဒီက Slipper လေး စီးလာတာ ဖေဖေရဲ့။ သမီးဖိနပ်အထူကြီးနဲ့ နင်းမိသွားတာ။ သူ့ဖိနပ်က ကတ္တီပါပါးပါးလေးရယ်။ ကြိုးကလည်း ပါးပါးသေးသေးလေး။ မယုံရင် နဒီကို မေးကြည့်မလား။ နဒီ အနားမှာ ရှိတယ်''

ဖိနပ်က ပြတ်တာနှင့်မပြတ်တာပဲ ကွာသည်။ နဒီ စီးလာသည့်ဖိနပ်က ငွေသားပြောတဲ့အတိုင်း တစ်ပုံစံတည်း ဖြစ်ပါ၏။

''အိုခေ, ရပြီ၊ ဒါဆို ဖေဖေ ဖုန်းချလိုက်တော့မယ်''

''နေပါဦး ဖေဖေရဲ့၊ ခုနက ဖေဖေပြောတဲ့စကားလုံးတွေက အရမ်းစိမ်းတာပဲ။ စိမ်းတာမှ တင်းတင်းကြီးနဲ့ စိမ်းတာ။ အဲဒီလို ဖေဖေ တစ်ခါမှပြောဖူးတာမဟုတ်ဘူးနော်။ နောက်တစ်ခါမပြောမိအောင် ဆင်ခြင်ပါ''

''အမယ်လေးဗျာ. . . မိန်းကလေးရေ, ငါက မင်းကိုဆုံးမရမှာလား, မင်းက ငါ့ကိုဆုံးမရမှာလား။ မဆင်မခြင်ပြောမိရင် ကျွန်တော်မျိုးကို ဘယ်လိုအပြစ်ပေးမှာလဲခင်ဗျာ''

''ဖေဖေ မဆင်မခြင်ပြောမိရင် သမီး အရမ်းဝမ်းနည်းမှာပေါ့, ငိုမိမှာပေါ့။ ဖေဖေ့အပေါ် အချစ်တွေလျော့သွားမှာပေါ့။ အဲဒီအပြစ်တွေ ဖေဖေခံစားရလိမ့်မယ်''

''ပိုး, နိုး နိုး နိုး. . . ဒါတော့ မဖြစ်ဘူး။ နောက်ကို ဒါမျိုးမဖြစ်စေရဘူး။ ဖေဖေက သမီးလေးအပေါ်ကို စိုးရိမ်စိတ်တွေ အရမ်းဝင်သွားမိလို့ တစ်ခါမှမပြောဖူးတဲ့လေသံမျိုးနဲ့ ပြောမိတာပါကွာ။ ကဲ, ကျေနပ်ပြီလား. . . တေလာလေး''

''အင်း, ချစ်တယ်ဖေဖေ၊ ဘိုင့်ဘိုင်''

''အိုခေ အိုခေ. . . ဘိုင့်ဘိုင်''

ငွေသားသည် ဖုန်းပြောပြီး ပခုံးလေးကို တွန့်လိုက်မိတော့ နဒီက မျက်စောင်းထိုးကြည့်လေ၏။ ဖေဖေက ငွေသားကို တေလာဆွမ်မ်နှင့်တူသည်ဟု တင်စားထားတာမို့ တစ်ခါတစ်ရံ ချစ်စနိုးနှင့် တေလာလေးဟု ခေါ်တတ်ပါသည်။

''နင် တော်တော်သရုပ်ဆောင်ကောင်းပါလား ငွေသား။ ပိပိရိရိလိမ်တတ်လိုက်တာ၊ ဒီအတတ်တွေ ဘယ်တုန်းက တတ်နေတာလဲ''

''မေးခွန်းထဲကို ဝင်အောင် ဘောင်မကျော်ဘဲ ကွက်တိဖြေရမယ်ဆိုရင် ညီသွေးကို ချစ်မိကတည်းက''

''ဘယ်လို!. . . ညီသွေးကို ချစ်မိလို့''

''ဟုတ်တယ်. . . ကျွန်မက ဘဝကို ရိုးရိုးလေးပဲ ဖြတ်သန်းလာခဲ့ရတာ။ ပူပင်စရာ တစ်ခုမှမရှိဘဲ ပြည့်ပြည့်စုံစုံနေလာခဲ့ရသလို ဖေဖေနဲ့လည်း တစ်ယောက်အပေါ်တစ်ယောက် ချစ်ခြင်းမေတ္တာတွေ အပြည့်အဝဖလှယ်ပြီး နေလာခဲ့တာဆိုတော့ မရိုးသားတဲ့လုပ်ရပ်ဆို ဘာတစ်ခုမှမသိခဲ့ဘူး''







www.burmeseclassic.com

www.burmeseclassic.com



"..."

"ကောက်ကျစ်ဖို့ လိမ်ညာဖို့ဆိုတာ နားကိုမလည်တာ။ စိတ်ကူးထဲကို ဝင်မလာတာ။ ညီလေးကို ချစ်လိုက်မိမှပဲ ဖေဖေ့ အပေါ်ကို မရိုးသားတဲ့စိတ်တွေနဲ့ လိမ်ညာတတ်တဲ့အကျင့်တွေ က Automatic သူ့အလိုလိုပေါ်လာခဲ့တာပဲ။ ဇာတ်တိုက်စရာ မလိုဘူး အရမ်းအံ့ဩစရာကောင်းတယ်၊ အဲဒါ အချစ်ကြောင့်ပဲ နဒီ"

"အေးလေ, နင်တို့နှစ်ယောက်ရဲ့အချစ်က အရမ်းကို အားကျစရာကောင်းသလို လူပုံစံလေးတွေကလည်း အရမ်းကို လိုက်ဖက်ညီနေတာပဲ။ နင် ညီလေးကို ဒီလောက်တောင် ချစ် သလား"

"ရက်ရက်စက်စက်ကို ချစ်တာ၊ ငါ့ဘဝမှာ သူမရှိရင် မဖြစ်ဘူး။ ညီလေးကလည်း ငါ့ကိုရက်ရက်စက်စက်ချစ်တာ။ သူ့ ဘဝမှာ ငါမရှိရင် မဖြစ်ဘူး။ အဲဒီလို သူငါ တစ်ထပ်တည်းကျ တဲ့အချစ်မျိုး ငါတည်းဆိုတဲ့အတ္တတွေနဲ့ပေါ့ဟာ"

"ဘုရားရေ"

"တကယ်တော့ အချစ်ဆိုတာ လုံးဝမကောင်းတဲ့အရာ ပဲ နဒီ။ အချစ်က မိုက်ရူးရဲဆန်တဲ့စိတ်တွေကို ဖြစ်ပေါ်စေတယ်။ လိမ်ညာ ကောက်ကျစ်တတ်အောင်လည်း သင်ကြားပေးတယ်။ အဲဒီလို မကောင်းမှန်းသိနေရဲ့သားနဲ့လည်း လူတွေက မလွတ်





တင်းနိုင်ကြဘူး။ မလွဲရှောင်နိုင်ဘဲ အရူးအမူးဖက်တွယ်ချင်ကြ တယ်။ ရှင်က ချစ်ရမယ့်သူ မတွေ့သေးလို့ပါ။ ကိုယ် အရမ်းချစ် တဲ့သူ တွေ့လာရင် ကျွန်မပြောတာတွေကို လက်ခံမိလိမ့်မယ်။ ပြီးတော့ ကိုယ်ချင်းစာမိလိမ့်မယ်"

"ဒိုင်တွေက လန်းလှချည်လား ငွေသားရယ်။ အချစ်ကို သိတာ တစ်နှစ်တောင် မပြည့်သေးဘဲနဲ့ အချစ်နည်းပြသင်တန်း တောင် ဖွင့်တော့မယ့်အတိုင်းပဲ။ ဒါနဲ့ နင့်ဖုန်းပြဿနာကိုရော ဘယ်လိုရှင်းလဲ။ တစ်နေ့ တစ်နေ့ ညီလေး ring tone နဲ့ နင့် အဖေ ring tone က အချိန်ပြည့်တိုက်ခိုက်နေတာ"

"ဒီလိုပေါ့ဟာ၊ အချစ်ဉာဏ်နဲ့ ကြည့်ရှင်းရတာပေါ့"

ငွေသားက ဝင့်ဝင့်ထည်ထည်ကလေး ပြောပြီး ကားထဲ ဝင်ထိုင်လိုက်တော့ နဒီကလည်း မျက်စောင်းလေး ပစ်လျက်...

"ဟင်း... နင့်အဖေသာသိရင် မလွယ်ဘူး"

ဟုပြောပြီး တစ်ဖက်မှ ဝင်ထိုင်လေသည်။ နဒီက စကား ကို ခပ်လွယ်လွယ်ပြောလိုက်ပေမယ့် အဆုံးသတ် 'မလွယ်ဘူး' ဆိုသည့်စကားထဲမှာ ခက်ခက်ခဲခဲအဓိပ္ပာယ်တွေ ပါဝင်နေသည် ဆိုတာ ငွေသားသာ အသိဆုံးမို့ ရင်ထဲစူးစူးရှရှတော့ ဖြစ်မိ၏။

အကြောင်းကတော့ ဖေဖေ ငွေသားကိုချစ်တဲ့အချစ်က သာမန်ဖခင်တွေလိုလည်း မဟုတ်၊ နေရာတကာမှာ စိုးရိမ်စိတ် ကြီးလွန်းပြီး ပိတ်ပင်တားဆီးနေတတ်တာမျိုးလည်းမဟုတ်။ ဒါတွေ



www.burmeseclassic.com

www.burmeseclassic.com



တွဲသွားလို့ အကြျခံရရင်လည်း ဒေါသထွက်ပြီး ဆူပူနေတတ်တာမျိုးမဟုတ်။ ပြီးတော့ ငွေသားကို တီးတိုးတီးတိုးသဖန်းပိုးလာတာတွေ တွေ့လျှင် 'ဘယ်ကောင်လဲကွ၊ ငါ့သမီးကိုပိုက်တာ' ဆိုပြီး ဓားနှင့်လိုက်ထိုးမတတ်, သဝန်တိုတတ်သူလည်းမဟုတ်။

ငွေသားကိုသာလျှင် အရိပ်တကြည့်ကြည့်နှင့် ချစ်မြတ်နိုးနေပြီး ငွေသား ဘာလုပ်လုပ် အသေးစိတ်ကအစ တစ်ခုချင်း သိချင်နေသော နားလည်ရခက်သ ည့် ချစ်ခြင်းမေတ္တာများဖြင့် ချစ်တတ်သောကြောင့် ဖြစ်ပါသည်။

''ငွေသားသာ ညီ့သွေးနဲ့ အရှုးအမူးချစ်နေတာသိရင် ဖေဖေ ဘယ်လိုနေမလဲ၊ ဘယ်လိုခံစားရမလဲ''

ထိုအတွေး တွေးမိတိုင်းလည်း ဖေဖေ့အပေါ် စိုးရိမ်စိတ်နှင့် ရင်ထဲ လှုပ်လှုပ်ခတ်ခတ်ဖြစ်ခဲ့ရသည့်အကြိမ်ပေါင်း မနည်းတော့ပါ။ ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့မှာ ငွေသားရဲ့အိမ်ထောင်ဖက်ဟာ 'သန့်စင်ညီ့သွေး'ပဲ ဆိုတာ ဖေဖေသိရပါတော့မည်။

သေချာတာကတော့ ဖေဖေ, ငွေသားကိုချစ်တဲ့အချစ်က အချိန်တိုင်း စိုးရိမ်မှုတွေ လွှမ်းခြုံနေသည့်အချစ်ပဲဖြစ်ပါတော့သည်။

◙





ဖေဖေ့ဆီရောက်တော့ Interview အစီအစဉ်လုပ်နေတာနှင့် တိုးလေသည်။ ငွေသားက ဝန်ထမ်းအချို့ကို နှုတ်ခမ်းပေါ် လက်ညှိုးလေး ဖိပြလိုက်ပြီး ဖေဖေ့နောက်ကွယ်တစ်နေရာကနေ လက်ပိုက်လျက် ဖေဖေ့ကိုပြုံးကြည့်နေလိုက်မိ၏။

ဖေဖေ့ဒီဖိုင်းက ရေရေလည်လည်ကို အထာကျလွန်းပါသည်။ လုပ်နေသည့်လုပ်ငန်းကလည်း ခေတ်လူငယ် ယောကျ်ားလေး, မိန်းကလေးပေါင်းစုံနှင့် ထိတွေ့ဆက်ဆံရသည့်အလုပ်မို့ အချိန်ပြည့် Active ဖြစ်နေ၏။ အသက်လေးဆယ်ကျော်ဆိုပေမယ့် ငွေသားနှင့်ယှဉ်လျှင် မောင်နှမအထင်ခံရလောက်အောင် အရွယ်တင် နုပျိုသူလည်း ဖြစ်လေသည်။

ကိုယ့်ဖေဖေမို့ ပိုပိုသာသာပြောရတာ မဟုတ်ပါ။ ဖေဖေက ဆော်ဒီလည်း ကျစ်ကျစ်လျစ်လျစ်ရှိသေးသလို အဝတ်အထည်ဖက်ရှင်ဆိုလျှင်လည်း ဂျင်းနိပန်, ဖစ်တင်တီရှပ်ရောင်စုံနှင့် ဖစ်တင်ရှပ်လက်ရှည်တွေကို လက်ခေါက်ပြီး ဝတ်ရတာ ခရေဇီဖြစ်သူမို့ ဖေဖေ့ကို ဘယ်အချိန်ပဲကြည့်လိုက်ကြည့်လိုက် မျက်စိထဲမှာ ဘရက်ပစ်နှင့်သာ မှားနေတော့၏။

ဖေဖေက ငွေသားကို တေလာဆွမ်မ်နှင့်တူသည်ဟုပြောလိုက်, ငွေသားက ဖေဖေ့ကို ဘရက်ပစ်နှင့်တူသည်ဟုပြောလိုက်ဆိုတော့ ဒီသားအဖ တစ်ဆိတ်တော့ မလွန်လွန်းဘူးလား။ ငွေသား, ဦးဘဂျမ်း၏ကာတွန်းတစ်ကွက်ကို သဘောကျမိသည်။



www.burmeseclassic.com

www.burmeseclassic.com



(✱ ထမင်းချက်တပည့်က ငုတ်တုတ်ကလေးထိုင်ပြီး
သနားစရာမျက်နှာလေးနဲ့ မော့လို့...

✱ ဆရာသမားက မှန်ရှေ့မှာ အကျီအသစ်ကိုဝတ်ပြီး
ဘိုကေကို ကျော့ကျော့မော့မော့ဖြီးလို့...

"ယော့, ဘိုးချုပ်၊ ထမင်းချက်စရာရှိတာ သွားပြီးချက်လေကွာ။ ငါ့ကို အလကား ဘာဖြစ်လို့ လာပြီးငေးကြည့်နေရတာလဲ"

"ဆရာ့ဝတ်ပုံစားပုံ ပြောပုံဆိုပုံရော ကိုယ်လုံးကိုယ်ပေါက်ရော ကြည့်လေကြည့်လေ သမ္မတကြီးနဲ့တူလေပဲ ဆရာ။ မွေးမြူးများ တော်သလား။ ဆရာ မလိမ်နဲ့နော်"

"မတော်ပါဘူးကွာ...ဟဲ...ဟဲ...ဟဲ...မင်း ပြစတ်သွားချင်တယ်ဆို။ ရော့, ပိုက်ဆံ၊ သွားချင်သွား၊ ထမင်း ငါချက်ထားလိုက်မယ်")

ဆိုတော့ ဆရာသမား ဘဝင်လေဟပ်သွားပုံက ထမင်းချက် ဘိုးချုပ် ပိုက်ဆံရတဲ့အပြင် ထမင်းပါ မချက်ရတော့ဘဲ ပြဇာတ်သို့ ဒိုးရတဲ့အထိဖြစ်လေသည်။

ငွေသားရဲ့ဖေဖေကလည်း ထိုသို့ဖြစ်သည်။

("ဟား...ဆရာသမား ဘယ်အချိန်ကြည့်ကြည့် အရမ်းကို လန်းနေတာပဲ"

"ဆရာ့ဝတ်ပုံစားပုံက အရမ်းမိုက်တယ်၊ လုံးဝဖက်ရှင်





ကျတယ်"

"ယောကျ်ားတွေ ဂျင်းဘောင်းဘီဝတ်နေကြပေမယ့် လိုက်ဖက်အောင်မှ လိုက်တာနော်။ ဆရာက ဘောင်းဘီပြောင်ပြီး မာဆယ်တွေဆလည်း လှနေတော့ ဂျင်းပန်နီနဲ့ဖက်တင်တီရှပ်နဲ့ တွဲဝတ်လိုက်ရင် လုံးဝ ဘာရက်ပစ်ပဲ။ ကိုရီးယားမင်းသားလောက်ကတော့ နားထား"

" Country ခေါက်စီးပြီး ရှပ်လက်ရှည်ကို လက်ခေါက်ဝတ်တတ်တဲ့စတိုင်လ်ကလည်း တကယ့်ကောင်းဘွိုင်းမင်းသားပဲ")

စသဖြင့် သူ့တပည့်တွေက ပြောပြီဆိုလျှင် ထိုနေ့အဖို့ နီးရာစားသောက်ဆိုင်ကို ချက်ချင်းပဲ ဖုန်းနှင့်လှမ်းမှာပြီး စားစရာကောင်းကောင်းတွေ ကျွေးတော့တာပဲဖြစ်၏။

"ဘယ်အချိန်ကတည်းက ဝါသနာပါခဲ့တာလဲဆိုတော့ 15, 16 လောက်ကဖြစ်မယ်။ ဒါပေမဲ့ 20 ကျော်လောက်မှ ဒီလောကထဲကို ခြေစုံပစ် ဝင်ရောက်ခဲ့တာ။ ဘာဖြစ်လို့လဲဆိုတော့ 15, 16 အရွယ်က စိတ်ကစားတတ်တဲ့အရွယ်လေ၊ ကိုယ် ဘာကို ဝါသနာပါလဲ, ဘယ်လိုင်းမှာ ခြေချမလဲဆိုတာကို တိတိကျကျ မရွေးနိုင်သေးတဲ့အရွယ်"

"ဟုတ်ပါတယ်"

"ဟိုစပ်စပ် ဒီစပ်စပ်ပဲ၊ ပန်းချီဆရာပဲ လုပ်တော့မလိုလို၊ ကဗျာဆရာ, စာရေးဆရာပဲလုပ်တော့မလိုလို၊ အားကစားဘက်ပဲ ဇောက်ချရမလားပေါ့။ အဲဒီခေတ်က ဒီဖိုင်နာတွေတော့



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မထသေးဘူး။ ဒါပေမဲ့ ဦးလေးတစ်ယောက်က စက်ချုပ်တာဆိုတော့ အဲဒီမှာ သွားသင်ရင်းနဲ့ အကျီတွေပဲ ချုပ်စားတော့ မလိုလိုပေါ့။ နောက်ဆုံးတော့ ပိုက်ဆံမရှိတဲ့သူငယ်ချင်းတွေကို ဆံပင်ညှပ်ပေးရင်းကနေ မထင်မှတ်ဘဲ ဆံပင်ပုံတွေက ကောင်းလာတယ်၊ သင်ဆရာ မရှိဘူး. . . ကိုယ့်အိုင်ဒီယာနဲ့ကိုယ် ညှပ်တာ"

"..."

"အဲဒီကနေ လူတော်တော်များများ သတိထားမိပြီး သဘောကျလာတယ်။ ကိုယ်တိုင်လည်း ဝါသနာအရမ်းပါလာခဲ့တယ်။ တီထွင်ဖန်တီးချင်တဲ့စိတ်တွေလည်း အရမ်းပေါ်လာတယ်။ ကိုယ်နဲ့လည်း လိုက်မယ်ထင်တာနဲ့ ဒီ Major ကို တိတိကျကျ ရွေးလိုက်ပြီး Profession အဖြစ် ရပ်တည်ဖို့ ဆုံးဖြတ်ခဲ့တာပါ"

"ဘယ်လိုပုံစံမျိုးတွေ လေ့လာခဲ့ပါသလဲ အစ်ကို။ လေ့လာခဲ့တဲ့နိုင်ငံတွေကိုလည်း သိချင်ပါတယ်"

"လေ့လာခဲ့တာကတော့ နိုင်ငံတကာမှာရှိတဲ့ Catting ပိုင်းနဲ့ပတ်သက်ပြီး အရင်ဆုံးလေ့လာတယ်။ Diploma ကတော့ စင်္ကာပူမှာ ရခဲ့တယ်။ ဒါပေမဲ့ ကိုယ်က Diploma ရတာထက် Customer တွေရဲ့ နှစ်သက်မှုရလဒ်ကို ပိုပြီးအလေးထားပါတယ်၊ လေ့လာခဲ့တဲ့နိုင်ငံတွေကတော့ စင်္ကာပူ၊ ထိုင်း၊ ဟောင်ကောင်၊ မကာအို၊ ကွမ်ကျိုး၊ အိန္ဒိယဆိုရင် ဘုံဘေ၊ နယူးဒေလီ၊ ကလ





ကတ္တားပေါ့။ ဥရောပဆိုရင် အီတလီ၊ ပြီးတော့ ဆွစ်ဇာလန်၊ **ပြင်သစ်၊ မော်ရိုကို၊ ဂျာမနီတွေနဲ့နိုင်ငံတွေပဲပေါ့"**

**"Stylist တစ်ဦးဖြစ်ဖို့အတွက် ဘယ်လောက်ထိ ကြိုးစားခဲ့ရပါသလဲ အစ်ကို။ ပြီးတော့ လက်ရှိအခြေအနေကို ရောက်**ဖို့အတွက် တွန်းအားပေးတဲ့လူတွေ ရှိရင်လည်း သိချင်ပါတယ်"

"Stylist တစ်ယောက်ဖြစ်ဖို့ကို ကိုယ့်ကိုကိုယ်ပဲ ထိန်းချုပ်ရင်း ကြိုးစားခဲ့ရတယ်။ အထူးသဖြင့် ကိုယ့်စိတ်က သွားချင်ရင်တောင် မသွားတာ၊ စားချင်သောက်ချင်တာတွေတောင် စိတ်အလိုကို မလိုက်ဘဲ ကျန်းမာရေးကအစ ဂရုစိုက်ပြီး အောင်မြင်မှုပန်းတိုင်ဆီ အရောက်လှမ်းခဲ့ရတာပဲပေါ့။ ပြီးတော့ ဘဝတစ်လျှောက်မှာ သာမန်လူတန်းစားတွေ၊ အနုပညာရှင်တွေနဲ့ အရာရှိအရာခံကနေ သံတမန်တွေထိ လူတန်းစားအမျိုးမျိုးနဲ့ တွေ့ကြုံဖြတ်သန်းခဲ့ရတယ်၊ ကိုယ့်ဝါသနာကြောင့် ဘယ်လိုလူမျိုးနဲ့ပဲ တွေ့တွေ့ ပျော်ရွှင်ခဲ့ပါတယ်"

"..."

"လက်ရှိအခြေအနေကိုရောက်ဖို့ တွန်းအားပေးခဲ့တဲ့လူတွေကတော့ ပထမဆုံးအနေနဲ့ မိဘဆွေမျိုးအသိုင်းအဝိုင်းတွေပေါ့။ အခုလောလောဆယ်မှာတော့ သမီးလေးပါပဲ။ သမီးနဲ့ပဲ အစစအရာရာတိုင်ပင်ပြီး လုပ်တယ်၊ သမီးက ခေတ်လူငယ်ဆိုတော့ သူ့ရဲ့ Idea လေးတွေ၊ Guide လုပ်တာလေးတွေက



www.burmeseclassic.com

www.burmeseclassic.com



လည်း တစ်မျိုးကောင်းတယ်လေ''

''အစ်ကိုရဲ့ဘဝမှာ ပျော်စရာအကောင်းဆုံးအချိန်လေး တွေရှိရင် ပြောပါဦး''

''ဘဝမှာ ပျော်စရာအကောင်းဆုံးအချိန်ကလေးတွေက တော့ ဒီအနုပညာနဲ့ပတ်သက်ပြီး သမီးကို ဘာမှလိုလေသေးမရှိအောင် ကောင်းကောင်းပြုစုပျိုးထောင်နိုင်ခဲ့တာနဲ့ မိဘဆွေမျိုး အသိုင်းအဝိုင်းကို ကူညီထောက်ပံ့ပေးနိုင်ခဲ့တဲ့အချိန်လေးတွေပဲ ပေါ့။ ပြီးတော့ သမီးနဲ့အပန်းဖြေခရီးထွက်ရတဲ့အချိန်လေးတွေ ရယ်၊ အစားအသောက်ကောင်းကောင်းတွေ ရှာစားတတ်ကြတဲ့ အချိန်လေးတွေရယ်ကတော့ ပိုအပျော်ဆုံးပါပဲ''

''ဟုတ်ကဲ့ပါ အစ်ကို၊ လက်ရှိမှာ အရမ်းအောင်မြင်နေပြီး ဆိုင်ခွဲတွေလည်း အများကြီးဖွင့်ထားတယ်လို့ သိရပါတယ်။ ဘယ်နှဆိုင်လောက် ရှိမလဲအစ်ကို။ ပြီးတော့ သင်တန်းဖွင့်ထားတယ်လို့လည်း သိရပါတယ်။ အဲဒီအခြေအနေလေး. . .''

''လက်ရှိက ဆိုင်ခွဲ 10 ဆိုင်ပါ။ ဒဂုံစင်တာ၊ လပြည့်ဝန်း ပလာဇာ၊ စိန်ဂေဟာ(ပြည်လမ်း)၊ နယူးဝေါလ်(ကမ္ဘာအေးဘုရားလမ်း)၊ မိုလ်ချုပ်ဈေး၊ Junction မော်တင်၊ နေပြည်တော်၊ ဘန်ကောက်၊ မန္တလေးနဲ့ ဒီ 19 လမ်းပေါ့။ ဒီမှာကတော့ ကိုယ့် အမြဲတမ်းထိုင်ဖြစ်ပါတယ်။ ပထမဆုံး စ,ဖွင့်ခဲ့တဲ့နေရာလေးမို့လို့ အမှတ်တရနဲ့ပေါ့။ သင်တန်းလည်း ဒီမှာပဲဖွင့်တာပါ။ ဝန်ထမ်း





တွေကိုလည်း သေချာလေ့ကျင့်သင်ကြားပေးထားတဲ့အတွက် လာတဲ့လူတိုင်းကို စိတ်တိုင်းကျဖြစ်စေမှာပါ''

''အစ်ကိုက Hair stylist လို့ပြောရင် ရလား''

''ရလားမဟုတ်ဘူး၊ လုံးဝကို အသေအချာပဲ။ ကိုယ်လည်း အဲဒါကိုပဲပြောချင်တာ။ ကိုယ့်ရဲ့အဓိကမေဂျာက အဲဒါပဲ။ ဘီးတစ်ချောင်းနဲ့ ကတ်ကြေးတစ်လက်သာရှိရင် ပြီးပြီဆိုတဲ့အစားထဲက။ ဒါပေမဲ့ ကိုယ်က ခေတ်လူငယ်တွေနဲ့ အများဆုံးဆက်ဆံနေရတာဆိုတော့ ခေတ်မီဖို့ရယ်၊ ကပ်စတမ်မာတွေရဲ့တောင်းဆိုချက်ရယ်၊ လုပ်ငန်းတိုးချဲ့ချင်တဲ့စိတ်ကူးရယ်၊ အားလုံးပူးပေါင်းပြီး အခုဆိုရင် ဝန်ဆောင်မှုအများကြီးပေးနေပါပြီ''

''. . .''

''ဆံပင်နဲ့ပတ်သက်တာအပြင် မိတ်ကပ်နဲ့ မျက်နှာအလှ အပဆိုင်ရာတွေ၊ ခြေသည်းလက်သည်းနဲ့ ခြေဖဝါးနှိပ်နယ်တာ တွေကိုပါ အကောင်းဆုံးဝန်ဆောင်မှု ပေးနေပါတယ်။ ဒီနှစ်ကုန်ရင် Spa သီးသန့်ဖွင့်တော့မှာပါ။ ပြီးတော့ ဒီလုပ်ငန်းနဲ့ပတ်သက်တဲ့ပစ္စည်းတွေကိုလည်း ရောင်းချပေးဖို့ အစီအစဉ်ရှိပါတယ်''

''ဟုတ်ကဲ့ပါ၊ အစ်ကို့ဘဝမှာ အနာဂတ်အတွက် စိတ်ကူးပုံဖော်ဖို့ အစီအစဉ်သစ်လေးတွေရှိရင်လည်း ပြောပြပေးပါဦး''

''လူ့လောက အတောမသတ်တဲ့ကွ၊ အနာဂတ်အတွက်ကတော့ အခု မြန်မာကျော်နေပြီဆိုတော့ ကမ္ဘာကျော်ဖြစ်ချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်ကွာ။ စိတ်ကူးပုံဖော်မယ့်အစီအစဉ်လေးတွေကတော့ **ခေတ်မီတိုးတက်တဲ့အလှအပဆိုင်ရာတွေကို မျက်ခြေမပြတ် လေ့လာသွားဖို့ပါပဲ။ ဥရောပနဲ့ အမေရိကကိုလည်း နောက်ထပ်သွားလေ့လာဖို့ အစီအစဉ်ရှိတယ်"**

**"Top hair stylist တစ်ယောက်ရဲ့ ရပ်တည်မှုကို ဘယ်**လိုခံယူထားပါသလဲ အစ်ကို"

"Top hair stylist တစ်ယောက်ရဲ့ ရပ်တည်မှုဘဝက Customer တွေပါပဲ။ ရင်ထဲမှာ ခံယူချက်အပြည့်ထားတာကလည်း Customer တွေရဲ့ကျေနပ်အားရမှုရလဒ်ပါ"

"ဟုတ်ကဲ့ပါ အစ်ကို၊ သိချင်တာလေးတွေ စုံသလောက်ဖြစ်သွားပါပြီ။ ခုလို အချိန်တစ်ခုပေးပြီး စိတ်ရှည်လက်ရှည်ဖြေကြားပေးတဲ့အတွက် အစ်ကို့ကို ကျေးဇူးအများကြီးတင်ပါတယ်။ အနာဂတ်မှာလည်း ဒီ့ထက်မက အောင်မြင်မှုတွေ ရရှိပါစေလို့ ဆုတောင်းပါတယ်"

"အိုခေ, ကိုယ်ကလည်း ကျေးဇူးတင်ပါတယ်။ ပေးတဲ့ဆုနဲ့ပြည့်ပါစေပေါ့"

တစ်ချိန်လုံး ဒီတိုင်းလေး ရပ်ကြည့်နေခဲ့သော ငွေသားသည် အစီအစဉ်အားလုံး ပြီးစီးသွားမှ လက်ခုပ် ထ,တီးလိုက်မိလေ၏။ ငွေသားရဲ့လက်ခုပ်သံကြောင့် ဖေဖေ နောက်ကို ဖျတ်ခနဲလှည့်ကြည့်လျှင် ငွေသားက လက်မလေးထောင်ပြီး 'ဂွိုက်တီး'





ဟုပြောလိုက်သည်။

"ကြည့်စမ်း! သမီး ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

"မိပါတယ် ဖေဖေရဲ့၊ အစလေး နည်းနည်းပဲလွတ်တာ၊ သမီး အစအဆုံး နောက်ကနေ ဒီတိုင်းရပ်ကြည့်နေတာ။ အရမ်းနားထောင်လို့ကောင်းတယ်"

"အင်း, ပြီးမှသာ ရောက်လာရင် ဖေဖေ သမီးကိုစိတ်ဆိုးမိမှာပဲ"

"ဖေဖေကလည်း. . . ဖေဖေအရမ်းတော်တယ် သိလား။ အခွန်းတောင်ထဲကို ကွက်တိဝင်အောင် ဖြေနိုင်တယ်။ အကြောင်းအရာတွေ ဘေးကို ဖွာမထွက်ဘူး။ ဂုဏ်ယူပါတယ် ဖေဖေ"

ငွေသားက ပြောရင်း ဖေဖေ့ရင်ခွင်ထဲဝင်၍ ခါးကိုသိုင်းဖက်ထားလိုက်မိသည်။ ဖေဖေကလည်း နွေးနွေးထွေးထွေးပြန်ထည်ပွေ့ဖက်ပါသည်။ ငွေသားတို့သားအဖနှစ်ယောက်၏ ထိုအကျင့်လေးက ငယ်ငယ်လေးကတည်းက အခုချိန်ထိ စွဲစွဲမြဲမြဲတည်ရှိနေပါ၏။

"ဒီလောက်ကတော့ Minar ပါ သမီးရာ၊ ဖေဖေ အင်တာဗျူးတွေ ဖြေလာတာ အကြိမ်ပေါင်းမနည်းတော့ဘူးဘဲ။ အခုတာက MRTY 4 အတွက်ဆိုတော့ ပိုဂရုစိုက်ရတာပေါ့။ ဒါနဲ့ ဒီတိုင်း ဂုဏ်ပြုလို့ရမလားကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဟုတ်မလဲ၊ သမီးမှာ အစီအစဉ်ရှိပါတယ် မေမေ ရဲ့၊ မေမေ ပင်ပန်းသွားပြီပဲ။ မေမေ့ကို သမီး တစ်ခုခုဝယ်ကျွေး မယ်"

"ဝိုး!. . . မိုက်တာပေါ့၊ တို့သမီး ဝယ်ကျွေးတာ စားရ ခဲတယ်၊ တို့ကချည်း ဝယ်ကျွေးနေရတာ။ ဒါဆို အိမ်ပြန်မစား တော့ဘူး"

"အင်း. . . သမီး ဆိုင်ကောင်းကောင်းလေး တွေ့ထား တယ် မေမေ။ ကေခိုင်တို့ ညွှန်တာ။ 31 လမ်းထိပ်က it တဲ့။ အစားအသောက်တွေ ကောင်းတယ်ပြောတယ်။ ရေခဲမုန့်ကြော် လည်း အရမ်းကောင်းတယ်တဲ့။ သမီး အဲဒါစားကြည့်ချင်လို့"

"အိုခေ, တစ်ခါတလေ အဲဒီလိုဆိုင်သစ်တွေမှာ သွား စားရတာ အရသာတစ်မျိုးကောင်းတယ်။ ဟိုတယ်လ်တွေမှာ သွား စားရတာ ကြာတော့ ရိုးလာသလိုပဲ။ သမီးရော ဆာနေပြီလား"

"ဆာနေပြီ၊ သမီးက လမ်းမှာကတည်းက ဒီနေ့အပြင် မှာ မေမေနဲ့အေးအေးဆေးဆေး တစ်ခုခုသွားစားမယ်လို့ တွေး လာတာ။ အဓိက,ကတော့ မေမေ့ကို ဂုဏ်ပြုပေးချင်တာပေါ့။ ပြီးတော့ မေမေ့ကို သမီးပြောစရာလည်း ရှိနေလို့"

"ထူးထူးဆန်းဆန်း ဘာတွေများ ပြောစရာရှိနေလို့လဲ။ အခုပြောလို့မရဘူးလား"

"ဆိုင်ရောက်မှပဲပြောမယ် မေမေ"





"ကောင်းပြီ၊ ဒါဆို သွားမယ်"

ဆိုပြီး မေမေက ငွေသားပခုံးလေးကို ဖက်လိုက်တာ မို့ ငွေသားကလည်း မေမေ့ခါးကိုပြန်ဖက်ကာ ထွက်လာခဲ့ကြပါ တော့သည်။ မေမေနှင့် အဲဒီလိုတွဲသွားရတာ ငွေသား ဂုဏ်ယူ သည်။ အရမ်းလည်း ပျော်စရာကောင်းပြီး လူကလည်း တက် တက်ကြွကြွရှိနေ၏။

ဘာကြောင့်လဲဆိုတော့ ငွေသားရဲ့မေမေက ဗဟုသုတ လည်း ကြွယ်ဝသလို နိုင်ငံတကာအမြင်လည်း ရှိတာမို့ သူ ကြား တာမြင်တာလေးတွေနှင့်ပတ်သက်ပြီး ငွေသားကို ရှင်းပြပေးသည်။ ကြုံလျှင်ကြုံသလို ပညာပေးဟောပြောချက်တွေ လုပ်သည်။ သူ တို့ခေတ်က အဖြစ်အပျက်ကလေးတွေနှင့် လက်ရှိဖြစ်ပေါ်နေသော အတွေ့အကြုံလေးတွေကိုယှဉ်ပြီး ခံစားမှုလေးတွေကို မျှဝေသည်။

ပြီးတော့ Top Hair Stylist တစ်ယောက်မို့ လူချစ်လူ ခင် ပေါများသလို over thirty, over forty lady တွေက လည်း မေမေ့အတွက် အချိန်မရွေး Welcome ဖြစ်နေပါသော ကြောင့်ဖြစ်သည်။

မေမေက နားလည်ရခက်သည့်လူတစ်ယောက်ဖြစ်သလို ငွေသားအပေါ် ထားသည့်ချစ်ခြင်းမေတ္တာကလည်း သာမန်ဖခင် တွေလိုမဟုတ်ပေမယ့်၊ ငွေသား တစ်နှစ်ကျော်ကျော်နှင့် မေမေ ဆုံးသွားကတည်းက နောက်အိမ်ထောင်မပြုတာတော့ အထူးအံ့



www.burmeseclassic.com

www.burmeseclassic.com

ညြှရလေသည်။

တကယ်ဆို ရှုပါက ဖြောင့်ဖြောင့်၊ ရေက လျှံလျှံ၊ နှာမည်က ကြီးကြီး၊ အရွယ်ကလေးက တင့်တင့်, ဆိုတော့ ကိုယ့်စိတ်ကြိုက်မိန်းကလေးတွေကို တန်းစီပြီး ရွေးလို့ရသည်။ လက်ရှိအချိန်ထိလည်း ပွဲစားတွေကမှတစ်ဆင့် မိန်းကလေးတွေဘက်မှ ကမ်းလှမ်းတာတွေကို ခံနေရဆဲဖြစ်၏။

သို့သော် ဖေဖေက သူ့စိတ်ကြိုက် အမြတ်တနိုးပေးထားခဲ့တာဆိုသည့် 'ငွေသားနုစယ်'ဟုအမည်တွင်သော သမီးကလေးကိုသာ အရိပ်တကြည့်ကြည့် ကြည့်ပြီး ဘဝကို ကျေကျေနပ်နပ်ကြီး ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းခဲ့တာဖြစ်ပါသည်။ ဖေဖေ့မှာ တစ်ခုထူးဆန်းတာက ငွေသားကို ဒီအရွယ်ထိ သမီးရည်းစားကိစ္စနှင့်ပတ်သက်ပြီး စကားတစ်ခွန်းမှ မဟခဲ့ခြင်းပင်။

မပြောသင့် မမေးသင့်သည့် ကလေးအရွယ်လို့ပဲမြင်ပြီး မပြောဘဲ မမေးဘဲ နေခဲ့သလား။ သားအဖဖြစ်နေ၍ ဒီလိုကိစ္စတွေကိုရှက်ပြီး မမေးခဲ့တာလား။ ဒါမှမဟုတ် ငွေသားမသိအောင်ဘဲ တိတ်တဆိတ်အကဲခတ်ပြီး ရင်ထဲကသာ ကျိတ်ပြီး စိုးရိမ်နေခဲ့တာလား။ ငွေသား ဝေခွဲမရခဲ့ပါ။

ဒါပေမဲ့ ထိုကိစ္စမှလွဲလျှင်တော့ တစ်ယောက်နှင့် တစ်ယောက် ပွင့်ပွင့်လင်းလင်းရှိတာ၊ တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်အကျိုးပြုတာ၊ တစ်ယောက်မရှိလျှင် တစ်ယောက်





မနေတတ်တာ၊ တစ်ယောက်အပေါ်တစ်ယောက် စိုးရိမ်စိတ်ကြီးတာ၊ စ,တာတွေကတော့ ကမ္ဘာပေါ်မှာ နှစ်ယောက်မရှိနိုင်သည့် သားအဖပင်တည်း။

အဲဒီလိုနေလာခဲ့ရင်းမှ ငွေသားရင်ဘတ်ထဲသို့ ညီုသွေး ဝင်ရောက်လာသောအခါ ဖေဖေ့ကို ကြောက်စိတ်တွေ ပိုလာပြီး နေရာတကာမှာ ဖုံးဖုံးဖိဖိနေတတ်သည့်ပညာတွေပါ အလိုလိုပင် တတ်မြောက်လာသလို ကြံလျှင်ကြံသလို လျှပ်တစ်ပြက်လိမ်ညာတတ်သည့်အကျင့်တွေပါ ရလာခဲ့တာဖြစ်လေ၏။

နဒီက 'နင့်အဖေသာသိရင် မလွယ်ဘူး'ဟုပြောလိုက်ဖြန်တော့ ငွေသားရင်ထဲ ပိုပြီးစိုးရိမ်ထိတ်လန့်နေမိပါသည်။ ထိုမလွယ်ဘူးဆိုတာက တချို့ဖခင်တွေလို ဆူပူကြိမ်းမောင်းပြီး ရိုက်နှက်ပစ်တာကို ခံလိုက်ချင်သေးသည်။ ဒီအဖေကဖြင့် ဘာမှမမေး မပြောဘဲ မျက်လုံးတွေနှင့်သာ စိုးရိမ်ပြနေတာမို့ ငွေသားရင်ထဲ အခံရခက်လှလေ၏။

အခံရခက်ပါတယ်ဆိုမှ it ကို ရောက်ရောက်ချင်း ဖုန်းလေးကို စားပွဲပေါ်တင်ပြီး ထိုင်လိုက်ချိန်မှာပဲ ညီုသွေးရဲ့ ring tone သံ ထွက်လာတော့သည်။

**"တရွေ့ရွေ့ပြောင်းလဲသွားခဲ့ နေ့ရက်တွေ× × × အလွမ်းများက တိုးလို့နိုဝ်စက်နေ × × × တမ်းတခဲ့ ခင်းရဲ့အငွေ့အသက်လေး× × × အနားမှာ အမြဲရှိစေချင် ငါ့ရဲ့ညမနက်တွေထဲ× ×**

www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ကိုယ်နှစ်ယောက် နီးမှာလဲ× × × ဘယ်အချိန်ထိ ငါ စောင့်ရမလဲ"

ထိုသီချင်းသံကြောင့် ဖေဖေက မီးနူးကို ကြည့်နေရာမှ ငွေသားမျက်နှာကို သေသေချာချာစိုက်ကြည့်သည်။ ပြီးတော့ ဘာမှမပြောဘဲ မီးနူးကိုသာ ပြန်ကြည့်နေတာမို့ ငွေသားရင်ထဲ စိုးရိမ်ထိတ်လန့်လာကာ tuouch screen ပေါ် လက်ခလယ်လေးနှင့် တစ်ချက်တို့ပြီး Busy နေကြောင်း အသိပေးလိုက်လေ၏။ ပြီးမှ မီးနူးကို ယူကြည့်နေလိုက်သည်။

"သမီး ဘာစားမလဲ"

"ဖေဖေရော"

"ဖေဖေ ဗိုက်အရမ်းဆာလာလို့ မြေအိုးထမင်းပေါင်း စားလိုက်မယ်"

"သမီးလည်း မြေအိုးထမင်းပေါင်းပဲ စားမယ်။ ဒီမှာ ပဲကြာဆံသုတ်တဲ့ ဖေဖေ၊ ဖေဖေ့အကြိုက်ပဲ။ အဲဒါလည်း တစ်ပွဲစီ မှာပေး၊ ဖေဖေနဲ့ဆင်တူပေါ့။ အားလုံးစားပြီးမှ ရေခဲမုန့်ကြော် စားမယ်"

"ကုန်ပါ့မလား သမီးရဲ့. . . အဲလောက်ကြီး စားနိုင်လို့လား"

"သမီးလည်း ဗိုက်အရမ်းဆာလာပြီ ဖေဖေရဲ့"

"ကဲ၊ ဆာနေရင်လည်း ကြိုက်သလောက်သာ စား၊





အဝစား။ ဝိတ်တော့ တက်လာလိမ့်မယ်နော်"

"ဖေဖေကလည်း သိရဲ့သားနဲ့ သမီးက အစားများများ စားတဲ့နေ့ဆိုရင် exercise ကို နာရီဝက် ပိုလုပ်တတ်တာလေ"

"ဟား. . . ဟား. . . ဟား. . . ဟုတ်ပါ့ကွာ၊ မေ့နေလိုက်တာ။ ဖေဖေလည်း မနက်ကျ လမ်းကို နာရီဝက် ပိုလျှောက်ရအုံးမယ်"

ငွေသားတို့သားအဖ၏ အစားအသောက်နှင့်ပတ်သက်သည့်ခံယူချက်ကလည်း အတူတူပဲဖြစ်ပါသည်။ တချို့တွေ ဝ၊ လာမှာကြောက်၍ အစားအသောက်တွေ လျှော့စားစား၊ သစ်သီးသစ်ရွက်ကိုသာ စားတတ်သည့်အကျင့်တွေ ဘယ်လောက်ပဲ လုပ်လုပ်၊ ညစာမစားဘဲ နေသည့်စတိုင်လ်တွေလည်း ဘယ်လောက်ပဲ ထုတ်ထုတ်၊ ငွေသားတို့သားအဖနှစ်ယောက်ကတော့ ကျန်းမာရေးတွေလည်း ကောင်းသလို လေ့ကျင့်ခန်းလည်း မှန်မှန်လုပ်သူတွေမို့ ဆာရင်ဆာသလို အစားအသောက်ကိုလည်းမရွေးဘဲ ကောင်းမယ်ထင်တာမှန်သမျှ စားလိုက်တာပဲဖြစ်သည်။

ဖေဖေက ဝိတ်တာကို စားသောက်ဖွယ်ရာတွေ အစီအစဉ်တကျမှာပြီး 'ကဲ၊ သမီး ပြောစရာရှိတာ ဘာလဲ' ဟု မေးပါတော့၏။ ထိုအချိန်မှာ ညီသွေးရဲ့ ring tone သံလေး ထွက်လာပြန်သည်။

"ကြယ်ပွင့်လေးများ လမ်းပြဦး× × × ကောင်မလေးနဲ့

www.burmeseclassic.com



**နီးနိုင်ဖို့ အနေဝေးသွားလို့ သွေးအေးသွားမှာ ငါကြောက်လို့ × × × မင်းစိတ်ထဲ အမြဲတမ်းရှိပါစေ × × × ဆုံနိုင်မှာပါ တို့နှစ်ယောက် တစ်နေ့ × × × စတော့ ဖုန်းလေးထဲပဲ အလွမ်းပြေအနမ်းတွေပေး**

"ကိုင်လိုက်လေ သမီး"

ရုတ်တရက်ထွက်လာသည့်ဖေဖေ့အသံကြောင့် ရင်ထဲ ဒိတ်ခနဲဖြစ်သွားပြီး ဒီတစ်ခါလည်း Busy လိုက်ပြန်လေသည်။

"ဟင့်အင်း, သမီးက ဖေဖေနဲ့နှစ်ယောက်တည်းရှိနေတဲ့အချိန်မှာ ဘယ်သူနဲ့မှ ဖုန်းမပြောချင်ဘူး"

"အရေးကြီးတဲ့ကိစ္စဖြစ်နေရင်ကော၊ ခုလေးပဲ နှစ်ခါရှိသွားပြီ"

"သမီးမှာ အဲလိုကိစ္စမျိုးမရှိပါဘူး။ သူငယ်ချင်းတွေဆီကပါ"

"ဒီသီချင်းသံ ဖေဖေသတိထားမိတာ တော်တော်ကြာပြီ။ ၁တ်နှစ်နီးပါးလောက် ရှိပြီထင်တယ်။ ခဏခဏလည်း လာတယ်။ သမီးက ring tone သံ အမျိုးမျိုးပြောင်းတတ်တာပါ။ ဒီသီချင်းကျမှ ဘယ်လိုဖြစ်ရတာလဲ"

"သမီးသူငယ်ချင်းတွေအားလုံးက ဒီသီချင်းကိုကြိုက်လို့ ထည့်ပေးထားတာပါ ဖေဖေ။ ဒီသီချင်းကလည်း ထွက်တာ တစ်နှစ်လောက် ရှိပါပြီ။ ပေါက်လည်းပေါက်တယ်။ ကျောင်းမှာဆို ကောင်လေးတွေရော ကောင်မလေးတွေရော အကုန်ကြိုက်





ကြတယ် ဖေဖေရဲ့"

"ပြော်"

"သမီးကတော့ ဘယ်သီချင်းတွေ ဘယ်လောက်ကောင်းကောင်း ဖေဖေ့ရဲ့ WE ARE THE WORLD ကိုတော့ အကြိုက်ဆုံးပဲ"

ဟုပြောပြီး 'အခုတော့ ဖုန်းလေးထဲက အလွမ်းပြေအနမ်းတွေ မပေးနိုင်သေးတာကြောင့်' ဖုန်းကိုဖွင့်ကာ. . .

(ညီသွေးရေ, ဖေဖေနဲ့ငွေသား စားသောက်ဆိုင်တစ်ခုကို ရောက်နေပါတယ်၊ သည်းခံပေးပါ)

ဟု Message ပို့လိုက်လေ၏။ ပြီးမှ Power off ပစ်လိုက်တော့သည်။

"သမီး ဖေဖေ့ကို ပြောစရာရှိတယ်ဆိုတာက စကားများသွားသလိုပဲ။ ပြောစရာရှိတာထက် ခွင့်တောင်းတာဆိုရင် ပိုမှန်လိမ့်မယ် ဖေဖေ"

"အင်း"

"သမီးမွေးနေ့က အရမ်းကပ်နေပြီ၊ ခါတိုင်းလိုပဲလား ဖေဖေ"

"ဒါပေါ့၊ အရင်နှစ်တွေအတိုင်းပဲ လုံးဝမပြောင်းလဲဘူး။ garden party ပဲ, ဘူဖေးနဲ့။ ဖေဖေ အားလုံးစီစဉ်ပြီးပြီ။ ဖိတ်စာတွေ မနက်ဖြန်ရမယ်။ သမီးကလည်း ထုံးစံအတိုင်း ညှိခံ



www.burmeseclassic.com

www.burmeseclassic.com



ပေးရုံသက်သက်ပဲ''

''သမီး အဲဒီနေ့ကျ ဘုရားသွားချင်တယ်။ ဖေဖေ့ကို ခွင့်တောင်းချင်တာ အဲဒါပါ''

''ဩော်. . . ဟော်. . . ဒါများ သမီးရယ်၊ ဘုရားသွားတာ ကောင်းတဲ့အလုပ်ပဲ, သွားရမှာပေါ့။ နှစ်တိုင်းလည်း အလုပ်ပိတ်ချိန် ဖေဖေနဲ့သွားနေကျကို အထူးအဆန်းလုပ်လို့''

ဆိုပြီး ဖေဖေက ငွေသားမျက်နှာကို သိပ်အရေးမလုပ်ဘဲ မြေအိုးထမင်းပေါင်းကို စ,စားတော့၏။

''ဟို့, အဲဒီလို လုပ်နေကျအစီအစဉ်လည်း လုပ်မှာပါ ဖေဖေ။ အခု သမီးခွင့်တောင်းတာက မွေးနေ့မှာ သူငယ်ချင်းတွေနဲ့အတူ ဘုရားကို မနက်ငါးနာရီမထိုးခင် ရောက်ချင်တာပါ''

''ဘာယ်လို''

အခုမှ ဖေဖေ, ငွေသားမျက်နှာကို စိုက်ကြည့်လေ၏။

''အသက်က တစ်နှစ်ပြီးတစ်နှစ် ပိုပိုပြီး ကြီးလာပြီဆိုတော့ စိတ်ကူးလည်း တစ်မျိုးပြီးတစ်မျိုး ပြောင်းလာတယ် ဖေဖေ။ သူငယ်ချင်းတွေကလည်း ဝိုင်းပြီးအကြံပေးကြတယ် ဖေဖေရဲ့။ မွေးနေ့ မွေးရက်မှာ မွေးတဲ့အချိန်နာရီနဲ့တိုက်ပြီး ဘုရားကို အာရုံပြုရတာ အရမ်းကောင်းတယ်တဲ့။ သမီးကို မွေးတဲ့အချိန်က မနက်ငါးနာရီဆိုတော့ ပိုပြီးကြည်နူးစရာ မကောင်းဘူးလား။ ဒါကြောင့် သမီးတို့သူငယ်ချင်းငါးယောက် သီးသန့်အစီအစဉ်တစ်





ထုပ်ကြည့်တာပါ ဖေဖေ။ ဖေဖေ ခွင့်ပြုပေးပါ''

''ငါးနာရီအချိန်ကိုက် အာရုံပြုရမှာဆိုတော့ အိမ်က လေး ကျော်လောက်မှ ထွက်ဖြစ်မှာ။ မှောင်နေသေးတယ် သမီးရဲ့။ ဖေဖေ စိတ်မချဘူး''

''အဖွဲ့လိုက် သွားမှာပါ ဖေဖေရဲ့။ အိမ်ကို လာခေါ်ကြ မယ်။ မစိုးရိမ်ပါနဲ့, သွားရင်းနဲ့ မိုးလင်းသွားမှာပါ။ လင်းအာရုံအချိန်လေးပေါ့''

''အိမ်က ဘုရားမှာရော ငါးနာရီအချိန်ကိုက် အာရုံပြုဆို မရဘူးလား။ ဘုရားချင်းအတူတူပဲလေ''

''ဖေဖေကလည်း အိမ်ကဘုရားနဲ့ ဖေဖေက နှစ်တိုင်းတန်တော့နေကျပဲဟာ။ ခုဟာက သီးသန့်အစီအစဉ်ပါဆို။ ပြီးတော့ ကိုယ် လူဖြစ်လာတဲ့အချိန်မှာ ရွှေတိဂုံဘုရားကြီးရှေ့မှောက် ရောက်နေရတာ ဘယ်လောက်ကြည်နူးစရာကောင်းလဲ ဖေဖေရဲ့''

''အင်း, သမီးပြောတာလည်း မှန်တာပဲ။ အင်းလေ, မွေးနေ့မှာ ကောင်းတဲ့အလုပ်,လုပ်တာပဲ။ ဖေဖေခွင့်ပြုပေးရမှာပေါ့''

''တကယ်လား ဖေဖေ''

''တကယ်, တကယ်ကြီး. . . လုံးဝယုံကြည်စိတ်ချစွာလိုက်တော့။ အဲဒီနေ့မနက် သမီးကို ဖေဖေကိုယ်တိုင် နှိုးပေး



www.burmeseclassic.com

www.burmeseclassic.com



မယ်။ ကဲ, ကျေနပ်ပြီလား"

"ဟာ!...ကြည့်စမ်း။ ဖေဖေက အရမ်းချစ်ဖို့ကောင်းတာပဲ။ သမီးပျော်လိုက်တာ...ကျေးဇူးအများကြီးတင်ပါတယ် ဖေဖေ"

ငွေသား အခုမှပဲ ကောင်းကောင်းစားနိုင်တော့သည်။ ရင်ထဲ ကြည်နူးလိုက်ဖိုသွားခဲ့တာ နှိုင်းဆဖွယ်ပင်မရှိ။ ညီုသွေးဆီ ချက်ချင်းဖုန်းပြောချင်သည့်စိတ်ကို သေကောင်ပေါင်းလဲ ထိန်းချုပ်လိုက်ရလေ၏။

သို့သော် ဖေဖေ့မျက်နှာကို ကြည့်မိပြန်တော့လည်း ရင်ထဲ ခံစားချက်တစ်မျိုးဝင်ပြီး စိတ်မကောင်းဖြစ်မိပြန်သည်။ 'မွေးနေ့မှာ ချစ်သူနှင့်အတူတူတွဲသွားဖို့အတွက် ဖေဖေက သူကိုယ်တိုင် ပြင်ပေးပြီး လွှတ်ပေးလိုက်ဦးမယ်တဲ့'

ဖေဖေရယ်...

အဲဒီလို ဖေဖေ့ဘက်ကနေပြီး စိတ်မကောင်းဖြစ်လိုက်၊ ချစ်သူဘက်ကနေပြီး ကြည်နူးချမ်းမြေ့လိုက်နှင့် ကြာလာတော့ ငွေသားရင်ဘတ်က ထိုခံစားချက်နှစ်မျိုး တိုက်ခိုက်နေသည့်ဒဏ်ကို မခံနိုင်တော့ပါ။ ကြာရှည် ကြိတ်မှိတ်ခံစားနေရသည့်ဝေဒနာကလည်း အင်မတန်ခက်ခဲပင်ပန်းလှတာမို့ မကြာခင်မှာ ဖေဖေ့ကို ဖွင့်ပြောပြမှ ဖြစ်ပါတော့မည်။

◙◙◙



အခန်း (၂)

**"အချစ်တစ်စုကို ရှာတွေ့ပြီ× × × သူ့ရျက်ဝန်းပုံရိပ်ထဲ အတွင်းစိတ်တွေ သိကြတယ်× × × ဒီလိုသက်ရောက်မှုလေးတွေ × × × တစ်စိုးအောက် တစ်ယောက်သာ ချစ်သွားမည်× × × အဆိုးအကောင်း ရှုမြင်ခံစားကာ နှလုံးသားတွေ ဆုံစေကာ× × × ရင်ခွင်လေးထဲ နီးနားစဉ်"**

"လာပြီ လာပြီ...ရှိသည် ဖြစ်သည် ရှိသည်ကွ"

"ဒီ ring tone သံကို တစ်နေ့အနည်းဆုံး ငါးခါလောက်မှ မကြားရရင် ညီုသွေး အသက်ထွက်သွားနိုင်တယ်"

"ညီုသွေးတို့ ကံကောင်းချက်ကတော့ကွာ ရေလည်ရှားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ညိုသွေး, မနာလိုဘူးကွာ။ ငါတို့ရှေ့မှာ လာအီမနေနဲ့၊ Busy ပြလိုက်"

"ဒါဆို ဒီကောင် ချက်ချင်းလဲသေသွားမှာပေါ့"

သူငယ်ချင်းတွေက တစ်ယောက်တစ်မျိုး ထ,ကစ်လိုက် ပေမယ့် ညိုသွေးရဲ့ရင်ထဲမှာတော့ တသိမ့်သိမ့်နှင့် ရင်ခုန်နွေးထွေး နေလေ၏။ ချမ်းချမ်းသီချင်းက 'ငွေသားနုစပယ်' ဆိုသည့်ချစ်သူ မလေးအတွက် သီးသန့်လုပ်ထားသည့် ring tone မှန်း သူငယ် ချင်းတွေပါ ရိုးအီနေအောင် သိနေကြသော်လည်း ညိုသွေးရဲ့ ခံစားချက်တွေကတော့ ထိုသီချင်းသံလေးကြားတိုင်း အသစ်တစ် ခုလို ခံစားရမြဲပင်။

တစ်ဖက်မှ ငွေသားက လှမ်းခေါ်လျှင် ချမ်းချမ်းက 'ရှိ သည် ဖြစ်သည် ရှိသည်' ကို ထ,အော်လိုက်၊ ညိုသွေးက လှမ်း ခေါ်လျှင် ဘန်နီဖြိုးက 'အလွမ်းပြေအနမ်း' ကို ထ,အော်လိုက်နှင့် တော့ နှစ်ဖက်လုံး၏သူငယ်ချင်း အပေါင်းအသင်း မိတ်ဆွေများ ကလည်း သူတို့အတွဲနှင့်ပတ်သက်ပြီး အချိန်မရွေးအာရုံနောက် နေရလေ၏။

"မင်းတို့ကလည်းကွာ, ငါတို့က သူများအတွဲတွေလို မှမဟုတ်တာ။ ဟိုတက်က ဘိုးတော်ကလည်း သူ့သမီးကို အမြဲ တကြည့်ကြည့်နဲ့၊ ငါ့ဘွားတော်ကလည်း မင်းတို့သိတဲ့အတိုင်းပဲ ပြီးတော့ သူနဲ့ငါက အီစီကလီဆို အကြောင်းမဟုတ်ဘူး ခုဟာ





ဘတယ့်အတည်ကွ, ရိုးမြေကျ။ ရိုးမြေကျမို့လို့ ဒီလောက်ဂရုစိုက် နေရတာ"

"ဒါကြောင့် ဘေးထွက်လိုက်လို့ ငါတို့ကြားထဲမှာတော့ နားမခံသာအောင် လာလုပ်မနေနဲ့။ ဒီမှာ ငါတို့ ဆွဲနေမယ်။ ပြီး ရင် မင်း ဒီဝိုင်းရှင်းဖို့သာ,ပြင်"

"ရတယ်, ဒီလောက်ကတော့ အေးဆေးပါ။ တစ်ခုတော့ ရှိတယ်နော်၊ ငါ့ဘဝမှာ မိန်းကလေးတွေနဲ့ပတ်သက်ပြီး ဘယ် တော့မှအကုန်အကျခံခဲ့တာမဟုတ်ဘူး။ အခုမှ ငွေသားကြောင့် ဆိုတာ သဘောပေါက်"

"မပေါက်လို့ရမလားကွ၊ မင်း, ငွေသားနုစပယ်ကို ဘယ် လိုနည်းနဲ့ ရခဲ့တာလဲ"

"အေးပါကွာ, အိုခေ, လစ်ပြီ၊ မင်းတို့နဲ့လည်း ငါ အေး ဆေးပြောလို့ရမှာမဟုတ်ပါဘူး"

**"မုန်းလို့မရအောင် ချစ်သွားပြီ× × × ဝေးလို့မဖြစ်တဲ့ ဘဝလမ်းဆီ စိတ်ညစ်စရာ မထားဘူးမယ်× × × ဒီလိုအချစ်က မြွှာနီးခဲ့ တစ်ယောက်ရဲ့လက်ကို တစ်ယောက်ဆွဲကာ× × × ရှုးခင်းလမ်းလည်း မမြင်တော့ပါ× × × နူးညံ့တဲ့မဲမွေ့ရာ× × × ရင်ခုန်ခြင်းရဲ့မှတ်တမ်းများ"**

ညိုသွေးသည် သူငယ်ချင်းတွေနှင့်ဝေးရာ သူ့ကားဆီ ထွက်လာပြီး ကားကိုမှီ၍ ဖုန်းဖွင့်လိုက်လေသည်။ ထို ring



www.burmeseclassic.com

www.burmeseclassic.com



tone သံလေး ဝင်လာတိုင်း သူငယ်ချင်းတွေက အမျိုးမျိုးဝိုင်း ရစ်ကြတာ အကျင့်တစ်ခုဖြစ်နေသလို သူကလည်း ထိုသို့အရစ် ခံရမှုကိုင်း ဂုဏ်ယူမြောက်ကြွနေတတ်ကာ အကျင့်တစ်ခုလို ဖြစ် နေခဲ့လေသည်။

ပြီးတော့ ငွေသားကိုလည်း သူငယ်ချင်းတွေ ဝိုင်းဝန်း ဆွဲဆောင်ခေါ်ခဲ့သည့်နေရာလေးတစ်နေရာမှာ တွေ့ခဲ့ရတာမို့ ... ချိန်မှာ ထိုသူငယ်ချင်းတွေနှင့်ပတ်သက်လျှင် အချိန်မရွေး spon- sor လုပ်ဖို့ အဆင်သင့်ပင်။

"အင်း, ငွေသားလေး. . . ပြော"

"ခေါ်နေတာ ကြာလှပြီ။ ဘာဖြစ်လို့ ဖုန်းမကိုင်တာလဲ"

"စိတ်ဆိုးလား"

"ဆိုးပါဘူး. . . သိချင်လို့ပါ"

"ဆိုးပါ"

"ဘာဖြစ်လို့လဲ"

"ချော့ချင်လို့"

"ညီ့သွေးကလည်း ဒီလိုစိတ်မကောက်တတ်တဲ့ချစ်သူ မျိုး ရှာကြည့်ဦး"

"အဲလိုစကားမျိုး မပြောနဲ့လေ ငွေသား။ ဘာဖြစ်လို့ ရှာရမှာလဲ။ ကိုယ် ငွေသားကို ဘယ်လောက်ထိချစ်နေတယ်ဆို တာ မသိသေးဘူးလား။ ငွေသားကိုပဲ စိတ်ကောက်တတ်အောင်





...မှာ"

"ညီ့သွေး အဲလိုအပြောကောင်းလို့ ကျွန်မ အရမ်းချစ် ...တာ ထင်ပါရဲ့"

"အပြောမကောင်းပါဘူး ငွေသားရယ်၊ အချစ်က သင် ...တာပါ။ ဘာဖြစ်လို့ ဖုန်းမကိုင်တာလဲဆိုတော့ ဘော်ဒါတွေ ...ရစ်နေလို့။ ပြီးတော့ သီချင်းလေးကိုလည်း နားထောင်ချင် ... ကိုယ့်စိတ်ထဲမှာ အဲဒီသီချင်းက ငွေသားပဲ ဆိုပြနေတယ်လို့ ...တာ"

"ကျွန်မလည်း အဲဒီလိုခံစားရတယ်၊ ညီ့သွေးဆီက ဖုန်း ...တိုင်း 'အလွမ်းပြေအနမ်း'ကို ညီ့သွေး ဆိုပြနေတယ်လို့ပဲ ...တယ်"

"နှလုံးသားချင်း ဆက်နွယ်နေတယ်ဆိုတာ အဲဒါမျိုးကို ...တာပေါ့"

"အခု ညီ့သွေး ဘယ်မှာလဲဟင်၊ ကျောင်းမှာလား"

"အင်း, ဟိုကောင်တွေ canteen မှာ ကျန်ခဲ့တယ်။ ...ကတော့ ကားနားမှာ လွတ်လွတ်လပ်လပ်လာပြောနေတာ"

"ဟို, ညီ့သွေး ကျွန်မကိုခွင့်လွှတ်ပါနော်၊ အရမ်းအား ...တယ်"

"ဘာလဲ, အရင်းမရှိအဖျားမရှိနဲ့ ဘာကို အားနာရမှာ ...



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မလည်း ညီ့သွေးကို အရမ်းချစ်ပါတယ်။ ဒါပေမဲ့ ညီ့သွေးကိုနိုင်အောင် ချစ်မပြနိုင်လို့ပါ''

''ဘာလဲကွာ, အချစ်က ထူးထူးဆန်းဆန်း၊ ဘယ်လို စိတ်ကူးတွေဝင်ပြီး ဒီစကားမျိုး ပြောတာလဲ''

''ညီ့သွေး, ကျွန်မကိုချစ်တဲ့အချစ်က အချိန်ရရင် ရသလို shadow လိုက်ပြီးတော့ကို ချစ်တတ်တာလေ။ ကျွန်မကတော့ ညီ့သွေးကို တစ်ခါမှ shadow လိုက်မပေးခဲ့ရလို့''

''ဩော်, ဟော်, အဲဒီအတွက်လား၊ ဒါ ဘာအားနာစရာ ရှိလဲ ငွေသားရဲ့။ တစ်ယောက်နဲ့တစ်ယောက် ချစ်တာချင်း တူရင် ပြီးတာပဲ။ ချစ်ပုံချစ်နည်းတော့ ကွာတာပေါ့။ ကိုယ့်ဘဝမှာ တစ် ခါမှ အဲဒီလိုလုပ်ဖို့ စိတ်ကူးမရှိခဲ့ဘူး။ ငွေသားကို အရမ်းချစ်မိ သွားမှ shadow လိုက်ချင်တဲ့စိတ်က အလိုလိုပေါ်လာတာ''

''. . .''

''အရမ်းထူးဆန်းတယ် ငွေသား၊ အဲဒီစိတ်ကူးဝင်လာ မှ ကိုယ့်ကိုယ်ကို အမေတူသားဆိုတာ လက်ခံမိတော့တယ်။ အစကတော့ အမေတူသားလို့ပြောကြပေမယ့် ဘယ်နေရာက တူ နေသလဲဆိုတာ ရှာမတွေ့ခဲ့ဘူး''

''ဒါ. . . ဒါဆိုရင် ညီ့သွေးမေမေကလည်း shadow လိုက်တတ်တဲ့အကျင့်ရှိတယ်လား''

''ဟုတ်တယ်''





''ဘုရားရေ, အဲဒါဆို သူ အခု ညီ့သွေးအနီးတစ်ဝိုက် မှာ ရောက်နေပြီထင်တယ်၊ ညီ့သွေးရဲ့လုပ်ရပ်တွေကို အစအဆုံး သိနေပြီပေါ့။ ကျွန်မစိုးရိမ်လိုက်တာ ညီ့သွေးရယ်''

''ဟာ, ငွေသားရယ်၊ စကားဆုံးအောင် နားထောင်ပါ ဦး. . . မေမေက ကိုယ့်နောက်ကိုမလိုက်ပါဘူး။ ကိုယ်ကလည်း ကိုယ့်ချစ်သူကို အရမ်းချစ်လို့ နောက်ကလိုက်ခဲ့သလို၊ မေမေက လည်း သူ့ချစ်သူကို အရမ်းချစ်လို့ သူ့ချစ်သူနောက်ကို လိုက်ခဲ့ တာပေါ့။ ကိုယ့်ကိုမမွေးခင်တုန်းက မေမေက ဖေဖေ့နောက်ကို အဲဒီလိုလိုက်ခဲ့တာတဲ့''

''ဩော်''

''မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်တယ် ဆိုတာ အဲဒါမျိုးဖြစ်လိမ့်မယ်ထင်တယ် ငွေသားရေ။ ကိုယ်လည်း မေမေပြန်ပြောလို့ သိရတာပါ။ မေမေက ဖေဖေ့နောက်ကို အမြဲ တမ်းမဟုတ်ပေမယ့် စိတ်ကူးပေါက်ရင် ပေါက်သလို လိုက်ကြည့် တတ်တာတဲ့''

''. . .''

''ဥပမာ ဘုရားသွားတယ်ဆိုတာ တကယ်လား, ဘော လုံးပွဲ သွားတယ်ဆိုတာ သေချာလား, အရက်ဆိုင် သွားသလား, ဘီယာဆိုင် သွားသလား, ကွမ်းယာဆိုင် သွားသလားပေါ့။ မသော လို့ မစားတော့ဘူးဆိုရင်လည်း မေမေက မယုံဘူးတဲ့။ ဆွက်



www.burmeseclassic.com

www.burmeseclassic.com



သွားရင် တန်းလိုက်တာတဲ့။ တရုတ်ဆိုင်ကိုပဲ သွားစားသလား၊ ကုလားဆိုင်ပဲ သွားစားသလား၊ ဗမာဆိုင်ပဲ သွားစားသလားပေါ့။ သူ့မိဘအိမ်ကို ပြန်သွားရင်လည်း အကွယ်လေးတစ်နေရာကနေ လိုက်ကြည့်ပြီး ပြန်လာတာတဲ့"

"အဲဒီလိုလိုက်ကြည့်ပြီး ဘာတွေဖြစ်ခဲ့သေးလဲ"

"ဘာဖြစ်ခဲ့သေးလဲဆိုတော့ အမှန်အကန်တွေလည်း တွေ့ခဲ့ရတယ်၊ လိမ်ညာတာတွေလည်း တွေ့ခဲ့ရတယ်တဲ့။ ဒါပေမဲ့ မေမေက အံ့သြစရာကောင်းတယ်၊ ပြဿနာမလုပ်ခဲ့ဘူးတဲ့။ ဖေဖေလည်း လုံးဝမသိစေခဲ့ရဘူးတဲ့။ ဖေဖေ သေသာသေသွားရော၊ မေမေ့ရဲ့ shadow အချစ်ကို သိမသွားရှာဘူးတဲ့"

"အင်း၊ အံ့သြစရာကောင်းတဲ့အချစ်ပဲနော်။ ဒါပေမဲ့ အဲဒီအကျင့်ရှိထားတာဆိုတော့ ညီသွေးနောက်ကိုရော လိုက်မကြည့်ဘူးလို့ ပြောလို့ရမလား။ သူ့ချစ်သူနောက်ကို အရမ်းချစ်လို့ လိုက်ကြည့်ခဲ့သလို သန့်စင်ညိုသွေးဆိုတဲ့လူလေးကလည်း သူ့အသက်ပေးချစ်ရတဲ့ တစ်ဦးတည်းသောချစ်သားလေး ဆိုတော့လေ"

"ငွေသားရယ်. . . မေမေက အံ့သြစရာလည်းကောင်းသလို နားလည်ရလည်းခက်တဲ့ မေမေပါဆို။ ကိုယ့်ကို ဘယ်လောက်ပဲချစ်ချစ် သမီးရည်းစားကိစ္စနဲ့ပတ်သက်ရင် လုံးဝမစိုးရိမ်ဘူး။ ကိုယ်နဲ့ပတ်သက်တဲ့မိန်းကလေးဘက်ကသာ စိုးရိမ်ပေးတတ်တာ။ မိန်းမသားချင်း ကိုယ်ချင်းစာလို့တဲ့။ အချိန်တိုင်း မိန်းကလေး





တွေကို မနှောက်ယှက်နဲ့၊ မိန်းကလေးတွေကို စိတ်ဒဏ်ရာမပေးမိစေနဲ့လို့ပဲ ဆုံးမနေတာ။ ဒီတော့ ကိုယ့်ကို shadow လိုက်မှာ စိုးရိမ်နဲ့"

"အင်း၊ ဘာပဲပြောပြော၊ ညိုသွေးမေမေကလည်း နားလည်ရခက်သလို ဖေဖေကလည်း နားလည်ရခက်တဲ့လူကြီးဆိုတော့ ရင်ထဲမှာ အနည်းနဲ့အများတော့ စိုးရိမ်မိတာအမှန်ပဲ။ ဖေဖေဟာ တစ်ချိန်လုံး မျက်လုံးနဲ့အကဲခတ်နေတာ။ ဖေဖေ့ရှေ့မှာ နေရတာ ကျွန်မ ပင်ပန်းလှပြီ"

"ဒီမှာ အချစ်ကလေး၊ ကိုယ့်မေမေက သူ့အလုပ်နဲ့သူ ခေါင်းတောင်ဖော်နိုင်တာမဟုတ်ဘူး။ လိုက်လာဖို့ဆိုတာ ဝေးရော။ ဖုန်းကတော့ အချိန်မရွေးဆက်တယ်။ ဒါပေမဲ့ တစ်ချိန်ချိန်မှာ ကိုယ်နဲ့ပတ်သက်ပြီး သူ့စိတ်ထဲမှာ အရမ်းကို serious ဖြစ်လို့ လိုက်မယ်ဆိုရင် အိုခေပေါ့ကွာ။ ကိုယ်ဖွင့်ပြောဖို့အချိန်တောင် ယူစရာမလိုတော့ဘူး"

". . ."

"အဲဒီလိုပဲ ငွေသားဖေဖေက တစ်ချိန်လုံးအကဲခတ်နေလို့ ငွေသား ပင်ပန်းနေပြီဆိုရင် အဲဒီစိတ်ပင်ပန်းမှုဒဏ်ကို ခံစားမနေနဲ့တော့၊ ဖွင့်သာပြောလိုက်။ အဲဒါဆို ပွဲသိမ်းပြီ။ ဟုတ်ပြီလား. . . ငွေသားစိတ်ပင်ပန်းမှာကို မလိုလားဘူး"

"နောက်ဆုံး အဲဒီလိုပဲ လုပ်ရတော့မှာပေါ့။ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြောဖို့အချိန်နည်းနည်းလိုသေးတယ် ထင်လို့ပါ။ ကျောင်း
လည်း မပြီးသေးတော့ သည်းခံနေရတယ် ညီ့သွေးရဲ့။ ဒါ
ထားလိုက်ပါတော့ ညီ့သွေးရယ်။ ကျွန်မက ညီ့သွေးကို shado
အချစ်နဲ့ မချစ်တတ်ပေမယ့် စိတ်ချမ်းသာမှုရှိအောင်တော့
ပေးတတ်ပါတယ်''

''ဘယ်လိုအဓိပ္ပာယ်နဲ့လဲ''

''ညီ့သွေးကို ပျော်စေချင်တဲ့အဓိပ္ပာယ်''

''ဘာလဲကွာ. . . ကိုယ် ငွေသားနဲ့စကားပြောနေရရင်
ပျော်နေတတ်တာ ဆန်းလို့လား။ ဒီ့ထက်ပျော်စရာကိစ္စ ရှိနေသေး
လား''

''ရှိတာပေါ့။ ဒီ့ထက်ပျော်စရာကောင်းတဲ့ကိစ္စကို လှမ်း
ပြောတာ။ ဖေဖေက ကျွန်မကို မွေးနေ့မှာ ထွက်ခွင့်ပြုလိုက်ပြီ''

''ဟာ!. . . တကယ်. . . တကယ်ပြောတာလား အချစ်
ကလေး''

''အင်း, ထွက်ခွင့်ပေးတဲ့အပြင် ဘုရားမသွားခင် မနက်
စောစော သူကိုယ်တိုင်တောင် ပြင်ပေးလိုက်ဦးမှာတဲ့''

''ဝိုး!. . . မိုက်တယ်ကွာ၊ တကယ်ချစ်စရာကောင်းတဲ့
ယောက္ခမလောင်းကြီးပဲ။ ကိုယ်အရမ်းပျော်တာပဲ ငွေသားရယ်''

''ကျွန်မလည်း ညီ့သွေးလိုပါပဲ၊ အဲဒါဆို ဒါပဲနော် ညီ့
သွေး၊ စကားပြောတာအရမ်းကြာသွားပြီဆိုတော့ ခုချိန်ဆို ဖေဖေ





ဘယ်နှခါလောက်များ ခေါ်နေပြီလဲမသိဘူး. . . တာ့တာ''

''အိုခေ, အိုခေ. . .ဘိုင့်ဘိုင်''

ညီ့သွေးသည် တစ်ယောက်တည်းအပျော်လွန်၍ ထ,
ခုန်လိုက်ပြီး Display မှာ ပေါ်နေသောငွေသားပုံလေးကို Kiss
ပေးလိုက်လေသည်။ Canteen ကိုပြန်လှည့်လာတော့ ခြေနှင့်
မြေပြင် မထိချင်တော့။

''ပုံစံက မြှောက်နေတာပဲ၊ လုံးဝကို ထောင့်မကျိုးဘူး။
ဘာပြောလိုက်လို့ ဒီလောက်မြူးလာတာလဲ''

''မင်း,ဖုန်းပြောတာကလည်း အရမ်းလွန်တယ်ကွာ။ ည
ထိုင်းလည်း Chatting ထိုင်နေတာတောင် အားမရဘူး။ ဒီမှာ
ဘယ်လောက်ကြာနေပြီလဲ, တစ်ဝိုင်းပြီးလို့ နောက်တစ်ဝိုင်းတောင်
ခွဲနေပြီ''

''ဟော့ကောင်, မင်း တစ်လတစ်လကို ဖုန်း bill ဘယ်
လောက်ဆောင်ရလဲ''

''ဒီကောင်က ဖုန်း bill ဆောင်တိုင်း သူ့မားသားကြီးနဲ့
တိုင်ကွ။ ဒါတောင် ဒီကောင် အချိန်မရွေးရေလျှံနေတာနော်။
ဒါဆို ဖုန်း bill ဘယ်လောက်ကျမလဲ, တွက်ကြည့်ပေါ့''

''မင်းကလည်း ညီ့သွေးချည်းပဲ ကြည့်ပြောမနေနဲ့လေ၊
ငွေသားလည်း ဒီလိုပဲပေါ့ကွ။ သူလည်း ဖုန်း bill ဆောင်ရတာ
နည်းမှာမဟုတ်ဘူး။ ရက်ရက်စက်စက်လိုက်တဲ့အတွဲပဲကွာ။ ခေတ



www.burmeseclassic.com

www.burmeseclassic.com



လေး တွေ့လိုက်ရရုံနဲ့ ဒီလောက်ထိ အသည်းအသန်ဖြစ်ခဲ့ [...] တကယ်အံ့သြတယ်"

သူ ထိုင်လိုက်ရုံပဲ ရှိသေး၏။ သူငယ်ချင်းတွေက [...] ယောက်တစ်မျိုး ပိုင်းကစ်ကြပြန်လေသည်။

"မင်းတို့ကလည်းကွာ, ငါပြန်ပြောဖို့လည်း တား[...] ဒီမှာ. . . ငွေသားလေးနဲ့ပတ်သက်လာရင်လေ, ဖုန်း bill [...] လောက်ပဲ ဆောင်ရဆောင်ရ, အဇရးကိုမလုပ်တာ။ မင်းတို့[...] တဲ့ဝိုင်းတွေကိုလည်း ဘယ်လောက်ပဲရှင်းရရှင်းရ, ဂရုကို[...] တာ. . . ရှင်းလား။ အခု ငါဘယ်လောက်ပျော်လာတယ်ထင်[...] ငွေသားမွေးနေ့ကျရင် ငါတို့ အေးဆေးတွေ့ခွင့်ရသွားပြီကွ"

"သြော်, ဒါကြောင့် မြူးလာတာကိုး။ မြူးလည်းမြူး[...] ပါတယ်ကွာ, ငွေသားက မင်းကိုရက်ရက်စက်စက်ချစ်တာ[...] ခေတ်ထဲမှာ မင်းတို့လို အနေအထိုင်သိုသိပ်တဲ့စုံတွဲတွေ[...] မရှိသလောက်ကို ရှားသွားပြီ။ မင်းကလည်း နားလည်ရခက်[...] အမေရဲ့မျက်နှာကိုကြည့်ပြီး ရှင်သန်နေရတဲ့ကောင်၊ ငွေသား[...] လည်း နားလည်ရခက်တဲ့အဖေရဲ့မျက်နှာကိုကြည့်ပြီး ရှင်သန်[...] ရတဲ့သူ။ ဒီလိုလွတ်လပ်မှုမရှိတဲ့ကြားထဲကပဲ ငွေသားက မင်း[...] ကြဲဖန်ပြီး စိတ်ချမ်းသာမှုပေးခဲ့တာ၊ မင်း, မြူးထိုက်ပါတယ်"

"ဒါပေမဲ့ကွာ, တစ်ခါမှ ရည်းစားမထားဖူးတဲ့ငွေသား[...] သူ့အဖေကိုကြောက်လို့ ဘာမှမဖြစ်သလို နေထိုင်တတ်တာ [...]





ဒါတော့။ ရည်းစားတွေအများကြီးထားခဲ့ဖူးတဲ့ ဒီကောင်က ငွေသားနဲ့ကျမှ ဘယ်လိုငြိမ်ကျသွားရတာလဲ။ မခုတ်တတ်တဲ့ကြောင်ထိုလို, မအေကိုပဲကြောက်ရသလိုလို, ရည်းစားကိုပဲ လိမ္မာပြချင်သလိုလို"

"ကျွတ်!. . . မင်းတို့ကလည်း ငါ့ပဲ အသေကြပ်ချင်နေတာပါလား။ ဒီမှာ ဘယ်သူမဆို တကယ် heart ထသွားတဲ့လူနဲ့တွေ့ရင် လုံးဝကိုငြိမ်ကျသွားတာ။ မင်းတို့လည်း တကယ်ကို heart ထိတဲ့လူနဲ့တွေ့ရင် ငါ့ကိုကိုယ်ချင်းစာမိလိမ့်မယ်။ အခုလောလောဆယ်တော့ ငါ စကားရှည်ရှည်ဝေးဝေးမပြောချင်ဘူး။ ဟိုသစ်ပင်မှာ စာကပ်ထားလိုက်မယ်, 'မချစ်တတ်တဲ့လူများ သမီးရည်းစားကြား, စကားဝင်မပြောရ' လို့"

"ဟား. . . ဟား. . . ဟား. . . ဘာပဲပြောပြော, မင်းအရမ်းကံကောင်းပါတယ်ကွာ။ ငွေသားက မင်းကို ရက်ရက်စက်စက်ချစ်နေတာ ငါတို့အားလုံး သိနေပြီပဲ။ အဲဒီအတွက် မင်း ငါတို့ကို ဆရာခေါ်သင့်တယ်၊ လေးလေးစားစားဆက်ဆံသင့်တယ်"

တစ်ယောက်တစ်မျိုး ပွဲဆူနေကြချိန်မှာပဲ နောက်ထပ်ဖုန်းခေါ်သံ ထွက်လာပြန်သည်။ ဒီတစ်ခါ ring tone လေးကတော့ ချစ်သူမလေးဆီမှမဟုတ်တော့ဘဲ 'ကျော်ဟိန်း'၏ (သီချင်းဆို၍ ကျေးဇူးဆပ်ပါမည်) သီချင်းကို မေမေကိုယ်တိုင် စိတ်ကြိုက်ထည့်ပေးထားသည့် မေမေ့ခေါ်သံပင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အတောင်ပံတစ်စုံကို အားကိုးသောငှက်× × × မိုးေ
ပျံသန်းအသွားမှာ× × × ရေလှိုင်းထဲက ရေပျော့်ငါးလည်း ကူးေ
တယ်× × × မြေပေါ်မှာ လူ့စွမ်းအားအပြည့်နဲ့ အချစ်ရေစင်များ
အေးကာ× × × ကမ္ဘာကြီးသာယာပါစေ သီချင်းလေး ညည်းေ
တယ်"

"ဟား. . . လာပြီဟေ့၊ main point, main point,
မွေးမေကျေးဇူး,သီချင်းဆိုပြီးတော့သာ ဆပ်လိုက်တော့ ညီသွေး
ရေ၊ ငါတို့တော့ ဒိုးပြီ"

"ဟုတ်တယ်. . . အချိန်လည်းမရှိတော့ဘူး, လစ်ယ
ကျော်ဟိန်းနဲ့ ချမ်းချမ်း, ဖလန်း ဖလန်း ထနေတာကို မင်း နိုင်
အောင်သာ ကြည့်ရှင်းပေတော့"

"မင်းကားနဲ့မလိုက်ရလို့လည်း အကြောင်းမဟုတ်ဘူး
နော် ညီသွေး။ လိုက်မိမှ နားမခံသာအောင် အီတာတွေကို ကြား
နေရမှာ"

ပြောပြောဆိုဆို တကယ်ပဲ ထ,သွားကြတော့သည်။ သူ
လည်း ရယ်ပြီး ဝိတ်တာကို ငွေရှင်းပေးလိုက်ပါသည်။

"ကမ္ဘာမြေကြီး× × × ကမ္ဘာကြီးရယ် ကြင်နာစွာ သင့်ရင်
မှာ× × × ငါစွန့်စားလို့ ကျေးဇူးဆပ်ပါ့မယ်× × × ကြင်နာသူတွေ
ကျေးဇူးသိတယ်× × × ထမ်းနေပါမယ် မိခင်ကမ္ဘာရယ် ထာဝစဉ်
ပဲပေါ့"





ငွေရှင်းပြီး ကားဆီအမြန်လှမ်းလာကာ ကားမောင်းရင်း
Blue Tooth ကောက်တပ်ပြီး ပြောလိုက်လေသည်။ မေမေက
ဖုန်းနှစ်လုံးကိုင်တာလည်း မကြိုက်တာမို့ သားအမိနှစ်ယောက်
သာယ်လောက်ချစ်ချစ်, ဖုန်းနှင့်ပတ်သက်ရင်တော့ ပြဿနာတက်
ချပြင်။

"ဟုတ်, မေမေ"

"ခေါ်နေတာကြာပြီ၊ ဘာဖြစ်နေလဲ သား"

"ဘာမှမဖြစ်ပါဘူး မေမေရဲ့၊ ring tone သီချင်းလေး
က တိုတိုလေးပဲဟာ။ မေမေကြိုက်တဲ့သီချင်းလေးက မိုက်လို့
ပြီးအောင်,နားထောင်နေတာ။ ဖုန်းတစ်ခေါ်စာ ကွက်တိပဲ"

"အဲဒါကြောင့် ထည့်ပေးထားတာပေါ့၊ ဒါက ထားပါ,
နေက်ကတည်းက သားဖုန်းက တောက်လျှောက် Busy ဖြစ်နေ
တာ မလွန်ဘူးလား"

"အဲလောက်ကြီးမဟုတ်ပါဘူး မေမေရယ်၊ မေမေအား
တဲ့အချိန် သားက မအား. . . သား အားတဲ့အချိန်ကျ မေမေက
မအားဘဲ ဖြစ်နေလို့နေမှာပါ။ အခု သား လမ်းမှာ မေမေ ပြန်လာ
နေပြီ။ မေမေ ဘာစားချင်လဲ၊ သား ဘာဝယ်ခဲ့ရမလဲ"

"ကြည့်စမ်း! သားရင်ထဲမှာ မေမေ့အတွက် ဒီလောက်
ပဲ နေရာရှိလား။ သား Memory ထဲမှာ မေမေ့အတွက် ဒီလောက်
ပဲ ထည့်ပေးထားသလား"



www.burmeseclassic.com

www.burmeseclassic.com



"မေမေနော်,သား လိမ္မာမှန်းသိလို့ မရစ်နဲ့။ ကိုရီးယ
မင်းသမီးတွေလို သောက်နိုင်တာလည်း မဟုတ်ဘဲနဲ့"

"ဒါဆို မနက်က သားကို ဘာပြောထားတာရှိလဲ"

"အင်း, မနက်က ဘာပြောထားသလဲဆိုတော့"

ညီ့သွေးသည် အချိန်ယူပြီး စဉ်းစားကြည့်ရာ မနက်
breakfast စားတုန်း မေမေပြောခဲ့တာကို ဖျတ်ခနဲသွားသ
ရလေသည်။

**'သား ညနေကျ စောစောပြန်လာခဲ့၊ မေမေ ငါးနာ
အင်တာဗျူးတစ်ခု လက်ခံထားတယ်။ အဲဒီလိုကိစ္စမျိုးရှိလာ
မေမေ့အေးနားမှာ သားရှိနေမှ ကျေနပ်တာ'**

"ဟား. . . ကြည့်စမ်း! သတိရပြီ မေမေ၊ သား သ
ရပြီ, အင်တာဗျူးကိစ္စ။ ခွင့်လွှတ်ပါမေမေရယ်၊ သားတောင်း
ပါတယ်။ မေမေ စိတ်မဆိုးပါနဲ့နော်၊ နေ့လယ်အထိတော့ သ
ရသေးတယ်။ နောက်ပိုင်း သူငယ်ချင်းတွေ စုမိပြီး အာရုံလုံ
ပြောင်းသွားခဲ့တာ မေမေရာ"

"တော်ပါ သားရယ်၊ ခုမှ ပျာပျာသလဲဖြစ်မနေနဲ့။ ဒီ
အင်တာဗျူး စ,တော့မယ်"

"ခဏလေး စောင့်ခိုင်းပေးပါ မေမေ၊ သား မေမေ့
မှာ ရှိနေချင်တယ်"

"အားနာဖို့ကောင်းပါတယ် သားရယ်၊ အားလုံးက သ





ချိန်နဲ့သူ့အလုပ်လုပ်နေကြတာ။ အဓိက,က မေမေပဲဟာ၊ သား
နိုင်ပါတယ်"

"ဟုတ်, ခဏနေရင် သားရောက်တော့မှာပါ"

"ဒါနဲ့ နေပါဦး သားရဲ့၊ သားဟာ မေမေ့အတွက်ဆို
ယ်တုန်းကမှ မေ့တတ်တယ်ဆိုတာမျိုး မရှိပါဘူး။ မေမေ့အနား
လည်း နေပေးတတ်တဲ့အချိန်က များတာပဲ။ အခုတလော
ချိုးတွေ ပြောင်းသွားသလားလို့။ အခုတလောမှမဟုတ်ပါဘူး,
ပြီထင်တယ်၊ ဖုန်းလည်း ခေါ်မရတာ များတယ်။ ဘာဖြစ်နေ
လဲ"

"ဘာမှမဖြစ်ပါဘူး မေမေရဲ့. . . ဟို"

"ကျောင်းပြန်ချိန်တွေလည်း အရမ်းနောက်ကျတာပဲ။
တ်ထယ်, မေမေသတိထားမိပြီ။ ငါ့အမေက အလုပ်တွေနဲ့
ခေါင်းတောင် ဖော်နိုင်တာမဟုတ်ဘူး၊ ငါ ညာချင်တိုင်း ညာလို့
ာယ်ဆိုပြီး လျော့တွက်တာလား. . . အိုပယ် လုပ်လိုက်တာ
ား"

"ဟာ, မေမေကလည်း ဘာတွေလျှောက်ပြောနေမှန်း
သိဘူး။ over forty က ဘာအိုရမှာလဲ၊ ဂျနီဖာလိုပက်ဇ်တို့,
တ်ဝင်းစလက်တို့ကိုကြည့်ဦး။ ဂျူလီတို့ ရာကီရာတို့တောင် လေး
ယ်နား ကပ်နေပြီ။ တွဲသွားရင်တောင် အမေမထင်လို့ ဒီသား
ာ ဘယ်လောက်သဝန်တိုနေရလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်း အပြင်မှာ ရှုပ်ချင်တိုင်း ရှုပ်လို့ရအောင် ဒီအမေက ဂျူနီဖာလိုပက်ဖ် ဖြစ်ပေးရမှာလား။ ရည်းစားများရင် မုသားများ တယ်တဲ့ မောင်ညိုသွေးရေ"

"မေမေကလည်း အဲလို့မဟုတ်ပါဘူး"

"ဘာမဟုတ်ရမှာလဲ၊ အရင်ကဆို မေမေ့အနားမှာ ခန လွှန်းလို့ မင်းရည်းစားပြဿနာတွေကိုတောင် မေမေ ကူရှင်းပေး နေရတာမဟုတ်လား။ အခုဟာက ဘာဒီဇိုင်းပြောင်းသွားတာလဲ၊ နောက်ထပ် ဘယ်နှယောက်များ ထပ်တွေ့နေလို့လဲ၊ ဒီအမေကို မေ့ထားနိုင်အောင်"

"မေ့တယ်ဆိုတဲ့စကားကိုတော့ မသုံးပါနဲ့ မေမေရာ။ ဘာတွေပဲဖြစ်ဖြစ် သားရင်ထဲမှာ မေမေက နံပါတ်(၁)၊ သားအရမ်း ချစ်ရတဲ့သူ တွေ့ရင်တောင် နံပါတ်(၂)ပဲပေးမှာ။ မေမေလည်း သားအကြောင်းကို သိရဲ့သားနဲ့။ သားက ဒီကိစ္စတွေမှာ ရေလည် ဆန်းပွင့်တာဆိုတော့ အပြင်မှာ အသစ်ကလေးဘာလေး နည်း နည်းပါးပါးတော့ ငြိတာပေါ့ မေမေရာ"

"အေး၊ နည်းနည်းပါးပါးပဲငြိငြိ၊ များများစားစားပဲငြိငြိ သားကို မေမေပြောပြီးသားနော်။ မိန်းကလေးတွေကို မနှောက် ယှက်ဖို့ စိတ်ဒဏ်ရာမပေးမိစေဖို့။ ဒီလိုသတိပေးတဲ့ကြားထဲက ကောင်မလေးတွေက လှမ်းတိုင်တာတို့ လှမ်းမေးတာတို့ လုပ်လာ ရင် မေမေ သားဘက်က ရပ်တည်ပေးလိမ့်မယ်မထင်နဲ့"





ဟုပြောပြီး သူဘာမှပြန်မပြောနိုင်အောင် ဖုန်းချသွားလေ တော့သည်။ ညိုသွေး ရယ်နေလိုက်မိ၏။ မေမေက အဲဒီလိုမေမေ ဖြစ်ပါသည်။

တစ်ဦးတည်းသောသားမို့ ဆီးဖြူဖန်ခါးလို ငုံထားမတတ် ချစ်သော်လည်း တချို့ တစ်ဦးတည်းသောသားတွေ၏မေမေတွေ လို. . .

သား ရည်းစားထားမှာ၊ သား အိမ်ထောင်ပြုသွားမှာ၊ သားကို မိန်းကလေးတစ်ယောက်က အပိုင်သိမ်းသွားမှာ၊ သား ရဲ့အချစ်တွေက မေမေ့အပေါ်မှာ မရှိတော့ဘဲ ထိုမိန်းကလေး အပေါ်ကို ကျရောက်သွားမှာ၊ ထိုမိန်းကလေးက သားကိုအနိုင် ယူမှာ၊ ချုပ်ကိုင်မှာ၊ သားလင်မယားကိုကြည့်ပြီး မနာလိုစိတ် တွေ သဝန်တိုစိတ်တွေဖြစ်လာမှာ၊ စသည့် စိတ်ကစဉ့်ကလျား ဖြစ်စေသောအယူအဆများ လုံးဝရှိသူမဟုတ်ပါ။

မေမေ့အချစ်က. . .

သူ့ကိုသာလျှင် အရိပ်တကြည့်ကြည့်နှင့် ချစ်မြတ်နိုးနေ ပြီး သူဘာလုပ်လုပ် အသေးစိတ်ကအစ တစ်ခုချင်း သိချင်နေ သော နားလည်ရခက်သည့်အချစ်မျိုးပင် ဖြစ်ပါသည်။

'သူ့ရဲ့အသည်းနှလုံးဘုရင်မဟာ ငွေသားနှစ်ပယ်ဖြစ် သွားပြီဆိုတာ မေမေသိရင် ဘယ်လိုခံစားရမလဲ'

ထိုအတွေး တွေးမိတိုင်း မေမေ့ကိုယ်စား တစ်ပေါက်



www.burmeseclassic.com

www.burmeseclassic.com

တည်း ကျိတ်ပြီး ကြည်နူးပီတိဖြာခဲ့ရတာ ရင်နှင့်ပင် မဆန့်တော့။ ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့မှာ ညို့သွေးဟာ မမေမဖြစ်စေချင်သော ယောကျ်ားသားတစ်ယောက်ဆိုတာနှင့် ငွေသားဟာ မမေ စိတ်ချမ်းသာမှုအပြည့်အဝရရှိစေသော မိန်းကလေးတစ်ယောက် ဖြစ်ရမည့်ဆိုတာ မမေသိရပါတော့မည်။

သေချာတာကတော့ မမေ သူ့ကိုချစ်တဲ့အချစ်က အချိန်တိုင်း စိုးရိမ်မှုတွေ လွှမ်းခြုံနေသည့်အချစ်ပဲ ဖြစ်တော့သည်။

◙

အိမ်ရောက်တော့ အင်တာဗျူးအစီအစဉ် လုပ်နေတာနှင့် တိုးလေ၏။ သူက မမေနှင့်ဝမ်းကွဲညီအစ်မတော်သူ အပျိုကြီး အန်တီဆွေနှင့် အိမ်ဖော်မလေး ဆွေမကို နှုတ်ခမ်းပေါ် လက်ညှိုးလေး ဖိပြလိုက်သည်။ ပြီးမှ မမေ့နောက်ကွယ်တစ်နေရာကနေ လက်ပိုက်လျက် မမေ့ကို ပြုံးကြည့်နေလိုက်မိ၏။

မမေ့ဒီဖိုင်းက ရေရေလည်လည်ကို လန်းနေပါသည်။ လုပ်သည့်လုပ်ငန်းကလည်း ခေတ်လူငယ်မိန်းကလေးပေါင်းစုံနှင့် ထိတွေ့ဆက်ဆံနေရသည့်အလုပ်မို့ အချိန်ပြည့် အထာကျကျနှင့် တက်တက်ကြွကြွရှိနေ၏။ အသက်လေးဆယ်ဆိုပေမယ့် သူနှင့် ယှဉ်လျှင် မောင်နှမအထင်ခံရလောက်အောင် အရွယ်တင် နုပျို





သူလည်း ဖြစ်သေးသည်။

ကိုယ့်မမေမေမို့ ပိုပိုသာသာပြောရတာ မဟုတ်ပါ။ မမေမေက ဆော်ဒီလည်း သူ့နေရာနှင့်သူ ကြည့်ကောင်းရှုပျော်ရှိသေးသလို အဝတ်အထည်ဖက်ရှင်ဆိုလျှင်လည်း ဂါဝန်အတိုတွေမှစ၍ ခေတ်နှင့်အညီ လိုက်လျောညီထွေမှုရှိအောင် ဝတ်တတ်သူ ဖြစ်ပါသည်။

မမေ ခရေဇီအဖြစ်ဆုံးဝတ်စုံတွေကတော့ ဒူးဖုံးစကတ်အထိနှင့် ကုတ်ပုံစံအကျႌဝမ်းဆက်ကလေးတွေရယ်၊ သက္ကလပ်အသားပျော့ပျော့ မိန်းမဝတ်လောင်းပန်လေးတွေရယ်, အနောက်တိုင်း ပွဲတက်ဝတ်စုံတွေရယ်ပဲဖြစ်သည်။

**(ဆံပင်အတုပ်ကလေးကိုပဲ ရှိုးရှိုးရှင်းရှင်းထားတတ်သူမို့ ဒူးအတိစကတ်နှင့် ကုတ်ပုံစံအကျႌဝမ်းဆက်လေးကိုသာ ဝတ်ဆင်ပါက ကိုရီးယားမင်းသမီးကြီးတစ်ဦးလို အလွန်ကျက်သရေရှိပြီး**

**အနောက်တိုင်းဝတ်စုံ ဝတ်လျှင်တော့ ဆော်စကာဆုပေးပွဲကို တက်ရောက်လာသော ဟောလီးဝုဒ်အကျော်အမော်မင်းသမီးတွေလို တော်ဝင်ဆန်ဆန် လှပနေတတ်လေသည်။)**

မမေက ဘယ်လောက်ပဲ နားလည်ရခက်ခက်, သူ့အပေါ်ထားသည့် ချစ်ခြင်းမေတ္တာတွေကလည်း ဘယ်လောက်ပဲ ဆန်းပြားဆန်းပြား, သူ့ ငယ်ငယ်လေးနှင့် ဖေဖေဆုံးသွားကတည်း


www.burmeseclassic.com

www.burmeseclassic.com

က နောက်အိမ်ထောင်လုံးဝမပြုဘဲ လူတွေ လေးစားအားကျရ လောက်အောင် ဒီလိုရပ်တည်နိုင်တာကတော့ အထူးအံ့ဩစရာ ဖြစ်ရသည်။

တကယ်ဆို ဒီဇိုင်နာတစ်ယောက်ဖြစ်သလို ရုပ်ကလှ လှ, ရေက လှုံ့လှုံ့, ဂုဏ်သတင်းက မွှေးမွှေး, အရွယ်က ခပ်သင့် သင့်,ဆိုတော့ အိမ်ထောင်ပြုမယ်ဆိုရင် စိတ်ကြိုက်ပြုလို့ရသည်။ လက်ရှိအချိန်ထိလည်း ပွဲစားတွေမှတစ်ဆင့် အဆင့်အတန်းရှိရှိ over thirty, over forty တွေ၏ ကမ်းလှမ်းတာကို ခံနေရသဲ ဖြစ်၏။

သို့သော် မေမေက သူ့စိတ်ကြိုက် အမြတ်တနိုးပေး ထားခဲ့တာဆိုသည့် 'သန့်စင်ညိုသွေး' ဟုအမည်တွင်သော သား လေးကိုသာ အရိပ်တကြည့်ကြည့်,ကြည့်ပြီး ဘဝကို ကျေကျေ နပ်နပ်ကြီး ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းခဲ့တာဖြစ်သည်။

ညိုသွေးသည် လှလှပပထိုင်လျက် စတိုင်လ်ကျကျပြော ဆိုနေသောမေမေ့ကို စိုက်ကြည့်ရင်း မေမေ့အပေါ်ထားရှိခဲ့သော လေးစားအားကျမှုတွေ, ချစ်ခင်မြတ်နိုးမှုတွေက တဆိမ့်ဆိမ့် တအိမ့်အိမ့်နှင့် ပိုလို့သာ တိုးလာတော့၏။

"ဝါသနာပါတာကတော့ လေးတန်းငါးတန်းအရွယ်လေး ကတည်းကပါပဲ။ Profession အဖြစ် ရွေးချယ်ခဲ့တာကတော့ နှစ်ဆယ်ကျော်လောက်ကပါ။ စိတ်ကစားတတ်တဲ့အရွယ်ကဆိုရင်





ဆိုင်နဲ့ ဘယ်လမ်းကြောင်းနဲ့ကိုက်မယ်ဆိုတာ မရွေးတတ်ခဲ့ဘူး ။ ဟိုလိုင်းလိုလို ဒီလိုင်းလိုလို ဖြစ်နေခဲ့တာပေါ့။ ဒါပေမဲ့ ဘာတွေပဲလျှောက်လုပ်လုပ် နောက်ဆုံးတော့ စကတ်တွေ အကျႌ တွေ ဘောင်းဘီလေးတွေ ထိုင်ဆွဲတတ်တဲ့အကျင့်ကို မစွန့်လွှတ် နိုင်ခဲ့ဘူး။ ဒါကြောင့် ဝါသနာကို အခြေခံပြီး ရွေးဖြစ်ခဲ့တာပါ"

"ဒီ Design ပညာကို ဘယ်မှာသင်ခဲ့ပါလဲ အစ်မ"

"ပထမဆုံးကတော့. . . New York က Person's School of Design မှာ သွားသင်ခဲ့တာပါ။ 2005 လောက်က တော့ ဒီက မဆွေနဲ့အတူ မလေးရှားနိုင်ငံ ကွာလာလမ်ပူမှာရှိတဲ့ Limkokwing University မှာ ဒီဇိုင်းနဲ့ပတ်သက်တဲ့ short course လေးတွေ သွားတက်လိုက်သေးတယ်"

"Designer တစ်ဦးအတွက် Creative ဖြစ်တဲ့ Idea က ဘယ်လောက်အရေးပါ,ပါသလဲ"

"တီထွင်ဖန်တီးရတာနဲ့ အသစ်တွေ စဉ်းစားရတာက တော့ ဒီဇိုင်းနာတွေအတွက် အရေးအကြီးဆုံးပေါ့ ညီမရယ်"

"ကမ္ဘာက လက်ခံထားတဲ့ ဒီဇိုင်နာနဲ့ မြန်မာပြည်မှာ လက်ခံထားတဲ့ဒီဇိုင်နာက ဘာတွေ ကွာခြားမှုရှိပါသလဲ အစ်မ"

"မ,အမြင်ကိုပြောရရင်တော့ ကမ္ဘာက လက်ခံထားတဲ့ ဒီဇိုင်နာဆိုတာက စံချိန်စံညွှန်းအပြည့်နဲ့ အရည်အချင်းပိုင်း ပြည့် ဝတဲ့သူတွေကို ခေါ်တာပါ။ မြန်မာပြည်က ဒီဇိုင်နာတွေကတော့



www.burmeseclassic.com

www.burmeseclassic.com

အများကြီးကို လိုအပ်ပါသေးတယ်။ မ,ကိုယ်တိုင်လည်း လို ချက်တွေ အမြဲရှိနေလို့ လေ့လာမှုတွေ ခုထိ လုပ်နေရပါသေး တယ်''

"အနုပညာရှင်တွေကို ဒီဇိုင်းဆွဲပေးရတဲ့အခါမှာ ဒီဇို နာတစ်ဦးရဲ့အခန်းကဏ္ဍက ဘယ်လောက်ထိ အရေးကြီးပါသ အစ်မ။ သူတို့ကို Sponsor ပေးရတာကရော ဘယ်လိုအကျိုး သက်ရောက်မှု ရှိပါသလဲရှင့်''

"အနုပညာရှင်တွေဆိုတာ ပရိသတ်ကြား ပျံ့နှံ့လွယ်တ မို့လို့ ကိုယ်က ဒီဇိုင်းဆွဲပေးရတဲ့အခါမှာ အရေးကြီးပါတယ်။ တို့ကို ပံ့ပိုးပေးရာလည်း ရောက်တယ်လေ။ နှစ်ဦးနှစ်ဖက်လည်း အပြန်အလှန်အကျိုးရှိတယ်။ Sponsor ပေးတာကျတော့ ကို ရဲ့ဒီဇိုင်းကို ဝတ်ပေးတဲ့အနုပညာရှင်နဲ့အတူ တစ်ပြည်လုံးက ကို ရဲ့ဒီဇိုင်းကို သိသွားကြပါတယ်''

"Customer တွေကို. . . ဘာနဲ့လိုက်တယ်ဆိုတာ အကြံပေးတာတွေ ရှိပါသလားရှင့်။ အကြံပေးရင်ရော ဘယ် အချက်တွေကို အဓိကထားပြီး ပေးပါသလဲ အစ်မ''

"ကိုယ့်ဒီဇိုင်းကို သဘောကျပြီး ကိုယ့်ကို ယုံကြည် ရောက်လာတဲ့ Customer တွေကို ကိုယ့်ဘက်က အကောင်း အကြံတွေ မပေးလို့မရပါဘူး. . . ပေးကိုပေးရပါတယ်။ ဘာ အဓိကထားပြီး အကြံပေးသလဲဆိုတော့ Customer တွေ





တစ်ကိုယ်လုံးကိုယ်ထည်အနေအထား, အရပ်အမောင်း, ပြီးတော့ အသားရောင်ပေါ့''

"ဒီလိုအောင်မြင်မှုတွေနဲ့ ကိုယ့်ရဲ့အရည်အသွေးကို တိုး တက်စေဖို့အတွက် ဘာတွေ လေ့လာအားထုတ်ခဲ့ရပါသလဲ''

"ဒီဇိုင်းပညာကို စိတ်ရှည်ရှည်ထားပြီး အဆက်မပြတ် လေ့လာနေရပါတယ်။ ဒီဇိုင်းပိုင်းမှာ ထွက်ပေါ်နေတဲ့ ပညာအသစ် အဆန်းတွေကို လေ့လာရုံတင်,မကဘူး။ Cutting ပိုင်းအသစ် တွေကိုပါ လေ့လာရပါတယ်။ ပြီးတော့ Fashion TV ကို အရမ်း ကြည့်တယ်၊ အချိန်ပြည့်ကို ဖွင့်ထားရတယ်။ Show ပွဲတွေကို လည်း များများကြည့်ပေးရပါတယ်။ မ,ကတော့ အခုနောက်ပိုင်း တာပုံနဲ့ ဘန်ကောက်မှာ အကြည့်များပါတယ်''

"ဒီဇိုင်နာတစ်ယောက်သာ မဖြစ်ခဲ့ဘူးဆိုရင် Profession အနေနဲ့ ဘာကိုရွေးချယ်မိမယ်ထင်ပါသလဲရှင့်။ ပြီးတော့ သီးခြားဝါသနာပါတာလေးတွေရော ပြောပြပေးပါဦး''

"အင်း, မ,က စာရှုပေရှုလည်း ရှုခဲ့သေးတာဆိုတော့ အလုပ်ကို မရွေးဖြစ်ခဲ့ရင် Romantic စာရေးဆရာမ လုပ်ဖြစ် မယ်ထင်ပါတယ်။ သီးခြားဝါသနာတွေကလည်း အများကြီး အားကစားတော့ မလွတ်ပါဘူး။ ဒါပေမဲ့ အဓိက ဝါသနာ ပါတာကတော့ စာဖတ်တာရယ် သီချင်းဆိုတာရယ် ခရီးထွက် တာရယ်ပါ''

www.burmeseclassic.com

www.burmeseclassic.com



"ဒီ life ကို ရထားတဲ့အတွက် ကျေနပ်မှုရှိပါသလား

အစ်မ။ ပြီးတော့ လက်ရှိအခြေအနေကိုရောက်အောင် ဘယ်

တွေက တွန်းအားပေးခဲ့ပါသလဲရှင်"

"ဝါသနာကိုလည်း အရင်းခံခဲ့သလို အချိန်တွေအမျ

ကြီးလည်း ရင်းနှီးခဲ့ရတာဆိုတော့ ကိုယ်ရထားတဲ့ဘဝကို ကျေ

နပ်ပါတယ်။ လက်ရှိအခြေအနေရောက်အောင် တွန်းအားပေး

တဲ့သူကတော့ အဒေါ်ပါ၊ အခုမရှိတော့ပါဘူး။ ပြီးတော့ ဒီဖိုင်

မဆွေပေါ့။ အခုလောလောဆယ်မှာတော့ သားလေးပါပဲ၊ သ

က ခေတ်လူငယ်ဆိုတော့ သူပေးတဲ့အကြံဉာဏ်တွေက အ

လန်းတယ်လေ"

"ဟုတ်ကဲ့ပါ, အစ်မဘဝမှာ ပျော်စရာအကောင်း

အချိန်လေးတွေရှိရင် ပြောပြပေးပါဦး"

"မ,ဘဝမှာ ပျော်စရာအကောင်းဆုံးအချိန်လေးတွေ

တော့ ဒီပညာနဲ့ပတ်သက်ပြီး ဆွေမျိုးတွေကို ထောက်ပံ့ပေး

အချိန်ရယ်, အလှူအတန်းပြုလုပ်ရတဲ့အချိန်ရယ်, သားလေ

ပြုစုပျိုးထောင်ပေးခဲ့ရတဲ့အချိန်တွေရယ်ပဲပေါ့။ ပြီးတော့ သ

အတူ အပန်းဖြေခရီးထွက်ရတဲ့အချိန်နဲ့ အစားအသောက်ကော

ကောင်းတွေ ချက်ပြုတ်စားသောက်ရတဲ့အချိန်ကတော့ အ

ဆုံးပေါ့"

"နောက်ထပ်ထွက်ပေါ်လာတဲ့ တက်သစ်စဒီဇိုင်နာ





တွေကိုရော အစ်မအနေနဲ့ ဘယ်လိုအကြံပေးချင်ပါသလဲ"

"မျိုးဆက်သစ်ဒီဇိုင်နာလေးတွေ အများကြီးပေါ်လာတာ အရမ်းဝမ်းသာပါတယ်၊ ဒီဇိုင်းပညာကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်အောင် စဉ်ဆက်မပြတ်လေ့လာနေပါလို့ အကြံပေးချင်ပါတယ်။ အယူအဆတွေကတော့ အမျိုးမျိုးရှိတာပေါ့။ အင်္ကျီချုပ်တတ်တာ ပုံဆွဲတတ်တာနဲ့ ဒီဇိုင်နာလို့ ထင်နေကြတာလည်း ရှိကြမှာပဲ။ မ,စိတ်အထင်ကတော့ တီထွင်ဖန်တီးတယ်ဆိုကတည်းက ကိုယ်ပိုင်စိတ်ကူးဖြစ်ရမယ်လေ"

"ဟုတ်ပါတယ် အစ်မ"

"Creativity ရှိရမယ်၊ ပါရမီအခံလည်း ရှိရမယ်, ပြီးမှ ကိုယ့်စိတ်ထဲက ဖြစ်လာတဲ့ Art နဲ့ လက်တွေ့ပုံဖော်တော့မယ့် အချိန်မှာ မှန်ကန်တဲ့ကုန်ကြမ်းပစ္စည်းတွေ ရွေးချယ်တာကအစ နောက်ဆုံး Products ထွက်လာတဲ့အထိ Process အဆင့်ဆင့်ကို မှန်ကန်တဲ့နည်းစံနစ်နဲ့ ကျွမ်းကျွမ်းကျင်ကျင် နှံ့နှံ့စပ်စပ်သိထားပြီး ဖန်တီးနိုင်တဲ့သူကို ဒီဇိုင်နာလို့ယူဆထားပါတယ်"

"..."

"Process အဆင့်ဆင့်လို့ဆိုတဲ့နေရာမှာ Sketch ဆွဲလိုက်ပြီး အဲဒီမှာ သုံးမယ့် Materials, Colour, Accesso-ries တွေကစပြီး Dripping လား, Pattern လား, နှစ်ခုလုံးမှာလား, လိုင်နင် ဘယ်လိုထည့်မလဲ, မီးပူ ဘယ်လိုတိုက်မလဲ,



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအဆင့် ဝတ်မယ့်လူရဲ့ကိုယ်ပေါ်ကို ရောက်တဲ့အထိ Market မှာ တိုးနိုင်မတိုးနိုင်အဆုံး၊ အားလုံးကို နားလည်နေရမယ်။ Trand တွေကိုလည်း နားလည်နေရမယ်။ မျိုးဆက်သစ်တွေကို မ,က အဲဒါတွေလည်း သိထားစေချင်ပါတယ်''

''အခုနောက်ပိုင်း မြန်မာ Fashion Industry တွေရဲ့ အနာဂတ်အလားအလာကိုရော အစ်မ ဘယ်လိုမြင်ပါသလဲရှင့်''

''မြန်မာ့ Fashion Industry ရဲ့အနာဂတ်ကို ပြောမယ်ဆိုရင် Day wear နဲ့ Ready to wear လိုင်းဘက်ကို သွားမယ့်သူတွေအတွက်ပေါ့နော်၊ မြန်မာအမျိုးသမီးတွေရဲ့ ခန္ဓာကိုယ်က နိုင်ငံတကာက တင်သွင်းလာတဲ့ Standard size တွေနဲ့မတူတဲ့အတွက် Day wear သမားတွေ အောင်မြင်လိမ့်မယ်''

''. . .''

''Ready to wear သွားမယ့်သူတွေကလည်း Trand ကို ဘယ်လိုရှာမလဲ၊ Market ကို ဘယ်လိုထိုးဖောက်မလဲ၊ နိုင်ငံခြားက ဝင်လာတာတွေနဲ့ ဘယ်လိုယှဉ်မလဲ စဉ်းစားထားရမယ်။ Fashion Designer ဆိုတာ ဖန်တီးမှုအပိုင်းသာ မကဘူး တစ်ဖက်ကနေ Market Ment: အပိုင်းကိုပါ လေ့လာနေရမယ်လေ။ မ,ကတော့ အဲဒီလိုပဲ မြင်ပါတယ်''

''ဟုတ်ကဲ့ပါ အစ်မ၊ အခုလိုအချိန်ပေးပြီး စိတ်ရှည်လက်ရှည်ဖြေကြားပေးတဲ့အတွက် အစ်ကို ကျေးဇူးအများကြီးတင်ပါတယ်။ အနာဂတ်မှာလည်း ဒီ့ထက်မက အောင်မြင်မှုတွေ ရရှိပါစေ. . . ထူးချွန်ထက်မြက်တဲ့ မျိုးဆက်သစ် ဒီဇိုင်နာလေးတွေကိုလည်း မွေးထုတ်ပေးနိုင်ပါစေလို့ ဆုတောင်းပါတယ်''

''မ,ကလည်း ကျေးဇူးတင်ပါတယ်ကွယ်''

တစ်ချိန်လုံး ဒီတိုင်းလေး ရပ်ကြည့်နေခဲ့သော ညိုသွေးသည် မေမေနိဂုံးချုပ်လိုက်မှ လက်ခုပ်တဖြောင်းဖြောင်းတီးလိုက်မိလေတော့သည်။ သူ့ရဲ့လက်ခုပ်သံကြောင့် မေမေက နောက်သို့ ချာခနဲလှည့်ကြည့်၏။ ပြီးတော့ မျက်စောင်းလှလှ ပေးပါသည်။ သူ လက်မလေး ထောင်ပြလိုက်သည်။

''ဂွိုက်တီး''

''ဟင်း. . . ခုမှရောက်လာတာပေါ့လေ''

''သားရောက်နေတာ ကြာလှပြီ၊ မယုံရင် အန်တီဆွေ့ကိုမေးကြည့်၊ နောက်ကနေ ဒီတိုင်းရပ်ကြည့်နေတာ။ အစလေးပဲ နည်းနည်းလွတ်သွားတာပါ မေမေရဲ့။ အားလုံးမီပါတယ်''

''ခုမှရောက်လာတာဆိုရင် မေမေ စိတ်ဆိုးတော့မလို့''

''မေမေကလည်း သား ခဏနေရင် ရောက်တော့မှာလို့ ပြောပြီးသားပဲ၊ မေမေအရမ်းတော်တာပဲဗျာ၊ မေးတာတွေနဲ့ ဖြေတာတွေနဲ့ ကွက်တိပဲ။ သား,ကြည့်နေရင်းနဲ့ မေမေ့ကို ပိုပြီးချစ်လာတယ်။ ပိုပြီးတော့လည်း လေးစားလာတယ်။ ဂုဏ်ယူပါ





ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တယ်မေမေ''

ဟုပြောပြီး မေမေ့ကို ဖက်ထားလိုက်မိသည်။ မေမေကလည်း နွေးနွေးထွေးထွေး ပြန်လည်ထွေးဖက်ပါသည်။ သူတို့သားအမိနှစ်ယောက်၏ထိုအကျင့်လေးက ငယ်စဉ်ကတည်းက ရှ အချိန်ထိ စွဲစွဲမြဲမြဲတည်ရှိနေပါ၏။

''ဒီလောက် စတိုင်လ်ကျကျ ပြောတတ်ဆိုတတ်တာ များ အင်တာဗျူးဆို အသေကြောက်။ ဒိုင်လုပ်ဖို့ဆို အသေရှောင် လူကလည်း မလုတာမဟုတ်ဘဲနဲ့''

''မေမေမှ မလုပ်ချင်တာ၊ ရုပ်လည်း မပြချင်ဘူး။ အပြင် လည်း မထွက်ချင်ဘူး။ ဒါတောင် မင်း,အန်တီဆွေ လက်ခံလာ လို့။ မေမေ ဘယ်လောက်ပင်ပန်းရသလဲ''

''ဟုတ်ပါ့ သားရေ၊ မင်းအမေက Control သမားဆို တာ ခုထိမသိသေးဘူးလား။ အပြင်ထွက်ဖို့ ရုပ်ပြဖို့ဆိုတာ ဘာမှန်း လည်းမသိဘဲနဲ့ အသေကြောက်နေတာ။ သူက အန်တီဆွေ့ကို မန်နေဂျာလိုသဘောထားပြီး နောက်ကွယ်ကနေ စီစဉ်ညွှန်ကြား မယ်, တီထွင်ဖန်တီးမယ်ဆိုတာပဲ သိတာလေ။ သူ အပြင်ထွက် တတ်တာဆိုရင် သားနဲ့သွားတာရယ်, ဘန်ကောက်တို့ စင်ကာ တို့ကို သွားတာရယ်ပဲ ရှိတာမဟုတ်လား''

အဲဒါတော့ ဟုတ်သည်။ မေမေ့မှာ အဲဒီတစ်ခုကလည်း ထူးဆန်းသေး၏။ အပြင်ထွက်ဖို့အရေးကို ဘာမှန်းမသိဘဲ ထ





လေးကြောက်ရွံ့နေတတ်သည်။ တချို့ ထက်ထက်မြက်မြက်ရှိသည့်အမျိုးသမီးတွေလည်း ထိုအကျင့်မျိုး ရှိကောင်းရှိနေမလား မသိပါ။ မေမေကတော့ အပြင်ထွက်တတ်တာဆိုလို့ သူနှင့်အတူ မသွားမဖြစ်သည့်နေရာမျိုးတွေသာ သွားခဲ့တာဖြစ်၏။

သို့သော် သူနှင့် ကမ်းခြေကို အပန်းဖြေခရီးထွက်တတ်တာတွေ၊ နိုင်ငံခြားခရီးစဉ်တွေ၊ ဘန်ကောက်, စင်ကာပူသို့ ရှော့ပင်ထွက်တတ်တာနှင့် ရှိုးပွဲသွားကြည့်တာတွေကိုတော့ မေမေက အပြည့်အဝပြုလုပ်ပါသည်။ အိမ်မှာနေလျှင်တော့ အန်တီဆွေနှင့် သူကသာ မေမေ့အတွက် အလှည့်ကျမန်နေဂျာ လုပ်ပေးရလေ၏။

''တကယ်ဆို သားမေမေက ဒီဇိုင်နာလုပ်ရမှာ မဟုတ်ဘူး။ စာရေးဆရာမ လုပ်ရမှာ။ ခုတော့ နာမည်ရတာချင်းအတူတူ ဘယ်ပွဲတက်တက်, အန်တီဆွေပဲ တက်နေရတာ။ အန်တီဆွေပဲ အားလုံးကိုလက်ခံနေရတာ။ တချို့မသိသေးတဲ့လူတွေဆိုရင် အန်တီဆွေ့ကို သားအမေပဲ ထင်နေကြတာ သားရဲ့''

''မဆွေကလည်း, အဲဒါလည်း တစ်မျိုးမကောင်းဘူးလား။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်အကျိုးပြုနေလို့လည်း လုပ်ငန်းက ဒီလောက်ထိ အောင်မြင်လာတာပေါ့။ စာရေး တဲ့အလုပ်နဲ့ ဒီအလုပ်ကလည်း အတူတူပါပဲ မဆွေရယ်။ တီထွင် ဖန်တီးရတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"တူသယောင် ထင်ရပေမယ့် စာရေးဆရာမတွေတောင် ရှဲဒိုးကလွဲရင် ရုပ်ပြရတဲ့ခေတ်ကို ရောက်နေပြီ ညီရဲ့။ ဒီဖိုင်နာတွေက ပိုမပြသင့်ဘူးလား၊ တချို့ဆို နာမည်လေး နည်းနည်းရလာတာနဲ့ ဟိုမှာ နေရာရ၊ ဒီမှာ နေရာရ ဟိုပါ ဒီပါ, မီဒီယာတွေနဲ့ ရုပ်ယှက်ကိုခတ်လို့"

"ဟုတ်ပါပြီ မဆွေရယ်၊ အခု MRTY 4 ကို လက်ခံလိုက်ရလို့ ကျေနပ်ပြီမှလား။ အရင်တုန်းကလည်း မဂ္ဂဇင်းသုံးလေးခုနဲ့ ဂျာနယ်လေးငါးခုလောက်မှာ ပါဖူးပြီးသားဆိုတော့ ညီ့ကို သိတဲ့လူတွေလည်း သိကုန်ကြပါပြီ။ ခုဆိုရင် နာမည်တခြားလူတခြား သိနေတဲ့လူတွေလည်း တွဲပြီးသိကုန်တော့မယ်လေ။ မဟုတ်ဘူးလား"

"ဟုတ်တယ်. . . OK, right...မေမေရော အန်တီဆွေရော နှစ်ယောက်လုံး တော်တယ်။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်အကျိုးပြုတဲ့အထိမ်းအမှတ်နဲ့ ဒင်နာကို သား တာဝန်ယူမယ်။ ကြိုက်တဲ့ဟိုတယ်ကို ရွေးလိုက်"

"အို. . . နောက်နေ့မှပဲ လိုက်ကျွေးပါတော့ သားရယ်။ ဒီနေ့ မေမေ တစ်နေကုန်အရမ်းပင်ပန်းနေတာ။ သားအန်တီဆွေလည်း ဒီနေ့ကျမှ ဟင်းတွေကို သူကိုယ်တိုင် ဝင်စီစဉ်နေတာ သားရဲ့"

"ဟုတ်လား, ဒါဆို အန်တီဆွေလည်း တော်တော်ပင်





သွားမှာပဲ။ ဘာဟင်းတွေ ဝင်ချက်ထားတာလဲ အန်တီဆွေ"

"ရှယ်ပဲ သားရေ့ စိတ်ထဲမှာ စားချင်တာတွေ အကုန်ထုပ်ပစ်လိုက်တယ်။ သားလည်း ကြိုက်မှာပါ။ အမဲလျှာ, နံရိုးကင်, ဆာဆန်းငါးပိ, ငါးပေါင်းကြော်, ပဲပြားချဉ်စပ်, ဂင်ချီ, ထမင်းလိပ်, ကြက်ဥလိပ်ကြော်, ထမင်းမစားချင်ရင် ထမင်းလိပ်နဲ့ ဟင်းတွေကို တွဲစား"

"ဝါး!. . . မိုက်တယ်ဗျာ၊ ကြားရုံနဲ့တင် စားချင်လာပြီ။ ဒါပေမဲ့ အန်တီဆွေ့ဟင်း အတွဲအစပ်တွေက မြန်မာမဆန်ဘူး။ ကိုရီးယားအစားအစာတွေပဲ"

"ဘာလဲ, မင်းက ငါ့ကို ကိုရီးယားရူး,ရူးနေတယ်လို့ ပြောချင်တာလား။ တိုက်ဆိုင်မှုရှိရင် ခွင့်လွှတ်ပါ ဆရာ"

"ဟား. . . ဟား. . . ဟား"

အန်တီဆွေ၏ မင်းသမီးလို အိုက်တင်နှင့် ပြောလိုက်ပုံကြောင့် သူ တလွှတ်တလပ် ရယ်လိုက်မိလေသည်။

"မေမေလည်း ကြားတာနဲ့တင် ဗိုက်ဆာလာပြီ။ ကဲ, သား ရေချိုးပြီး ဆင်းလာခဲ့တော့။ သားကို မေမေ မေးစရာရှိသေးတယ်"

"သားလည်း မေမေ့ကို ခွင့်တောင်းစရာရှိသေးတယ်"

"ဒါဆိုလည်း ထမင်းဝိုင်းကျမှ အေးအေးဆေးဆေးမေးကြ ပြောကြ ဆိုကြပေတော့။ အန်တီဆွေ ဝိုင်နီတစ်လုံး လက်



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရထားတာရှိတယ်။ အနီရောင်ဝိုင်ကို မကြာခဏသောက်ပေးရင် နုပျိုလှပစေတယ်တဲ့၊ ခန္ဓာကိုယ်ထဲက အစာချေဖျက်မှုကို လုပ်ဆောင်ပေးနိုင်တဲ့ အင်ဇိုင်းတွေကိုပါ တိုးမြှင့်ပေးတယ်တဲ့။ အန်တီဆွေတို့ ဝိုင် အရင်သောက်ကြရအောင်''

'အိုခေ၊ အိုခေ. . . ဒါကြောင့် ပြောတာပေါ့။ အန်တီဆွေက အရမ်းချစ်စရာကောင်းပါတယ်လို့၊ တဖြည်းဖြည်း ကိုရီးယားမင်းသမီးနဲ့တောင် တူလာသလိုပဲ''

''အမယ်လေးတော်! ဒါဆို ဝိုင်နဲ့မဖြစ်တော့ဘူး ဆိုဂျူပါမှဖြစ်တော့မယ်။ ဆူးမရေ၊ ငါ့လက်ရာတွေ ပြင်ရအောင်ဟေ့''

အန်တီဆွေက ပြောပြောဆိုဆို အော်ဟစ်ထွက်သွားသလို သူလည်း အခန်းထဲ အပြေးလှမ်းလာပြီး ရေချိုးလိုက်ပါတော့၏။ မေမေနှင့် အန်တီဆွေက အသက်လေးဆယ်အရွယ် ရှေ့မီနောက်မီတွေမို့ သူနှင့် တစ်ခါတစ်ရံ မောင်နှမတွေလို သူငယ်ချင်းတွေလို ဖြစ်နေတတ်ပါသည်။

ခေတ်နှင့်တစ်ပြေးညီ နေထိုင်တတ်သူတွေလည်း ဖြစ်သလို ကျန်းမာရေးတွေလည်း အလွန်ကောင်းသူတွေမို့ အစားအသောက်ဆို လုံးဝမရွေး။ ဝ,လာမှာတွေ၊ အဆီတက်လာမှာတွေကိုကြောက်ပြီးတော့လည်း ညစာမစားဘဲ နေတာတို့၊ သစ်သီးနှင့်ဖျော်ရည်တို့ကိုသာ သုံးဆောင်တတ်တာမျိုးတို့လည်း မလုပ်။ Oramin F တွေ E nat တွေ Lobese တွေ မှီဝဲဖို့ကိုလည်း





င်လို့တောင် စိတ်မကူး။

ဗိုက်ဆာသည့်အချိန်မှာ ဆာရင်ဆာသလို စားလိုက်ကြခဲ့ဖြစ်သည်။ အကြောင်းကတော့ အညောင်းခံပြီး စိတ်နှင့်ခုပ်လုပ်ရသည့်လူတွေမို့ တစ်နေ့ကို တစ်နာရီခန့် လေ့ကျင့်ခန်း မပျက်မကွက်လုပ်တတ်သောကြောင့်ဖြစ်ပါသည်။

◙

ဝိုင်ပုလင်းကိုဖွင့်ပြီး ကာလပ်ခွက်ကလေးတွေထဲ သူကိုယ်တိုင်ငှဲ့ထည့်ပေးကာ Cheer လုပ်လိုက်ကြသည်။ ထိုအချိန်မှာပဲ ငွေသား၏ ring tone သံလေး ထွက်လာလေ၏။

**"အချစ်တစ်ခုကို ရှာတွေ့ပြီ× × × သူ့မျက်ဝန်းပုံရိပ်ဆီအတွင်းစိတ်တွေ သိကြတယ်× × × ဒီလိုသက်ရောက်မှုလေးတွေ × × × တစ်မိုးအောက် တစ်ယောက်သာ ချစ်သွားမည်× × × အဆိုးအကောင်း မျှဝေခံစားကာ နှလုံးသားတွေ ဆော့စပ်ကာ× × × ရင်ခွင်လေးထဲ မှီနွားစဉ်"**

ထိုသီချင်းသံကြောင့် မေမေက ဝိုင်သောက်နေရာမှ တစ်ချက်စိုက်ကြည့်သည်။ ပြီးမှ ဘာမှမပြောဘဲ အန်တီဆွေနှင့်အတူ နံရိုးကင်တွေကို ထိုးစားနေတာကြောင့် ညိုသွေးက ဖုန်းခနဲ Tuouch Screen ပေါ်တစ်ချက်တို့ပြီး Busy နေကြောင်း အသိ

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်လေ၏။

"မေမေ ရှေ့အပတ်ထဲမှာ ဘန်ကောက်သွားရမယ် သား၊ စင်္ကာပူလည်း ရောက်ချင်ရောက်လိမ့်မယ်"

"ဘာဖြစ်လို့ ခဏခဏသွားနေတာလဲ မေမေရဲ့။ ပြန်ရောက်တာမှ မကြာသေးဘူး။ မေမေက အပြင်မထွက်တတ်တာ ဒီမှာပဲကို၊ နိုင်ငံခြားကတော့ ဘာထွက်သလဲမမေးနဲ့"

"အလုပ်ကိစ္စအတွက် ထွက်ရတာပဲ သားရယ်၊ ကုန်ကြမ်းကလည်း ဘန်ကောက်၊ စင်္ကာပူလောက်နဲ့တင် အဆင်ပြေနေတာကိုး။ မီလန်ကျတော့ တစ်နှစ်၊ နှစ်နှစ်နေမှ တစ်ခေါက်၊ နှစ်ခေါက်လောက် သွားလိုက်ရင် ရပြီ"

"ဟုတ်တယ် သားရဲ့၊ အခုဆိုရင် ဘန်ကောက်က တော်တော်အချက်အချာဖြစ်နေပြီ။ အဆိုတော်တွေ၊ မင်းသားမင်းသမီးတွေ၊ ဒီဇိုင်နာတွေဆိုရင် ဘန်ကောက်လောက်နဲ့ ကိုယ်လိုချင်တာ တော်တော်များများ ရနိုင်ပြီလေ။ အခုတစ်ခေါက်က သား မေမေကို သူ့သူငယ်ချင်းက ရှိုးပွဲကြည့်ဖို့ပါ လှမ်းခေါ်တာ"

"အံမယ်! ရှိုးပွဲက ပေါ့သေးသေးမဟုတ်ဘူးနော် သား Miss Universe ထိတက်မယ့် ကလေးတွေကိုရွေးမှာ။ ပြီးတော့ မေမေ့မှာ အရေးကြီးတဲ့ Accessories တစ်မျိုးလိုနေလို့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပေါ့"

"ဒါဆို သားလည်း လိုက်ခဲ့ရမလား။ ဆံပင်လည်း ညှပ် ... လေ"

"GTC... ကျောင်းသားတစ်ယောက်က စာတွေလည်း ... က်လာပြီ ပြောသေး၊ ရည်းစားအယားကလည်း ရှုပ်သေး ... တော့ ဘာဖြစ်လို့လိုက်နေမှာလဲ၊ ဆံပင်ပုံကလည်း ဒီအတိုင်း ... ကောင်းသေးတယ်။ နောက်မှ မေမေ ကြည့်ခေါ်မယ်"

"ဟုတ်တယ်၊ သားဆံပင်ပုံလေးက ခုမှပိုကြည့်ကောင်း ... တာ. သွားမညှပ်လိုက်နဲ့။ ဘာလဲ. . . မင်းက ရှိုးပွဲကြည့်ဖို့နဲ့ ... ညှပ်ဖို့ လိုက်ချင်တာက နည်းနည်း၊ မအေကို စိတ်မချတာ ... များနေတာမှလား"

"ဟာ. . . အန်တီဒွေ့ကလည်း ရစ်ပြီ။ သားတို့သားအမိ ... ယောက်အကြောင်းကို အန်တီဒွေ့ အသိဆုံးပဲဟာ။ မေမေက ... ထုတ်ယူစုံပြတိုက်တဲ့မိခင်လောင်း။ ပြီးတော့ မိန်းကလေးတွေ ... က အမြဲတမ်းရစ်တည်တတ်တဲ့မိန်းမသား။ ဘယ်လောက် ... တ်သလဲ၊ လုံးဝစိတ်ချထားပြီးသား"

"အံမယ်. . . အံမယ်. . . ကြည့်စမ်း! ဒီကလေးပြောတဲ့ ... သံကိုက၊ ညီမရေ၊ ဒီတစ်ခေါက် ရှင့်သားအတွက် လက် ... ဆင်ကိုတော့ လုံးဝမျှော်မတွက်နဲ့တော့နော်"

"ဒါပဲ ပေါ့ ဗျ"

ဟု သူက တက်တက်ကြွကြွပြန်ပြောလိုက်ချိန်မှာ ဖွေ ... ရဲ့ ring tone သံလေး ထွက်လာပြန်သည်။





www.burmeseclassic.com

www.burmeseclassic.com



"ရှိသည် ဖြစ်သည် အချစ်က အရာရာဖန်ဆင်းသည်
× × × ထပ်တူချစ်သည် မျက်စိမှိတ်ကာ ယုံတော့မည် × × ×
သက်လေပြင်းကျတဲ့အခါ ဘဝရဲ့အိမ်ကလေး အားတင်းပါ ×
× မပူပါနဲ့ အချစ်စစ်ရင် အခက်အခဲဆိုတာ ကြုံရမှာ × ×
စိတ်ကူးယဉ်တဲ့အချစ်တစ်ခုဟာ × × × လက်တွေ့မဆန်ဘူး
ကြတာ × × × မလိုပါဘူး အေးစကားတွေ အချစ်ကို ကိုးကွ
ယုံစားပြီး ချစ်တာ × × × "

"ကိုင်လိုက်လေ သား"

"ဒီမိုးသက်လေပြင်းကလည်း ကျပဲကျနိုင်လွန်းတယ် နိမိတ်မရှိဘာမရှိ"

ရုတ်တရက်ထွက်လာသည့် ဘွားတော်နှစ်ယောက် အသံကြောင့် ရင်ထဲ ဒိတ်ခနဲဖြစ်သွားပြီး ဒီတစ်ခါလည်း Bu လိုက်ပြန်လေသည်။ အရင်ရည်းစားတွေတုန်းက တွေ့မရှေ့ ပြောနေသည့်ကောင်က ငွေသားနဲ့ကျမှ မေမေ့ရှေ့မှာ ပြော ရင်တွေဘာတွေ ထိတ်ထိတ်တုန်လို့. . . ဘာလဲ။

"ကိစ္စမရှိပါဘူး မေမေရာ၊ ရပါတယ်. . . သားက နဲ့စကားပြောကောင်းရင် ဘယ်သူနဲ့မှကြားဖြတ်မပြောချင်ဘူး"

"အလို! ဘုရားရေ. . . မခွေ့, ရှင် ကျုပ်ကြားသ ကြားလိုက်ပါတယ်နော်"

"ဟုတ်ပါ့တော်, ကျုပ်တို့နားတွေ အကောင်းကြီး





ဘယ်လိုဖြစ်ပြီး ဒီဖိုင်းက ပြောင်းသွားရတာလဲ။ သန့်စင်ညီညွှေး မှ ဟုတ်သေးရဲ့လား"

"ဟာ. . . မေမေတို့ကလည်း"

"ခုမှ ပဲမျှားမနေပါနဲ့ သားလေးရယ်၊ မအေရှေ့ အဒေါ်ရှေ့ ဘယ်တော့မှမရှောင်ခဲ့တဲ့ကလေး, အိမ်သာခန်း ရေချိုးခန်း တော့ ပြောမနေနဲ့။ ဘုရားခန်းထဲတောင် ဖုန်းယူသွားတဲ့ကလေး က ဘယ်လိုအချိုးပြောင်းသွားရတာလဲ"

"မေမေတို့ထင်တဲ့ဖုန်းမျိုး မဟုတ်ပါဘူးဗျာ"

"အို, အရေးကြီးတဲ့ကိစ္စဖြစ်နေရင်ကော၊ ခုလေးပဲ နှစ်ခါ လာသွားပြီ"

"ဘာမှအရေးမကြီးဘူး, ဟိုကောင်တွေ လုပ်နေတာ"

"ဒါပေမဲ့နော်, ဒီသီချင်းသံ မေမေသတိထားမိတာ တော်တော်ကြာပြီ၊ ခဏခဏလည်း လာတယ်၊ သားက ring tone သံကို အမျိုးမျိုးပြောင်းတတ်တာပါ။ ဒီအသံကျမှ မြဲနေပါလား။ မလိမ်နဲ့နော် သား၊ နောက်တစ်ယောက်မို့လား၊ ဘယ်သူလဲ"

"သားသူငယ်ချင်းတွေက ဒီသီချင်းသံကိုကြိုက်လို့ ထည့်ပေးထားတာပါ မေမေရာ။ ဒီသီချင်းလေးကလည်း ပေါက်နေတာ ကြာပြီ။ ကျောင်းမှာဆို အားလုံးကြိုက်ကြတာ"

"ဪ"



www.burmeseclassic.com

www.burmeseclassic.com

"သားကတော့ ဘယ်သီချင်းတွေ ဘယ်လောက်ကောင်းကောင်း မေမေကြိုက်တဲ့ ကျော်ဟိန်းသီချင်းကို အကြိုက်ဆုံးပဲ"

ညိုသွေးသည် ပြောပြောဆိုဆိုပင် ဖုန်းလေးကို ယူဖွင့်လိုက်ကာ. . .

**(ငွေသားလေး၊**

**ကိုယ် မေမေနဲ့ထမင်းစားနေတယ်**

**ခဏ သည်းခံပေးပါ)**

ဟု Message ပို့လိုက်လေ၏။ ပြီးမှ Power off ပစ်လိုက်တော့သည်။

"ဒါနဲ့ မေမေ သားကိုမေးစရာရှိတယ်ဆိုတာ ဘာလဲ"

"သားကရော ခွင့်တောင်းစရာရှိတယ်ဆိုတာ ဘာလဲ"

"မေမေ အရင်ပြော"

"သား အရင်ပြော"

"သားခွင့်တောင်းမှာနဲ့ မေမေမေးမှာနဲ့က ဆက်စပ်နေမလားလို့ပါ။ မေမေပဲ အရင်မေးကြည့်ပါ"

"အိုခေ၊ ဟိုတစ်နေ့က မေမေ့ကို အပ်တဲ့ဝမ်းဆက်က ဆရာမဖို့ဆိုတာ သေချာလား။ မလိမ်နဲ့နော်. . . မေမေ့စိတ်ထဲမှာ မသင်္ကာစိတ်အရမ်းဖြစ်လာရင် သားနဲ့အတူလိုက်လာပြီး အဲဒီဆရာမကို မေးမယ်"

"ဟို. . ."





"တဟိုဟို တဟင်ဟင် လုပ်မနေနဲ့၊ နှစ်ခါမမေးရဘူး၊ သားမျက်လုံးတွေက အဖြေထွက်နေပြီ။ မေမေ တစ်နေကုန်ပဲ အဲဒီဝမ်းဆက်ကို အပြီးသပ်ရင်းနဲ့ တွေးနေတာ"

"ဒါ. . . ဒါဆို ပြီးသွားပြီလား မေမေ"

"မေမေပြောတာကိုပဲ ဆုံးအောင်နားထောင်ပါဦး သား ရယ်၊ ဒီပုံစံဆို ဆရာမမဟုတ်တာ သေချာပါပြီ"

"ပြီးသွားပြီဆိုရင် ဘယ်လောက်လှလဲဆိုတာ ကြည့်ချင်လို့ပါ၊ ဟုတ်. . . ပြောပါ မေမေ"

"သားက ငယ်ငယ်ကလေးကတည်းက ဆရာဆရာမတွေကို ကိုယ်တိုင်ပေးတဲ့အလုပ်မှ မလုပ်ခဲ့ဖူးတာ၊ မေမေကိုယ်တိုင်ပဲ စီစဉ်ပြီး ပေးခဲ့ရတာကို။ ခုဟာက သားပြောတဲ့ကိုယ်လုံး ကိုယ်ထည်, အရပ်, ဆံပင်ပုံနဲ့ အသားရောင်၊ ပြီးတော့ ဝမ်းဆက်နဲ့လိုက်မယ့် ဖိနပ်ပါ ရွေးပေးခိုင်းတာဆိုတော့ အဲဒါတွေအားလုံး ထူးဆန်းနေတယ်"

". . ."

"သားရဲ့ပုံစံကလည်း တက်တက်ကြွကြွဖြစ်နေတယ်။ နောက်တစ်ယောက်အတွက်များလား။ အရင်ကဆို သားက မိန်းကလေးတွေနဲ့ပတ်သက်ပြီး အကုန်အကျခံခဲ့တာမဟုတ်ပါဘူး။ အခု အကုန်အကျခံရမယ့်မိန်းကလေးတစ်ယောက် ပေါ်လာပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . .ဟို၊ သား မလိမ်ဖူးတော့ မလိမ်ချင်ပါဘူး မေမေ။ မေမေပြောတာ ဟုတ်ပါတယ်"

"ဩော်"

မေမေက အသံရော မျက်နှာထားရော ပြောင်းသွားပြီး သူ့မျက်နှာကို သေသေချာချာစိုက်ကြည့်ပါသည်။ အန်တီခွေက တော့ 'တတ်လည်းတတ်နိုင်ရန်ကော'ဟုသာပြောပြီး စားစရာရှိတာတွေ စားနေတော့၏။

"ဒီတစ်ခါကောင်မလေးကတော့ သား တကယ်အကုန်အကျခံပြီး သားရင်ဘတ်ထဲက တကယ်အတည်ပြုလိုက်တဲ့ မိန်းကလေးပါ။ ဒါကြောင့်လည်း နဖူးကနေ ခြေဖျားအထိ ဆင်ကြည့်ချင်တဲ့စိတ် ပေါ်မိလို့ပါ။ ဟို၊ ဒါကလည်း တမင်သက်သက်ပေးတာ မဟုတ်ပါဘူး မေမေ။ သူ့မွေးနေ့မှာဝတ်ဖို့ မွေးနေ့လက်ဆောင် အကြိုပေးချင်တာမျိုးပါ"

"အင်း"

"သားခွင့်တောင်းမယ့်ကိစ္စကလည်း အဲဒါနဲ့ဆက်စပ်နေပါတယ်။ သူက (4) ရက်နေ့ မနက်ငါးနာရီမှာ မွေးတာမို့လို့ ငါးနာရီကွက်တိမှာ ဘုရားရောက်ဖို့ စီစဉ်ထားပါတယ်မေမေ။ ဒီနေ့ (1) ရက်နေ့ဆိုတော့ (4) ရက်နေ့ မနက်သုံးနာရီခွဲလောက် အိမ်က ထွက်ချင်ပါတယ်။ မေမေခွင့်ပြုပေးပါ"

"ဘာ. . .ဘာ. . .ဘာ. . .မနက်သုံးနာရီခွဲ၊ အောင်





ယ်လေး. . .ကိုးနာရီ ဆယ်နာရီ မအေနိုးမှ ထတဲ့ကလေးက သုံးနာရီခွဲလဲ. . .ဟား. . .ဟား. . .ဟား"

အန်တီခွေ ရီဝေနေပြီထင်ပါသည်။

"ဟုတ်ပါ့၊ ဖွဲကောင်းနေလိုက်တာ။ သုံးနာရီခွဲကြီး တစ္ဆေ ကြောက် သရဲမကြောက် မင်းက ဘာလုပ်မှာလဲ။ ယောက်ျား ပြီး စောစောစီးစီး ထ ပြင်ဦးမလို့လား။ မင်္ဂလာဆောင်တာ ည်းမဟုတ်ဘဲနဲ့"

"ဘယ်က သရဲကြောက်ရမှာလဲ. . .အဲလိုမဟုတ်ဘူး မေရဲ့ အစောကြီးထွက်ပြီး သူငယ်ချင်းတွေ လျှောက်စုရဦး စုပြီးမှ ကောင်မလေးကို သွားခေါ်မှာ"

"နေပါဦး. . .ဒီတစ်ခါကောင်မလေးက ဘယ်လိုကောင် လေးမို့လို့လဲ၊ မေမေ မသိရဘူးလား"

"သိရတော့မှာပါ။ ခုတော့ ခဏလေး သည်းခံပေးပါဦး။ နေ့ကျရင် သူနဲ့တိုင်ပင်ပြီး နှစ်ဖက်လုံးကို ဖွင့်ပြောတော့မှာ အဲဒါ မေမေခွင့်ပြုမယ်မို့လား၊ မနက်သုံးနာရီခွဲနော်"

"ဟင်း. . ."

မေမေက သက်ပြင်းအရင်ချပြီး မျက်စောင်းချီလိုက်ပါ သည်။

"ဝတ်စုံတောင် ချုပ်ပေးပြီးမှ ဘာတတ်နိုင်တော့မှာလဲ ရယ်။ အရင်ကလည်း ဒီလိုကိစ္စမျိုးတွေကို မေမေ တင်းကျပ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြတာမှမဟုတ်တာ၊ ခွင့်ပြုပေးရမှာပေါ့''

''တကယ်! . . . ကြည့်စမ်း! ဝမ်းသာလိုက်တာ မေ

မေမေက အရမ်းချစ်ဖို့ကောင်းတာပဲ။ ကျေးဇူးအများကြီးတ

တယ် မေမေ''

''ဒါပေမဲ့ သေချာစဉ်းစားပြီးမှဆုံးဖြတ်နော် သား။

စိတ်မချဘူး၊ ငယ်သေးတဲ့အတွက် စိတ်က အပြောင်းအလဲ

မှာ စိုးရိမ်တယ်''

''စိတ်ချ မေမေ၊ မေမေစိုးရိမ်တာမျိုး လုံးဝမဖြစ်

ပါဘူး။ ကောင်မလေးကိုမြင်ရင် မေမေ အရမ်းချစ်သွားမှာ

''အင်းလေ, စောင့်ကြည့်ရသေးတာပေါ့။ ကဲ, စား

ကောင်းကောင်းစားပြီး ကောင်းကောင်းအိပ်၊ ပြီးတော့ အချ

လည်း ကြိုးစားသလို ပညာရေးလည်းကြိုးစား။ စားပြီးရင်

အလုပ်ခန်းထဲမှာ ဝတ်စုံချိတ်ထားတယ်, သွားယူလိုက်

ဘယ်လောက်လှသလဲဆိုတာ တွေ့ရလိမ့်မယ်''

ဟု မေမေက ပြောလိုက်တော့ ညီသွေး လက်မ

ပြပြီး နီးရာအစားအစာတွေကို ပါးစပ်ထဲ ထိုးသွင်းလိုက်တော့

ပြီးတော့ ဖုန်းထဲမှာ ထည့်ထားသော မေမေ့စိတ်ကြိုက် သီ

လေးကို ဖွင့်ထားပေးလိုက်ပါ၏။

မေမေကလည်း တူနှင့် အသားလွှာလေးကို ပါး

ဖြည်းဖြည်းထည့်ရင်း သူ့ကိုပြုံးကြည့်နေလေသည်။





**"အတောင်ဝံတစ်စုံကို အားကိုးသောငှက်× × × မိုးပေါ် ရုံသန်းအသွားမှာ× × × ရေလှိုင်းထဲက ရေမျော်ငါးလည်း ကူး နေတယ်× × × မြေပြင်ပေါ်မှာ လူစွမ်းအားအပြည့်နဲ့ အချစ်ရေစင် များ အေးကာ× × × ကမ္ဘာကြီးသာယာပါစေ သီချင်းလေး ညည်း နေတယ်× × ×**

**ကမ္ဘာမြေကြီး ကမ္ဘာကြီးရယ် ကြင်နာစွာ သင့်ရင်မှာ × × × ငါစွန့်စားလို့ ကျေးဇူးဆပ်ပါ့မယ်× × × ကြင်နာသူတွေ ကျေးဇူးသိတယ် ထမ်းနေပါ့မယ်× × × မိခင်ကမ္ဘာရယ် ထာဝစဉ် ဝဲပေါ့× × × "**

ငွေသားရဲ့မွေးနေ့မှာ ငွေသားကို သူမဖေဖေကိုယ်တိုင် က ပြင်ဆင်ပြီး လွှတ်ပေးလိုက်မှာဖြစ်သလို မေမေကလည်း ငွေ သားဝတ်ဖို့ မေမေကိုယ်တိုင် ဝတ်စုံလေးတစ်စုံ ဖန်တီးချုပ်လုပ် ပေးလိုက်တဲ့အဖြစ်ဟာ သူတို့ချစ်သူနှစ်ဦးအတွက် ဘယ်လောက် များ ပျော်ရွှင်ကြည်နူးစရာကောင်းတဲ့ ခံစားမှုလေးပါလဲ။

◙◙◙



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဖေဖေရေ, ဝင်ခဲ့လို့ရပါပြီ"

ငွေသားသည် နဒီတို့နှင့်တစ်ဆင့် ညှိသွေး ပို့ပေးသော ဝတ်စုံလေးကိုဝတ်ဆင်ပြီး အင်တာကွန်းမှ ဖေဖေ့ကိုလှမ်းခေါ် လိုက်သည်။ ပြီးတော့ မှန်ရှေ့မှာ ကိုယ်ကို စိတ်တိုင်းကျ လှည့် ပတ်ကြည့်ပြီး Model တွေ Cat walk လျှောက်သလို လျှောက် ကြည့်နေလိုက်မိသေး၏။

"ပိုး!. . . လှလိုက်တာ သမီးရယ်၊ လုံးဝပုံစံပြောင်းထွက် သွားပြီ"

ဖေဖေ ဝင်ရောက်လာပြီး တအံ့တသြပြောရင်း ခေါင်းခါ ခေါင်းဆုံးကြည့်လေသည်။ ဖေဖေက ဝတ်မယ့်ဝတ်စုံနှင့် အရောင်



www.burmeseclassic.com

www.burmeseclassic.com



တို့ကို အရင်မေးပြီးမှ ဆံပင်, မိတ်ကပ်ကို ပြင်ပေးထား
ဝတ်စုံလည်း ဝတ်လိုက်သောအခါ ဆံပင်,မိတ်ကပ်နှင့် ဝတ်
လုံးဝ rhythm ကျသွားလေသည်။

"ဖေဖေပြင်ပေးထားတာနဲ့ ဒီဝတ်စုံလေးက ကွက်
နော်။ သမီးနဲ့လိုက်ရဲ့လားဟင်"

"အရမ်းလိုက်တယ်"

"မြန်မာဝတ်စုံလေးဆိုတော့ သမီး ကိုယ့်ကိုယ်ကို
လှသွားတယ်လို့ ထင်မိတယ်၊ ဂုဏ်လည်း ယူမိတယ်၊ ကြို
လည်း အရမ်းကြိုက်တယ်"

"ဒါပေါ့, ဖေဖေလည်း ကြိုက်တယ်၊ သမီးက ဘို
ဆန်လေးဆိုတော့ ဒီလိုမြန်မာဝတ်စုံ ဝတ်လိုက်တဲ့အခါမှာ ရှ
ထင်ထင်ပေါ်ပေါ်ရှိသွားတယ်လေ။ ဒါ ဘယ်သူ့လက်ရာလဲ"

"ဒီဇိုင်နာ မေညိုသွေး"

"မေညိုသွေး!"

"ဖေဖေသိလား, အခု နာမည်အရမ်းကြီးနေတယ်လေ"

"အင်း, ကြားနေရတာပဲ၊ လူတော့ မမြင်ဖူးသေး
ဒီဇိုင်နာခင်မိုးဆွေနဲ့လည်း ညီအစ်မတော်တယ်လို့ကြားတယ်"

"ဟုတ်တယ်၊ သူက တီထွင်ဖန်တီးမှု အရမ်းကော
တယ်။ ဒီဇိုင်နာခင်မိုးဆွေကို နောက်ကွယ်ကနေ Control
ပြီး ပွဲထုတ်ခဲ့တာတဲ့။ ဒီလောကထဲမှာလည်း သိသိသိပ်သိ





ပြောတယ်။ နိုင်ငံခြားကိုတော့ ခဏခဏထွက်တတ်တယ်

"ဖြော်, ဒါနဲ့ ဒီဝတ်စုံက ဘယ်တုန်းက အပ်လိုက်တာ
ဖေဖေ့တောင် မပြောပါလား။ ဒါမှမဟုတ် အရှေ့တက်ချိန်
ကို ဝတ်ပြချင်တာနဲ့ Suprise လုပ်လိုက်တာလား"

"ဘယ်လိုပြောရမလဲ, တကယ်တော့ ဒီဝတ်စုံက သမီး
တာမဟုတ်ပါဘူး ဖေဖေ၊ သူငယ်ချင်းတွေက သူတို့နဲ့ ဘုရား
ဖို့ သီးသန့်အစီအစဉ်လုပ်ပေးလို့ သူတို့က PRE HAPPY
RTHDAY ပြန်ပေးတာပါ။ ဒါကြောင့် ဖေဖေအံ့သြသွားအောင်
ပြီးမှ ပြတာပါ"

"အင်း, သမီးနဲ့တကယ်လိုက်ပါပေတယ်။ ကိုယ်နေဟန်
လည်း ပိုဝင့်ကြွားသွားသလိုထင်ရတယ်။ ဒါကြောင့် ဒီဇိုင်နာ
ညိုသွေး နာမည်ကြီးနေတာ။ စိတ်ကူးလည်း ကောင်း, ဒီဇိုင်း
ည်း ကောင်းတယ်။ လက်နဲ့သေချာ သီထား ကပ်ထားတာတွေ
တော့ ပိုတန်ဖိုးရှိတာပေါ့။ အခုနောက်ပိုင်း မိန်းကလေးတွေ
က်ရင် ဒီလို Hand Made တွေ ဝတ်တာများလာပြီ"

စိတ်ကူးဒီဇိုင်းလှလှ၊ Cutting ကောင်းကောင်းဖြင့် ချုပ်
ထားသော ငွေရောင်ပိုးသားဝတ်စုံဆန်းကလေးပေါ်မှာ ပန်း
ကလေးတွေ၊ Accessories ရောင်စုံကလေးတွေနှင့် လှပ
ပုံဖော်ကပ်သီထားပုံက ဖေဖေ ကြည့်မဝရှုမဝဖြစ်နေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

"နောက်ဆို သမီး ဒါမျိုးလေးတွေလည်း မကြား
ဂတ်ပေးမှပါနော်"

"ဒါပေါ့၊ မိန်းကလေးပဲ, ဝတ်ပေးရမှာပေါ့။ ဒါပေ
ဖေဖေက သမီးကို ဘာဝတ်စုံဝတ်မှာလဲ, ဘာအရောင်လဲဆို
သေချာမေးပြီးမှ မိတ်ကပ်ဆံပင်ကို ပြင်ပေးရတာ။ ခုတော့ အ
လောက်ကွက်တိကျလဲ"

"ကျေးဇူးအများကြီးတင်ပါတယ် ဖေဖေ၊ သမီးက
နှစ်မွေးနေ့မှာ နိုင်ငံကျော်ဒီဇိုင်နာနှစ်ဦးရဲ့ စပွန်ဆာလုပ်မှုကို
ရတဲ့အတွက် အရမ်း အရမ်းပျော်တယ်။ အရမ်းလည်း ကျေ
တယ်။ ကဲ, ဘုရားခန်းကိုသွားရအောင် ဖေဖေ၊ နှစ်တိုင်းမွေ
မကွက်လုပ်နေကျ ပထမဆုံးအစီအစဉ်ပေါ့"

"ကောင်းပါပြီ၊ မွေးနေ့ရှင်မင်းသမီးလေးရယ်"

ဖေဖေ့လက်မောင်းကိုတွဲခိုပြီး ထွက်လာခဲ့စဉ် နှစ်တို
ငွေသားရဲ့မွေးနေ့မှာ မနက်စောစော ဖေဖေဖွင့်ပေးထားတတ်သ
တရားသံက နားထဲသို့ ကြည်နူးချမ်းမြေ့စွာ တိုးဝင်လာပါသည်
ဘုရားခန်းထဲ ရောက်ပြန်တော့လည်း နှစ်တိုင်း ဖေဖေပြင်ဆ
လဲပေးထားသည့် စပယ်ဖြူ နှင်းဆီဖြူတွေက လန်းဆန်းလှပ
ဆီးကြိုနေပြန်၏။

ပြီးတော့ နှစ်စဉ်နှစ်တိုင်းပင် ငွေသားရဲ့မွေးနေ့မှာ ပထ
ဆုံး ပြုလုပ်နေကျဖြစ်သော ဘုရားနှင့်မိဘအား တစ်ဂိုဏ်းတည်





သားပြီး ကန်တော့သည့်အလုပ်ကို ပြုလုပ်လိုက်ပါသည်။ ဖေဖေ
လည်း ဆုပေးနေကျအတိုင်း ဆုတွေ တစ်ပွေ့တစ်ပိုက်ကြီး
ပေးပါသည်။ ထိုအစီအစဉ်တွေအားလုံးပြီးလို့ အောက်ထပ် ဆင်း
လာခဲ့ချိန်မှာတော့ သူငယ်ချင်းတွေ ဝင်ရောက်လာတာနှင့် တိုး
တော၏။

"ဟယ်! အရမ်းလှလိုက်တာ ငွေသားရယ်"

"ကြည့်စမ်း!. . . ရှင်တို့ရောက်လာတဲ့အချိန်က ကျွန်မ
ပြင်ပြီးတာနဲ့ ကွက်တိပဲ"

"နင် ဒီလိုမြန်မာဝတ်စုံလေး ဝတ်လိုက်တော့လည်း တစ်
မျိုးကြည့်ကောင်းတာပဲ၊ လှတောင် မှားသွားသလိုပဲ။ အရမ်းမိုက်
တယ်"

"ဝတ်စုံလှလို့ လူက ပိုလှသွားတာလား, လူက လှလို့
ဝတ်စုံက ပိုလှသွားတာလား. . . မသိတော့ပါဘူးဟယ်"

"ရှင်တို့ပြောတာတွေ တစ်ခုမှမဟုတ်ပါဘူး၊ ဦးကိုယ်
တိုင် ပြင်ပေးလိုက်လို့ ဝတ်စုံရော လူရော ပိုလှသွားတာ။ ဦး
မိတ်ကပ်ပြင်တာ အရမ်းကောင်းတယ်၊ မိတ်ကပ်များပြီး သိသိ
သာသာကြီး လှတာမဟုတ်ဘူး။ ပါးပါးလေးနဲ့ သပ်သပ်ရပ်ရပ်
ကလေး လှတာ"

"ဟင်း. . . ငါ့အဖေကိုများ ဘာမှတ်နေလဲ၊ ဒီဇိုင်နာ
ဂျင်မီပါတဲ့နော်၊ မြန်မာပြည်မှာ နာမည်ကြီးယောက်ျားစင်စစ်



www.burmeseclassic.com

www.burmeseclassic.com

မိတ်ကပ်ဒီဇိုင်နာ ဘယ်နှယောက်ရှိသလဲဆိုတာ ရှာကြည့်လိုက်ဦး''

ငွေသားတို့သူငယ်ချင်းတွေ ဆုံတိုင်း လက်ပံပင် ဆက်ရက်ကျသလို ဖြစ်တတ်ပုံကို ဖေဖေက လက်ပိုက်လျက် ပြုံးပြုံးကြီး ငိုက်ကြည့်နေပါသည်။ တစ်ယောက်တစ်မျိုး ကျွက်ကျွက်ညံနေရာမှ 'Happy birthday' ဟု ပြိုင်တူပြောလိုက်ပုံက ပို ဆူညံသွားတော့၏။

''ကဲ, လေးနာရီခွဲခါနီးပြီဆိုတော့ တို့ သွားရအောင်ဦး, သမီးတို့ကိုခွင့်ပြုပါဦး။ ငွေသားကို ပြန်လိုက်ပို့ပေးပါ့မယ်''

''ကောင်းပါပြီဗျာ. . . ကောင်းပါပြီ''

''ဖေဖေ.သွားပြီနော်၊ တာ့တာ''

''အိုခေ, ကောင်းကောင်းသွားကြ၊ ဖေဖေ စိတ်ချနေမယ်''

ဆိုပြီး ဖေဖေ လက်ပြကျန်ခဲ့တော့သည်။ ကားပေါ်သို့ ရောက်လိုက်တာနှင့် ရင်က ခုန်လာလေပြီ။ လေးနာရီကျော်ကျော်ပဲ ရှိသေးတာမို့ ပတ်ဝန်းကျင်တစ်ခုလုံး အလင်းရောင်တောင် မသန်းချင်သေး။ ကားတွေလည်း ရှင်းနေသည်။

''ညီသွေးက အရမ်းဖွဲ့ကောင်းတာပဲဟယ်။ သုံးနာရီခွဲကတည်းက အကုန်ပတ်နှိုးနေတာ။ အခု ကျုပ်တို့အိမ်ရှေ့မှာ မျှော်တော်ဇောနဲ့ မောနေရောပေါ့''





''အိပ်ချင်လိုက်တာဟယ်၊ ညကလည်း တစ်နာရီခွဲမှ ...ာ။ ငွေသား, ရှင် ရည်းစားထားတာ ကျုပ်တို့ ဘယ်သူ ...ရပါလား။ ညကျမှ ရှင့်ကိုပြန်နှိပ်စက်ပြမယ်''

''ဟုတ်တယ်၊ ညဘက် ဒင်နာကတော့ ငါတို့အတွက် ...နော်''

''အင်းပါ၊ ရှင်တို့အတွက်လည်း ကျွန်မ သေသေချာ ...ဥ်ထားပါတယ်။ ကျေးဇူးလည်း အရမ်းတင်ပါတယ်ဟယ်၊ ...ကို ရှင်တို့ကြောင့် တွေ့ခဲ့ရသလို အခုလည်း ရှင်တို့ ကူ ... ထပ်တွေ့ရတာ ရှင်တို့ ဘယ်လောက်ကုသိုလ်ရလဲ။ ဂုဏ် ...ပါ။ အဲဒီကုသိုလ်က ကိုယ့်အလှည့်ကျ ထိရောက်မှာနော်''

''ဟင်း. . . အပြောကတော့ ကောင်းပါ့။ ဟော, ဟိုမှာ ...မင်းသား နေမရထိုင်မရဖြစ်နေပြီ။ တွေ့လား, အဝတ်အစား ...င် ရှင်နဲ့တူအောင် ဝတ်ထားတာ''

စကားတပြောပြောနှင့် ကေခိုင်တို့အိမ်ရှေ့သို့ ရောက်လာ...ာ ကားနားမှာ ဟိုဒီလျှောက်လျက် စောင့်ကြိုနေသော ညီ...ကို အဖြူရောင်ဒီဇိုင်းလေးနှင့် မြင်တွေ့လိုက်ရပါသည်။ ...က်ဆုံတော့ ကြိုတင်အချိန်းအချက်လုပ်ထားသည့်အစီအစဉ် ...တိုင်း ငွေသားက သူငယ်ချင်းတွေကားပေါ်မှတစ်ဆင့် ညီသွေး ...ပေါ်သို့ ရောက်သွားခဲ့ပါသည်။ သူငယ်ချင်းတွေကတော့ ငွေ...ကို ညီသွေးလက်ထဲ စိတ်ချလက်ချအပ်နှင်းလိုက်ပြီး ...က်


www.burmeseclassic.com

www.burmeseclassic.com



ပြုကျန်ခဲ့ကြတော့၏။

"ကိုယ် အရမ်းပျော်တာပဲ ငွေသားရယ်၊ ရင်ခုန် လွန်းလို့ ညက တစ်ညလုံးတောင် အိပ်မရခဲ့ဘူး။ ကိုယ့် ဘုရားကို ဒီလိုအချိန်သွားတာ ဒါပထမဆုံးပဲ။ Happy Bi day Honey "

"Thanks a lot ညိုသွေး၊ ကျွန်မလည်း ညို အတူတူပါပဲ။ အိပ်မရနိုင်အောင်ဘဲ အရမ်းပျော်ခဲ့ပါတယ် တော့ ကျွန်မက အရုဏ်တက်ချိန် မွေးဖွားခဲ့တယ်ဆိုပေမယ့် ခါမှ ဘုရားကို ဒီလိုမလာခဲ့ဖူးဘူး။ လာမယ့်လာတော့ မွေး ချစ်သူနဲ့အတူတူဖြစ်နေတာ ဘယ်လောက်ပျော်စရာကောင်း

"အဲဒီခံစားမှုကိုရအောင် ကိုယ်က ဖန်တီးပေး အရမ်းလှတာပဲ ငွေသား၊ မေမေ့လက်ရာကြောင့် ငွေသား သွားတာလား၊ ငွေသားအလှကြောင့် မေမေ့လက်ရာ ပို မြောက်သွားတာလား၊ မပြောတတ်တော့ဘူးကွာ။ နှစ်ယော လုံးက ကိုယ်ချစ်ရတဲ့သူတွေ ဖြစ်နေတာ"

"ကြည့်စမ်း!. . . ကျွန်မသူငယ်ချင်းတွေကလည်း လိုပဲ ပြောတယ်"

"ဒါဆို အရမ်းလှတဲ့ကြွေရုပ်လေးကို နာမည်ကြီး နာနှစ်ယောက် စပွန်ဆာလုပ်လိုက်လို့ ကျက်သရေပိုရှိသွား ပါကွာ။ မဟုတ်ဘူးလား. . . ကိုယ့်ယောက္ခမကြီးကို အမှတ်





မှာပေါ့"

"အဲဒီစိတ်ကူးကျတော့ ကျွန်မနဲ့တူလိုက်တာ။ ကျွန်မ လည်း အဲလိုပဲတွေးတယ်"

"တကယ်"

"အင်း"

"ဘာပဲပြောပြော ကိုယ့်ချစ်သူလေးက မပြင်မဆင်ဘဲ နဲ့နေလည်း ကျော့ကျော့မော့မော့လေးကို လှပြီးသားပါကွာ။ အဲ ဒီအလှကို ခံစားချင်လွန်းလို့ အချိန်ရတိုင်း ရှုဒိုးလိုက်နေခဲ့ရတာ၊ ဒီလို နီးနီးကပ်ကပ်လေး ခံစားရပြီဆိုတော့ ဘယ်လောက်စိတ် ချမ်းသာစရာကောင်းလဲ"

"ဒါဆို ဘုရားကပြန်ဆင်းရင်တော့ ညိုသွေးကို တစ်ခု ခုဝယ်ကျွေးရတော့မယ်၊ မွေးနေ့ခံပွဲက ညဘက်ဆိုပေမယ့် ညိုသွေး လိုပဲ Pre စနစ်နဲ့လေ"

"ဒါပေါ့၊ ချစ်သူအတွက် သီးသန့်လုပ်ပေးတဲ့အစီအစဉ် ဆိုတော့ မကျွေးလို့ရမလား။ ရှမ်းကန်မှာ Dimsum လိုက်ကျွေး။ ကိုယ် Dimsum ကြိုက်တယ်"

"အိုခေ"

ညိုသွေးက ကားမောင်းရင်း ငွေသားဘက် မကြာခဏ လှည့်လှည့်ကြည့်ပြီး ပြောလာရာ၊ လင်းအရုဏ်အချိန်ကလေး မှာပဲ ဘုရားသို့ရောက်လာခဲ့ပါ၏။ ရွှေတိဂုံစေတီတော်ကြီးသည်



www.burmeseclassic.com

www.burmeseclassic.com



မီးဆလိုက်များ၏အလင်းရောင်ဖြင့် ရွှေဝါရောင် ဝင်းအိလင်းလ နေကာ အထူးပင် ကြည်ညိုဖွယ်အတိ ပြီးနေ၏။

အတူတူလျှောက်လာရင်းမှ ညိုသွေးက အမှတ် ငွေသားရဲ့လက်ကလေးကို ခပ်တင်းတင်းဆုပ်ကိုင်လာသော ငွေသားရင်ထဲ နွေးထွေးရှိန်းမြသွားလေသည်။

"ချစ်သူရဲ့လက်ကလေးကို ဒီလိုအပိုင်ကိုင်ပြီး သွား တာ သဘောကျလား"

ထိုမေးခွန်းကိုတော့ ငွေသား ရုတ်တရက်ပြန်မဖြေတ သို့သော် ငွေသား ချက်ချင်းပဲ သဘောကျပြီး ပြုံးနေလိုက်မိ ကတော့ လက်ကိုခွင့်တောင်းပြီးမှ ကိုင်တာလည်းမဟုတ်။ ကို ပြီးမှ ခွင့်တောင်းတာလည်းမဟုတ်ဘဲ သဘောကျလားဆိုပြီး စိုးပိုင်နင်းလုပ်လိုက်ပုံလေးကိုပဲ ဖြစ်ပါသည်။ သူ့ရဲ့အချစ်က ထဲကလိုမဟုတ်ဘဲ တကယ်ပင် လေးလေးနက်နက်ရှိပြီး သ သာသာထင်ရှားလာတာကို ငွေသား ဖမ်းစားမိပါပြီ။

ပြီးတော့ သူဟာ ငွေသားကို ခြေခြေမြစ်မြစ် နှ ကာကာ ချစ်မြတ်နိုးသော၊ ငွေသားကို စိတ်ချမ်းသာမှုအပြည့်အ ပေးနိုင်သော၊ ငွေသားစိတ်မှာ မထင်မှတ်ထားသည့် အံ့ဩဖွ ရာ စိတ်ကူးဆန်းကလေးများနှင့် ပျော်ရွှင်အောင်ဖန်တီးပေ သော ချစ်သူကောင်းတစ်ယောက်ဆိုတာကိုလည်း ငွေသာ နှလုံးသားက နက်နက်ရှိုင်းရှိုင်းကို လက်ခံနိုင်ခဲ့ပါ၏။





တကယ်တော့ ငွေသားဟာ ညိုသွေးကိုမတွေ့ခင်က ညီးစားလုံးဝထားခဲ့ဖူးသူမဟုတ်ပါ။ စိတ်ကူးယဉ်ကမ္ဘာလေးထဲ တာ ကိုယ့်ချစ်သူဖြစ်လာမယ့်သူက ဘယ်လိုအရည်အချင်းမျိုး ယ်၊ ဘယ်လိုစံချိန်စံနှုန်းနှင့် ကိုက်ညီရမယ်ဆိုတာမျိုးကိုပဲ တိုင်းကျရွေးချယ်ထားဖူးတာပဲရှိပါသည်။ (ရယ်စရာတော့ င်းသား)

သို့သော် တကယ်တမ်း ချစ်သူရလာတဲ့အခါမှာတော့ ဦးရော၊ အချစ်ဆုံးရော၊ လက်ထပ်ရမယ့်သူရော၊ သန့်စင် သွးဆိုသည့်လူလေးဖြစ်နေတာ အံ့ဩဖွယ်ကောင်းသလို ထို လေးကလည်း ငွေသားရဲ့စိတ်ကူးယဉ်ကမ္ဘာလေးထဲမှ အရည် င်းလုံးဝပြည့်မီသောချစ်သူနှင့် တစ်ထပ်တည်းကျရောက်နေ တာ ပိုလို့ပင် အံ့ဩဖွယ်ကောင်းနေတော့သည်။

"အား. . . ဘယ်လောက်ပျော်စရာကောင်းတဲ့မွေးနေ့ နေ့သစ်ကိုကြိုဆိုနေတဲ့ကောင်းကင်ကြီး . . . စိတ်ကြည်နူးမှု ည့်ရတဲ့ အရုဏ်ဦးအချိန်အခါ၊ အထူးကြည်နူးစရာကောင်း ရွှေတိဂုံဘုရား၊ ရောင်နီကိုကြိုလင့်နေတဲ့ငှက်၊ အရမ်းကို ်သရေရှိရှိ လှပနေတဲ့ ငွေသားနစပယ်၊ အထူး. . . အထူး ခ့်ချော့ချော့နေတဲ့ သန့်စင်ညိုသွေး"

သူကလည်း ငွေသားလိုပဲ တွေးလာလေသလားမသိပါ။ င်းကင်ကြီးကို မော့ကြည့်လိုက်၊ ရွှေတိဂုံဘုရားကြီးကို မော့

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်နှင့် နှုတ်ကပင် တက်တက်ကြွကြွမြည်တမ်းနေတော့သည်။ ငွေသားက သူ အရှူးအမူးပျော်မြူးနေပုံကို တစ်ချက်မော့ကြည့်ပြီး ရယ်လိုက်မိလေရာ. . .

"ဘာလဲ, လူကိုလှောင်တာလား"

ဟု လက်ကလေးကို ဖျစ်ညှစ်ပြီး မေးလေ၏။

"ဟုတ်ပါဘူး, ကျွန်မလည်း ညီဒွေးလိုပဲ ပျော်လို့ပါ"

အဲဒီလိုနှင့် ငွေသားရဲ့မွေးနာမ်ကို ရောက်လာသောအခါ ချစ်သူကို စိတ်ချမ်းသာမှုအပြည့်အဝပေးနိုင်သော ချစ်သူကောင်းပီပီ ငွေသားအတွက် အံ့ဩဖွယ်ရာအစီအစဉ်လေး လုပ်ထားတာကို တွေ့လိုက်ရပြန်လေသည်။

ထိုအစီအစဉ်မှအစပြုလို့ နောက်ထပ်ပျော်ရွှင်ဖွယ်အစီအစဉ်လေးတွေ တစ်ခုပြီးတစ်ခု ကျရောက်လာတော့၏။

ကြည့်စမ်း!. . . မအိပ်မနေ ဘယ်အချိန်ကတည်းကများ ဒီလိုစိတ်ကူးလေးတွေကို ဖန်တီးထားခဲ့ပါလိမ့်။ ဖေဖေ မကြာခဏ ဖွင့်တတ်သော 'စနေထောင့်မှာ ပန်းလှူမယ်' ဆိုသည့်သီချင်းလေးက နားထဲ အလိုလိုကြားမိသလို ခံစားရလေသည်။

★ ပထမဆုံးအစီအစဉ်ကတော့ ငွေသားရဲ့စနေနံကို ရောက်လာချိန်မှာ လှူဖွယ်ပစ္စည်းအစုစုကို ကိုင်ဆောင်ထားသော ညီဒွေးသူငယ်ချင်းတွေ ပေါ်လာတာပဲဖြစ်သည်။

ပန်းစည်း ပန်းကုံး ကိုင်သူ၊ သောက်တော်ရေဘူး၊





ဆွမ်းချက် Set လိုက်လေးတွေကို ကိုင်ထားသူ၊ အမွှေးတိုင်ဖယောင်းတိုင်တွေကို ကိုင်ဆောင်ထားသူ၊ ဆွမ်းချိုင့်နှင့်အတူ သီးတွေ မုန့်တွေကို ကိုင်ထားသူ၊ ထိုသူတွေအားလုံးက ငွေ တို့ချစ်သူနှစ်ဦးကိုဝိုင်းကာ. . .

"Happy birthday...ပါ ငွေသားနစပယ်"

ဟုပြောလေသည်။ ငွေသားသည် အံ့ဩမှုတွေ ဝမ်းသာ ညီနေ့မှုတွေ စုပြုံခံစားလာပြီး စကားပင် ချက်ချင်းမပြန်နိုင်ဘဲ သွေးမျက်နှာကို မော့ကြည့်လိုက်မိ၏။

"အံ့ဩသွားပြီလား ငွေသား။ ဝမ်းမသာဘူးလား"

"ရှင် ဒါတွေ ဘယ်အချိန်မှာ ဘယ်လိုစီစဉ်ခဲ့တာလဲ"

"ဒါတွေစီစဉ်တာ ဘာခက်လို့လဲ၊ ကိုယ့်ချစ်သူရဲ့မွေးနေ့ ပျော်ရွှင်အောင်စီစဉ်ပေးရမှာပေါ့။ မင်းတို့ကို အရမ်းကျေးဇူး တင်တယ်ကွာ၊ ဒီမှာ ငွေသားက အံ့ဩလွန်းလို့ ဘာပြောရမှန်း သိအောင်ဖြစ်နေပြီ"

"ဟုတ်. . . ဝမ်းသာပါတယ်ရှင်၊ ကျေးဇူးအများကြီးတင်ပါတယ်"

"ရပါတယ်ဗျာ, မွေးနေ့မှာ ဒီလိုကုသိုလ်ယူပေးရတာ ညီတော်တို့က ပိုတောင်ပျော်ပါသေးတယ်"

"ကဲ, ငါးနာရီထိုးတော့မယ်၊ အားလုံး ဝိုင်းပြင်ပေးကြ အောင်"



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပင် တက်ညီလက်ညီနှင့် လှူဖွယ်ပစ္စည်းတွေကို ဝိုင်းပြင်ဆင်ပေးကြတာ အလွန်ပျော်စရာကောင်းလှလေသည်။ ညီဖြိုးသွေးသူငယ်ချင်းတွေက လိုလေးသေးမရှိအောင် လုလုပြင်ဆင်ပေးပြီးမှ ရှောင်ထွက်သွားကြတော့၏။

"ကျေးဇူးတင်ပါတယ် ညီဖြိုးသွေး။ အရမ်းလည်း အားနာမိပါတယ်"

"ဘာလဲ. . . ဘာကိုလဲ"

"ဟို့, ကျွန်မမှာ လိုအပ်ချက်တွေ အများကြီးရှိနေတာပါ။ ဒါမျိုးလုပ်ဖို့ မစီစဉ်ခဲ့မိဘူး။ အိမ်မှာလည်း ဖေဖေစီစဉ်ထားတာကို ကျွန်မက ထိုင်ကန်တော့ရုံ ကန်တော့ခဲ့တာပါ။ ကျွန်မက ဘုရားသွားမယ်ဆိုရင် ကန်တော့ဖို့နဲ့ အလှူငွေထည့်ဖို့လောက်ပဲ သိတာဆိုတော့"

"ဒါများ ငွေသားရယ်၊ အထွေအထူးပြောနေဖို့မလိုတာ။ ကိုယ်လည်း ငွေသားလိုပါပဲ။ ဒါကတော့ မွေးနေ့မို့သူငယ်ချင်းတွေ ရှယ်စီစဉ်ပေးတာပေါ့။ မေမေ့မွေးနေ့ကျတော့လည်း ကိုယ်က ဒါမျိုးဝိုင်းကူပေးရတယ်။ ကိုယ့်မွေးနေ့ကျတော့လည်း မေမေက လုပ်ပေးတယ်လေ"

"ကျွန်မ ကြိုးစားပါ့မယ်၊ ညီဖြိုးသွေးရဲ့မွေးနေ့ကျရင်လည်း ဒီလိုလုပ်ပေးမယ်နော်"

"ငွေသားက ကလေးလေး ကျနေတာပဲ"





သူက အပြုံးချိုချိုနှင့် ငွေသားရဲ့ခေါင်းလေးကိုဖိပြီး ပြောပါသည်။ ငါးနာရီထိုးချိန်မှာတော့ နှစ်ယောက်အတူတူ ဘုရားရှိခိုးကန်တော့ခဲ့ကြ၏။ ရင်ပြင်တော်တစ်ခုလုံး အေးမြငြိမ်းချမ်းကာ စိတ်နှလုံးကြည်လင်ချမ်းမြေ့လှတာမို့ နှစ်ယောက်လုံး၏မျက်နှာထားလေးတွေကလည်း အပြုံးလဲ့လဲ့နှင့် ကြည်ကြည်လင်လင်လေး ရှိနေပါ၏။

လူကြီးတစ်ယောက်လို နားလည်မှုအပြည့်နှင့် ချစ်မြတ်နိုးတတ်သော၊ အရိပ်တကြည့်ကြည့်နှင့် ချစ်တတ်သော၊ အရာရာဖြည့်ဆည်းပေးတတ်သော. . . သူ့ရဲ့ချစ်သူဖြစ်ရတာ ငွေသားတကယ်ပင် ကျေနပ်သည်။ တကယ်ပင် ဂုဏ်ယူသည်။ သူနှင့်အတူတူ ဒီလိုပဲ အမြဲပျော်ရွှင်ရချင်ပါသည်။

★★ ဒုတိယအစီအစဉ်ကတော့ သူ၏တောင်းဆိုမှုအတိုင်း ရှမ်းကန် Restaurant ကို ရောက်ရှိလာချိန်မှာဖြစ်၏။ ပန်းခြံထဲကို လှမ်းမြင်နေရသောစားပွဲတစ်ခုမှာ ငွေသားတို့ အတူတူထိုင်ကြပြီး သူကြိုက်တာတွေကို မှာစေလိုက်၏။ ထိုအချိန်မှာပဲ စားပွဲထိုးကောင်လေးတွေနှင့် ကောင်မလေးတွေက ငွေသားတို့စားပွဲဆီ ဝိုင်းလာပါတော့သည်။

တစ်ယောက်သောသူလက်ထဲမှာတော့ မီးပန်းဖယောင်းတိုင်တွေ စိုက်ထားသော မွေးနေ့ကိတ်လှလှကလေးတစ်လုံးနှင့် ကောင်လေးတွေရဲ့လက်ထဲမှာတော့ ဂစ်တာရယ်, Tambou-



www.burmeseclassic.com

www.burmeseclassic.com

rine ကလေးရယ်, ကိုင်ဆောင်ထားတာကို တွေ့လိုက်ရလေသည်။ ငွေသား အရမ်းအံ့သြပြီး သူ့မျက်နှာကို ကြည့်လိုက်စဉ်မှာ သူတို့အားလုံးက Happy birthday သီချင်းကို မြိုင်မြိုင်ဆိုင်ဆိုင်လေး တီးခတ်သီဆိုပေးကြတာမို့ ငွေသားပြောဖို့အခွင့်အရေးမရတော့။ ဖျတ်ခနဲဓာတ်ပုံရိုက်လိုက်တာကိုပင် ခံလိုက်ရသေးသည်။

သူ့မျက်နှာကတော့ အသည်းယားစရာကောင်းစွာ ကျေကျေနပ်နပ်ကြီး ပြုံးနေပါသည်။ တစ်ဆိုင်လုံးရှိလူတွေရဲ့ စိတ်ဝင်တစားလှမ်းကြည့်တာကိုလည်း ခံနေရပါ၏။ ငွေသား ဘယ်လိုမှ မနေသာတော့ဘဲ ပျော်လည်းပျော်, ရှက်စနိုးကလေးလည်း ဖြစ်ရင်းမှ ဖယောင်းတိုင်ကို မှုတ်ပေးလိုက်ရပါသည်။

နောက်ဆုံးဝင်လာသော မိန်းကလေး၏လက်ထဲမှာတော့ စပယ်တွေ နှင်းဆီဖြူတွေကို လှပစွာ ပုံဖော်ထားသည့်ပန်းစည်းကြီးတစ်စည်း။ ထိုမိန်းကလေးက ငွေသားလက်ထဲသို့ ကမ်းပေးရင်း. . .

"Happy birthday...ညီမလေး"

ဟု ချစ်စဖွယ်ပြောသည်။ ငွေသား အံ့သြပျော်ရွှင်လွန်းစွာ ခပ်တိုးတိုးရယ်မောမိတော့သည်။ ကြည့်စမ်း!. . . ငွေသားရဲ့ မွေးနေ့ကလေးဟာ သူ့ကြောင့် ဘယ်လောက်လှပခဲ့ရပြီလဲဆိုတာ။

"ကြည့်စမ်း! ရှင်က Shadow ချစ်သူတင် မကတော့





Suprise ချစ်သူပါ ဖြစ်နေပြီ။ ဒီလောက်အံ့သြဖို့ကောင်းတဲ့ အစီအစဉ်လေးကို ရှင် ဘယ်တုန်းက စီစဉ်ခဲ့တာလဲ"

"မနေ့က၊ ဒီကဝန်ဆောင်မှုကို လာမေးရင်း ညှိနှိုင်းပြီး ဖြစ်သွားတာ"

"ကျွန်မတို့အစီအစဉ်မှာ ဘုရားဖူးဖို့တစ်ခုတည်းပဲဟာ၊ ဆိုင်မှာ စားဖို့အစီအစဉ်မှ မပါဘဲနဲ့၊ ဘာဖြစ်လို့ အပိုင်လုပ်နိုင်တာလဲ"

"ငွေသားက ကိုယ့်ရဲ့မူပိုင်ချစ်သူဖြစ်သွားပြီပဲကွာ၊ ဒီလောက်ကတော့ အေးဆေးပါ။ ဥပမာ ကိုယ် ပစ္စည်းတစ်ခုခုကို လိုချင်လို့ ငွေသားကိုပူဆာရင် ငွေသား ငြင်းရက်မလား။ ခုပဲ ကြည့်လေ, ဘုရားကအပြန် ရှမ်းကန်မှာ Dimsum လိုက်ကျွေးလို့ပြောမိတာ ငွေသား ဘယ်မှာငြင်းခဲ့လို့လဲ။ ဒါကိုအပိုင်ကိုင်ပြီး စီစဉ်တာပေါ့"

"ညီသွေးက အရမ်းအကွက်စေ့တာပဲနော်၊ ကျွန်မ အဲလောက်ထိ မတွေးခဲ့မိဘူး။ ကျွန်မက ညီသွေးကို ပိုချစ်အောင် လုပ်ပြတာလား။ ညီသွေးက ကျွန်မကိုပိုချစ်လို့ လုပ်ပြတာလား ဟင်"

"အဲဒီနှစ်ခုလုံး အတူတူပဲ၊ ဒါပေမဲ့ တမင်လုပ်ပြတာမျိုးတော့ မဟုတ်ဘူး။ ရင်ထဲကဆန္ဒအတိုင်း လုပ်ဖြစ်သွားတာ။ ကိုယ့်အတွက်တော့ အချစ်ဆိုတာ ကိုယ့်ချစ်သူရဲ့အလိုဆန္ဒနဲ့ ပျော်ရွှင်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းကို ဖြည့်ဆည်းပေးရတဲ့အပေါ်မှာ ကိုယ်ပါ အလိုလိုလိုက်ပြီး စိတ်ချမ်းသာပျော်ရွှင်နေရတာမျိုးလို့ပဲမြင်တယ် ငွေသား''

''. . .''

''ငွေသား ပျော်အောင် လုပ်ပေးရတာကို ကိုယ် ပျော်မွေ့တယ်၊ ငွေသား ရယ်နိုင်အောင် ဖန်တီးပေးနိုင်ရင် ကိုယ်ပါ ရယ်မိတယ်။ ငွေသားမှာ စိတ်ဆင်းရဲစရာရှိလာရင် ကိုယ်ပါ လိုက်စိတ်ဆင်းရဲနေမှာ။ ကိုယ့်အတွက် ငွေသားဖြစ်လာသလို ငွေသားအတွက်လည်း ကိုယ် ဖြစ်လာတာပါ''

ချိုမြိန်လွန်းသော သူ့စကားတွေက နားထဲမှတစ်ဆင့် ဟိုးနှလုံးသားအထိ နွေးနွေးထွေးထွေး စီးဝင်သွားပါသည်။ သူ့ရဲ့အချစ်တွေက ဖုန်းတစ်လုံးနဲ့တင် ပြည့်စုံနေပြီထင်ခဲ့တာ၊ ရှိဒိုးအချစ်နဲ့တင် ကျေနပ်နေပြီဟုထင်ခဲ့တာ၊ တကယ်တမ်း လက်တွေ့မှာ မျက်နှာချင်းဆိုင် စူးစူးနင့်နင့်ကြည့်ပြီး နားနှင့်ဆတ်ဆတ်ကြားခွင့်ရလိုက်တော့ ငွေသားလောက် ရင်ခုန်ပျော်ရွှင်မိသူ ရှိမယ်တောင် မထင်တော့ပါ။

''ကျေးဇူးတင်ပါတယ် ညီုသွေးရယ်၊ ကျွန်မရဲ့မွေးနေ့လေးကို ဒီလိုအလှပဆုံးဖြစ်အောင် ဖန်တီးပေးတာ. . .ဘဝမှာ တကယ်ပဲ အပျော်ဆုံးနေ့ဖြစ်ခဲ့ပါတယ်''

★★★ တတိယအစီအစဉ်ကတော့ ငွေသားစကားအဆုံးမှာပဲ သူက ဘူးလေးတစ်ဘူးကို ထုတ်ပြခဲ့ပါသည်။ ငွေ





သားလက်ထဲကို မထည့်ဘဲ သူကိုယ်တိုင် ဖွင့်ပြတော့ စိန်တစ်လုံးကို မောက်မောက်ကလေး ပုံဖော်ထားသော ပလက်တီနမ်လက်စွပ်ကလေးဖြစ်လေ၏။ ပြီးတော့ ငွေသားလက်ကလေးကို ဆွဲပြီး ဘယ်ဘက်လက်သူကြွယ်လေးမှာ စွပ်ပေးပါသည်။

''ဒါ ကိုယ့်ရဲ့မွေးနေ့လက်ဆောင်ပေါ့''

ဆိုပြီး လက်ကိုမလွှတ်ဘဲ ခပ်တင်းတင်းကိုင်ထားပြီး ငွေသားမျက်နှာကို စိုက်ကြည့်နေပါသည်။

''ဒီလက်စွပ်ကို တစ်သက်လုံး မချွတ်ပါနဲ့တော့၊ အရမ်းချစ်တယ် ငွေသား။ မင်းရော ကိုယ့်လိုပဲမို့လား''

''ခဏခဏပြောတာကို ကြားချင်လို့လား''

''ခဏခဏပြောတာကို ကြားချင်တာထက် မျက်နှာချင်းဆိုင်ပြောတာကို ကြားချင်တာ''

''ကျွန်မလည်း ညီုသွေးလိုပဲ မပိုရင်တောင် မလျော့ပါဘူး. . .အရမ်းချစ်တယ်''

''ကြည့်စမ်း! ချစ်သူလက်ကလေးကိုကိုင်ရင်းနဲ့ ချစ်သူမျက်နှာကိုကြည့်ပြီး ချစ်သူပြောတာကို လတ်လတ်ဆတ်ဆတ်ကြားရတာက ဘာနဲ့မှ မလဲနိုင်တဲ့ခံစားမှုပါလား။ ဘယ်တော့မှ လမ်းမခွဲကြေးနော်. . .ကတိ''

''အိုခေ, ကတိ၊ ဘယ်တော့မှလမ်းမခွဲဘူး''

''ဘယ်သူဖျက်ဖျက် မပျက်နဲ့နော် အချစ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူဖျက်လို့ ရမှာလဲ"

"ဘယ်သူသဘောမတူတူ ကိုယ်တို့အတူတူပဲနော်"

"အတူတူပေါ့"

"ကိုယ့်ဘဝမှာ မိန်းကလေးတွေအများကြီး ပတ်သ[က်] ခဲ့ဖူးတယ်"

"သိပြီးသားကို ဘာဖြစ်လို့ပြန်ပြောနေတာလဲ။ ကျွ[န်မ] နဲ့မတွေ့ခင်က ကိစ္စတွေကို ခွင့်လွှတ်တယ်လို့ပြောပြီးပြီပဲ ညို[သွေး] ရဲ့။ ဘာလဲ. . . ရှစ်တန်းကိုးတန်းကတည်းက စွံခဲ့တဲ့အကြော[င်း] ကို ကြွားချင်တာလား"

"ကိုယ်ပြောချင်တာက အဲဒါမဟုတ်ဘူး ငွေသားရဲ့၊ မိ[န်း] ကလေးတွေအများကြီး ပတ်သက်ခဲ့ပေမယ့် ရင်ထဲထိ ရော[က်] တာမဟုတ်ဘူး, အီစီကလီလောက်နဲ့တင် ပြီးခဲ့တာ။ ငွေသာ[း] တွေ့မှ အချစ်ဆိုတာကို နက်နက်ရှိုင်းရှိုင်းခံစားမိပြီး ရင်ဘတ်[ထဲ] မှာ အမြစ်တွယ်သွားတာလေ။ ဒါကြောင့် ငွေသားကို ကိုယ့်[နှ] သားရဲ့ ဘုရင်မအဖြစ် တင်မြှောက်ခဲ့တာလို့ပြောချင်တာ"

"ညိုသွေးကကျတော့ ကျွန်မရဲ့ စိတ်ကူးယဉ်ကမ္ဘာ[လေး] ထဲက ရွှေမင်းသားလေး"

"ဘယ်လို"

"ဒီလိုလေ. . . ကျွန်မကလည်း ညိုသွေးနဲ့မတွေ့ခ[င်] အချစ်အကြောင်းကို နားလည်ခဲ့တာမဟုတ်ဘူး။ ချစ်သူရည်[းစား]



လည်း တစ်ယောက်မှမထားခဲ့ဖူးဘူး။ ဒါပေမဲ့ စိတ်ကူးယဉ်ကမ္ဘာ လေးထဲမှာတော့ ကျွန်မစိတ်ကြိုက် ရွေးချယ်ထားတဲ့ချစ်သူတစ် ယောက် ရှိခဲ့ဖူးတယ်"

"ဘယ်လိုမျိုး စိတ်ကြိုက်ရွေးချယ်ထားတာလဲ၊ မနာ လိုလိုက်တာကွာ"

"မနာလိုမဖြစ်နဲ့ ညိုသွေးရဲ့၊ အဲဒီလို ကျွန်မစိတ်ကြိုက် ရွေးချယ်ထားတဲ့ချစ်သူလေးက ညိုသွေးပဲ"

"ဟာ!. . . တကယ်"

"တကယ်ပေါ့၊ အရမ်းအံ့သြစရာကောင်းတယ်။ ကျွန်မ လိုချင်ခဲ့တဲ့ ချစ်သူကောင်းတစ်ယောက်ရဲ့ အရည်အချင်းတွေအား လုံး ညိုသွေးဆီက ရခဲ့တယ်။ ဒါကြောင့် ညိုသွေးကို ကျွန်မရဲ့ စိတ်ကူးယဉ်ကမ္ဘာလေးထဲက ရွှေမင်းသားလေးလို့ ပြောတာပေါ့"

"ဟုတ်ပြီ, ဒါဆို ကိုယ်တို့ ဒီလိုလုပ်ကြရအောင်။ ည ကတည်းက ကိုယ်တွေးထားခဲ့တာ။ အိမ်ကိုဖွင့်ပြောပြလိုက်ရင် ကောင်းမယ်ထင်တယ်။ ဒါမှ လွတ်လွတ်လပ်လပ်နဲ့ စိတ်ချမ်းသာ မှုအပြည့်ရမှာပေါ့။ ငွေသားလည်း မပင်ပန်းတော့ဘူးလေ"

"ဟုတ်တယ်, ကျွန်မလည်း ဖွင့်ပြောပြချင်ပြီ။ ဖေဖေ့ ရှေ့မှာ နေရတာ အရမ်းစိတ်ကျဉ်းကျပ်တာပဲ။ ခုတောင် လိမ်ညာ ပြီး ထွက်လာခဲ့ရတာဆိုတော့ စိတ်ထဲမှာ မလုံဘူး။ ဖေဖေလည်း မလာမချင်း စိတ်ချမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ကတော့ မလိမ်ဘူး၊ မေမေ့ကို အမှန်အတိုင်းဖွင့်ပြောပြီးမှ လာတာ"

"ဟင်! ဒါဆို ညိုသွေးမေမေက ကျွန်မတို့အကြောင်း အားလုံးသိသွားပြီပေါ့"

"အဲလောက်ထိ သိတာမဟုတ်ဘူး။ ချစ်သူတစ်ယောက်ရဲ့မွေးနေ့ဆိုတာပဲ သိတာ။ ဒါပေမဲ့ ဒီဝတ်စုံက ချစ်သူအတွက်ဆိုတာတော့ မေမေသိသွားပြီ။ ကိုယ် တစ်ခါမှ မအပ်စဖူး အပ်တာနဲ့ မေမေက အတင်းအကျပ်မေးလို့ ပြောပြလိုက်ရတာ။ အခု မေမေက အရမ်းသိချင်နေပြီ။ ကိုယ် ငွေသားနဲ့တိုင်ပင်ပြီးရင် မေမေ့ကိုပြောပြမယ်လို့ အဖြေပေးခဲ့တယ်"

"ဒါဆို ဘယ်တော့လောက် ဖွင့်ပြောရင် ကောင်းမလဲ ဟင်"

"ဒီနေ့ပြောလေ ကောင်းလေပဲ၊ မေမေကလည်း သိချင်တာရှိရင် ခုဆိုခုမှ၊ မနည်းသည်းခံပြီး စောင့်နေရတာဆိုတော့ ကိုယ်ကတော့ အိမ်ရောက်ရင် ဖွင့်ပြောလိုက်တော့မယ်"

"အင်း၊ ကျွန်မကတော့ ဒီည ဧည့်ခံပွဲရှိသေးတာမို့လို့ မနက်ဖြန်ကျမှ ဖွင့်ပြောတော့မယ်"

"ဘာပဲဖြစ်ဖြစ် ကိုယ်တို့အကောင်းဆုံးဖြစ်အောင် ရင်ဆိုင်ကြမယ်နော်"

"အင်း"





သို့သော် ငွေသားနှင့်ညိုသွေး လက်မလွှတ်တမ်း ခပ်တင်းတင်းဆုပ်ကိုင်ထားကြပြီး ကတိတွေ တိုင်ပင်ဆွေးနွေးမှု ပြုလုပ်နေချိန်မှာ လုံးဝထင်မှတ်မထားသောအဖြစ်အပျက် တစ်ခုက ရုတ်တရက်ပေါ်ပေါက်လာခဲ့ပါသည်။ အဲဒါကတော့ ငွေသားတို့ရှေ့သို့ ဖေဖေ ဘွားခနဲပေါ်လာတာပဲ ဖြစ်ပါသည်။ ငွေသား ဖွင့်ပြောစရာမလိုတော့ပါ။

"ဟင်!. . . ဖေဖေ"

ခပ်တင်းတင်းဆုပ်ကိုင်ထားကြသောလက်တွေ အလိုလို ပြုတ်ထွက်သွားတော့သည်။ ကြောက်လန့်တကြားနှင့် နှစ်ယောက်သား ဖြုန်းခနဲ ထ,ရပ်လိုက်ကြ၏။ ငွေသား ညိုသွေးမျက်နှာကိုလည်း မကြည့်ရဲတော့။ ဖေဖေ့မျက်နှာကိုလည်း မကြည့်ရဲတော့။ ဖေဖေက ငွေသားရဲ့လက်ကလေးကို ဖျတ်ခနဲလှမ်းဆွဲသည်။

"ဖေဖေ"

"ဦး"

ငွေသားတို့နှစ်ယောက် စကားပြောဖို့ အခွင့်အရေးမရလိုက်ပါ။ ဖေဖေက ဘာမှမပြော၊ ဘာကိုမှလည်း ဂရုမစိုက်တော့ဘဲ ငွေသားလက်ကိုသာ ခပ်ကြမ်းကြမ်းဆွဲခေါ်သွားတော့သည်။

"ဖေဖေ၊ ခဏလေးနေပါဦး ဖေဖေရယ်။ အရမ်းအား[illegible]ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ငွေသားရဲ့ငြင်းဆန်မှုက နောက်ကျနေဦးမည်။ ဖေဖေကတော့ ငွေသားကို ကားထဲ ဖွတ်အတင်းထိုးသွင်းခဲ့လေပြီ။

"ဖေဖေ ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ၊ တစ်ခုခုပြောလိုက်ပါလား"

"Please, ငါ ကားမောင်းလို့ရအောင် မင်းတစ်ခွန်းမှ မပြောပါနဲ့၊ ငါအကုန်သိတယ်, ကလေးတွေဆင်တဲ့ထောင်ချောက်က ဘယ်လောက်လုလဲဆိုတာသိချင်လို့ တမင်လွှတ်ကြည့်လိုက်တာ"

ထိုစကားကိုသာ ခပ်ပြတ်ပြတ်ပြောပြီး ဝေါခနဲမောင်းထွက်လေသည်။ ငွေသား ဘာပြောရမှန်းမသိတော့ပါ။ 'မင်း' 'ငါ'ဆိုသည့်နာမ်စားတွေကို သုံးမှတော့ ဖေဖေ ငွေသားအပေါ် ဒေါသတွေ စိုးရိမ်စိတ်တွေ စိတ်မချမှုတွေ ဘယ်လောက်ဖြစ်ထန်နေပြီလဲဆိုတာ ငွေသားသာလျှင် အသိဆုံးဖြစ်တော့သည်။

▣▣▣



## အခန်း (၄)

ညှိုးသွေးသည့် စိုးရိမ်စိတ်အပြည့်ဖြင့် ကားထွက်သွားရာကို မျက်တောင်မခတ် ငေးကြည့်နေဆဲမှာ နောက်ကနေ တစ်စုံတစ်ယောက်က လက်မောင်းကို လာဆုပ်ကိုင်လိုက်မှ သတိပြန်ဝင်လာလေသည်။ လှည့်ကြည့်လိုက်တော့. . .

"ဟင်! မေမေ"

ပြုံးပြုံးလေးစိုက်ကြည့်နေသောမေမေ့ကို အံ့သြစွာဖြင့် မြင်တွေ့လိုက်ရပါသည်။

ကြည့်စမ်း! ဘာတွေ ဘယ်လိုဖြစ်ကုန်တာလဲ။

ငွေသား ဖေဖေကလည်း လိုက်လာသည်၊ မေမေကလည်း လိုက်လာသည်။ တော့လွဲကလေး လွဲသွားတာက



www.burmeseclassic.com

www.burmeseclassic.com



လိုက်လာပုံ တူညီနေသည်မှာ ထူးဆန်းအံ့ဩလှစွာ၏။

မေမေက ပြုံးသာပြုံးနေပေမယ့် ထိုအပြုံးထဲမှာ ခံစားသက်ဝင်မှုတစ်မျိုး ပါဝင်နေသလို ထင်ရတာမို့၊ ညိုသွေး ဘာပြောရမှန်းမသိအောင် မေမေ့အရိုန်အဝါက လွှမ်းခြုံထားတော့သည်။

"ဟို. . . မေမေ ဘယ်လိုဖြစ်ပြီး ဒီကို. . ."

"သားကြည့်နေတဲ့ကားပေါ် ပါသွားတဲ့မိန်းကလေးက သားရဲ့ချစ်သူလား"

သူ့ကိုဂရုမစိုက်ဘဲ မေးလိုက်ပုံကြောင့် ညိုသွေး ချက်ချင်းပဲ သဘောပေါက်သွားသည်။ ဒီအချိန်မှာ သူ ဘာမေးမေး မေမေဖြေမှာမဟုတ်တော့။ မေမေမေးတာကိုသာ သူ တစ်ခုမကျန် ဖြေဆိုရတော့မည်။

"ဟုတ်ပါတယ် မေမေ"

"မျက်နှာမမြင်လိုက်ရပေမယ့် အရမ်းလှလိမ့်မယ်လို့ ထင်ပါတယ်။ ရိုးသားယဉ်ကျေးမယ့်ပုံစံမျိုး။ ခန္ဓာကိုယ်အချိုးအစားလေးကလည်း နူးညံ့သိမ်မွေ့မှုရှိတယ်၊ သားအတည်ပြုမယ်ဆိုလည်း ပြုလောက်ပါပေရဲ့။ မေမေ ယုံပါပြီ။ ဒါနဲ့ သူ့ကို ကားထဲ အတင်းထည့်သွင်းသွားတဲ့သူက ဘယ်သူလဲ"

"သူ့ဖေဖေပါ"

"ဖအေလုပ်တဲ့သူက ဘယ်လိုဖြစ်ပြီး သားတို့ကြားမှာ"





"ဟို. . . ခုနလေးကမှ ရောက်လာတာပါ"

"ဘယ်လို!. . . ဒါဆို မေမေ မသင်္ကာတော့ဘူး။ ခေါ်သွားတဲ့ပုံကလည်း ကြမ်းသလိုပဲ။ ကောန္တ သားနဲ့အတူရှိနေတာကိုသိလို့ တမင်လာဆွဲခေါ်သွားတာများလား"

"ဟုတ်တယ်၊ သားလည်း အဲဒါအရမ်းစိုးရိမ်နေတာ"

"ကြည့်စမ်း! သင်းကများ ငါ့သားကို ဒီလိုလုပ်ရလား"

"အဲလိုတော့ မဟုတ်ဘူးမေမေ၊ ဘိုးတော်ပုံစံကြည့်ရဘာ သားကြောင့်မဟုတ်ဘူး။ သားနေရာမှာ တခြားတစ်ယောက်ဆိုလည်း ဒီလိုပဲလုပ်မယ့်ပုံစံပါ"

"နေစမ်းပါဦး၊ ဒီလူက သားကိုဘာလုပ်သွားသေးလဲ"

"ဘာမှမလုပ်ဘူး မေမေ"

"သဘောမတူဘူး ဘာညာ ပြောသွားသေးလား"

"မပြောပါဘူး"

"အဖက်မတန်သလို အထာမျိုးကော ပြသွားသေးလား။ အမှန်ပြောစမ်းပါသားရယ်၊ မေမေ ရင်နာရလိမ့်မယ်"

"မေမေကလည်း သားက တကယ်ပဲ အမှန်အကန်တွေ ပြောနေတာပါ။ ဒီလာတာလည်း မေမေ့ကိုအမှန်အတိုင်းဖွင့်ပြောပြီးမှ လာတာကို။ မေမေစိုးရိမ်တာမျိုးတွေလုပ်ဖို့မပြောနဲ့ သားမျက်နှာကိုတောင် ကြည့်မသွားဘူး။ သူ့သမီးကိုလည်း ဘာမှ မပြောဘဲနဲ့ ဒီတိုင်းဆွဲခေါ်သွားတာ။ သားလည်း မြင်လိုက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



အရမ်းထူးဆန်းနေလို့ ဘာလုပ်ရမှန်းကိုမသိတော့ဘူး''

''သူ့သမီးကရော ဘာမှမပြောသွားဘူးလား''

''ဘာမှကိုပြောချိန်မရလိုက်တာ မေမေရဲ့၊ သူလည်း ကြောင်တောင်တောင်နဲ့ ပါသွားတာ။ သေချာတာကတော့ သမီးကို အရမ်းစိုးရိမ်လို့ စိတ်မထိန်းနိုင်ဘဲ ဆွဲခေါ်သွားတာ တယ်။ သူတို့သားအဖနှစ်ယောက်ကလည်း သားတို့သားအမိ ပဲ အရမ်းချစ်ကြတာတဲ့ မေမေ''

''ချစ်ဦးတော့ သားရယ်၊ လူတွေသူတွေရှေ့မှာ လုပ်သွားတာ ကောင်းရဲ့လား။ အေးလေ, လူတစ်ကိုယ် စိတ် မျိုးစီပဲ။ မေမေ နားလည်ပေးနိုင်ပါတယ်။ မိဘချင်းလည်း ကို ချင်းစာတတ်ပါတယ်။ သမီးရှင်ဆိုတော့ ပိုပြီးကိုယ်ချင်းစာတ အိုခေ, အိမ်ကျမှ စကားဆက်ပြောမယ် သား''

ဟုပြောပြီး ချာခနဲလှည့်ထွက်သွားတာမို့ သူလည်း ဝိစွတွေ ရှင်းလင်း၍ ကားဆီလှမ်းလာခဲ့သည်။ ရင်ထဲမှာ ငွေသ အတွက် စိုးရိမ်စိတ်တွေသာ အရမ်းပြင်းထန်နေလေရာ တစ် မှာ ဘာတွေဖြစ်နေမလဲဆိုတာ မတွေးနိုင်တော့ဘဲ ကားထဲရော ရောက်ချင်း ဖုန်းခေါ်ကြည့်လိုက်မိပါသည်။ ဖုန်းက လုံးဝခေါ် မရတော့ချေ။

သို့သော် သူခေါ်ပြီးချိန်မှာပဲ ငွေသားဆီမှ Messag ဝင်လာခဲ့၏။





**(ညီလေး**
**ကျွန်မတို့ အိမ်ပြန်ရောက်ခါနီးပါပြီ…**
**ဒီကြားထဲ ဖုန်းမခေါ်ပါနဲ့ဦး…**
**အကြောင်းထူးရင် ကျွန်မ ဆက်လိုက်မယ်…)**

ထို Message လေးကိုကြည့်ပြီးမှ သူပြုံးပြီး ကားကို ဖြောင့်ဖြောင့်မောင်းနိုင်တော့သည်။ မေမေကလည်း ဘယ်လို စခန်း ထဦးမလဲမသိ။ ဒါပေမဲ့ ညီလေး မေမေ့ကိုယုံသည်။ အကြောင်းကတော့ မေမေက မိန်းကလေးချင်း ကိုယ်ချင်းစာ တတ်သည့်စိတ် အပြည့်ရှိသူမို့ သူသာ ငွေသားအပေါ်ကို စိတ် ရည်တည်ငြိမ်ငြိမ်နှင့် လေးလေးနက်နက်ရှိတာကိုသိလျှင် လုံးဝ OK ပြတော့မည့်မေမေပင် ဖြစ်လေသည်။

သားအမိနှစ်ယောက် ရှေ့ဆင့်နောက်ဆင့်ပြန်ရောက်လာ ချိန်မှာတော့ အန်တီဆွေက နိုးတောင်မနိုးသေး။ ညက ဘယ် အချိန်မှ အိပ်လို့လဲမသိပါ။ ဆူးမကတော့ မီးဖိုခန်းထဲမှာ လုပ်စရာ ရှိတာ လုပ်နေပါသည်။

''မေမေ Breakfast စားဖို့. . .''

''ကော်ဖီသောက်ပြီးပြီ''

ခပ်ပြတ်ပြတ်ပြန်ပြောတာကြောင့် သူလည်း ဆိုဖာမှာ ဝင်ပြီး ခပ်ငြိမ်ငြိမ်ထိုင်နေလိုက်မိ၏။ မေမေကလည်း Slim bag ကို စားပွဲပေါ်တင်ပြီး သူ့ရှေ့တည့်တည့်မှာ ဝင်ထိုင်ပါသည်။ အနီ



www.burmeseclassic.com

www.burmeseclassic.com



ရောင်ကုတ်ပုံ ဘလောက်စ်အင်္ကျီကို အနက်ရောင်လောင်းပန်း[illegible] နှင့် တွဲဝတ်ပြီး လည်မှာ အဖြူ အနက် အနီတွေ ခပ်ရှုပ်ရှုပ်ပါသော [illegible] Scarf ကို စည်းထားသောမေမေက လက်ပိုက်၍ ဒူးထပ်ချိ[illegible] ထိုင်လိုက်ပုံမှာ အင်မတန်ခံ့ညားပြီး စီးစီးပိုးပိုးရှိလွန်းလှပါသည်[illegible]

သူ့နောက်ကို မလိုက်စဖူး လိုက်လာမှတော့ ဒီကိစ္စ[illegible] မေမေ တကယ်ပဲ စိတ်ရောကိုယ်ပါ နှစ်မြှုပ်ပြီး အပြီးအပြတ်ဆွေး[illegible] နွေးတော့မည့်ပုံ ပေါ်နေ၏။ မေမေက မပြောခင် သူ့မျက်နှာ[illegible] သေသေချာချာစိုက်ကြည့်နေသေးသည်။

ဘုရားသွားဖို့ ခွင့်တောင်းတုန်းကတောင် ကြည်ကြည်[illegible] ဖြူဖြူရှိနေခဲ့ပြီးမှ အခုမှ သူမတူအောင် နှုတ်ခမ်းကို တင်းတင်း[illegible] ၍ ခက်ခက်ထန်ထန်ကြည့်နေပုံကြောင့် ရင်ထဲမှာ တစ်ခါမှမစိုး[illegible] စဖူး စိုးရိမ်လာမိပါသည်။

"အိုင်တွေ့တိုင်း ခြေဆေးပါ"

"ဗျာ"

ကြည့်စမ်း... မေမေ ဘာပြောမလဲဆိုတာကို သေ[illegible] စောနှင့် မျှော်နေလိုက်ရတာ၊ ပြောမယ့်ပြောတော့ ပိသာလေး[illegible] သောပစ်တာမှ ခံသာဦးမည်။ ခုတော့ သူ့ခေါင်းကို ထုချလိုက်သ[illegible] နှယ်။ ညီသွေး ဘယ်လိုယုံကြည်ရမှန်း၊ ဘယ်လိုနားလည်ရမှန်း[illegible] မသိဖြစ်သွားတော့သည်။

"အိုင်တွေ့တိုင်း ခြေဆေးပါ"





"မေမေ ဘာတွေပြောနေတာလဲ"

"ကြားတဲ့အတိုင်းပဲ၊ အိုင်တွေ့တိုင်း ခြေဆေးပါ၊ လက်မထပ်ခင်ထိ"

"ဟာ... မေမေကလည်းဗျာ၊ သားကိုပြောတဲ့စကားတွေက ဘယ်လိုကြီးလဲ။ ဘယ်လိုနားလည်ရတော့မလဲ။ ကိုယ့်သား ကိုယ် မယုံဘူးလား။ မေမေ့သား ဒီလောက်လိမ္မာတာကို သိရဲ့သားနဲ့ ဘာဖြစ်လို့ ဒီလိုနှိမ်ချချင်ရတာလဲ"

"နှိမ်တာမဟုတ်ဘူး၊ မေမေ သားကိုမြှင့်တင်ပေးနေတာ။ အခွင့်အရေးတွေ အပြည့်အဝပေးနေတာ။ လက်မထပ်ခင်အထိ သားလုပ်ချင်တာတွေ လုပ်နိုင်တယ်။ မေမေ သားကောင်းမိခင်ဖြစ်ချင်တယ်၊ ယောက္ခမကောင်း ပီသချင်တယ်။ သားတို့အသက်တွေ ငယ်သေးလို့ မေမေဒီလိုပြောနေတာ"

ညီသွေးသည် ကြားလိုက်ရသော စကားတွေကြောင့် စကားပင် မပြန်နိုင်တော့ဘဲ မေမေ့ကိုသာ တအံ့တသြစိုက်ကြည့်နေမိတော့သည်။

"အိမ်ထောင်ရေးကို အလေးအနက်ထားစေချင်လို့ နေ့ရာတကာမှာ လိုက်ပြီးစိုးရိမ်နေရတာ။ သားက ဒီမိန်းကလေးကို ဘယ်လောက်ပဲ ချစ်တယ်ကြိုက်တယ်ပြောပြော၊ ဘယ်လောက်ပဲ အတူနေဖို့ ကြိုးစားကြိုးစား၊ သေရင်တောင် အတူသေမယ်ပြောပြော... အခုငယ်သေးတဲ့အတွက် နောင်တစ်ချိန်မှာ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းသွားရင် ဘယ်လိုလုပ်မလဲ''

ညိုသွေးသည် မေမေ့ကိုကြည့်နေရင်းမှ ပြုံးချင်လာ
သည်။

''ပြီးတော့ သားချစ်သူက Emotion ဖြစ်တတ်တဲ့
ဆိုတော့ ဘယ်လိုလုပ်မလဲ၊ ခံစားထိခိုက်လွယ်တဲ့သူဆို ဘယ်
လုပ်မလဲ။ အစွဲအလန်းကြီးတဲ့သူဆို ဘယ်လိုလုပ်မလဲ။
မိန်းကလေးမှာ စိတ်ဒဏ်ရာတစ်ခုခု ရသွားလို့မဖြစ်ဘူးနော်။
ကြောင့် အခြေအနေမလွန်ခင်မှာ အရှုံးအမူး မဆုံးဖြတ်စေ
ဘူး''

''. . .''

''ဒီလိုအရှုံးအမူးဖြစ်ပြီးမှ သားသာ စိတ်အပြောင်းအ
ဖြစ်ခဲ့မယ်ဆိုရင် မိန်းကလေးဘက်က အများကြီးနစ်နာတ
မေမေ မိန်းကလေးဘက်ကပဲ ရပ်တည်ပေးရလိမ့်မယ်။ သူ့အ
ကလည်း ဒါတွေကို ကြိုတွေးပြီး စိုးရိမ်လို့ လာဆွဲခေါ်သွား
ဖြစ်မှာပေါ့''

ညိုသွေးသည် ဒီတစ်ခါတော့ မေမေ့ကိုကြည့်ပြီး ပြုံး
နိုင်တော့ဘဲ လွတ်လွတ်လပ်လပ်ရယ်ချလိုက်မိလေသည်။

ဟား. . . ဟား. . . ဟား''

''ဘာရယ်တာလဲ၊ မေမေပြောနေတဲ့အထဲမှာ ရယ်
မပါဘူးနော်''





မေမေ့ပုံစံက အသည်းယားစရာကောင်းလာပြီမို့ သူ
ကွတ်ခနဲထ၍ မေမေ့အနား ကပ်ထိုင်ပြီး ဖက်ထားလိုက်မိသည်။

''မေမေရယ်, သားမှာတော့ မေမေ ဘာတွေပြောတော့
မလဲဆိုပြီး လန့်နေလိုက်ရတာ။ သားကိုအချစ်လွန်ပြီး ကောင်မ
လေးကိုပဲ ပြဿနာလုပ်တော့မလား၊ ခွဲပစ်တော့မလားဆိုပြီး စိုး
ရိမ်လိုက်ရတာ။ ပြီးတော့ မေမေဖတ်ခိုင်းတဲ့ ဆရာမဂျူးရဲ့တစ်ဦး
တည်းသောသားဝတ္ထုလေး၊ အဲဒီထဲက ဘွားတော်ကြီးလိုများ ဖြစ်
သွားပြီလားဆိုပြီး ပူပန်လိုက်ရတာ။ ခုတော့ သားထက်ပဲ ကောင်
မလေးဘက်က ရှေ့နေလိုက်နေတာကိုး။ သား မရယ်ဘဲ ဘယ်
နေနိုင်တော့မလဲ''

''အို. . . တစ်ဦးတည်းသောသားတွေရဲ့အမေတွေက ဒီ
လိုချည်းပဲ။ ရင်သွေးကို သိမ်းသွင်းပုံသိမ်းသွင်းနည်းပဲ ကွာလိမ့်
မယ်။ အခုဟာက သားတို့အသက်တွေ ငယ်သေးလို့ ရှေ့ရေးကို
ကြိုတွေးဖို့ပြောနေတာ။ စိုးရိမ်စိတ်တွေ အရမ်းကြီးလို့ သတိပေး
နေတာ''

''သေချာတောင် မမြင်ရသေးတဲ့ ချွေးမကို ဒီလောက်
တောင်ချစ်သလား မေမေ''

''ချစ်တာမချစ်တာတွေ မေမေပြောနေတာမဟုတ်ဘူး။
ဒီမိန်းကလေး မေမေ့ချွေးမဖြစ်ခဲ့ရင်လည်း သူ့လုပ်ရပ်အပေါ်မှာ
ခုတည်တယ်။ မေတ္တာဆိုတာ ရောင်ပြန်တယ် သားရဲ့။ သူ့ဆိုက်



www.burmeseclassic.com

www.burmeseclassic.com



တန်ရင် ထိုက်တန်သလို ရသွားမှာပဲ''

''ဒီမှာ မေမေ၊ သား သူ့အပေါ်ကို စိတ်တည်တည်ငြိမ်ငြိမ်နဲ့ လေးလေးနက်နက်ထားပြီး ဆုံးဖြတ်ခဲ့တာပါ။ တကယ့်မေတ္တာစစ်မေတ္တာမှန်နဲ့ တစ်သက်လုံးထိ ရည်ရွယ်ပြီး ချစ်ခဲ့တာပါ။ မေမေစိုးရိမ်တာမျိုးတွေ မဖြစ်စေရပါဘူး။ သား ကတိပေးပါတယ်။ သူတစ်ပါးနစ်နာစေမယ့်အဖြစ်မျိုး ယောင်လို့တောင် မတွေးမိပါဘူး။ သားမှာ မေမေ့သွေးအပြည့်ပါပြီးသားပါ။ ဒါဆို မေမေ OK ပြမယ်မို့လား''

မေမေ ဘာမှမပြောတော့။ သူ့ကို အလျှော့ပေးတော့မည့်ပုံစံမျိုးဖြင့် သက်ပြင်းငွေ့ငွေ့ချလေသည်။

''သားတို့နှစ်ယောက်က အသက်သာ ငယ်သေးပေမယ့် နှလုံးသားက နားလည်တယ်မေမေ။ ဘယ်သူမဆို အချစ်နဲ့ပတ်သက်ရင် နှလုံးသားရဲ့စေရာအတိုင်း လုပ်ဆောင်ခဲ့ကြတာချည်းပါပဲ။ အချစ်ကိစ္စမှမဟုတ်ပါဘူး၊ အနုပညာသမားတွေဆိုရင်လည်း နှလုံးသားက လာမှ လုပ်လို့ရတာ။ နှလုံးသားမပါရင် ရသမမြောက်ပါဘူး။ သားတို့လည်း ဒီပုံစံမျိုးနဲ့ ဆုံးဖြတ်ခဲ့ကြတာပါ''

''. . .''

''ဒီနေ့မနက် မိဘတွေကိုဖွင့်ပြောဖို့ တိုင်ပင်ခဲ့ကြပါတယ် မေမေ။ အခုချိန်ဆို သူလည်း သူ့အဖေကို ပြောပြနေလောက်ပြီ။ သားကမှ ရည်းစားလေးဘာလေး ထားခဲ့ဖူးသေးတာ။ သူ





က ဘာအတွေ့အကြုံမှရှိတာမဟုတ်ဘူး။ သားကိုအရမ်းချစ်တာ မေမေရဲ့။ သားကလည်း သူ့ရဲ့ရိုးသားပြီး ပွင့်လင်းမှုရှိတဲ့ပုံစံလေးကို သဘောကျသွားတာ''

''အင်း၊ မေမေထင်သလိုတော့ ဖြစ်ကုန်ပြီထင်ပါရဲ့ သား ရယ်''

''ဘာလဲ မေမေရဲ့''

''သားရဲ့ချစ်သူဟာ ရိုးသားတဲ့မိန်းကလေး၊ အစွဲအလန်းကြီးတတ်တဲ့မိန်းကလေး၊ ခံစားထိခိုက်လွယ်တဲ့မိန်းကလေးဆို တော့''

''မေမေကလည်း အစွဲအလန်းကြီးမှ ခံစားတတ်မှလည်း ချစ်က ပိုပြင်းမှာပေါ့''

''သားရယ်. . . မိန်းမဆိုပေမယ့် မိန်းမချင်း တူသေးတာ မဟုတ်ဘူး။ ချစ်တတ်ပုံချင်းလည်း တူသေးတာမဟုတ်ဘူး။ out of sight, out of mind တွေ အများကြီး (ကွယ် မေ့၊တွေ့ အောင်လွမ်း) ဘာခံစားမှုမှမရှိ ပေါ့ပေါ့နေပေါ့ပေါ့စား၊ လျှပ် ပေါ်လော်လည်တဲ့မိန်းမတွေ အများကြီး။ မေမေ မိန်းမတွေဘက်က ရပ်တည်တယ်ဆိုတာကလည်း ဒီလိုမျိုးမိန်းမတွေဘက်က မဟုတ်ဘူး။ ယောကျ်ားတွေလည်း ထိုနည်းလည်းကောင်းပဲ''

''ဒါဆို သား အိမ်ထောင်ဘက်ရွေးတာ လုံးဝအမှန် ပေါ့။ မေမေလည်း ရွေးမရ ကံကောင်းတာပေါ့။ သူက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ထိရိုးသားသလဲဆိုရင် ရည်းစားမထားခဲ့ဖူးပေ
စိတ်ကူးထဲမှာတော့ စိတ်ကြိုက်ရွေးချယ်ပြီး ထားခဲ့ဖူးတယ်
အဲဒီစိတ်ကူးယဉ်ချစ်သူက သားနဲ့တစ်ပုံစံတည်းပဲတဲ့။ သူလို
တဲ့ချာ်သူကောင်းတစ်ယောက်ရဲ့အရည်အချင်းတွေကို သားဆီ
ရခဲ့တာတဲ့''

''အို. . . အံ့သြစရာပဲ''

''ပြီးတော့ သူ သားကို ဘယ်လောက်ထိ ချစ်သလဲ
ရင် သူနဲ့မတွေ့ခင်အထိ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ရည်းစားတွေလည်
ဘယ်နှယောက်ပဲ ထားခဲ့ထားခဲ့ ခွင့်လွှတ်တယ်တဲ့။ အခုချိန်
သူ့ကိုပဲချစ်ရင် ပြီးရောတဲ့။ သူကလည်း သားဆိုသားမှ, သာ
မဟုတ်ရင် မဖြစ်ဘူး။ လူကြီးတွေ သဘောမတူရင်တောင် သာ
ကို ခိုးပြေးမှာတဲ့''

''ဘုရားရေ!. . . သူ, သူက ဒီလိုပဲပြောသလား။ ကြည်
စမ်း. . . မိုက်လိုက်တဲ့မိန်းကလေးနှယ်။ ကျွတ်! ကျွတ်! ကျွတ်
မိတွေတော့ မွေးရကျိုးနပ်ပါရဲ့။ နေပါဦး, သားအပေါ် ဒီလော
အရူးအမူးဖြစ်နေတဲ့မိန်းကလေးက ဘယ်သူ့သမီးလဲ၊ အဓိကကျ
တဲ့ Biography ကိုမမေးဘဲ ဘာတွေအရင်မေးနေမိပါလိမ့်''

''မေမေ မမေးလည်း သားက အကုန်ပြောတော့မှာ''

''နာမည်က ဘယ်သူလဲ''

''ငွေသားနုစပယ်''





''ငွေသားနုစပယ်! ဆန်းဆန်းလေးပဲ''

''အဲဒီလိုဆန်းအောင်လို့ ရှေ့က ငွေသားကို ထည့်လိုက်
တဲ့။ ပထမပေးတာ နုစပယ်တဲ့၊ အသက်ကတော့ သားထက်
စ်နှစ်ကျော်လောက် ငယ်မယ်။ ကွန်ပျူတာ တက်နေတယ်။
ကလည်း သားဘဝနဲ့အရမ်းတူတာ မေမေ။ သူ့အမေက ငယ်
ယ်လေးကတည်းက ဆုံးသွားလို့ အဖေနဲ့ဦးလေးကြားမှာ ကြီး
င်းခဲ့ရတာတဲ့''

''ဪ, ဒါဆို သူ့အဖေက ဘယ်လုပ်လဲ, နာမည်က
ယ်သူလဲ''

''မေမေကြားရင် အရမ်းအံ့သြသွားလိမ့်မယ်။ လုံးဝ
မိုက်စား. . . လုံးဝနာမည်ကြီး Top Hair stylist ဂျင်မီ''

''အို!. . . ဂျင်မီ. . . ဂျင်မီရဲ့သမီး''

''မေမေနဲ့ခင်လို့လား''

''ဘယ်လိုလုပ် ခင်မှာလဲ၊ မေမေမှ အပြင်သိပ်မထွက်
ာ. မြင်တောင်မြင်ဖူးတာမဟုတ်ဘူး။ လေယာဉ်ပေါ်မှာလည်း
ဒီလောက,ကလူတွေနဲ့ ခဏခဏတွေ့ခဲ့ပေမယ့်. . . သူ့ကိုတော့
တွေ့မိဘူး။ နာမည်ကြီးတစ်ယောက်မို့ မေမေ အံ့သြသွားတာ
သားရဲ့အနုတ်ခွေနဲ့တော့ ဟိုပွဲတွေ, ဒီပွဲတွေ ခဏခဏတွေ့
သတဲ့။ မြန်မာပြည်မှာ မရှိသလောက်ကိုရှားတဲ့ ယောကျ်ားစစ်
စ် မိတ်ကပ်ဒီဇိုင်နာ,သားရဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်, ဒီနေ့တောင် သူ့သမီးကို သူကိုယ်တိုင် ပြင်ပေးလိုက်တာ၊ ဒီမှာကြည့်, ဘယ်လောက်လှလဲ"

သူ ပြောပြောဆိုဆို ဖုန်းထဲမှာ ထည့်ထားသော Birthday သီချင်းလာဆိုတုန်းက ဖျတ်ခနဲရိုက်လိုက်သည့်ပုံကို ပြလိုက်ပါသည်။ သူ့ရဲ့ Surprise အစီအစဉ်လေးကြောင့် အံ့သြနှစ်သက်ဖွယ် ချိုကြည်နေသောမျက်နှာလှလှလေး။

"ဟုတ်သားပဲ သားရယ်၊ လှလိုက်တာ။ မျက်နှာလေးက ချိုကြည်နေကာပဲ။ ဒါပေမဲ့ ဘိုဆန်သလိုပဲနော်။ မေမေက အဝေးကလှမ်းမြင်လိုက်တော့ မြန်မာဆန်ဆန်လေးပဲ ထင်မိတာ။ မေမေ့ဝတ်စုံကြောင့် ထင်ပါရဲ့"

"သဘောကျတယ်မို့လား။ သူ့အဖေကဆို သူ့ကို တေလာလေးလို့ ချစ်စနိုးခေါ်တာ။ တေလာဆွစ်ဖ်နဲ့တူလို့တဲ့။ သူကကျတော့ သူ့အဖေကို မစ္စတာဘရက်လို့ တစ်ခါတစ်ခါခေါ်တယ်။ ဘရက်ပစ်နဲ့တူလို့တဲ့"

"အောင်မယ်. . . အောင်မယ်. . . ကြည့်စမ်း! ဒီသားအဖ ကြီးကျယ်နေလိုက်တာ။ အေးလေ, သူတို့သားအဖလည်း တို့သားအမိလိုနေမှာပေါ့"

"ဒါဆို အိုခေပြီနော် မေမေ၊ သား မေမေနဲ့ချွေးမလေးကို တွေ့ပေးဖို့စီစဉ်လိုက်တော့မယ်"

"ဒါပေါ့, ဒီပုံစံဆို ဘာအဆင်မပြေစရာရှိလဲ။ သားတို့





ချင်းလည်း ဒီလောက်အရှုံးအမူးဖြစ်နေမှတော့ မေမေ တွေ့ပေးမှာပေါ့"

"အား. . . ပျော်လိုက်တာ မေမေရာ၊ ဒီနေ့လောက်ပျော်ကောင်းတဲ့နေ့ ရှိမယ်မထင်ဘူး။ ချစ်သူရဲ့မွေးနေ့ကိုလည်း လှုဆုံးဖြစ်အောင် ဆင်နွှဲပေးခဲ့ရတယ်၊ မေမေကလည်း သဘောညီမှုတွေ လွတ်လပ်ခွင့်တွေ ပေးလိုက်ပြီ။ ဒါနဲ့ နေပါဦး မေရဲ့၊ မေမေက သားတို့နှစ်ယောက် ရှမ်းကန်မှာ ရှိနေတာကို ယ်လိုသိပြီး လိုက်လာတာလဲ"

"ကပ်စတန်မှာတစ်ယောက် ဖုန်းဆက်ပြောလို့လေ။ ဒီ ါကတော့ မေမေ့စိတ်ထဲမှာ လုံးဝကို မသက်သာတော့လို့ လိုက် ရတာ။ ခုတလော ဖုံးဖုံးဖိဖိလုပ်နေပုံတွေက ထောင့်မကျိုး မအေကို ဝတ်စုံတွေ မအပ်စဖူး,အပ်၊ အချိန်မတော် ထ, လို့ သွားဆိုတော့ ဘယ်လိုမအေမျိုးက စိတ်ဖြောင့်ဖြောင့် နိုင်မှာလဲ"

"ကေန္တ အပြင်မထွက်ဘူးပြောပြောပြီး ဖေဖေ့တုန်းက ရွဲ့ဒိုးလိုက်နေတာတော့ မဟုတ်ပါဘူးနော်"

"အောင်မာ! အပင်ပန်းခံလို့၊ ချစ်သူနဲ့သား တူမလား။ ်ချင်းလိုက် ကိုယ့်ချစ်သူနောက်ပဲ လိုက်မှာပေါ့"

မေမေ မျက်စောင်းချိ၍ ပြောလိုက်သောပုံလေးက ချစ် ယ်အတိပင်။



www.burmeseclassic.com

www.burmeseclassic.com



''ဟား. . . မေမေ အရမ်းမိုက်တယ်ဗျာ။ ဖေဖေ့ကို ဒီ လောက်တောင်ပဲ ချစ်သလား''

''ချစ်တာပေါ့၊ သူ ဘယ်သွားတယ်, ဘယ်လာတယ် ဘာလုပ်တယ်ကအစ သိချင်လို့ ရှုံ့ဒိုးလိုက်ပြီးတော့ကို ချစ်ခဲ့တာ။ အိမ်မှာနေလည်း မေမေက အရိပ်တကြည့်ကြည့်ပဲ၊ ရေချိုးတော့ မလား, ထမင်းစားတော့မလား, အဝတ်အစားဆိုလည်း မေမေ က အေးရင်အေးသလို ပူရင်ပူသလို သေသေချာချာရွေးပြီး ကျေ ကော့နေအောင် ဆင်ခဲ့တာ''

''မေမေချစ်သလို ဖေဖေကရော ပြန်ချစ်ရဲ့လား''

''အို!. . . ဘယ့်နှယ်ပြောပါလိမ့် သားရယ်၊ သူ့အချစ်ကို မေမေ ဘယ်လိုမှလိုက်မမီဘူး။ လက်ထပ်ပြီးကတည်းက သေ သွားတဲ့အထိ မေမေစိတ်ဆင်းရဲအောင် ဘာတစ်ခုမှမလုပ်ခဲ့ဘူး။ လေသံမာမာနဲ့တောင် တစ်ခါမှမပြောခဲ့ဘူး။ မေမေက သူ့ရဲ့ဝေယျာ ဝစ္စကို လုပ်ပေးခဲ့ရတာက နည်းနည်းပါ။ သားဖေဖေကသာ မေ မေ့ကို ဂရုတစိုက်လုပ်ပေးခဲ့တာ သားရဲ့''

''. . .''

''အခန်းကိုလည်း သူပဲရှင်းတာ၊ အိပ်ရာသိမ်း, အိပ်ရာ ခင်းလည်း သူလုပ်ရမှ စိတ်တိုင်းကျတာ။ နေမကောင်းဖြစ်ရင် လည်း ဆေးတိုက်ပေးတာ အချိန်မှန်ကွက်တိ၊ မေမေ အပြစ်သေး သေးလေး လုပ်မိရင်တောင် အပြစ်မမြင်ဘဲ အချစ်ပဲမြင်တာ။





လုပ်လည်း မရွေးဘူး။ ဟင်းလည်း ချေးမများဘူး၊ ဘာနဲ့ကျွေး ကျွေး စားတယ်။ မေမေဘာပဲဖြစ်ဖြစ် မေမေ့ဘက်က အချိန် ပြည့် ရပ်တည်ပေးခဲ့တာ။ မျက်နှာတစ်ချက် မညိုးစေခဲ့ရဘူး''

''ဖေဖေက တကယ်တော်တာပဲ''

''တကယ်တော်တာပါ သားရယ်၊ မေမေ့မိသားစုအပေါ် လည်း အရမ်းကိုသိတတ်တာပါ။ သူ ဘယ်လောက်ချစ်တတ် သလဲဆိုရင် ခရီးထွက်သွားရင်တောင် နေ့တိုင်း ဖုန်းဆက်ဖို့ မမေ့ ဘူး ပြန်လာရင်လည်း မေမေ့အတွက် လက်ဆောင်တွေ တစ် မျိုးတစ်မျိုး ဝယ်လာတာ။ ခရစ်စမတ် တစ်မျိုး, ဗယ်လင်တိုင်း တစ်မျိုး, သားတို့ဗယ်လင်တိုင်း ပျော်တာ ဘာဟုတ်သေးလို့လဲ၊ သားဖေဖေကမှ အရင်လုပ်ခဲ့တာ၊ ချောကလက်တွေ မေမေ့ကို ဝ အောင် ပေးခဲ့တာပေါ့။ မေမေ့မွေးနေ့မှာတောင် ဘုန်းကြီး ဆွမ်းကပ်ပေးခဲ့တဲ့သူပါ''

''. . .''

''သားဖေဖေ ချစ်တတ်ပုံကိုပြောပြရရင် ဆုံးမှာမဟုတ် ဘူး သားရေ။ မေမေက အဲဒီလို အိမ်ထောင်ကျ ကံကောင်းခဲ့ တာပါ။ ဒါကြောင့် မိန်းကလေးတွေကို မေမေ့လို လင်ကောင်း သားကောင်းရပြီး စိတ်ချမ်းသာစေချင်တာပေါ့ သားရယ်။ စကား တစ်ခု ရှိတယ် သား၊ 'အလိုလိုက်မှုမရှိသောလင်ကြောင့် ဇနီး သည် စိတ်ငယ်၏' တဲ့''



www.burmeseclassic.com

www.burmeseclassic.com



ညိုသွေးသည် မေမေ့ကိုကြည့်ရင်း လေးစားမှုတွေရော ပျော်ရွှင်မှုတွေရော၊ စိတ်မကောင်းဖြစ်မှုတွေရော စုပြုံခံစားရပါသည်။

"မေမေနဲ့ဖေဖေက ဘားလူ အားကျစရာကောင်းအောင် ကို ချစ်ခဲ့ကြတာပဲနော်။ ဒီလောက်ချစ်ကြတဲ့ချစ်သူနှစ်ယောက် ကိုများ ကံတရားက ရက်ရက်စက်စက်ခွဲပစ်ရက်တယ်။ ဖေဖေက လည်း ဘာဖြစ်လို့များ စောစောစီးစီးသေရတာလဲ။ အဲဒီတုန်းက မေမေ ဘယ်လောက်ခံစားကျန်ခဲ့ရမလဲ၊ ဒီလောက်ချစ်တတ်တဲ့ မေမေ, ဒီလောက်စိတ်သဘောထားမြင့်မြတ်တဲ့မေမေ, ကျန်ခဲ့ရ ပုံလေးကို တွေးကြည့်ရုံနဲ့တင် သား အရမ်းစိတ်မကောင်းဖြစ် တယ် မေမေ"

တကယ်ပင် ညိုသွေးသည် ခံစားချက်အစစ်အမှန်တွေ ပွင့်အံထွက်လာပြီး မေမေ့ကို ဖက်ထားလိုက်မိတော့သည်။ မေမေ ကလည်း ဘာမှပြန်မပြောတော့။ သူပြောလိုက်ပုံကြောင့် ရုတ် တရက် အတိတ်ကို စိတ်ရောက်သွားတာမျိုး ဖြစ်ကောင်းဖြစ်နိုင် ပါလိမ့်မည်။

"သားတို့လည်း မေမေနဲ့ဖေဖေရဲ့အချစ်မျိုးကို လိုက် မီအောင် ကြိုးစားပါ့မယ်၊ မေမေ စိုးရိမ်တာမျိုးမဖြစ်အောင်, မေမေ ဖြစ်စေချင်တာမျိုး ဖြစ်အောင်လုပ်ပါ့မယ်။ သားကောင်းတစ် ယောက် ပီသအောင်, မေမေနဲ့ဇနီး စိတ်ချမ်းသာမှုအပြည့်အဝ





ရှိစေမယ့် လူသားတစ်ယောက်ဖြစ်အောင်ပေါ့"

မေမေသာ သူ့ဘက်က ဒီလိုရပ်တည်ပြီး အခွင့်အရေး တွေ အပြည့်အဝပေးလိုက်ပြီဆိုရင် သူ ဘာကိုမှမကြောက်တော့ အားလုံးကို ရင်ဆိုင်ရဲပါသည်။

"ဒါနဲ့ နေပါဦး သားရဲ့၊ သားကသာ မေမေ့ကို မေးနေ တာ, သားတို့ချစ်သူနှစ်ဦး စ,တွေ့ခဲ့ပုံလေးကိုတော့ ပြောမပြသေး ပါလား"

"သိချင်လို့လား"

"အင်း, သိချင်တာပေါ့၊ ဒီလောက်အရူးအမူးချစ်နေ လိုက်ကြတာ ဘယ်လိုများတွေ့ခဲ့ကြလို့ပါလိမ့်။ ခုနတုန်းက ခမီး နောက် လိုက်လာတာလည်း မေမေနဲ့ထိပ်တိုက်ကို တွေ့လိုက်ရ မှာ၊ ခုတော့ တော့လွဲလေး လွဲသွားတာ တကယ်နာတာပဲ သား ရယ်"

"ဘာလဲ, မေမေနဲ့ထိပ်တိုက်တွေ့ရင် ငါ့သားကို အဖက် တောန်သလို လုပ်ရသလားဆိုပြီး ပါးရိုက်ချင်လို့လား"

"အိုး! နိုး. . . နိုး. . . နိုး. . . ကိုယ့်သားမှ မနိုင်တော့ ဒီ အမေက မာန ချရတော့မှာပေါ့။ မျက်နှာငယ်ကလေးနဲ့, ဒီလို လုပ်ရမယ့်ခေတ်မျိုး မဟုတ်တော့ပါဘူးရှင်၊ ကျွန်မတောင်းပန်ပါ တယ်, ကလေးတွေကို လွတ်လွတ်လပ်လပ်ခွင့်ပေးလိုက်ပါ။ သူ တို့စိတ်ချမ်းသာသလို ဆုံးဖြတ်ပါစေလို့ ပြောမိမလားပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟား. . . ဟား. . . ဟား"

မေမေက မင်းသမီးတစ်ဦးလို စတိုင်လ်ကျကျ ပြော
နေပုံကြောင့် သူသဘောကျပြီး အော်ရယ်မိလေ၏။

ပြီးမှ. . .

"သားတို့နှစ်ယောက် တွေ့ခဲ့ကြပုံက ဒီခေတ်နဲ့ယှဉ်
တော့ သိပ်မထူးဆန်းဘူးမေမေ၊ မေမေတို့ခေတ်နဲ့ယှဉ်ရင်ထေ
ဆန်းတယ်၊ Romantic လည်း ဆန်တယ်လို့ ပြောလို့ရတယ်
သေချာတာကတော့ စ,တွေ့တွေ့ချင်းပဲ နှလုံးသားတွေက ပြ
တူကို လှုပ်လှုပ်ရှားရှားဖြစ်ခဲ့တာ"

ဆိုပြီး ငွေသားနှင့်တွေ့ဆုံခဲ့ပုံလေးကို ပြောပြလိုက်လေ
သည်။

◙◙◙



## အခန်း (၅)

သားအဖနှစ်ယောက် ကသုတ်ကယက်နှင့် အမူအရာ ပျက်ကွက်ပြီး ရောက်လာသောပုံစံကြောင့် အိမ်ဖော်လည်း အနား လာရဲတော့။ ဦးမျိုးကလည်း တောင်လျှောက်မြောက်လျှောက် နှင့် အကဲခတ်နေရင်းမှ တဖြည်းဖြည်းပျောက်ကွယ်သွားလေတော့ သည်။

တစ်လမ်းလုံးလည်း စကားမပြော၊ အိမ်ရောက်လို့ ဧည့် ခန်းထဲမှာ ငြိမ်ငြိမ်ကုပ်ကုပ်လေး ထိုင်ပေးနေပေမယ့်လည်း စကား မပြောဖြစ်ကြပြန်သေး။ ဖေဖေက စိတ်ပျက်စရာကောင်းလောက် အောင်, အသည်းယားစရာကောင်းလောက်အောင် ငူငူကြီးထိုင် နေတာက အလွန်ခံရခက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဖေဖေဘာပြောမလဲဆိုတာကို ငွေသား စောင့်နေသည်။ ဖေဖေကလည်း ငွေသား ဘာပြောမလဲဆိုတာကို စောင့်နေတော့ မျိုးများဖြစ်နေမလား။ ကြာလာတော့ ငွေသား စိတ်မရှည်တော့ နဂိုကတည်းက ဖွင့်ပြောပြချင်နေပြီမို့ ငွေသားကသာလျှင် တိတ်ဆိတ်နေမှုကို ဖြိုခွင်းလိုက်ရတော့သည်။

"ဖေဖေ. . . ဘာလဲ၊ အခု သမီးနဲ့ဖေဖေက ဘာဖြစ်နေတာလဲ။ ဒီလိုဖြစ်စရာလား"

". . ."

"ဒီလိုလုပ်မနေပါနဲ့၊ တစ်ခုခုကိုပြောလိုက်စမ်းပါ။ သမီး မနေတတ်တော့ဘူး"

". . ."

"တစ်ခုခုကို ပြောလိုက်စမ်းပါဖေဖေရဲ့"

"မင်းပဲပြော. . . မင်းပဲပြော"

"ဟင့်အင်း, ဖေဖေ အရင်ပြော၊ မေးစရာရှိရင် ဒဲ့မေးလိုက်၊ ရိုက်ချင်စိတ်ပေါက်ရင် ရိုက်ပစ်လိုက်စမ်းပါ"

"အေး. . . မင်းပဲပြောလို့၊ ဒီဇယားက ရိုက်စရာလိုလို့လား။ မင်း့အသား နာမှာက နောက်၊ ငါ့လက် ပင်ပန်းမှာက အရင်၊ ချစ်ခြင်းမေတ္တာတွေ, ပျော်ရွှင်မှုတွေ, အခွင့်အရေးတွေ, ဒီလောက်ပေးခဲ့တာတောင် မင်းက ချယ်ချင်သလို ချယ်၊ လိမ်ချင်သလို လိမ်၊ လှည့်စားချင်သလို လှည့်စားခဲ့တာဆိုတော့ ငါ





ဘာပြောနေဖို့ လိုသေးလဲ"

". . ."

"တစ်ခုတော့ မှတ်ထားလိုက် နုစပယ်၊ မင်းကိုချစ်လို့သာ အလိုလိုက်ထားတာ။ ဂုဏ်မိုက်ကိုတော့ လျှော့မတွက်နဲ့။ မင်းတို့ Idea လောက်ကတော့ သနားတယ်။ ဒါတွေ ငါတို့က ဖြစ်ဆာတာ။ မင်းလျှောက်နေတဲ့လမ်းတွေမှာ ငါ့ခြေရာတွေ ထပ်ထပ်ကြမ်းလို့။ အခုသွားရှာရင် တွေ့နိုင်သေးတယ်"

"ကောင်းပါပြီ ဖေဖေ၊ ဒါဆို သမီးပဲပြောပါ့မယ်။ အားလုံး ဖေဖေသိထားတဲ့အတိုင်းပဲ၊ ဟုတ်တယ်, သမီး ဖေဖေ့ကို ချယ်ချင်သလို ချယ်၊ လိမ်ချင်သလို လိမ်၊ လှည့်စားချင်သလို လှည့်စားခဲ့မိပါတယ်။ အဲဒီအကျင့်တွေက လူတစ်ယောက်ကို ချစ်ခဲ့မိမှ ပေါ်လာခဲ့တာပါ။ အရင်က သမီး ဒီလိုမဟုတ်ဘူးဆိုတာ ဖေဖေအသိဆုံးပါ။ စောစောက သမီးနဲ့အတူတူတွေ့ခဲ့တဲ့သူက ဖေဖေ့သမက် ဖြစ်တော့မယ့်သူပါ"

"ကျစ်!. . . ရဲတင်းလိုက်တာ၊ ဖအေတစ်ယောက်လုံး ရှေ့မှာ အဆင့်ကျော်ပြီး ပြောရဲလိုက်တာ။ ဘယ်သူက သမက်တော်မယ်ပြောလို့လဲ"

"သမီးက ဖေဖေ့သမက်တော်လို့ရအောင် လုပ်ပေးတော့မှာပါ"

"ဟင်း. . . ဟင်း"


www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ငွေသားဆီမှ အကြည့်လွှဲသွားပြီး ခနဲ့တဲ့တဲ့ ရယ်သည်။

"ဒီစကားတွေကို 'ဖအေ' တစ်ယောက်လုံးရှေ့မှာ မပြော ရင် ဘယ်'မအေ' တစ်ယောက်လုံးရှေ့မှာ သွားပြောရမှာလဲ။ သမီးမှာ မေမေမှမရှိဘဲ။ သမီးဆီကို ခဏခဏလာနေတဲ့ . . . ဖေဖေ မသကာတဲ့ ring tone သံကလည်း သူ့ဆီကပါပဲ။ ဘုရားသွားဖို့စီစဉ်ခဲ့တာလည်း သူပါပဲ။ ဒီဝတ်စုံချုပ်ပေးတာလည်း သူပါပဲ"

"..."

"နာမည်က သန့်စင်ညိုသွေးလို့ ခေါ်ပါတယ် ဖေဖေ GTC ကျောင်းသားတစ်ယောက်ပါ။ သမီးထက် တစ်နှစ်ခွဲလောက်ပဲ ကြီးပါတယ်။ ဒီဖိုင်နာမေညိုသွေးရဲ့သားပါ။ သူနဲ့သမီးက ဘဝတူပါတယ်ဖေဖေ။ အမေနဲ့အဒေါ်ရဲ့ကြားမှာ ကြီးပြင်းခဲ့ရတာပါ။ အဖေက သူမမွေးခင်ကတည်းက ဆုံးသွားခဲ့တာပါ။ သမီး သူ့ကိုသိပ်ချစ်တယ်။ လက်ထပ်ဖို့အထိ ဆုံးဖြတ်ပြီးပါပြီ။ ဖေဖေ ခွင့်ပြုပေးပါ"

ဖေဖေ ခွင့်ပြုတာ ခွင့်မပြုတာက နောက်၊ လောလောဆယ်မှာတော့ ဖေဖေ့… မှာ အမြဲတမ်းတင်းတင်းကျပ်ကျပ်ခံစားနေခဲ့သော ငွေသားရင်…တ်က အခုမှပဲ ပေါ့ပါးလန်းဆန်းသွားတော့တာပဲဖြစ်လေသည်။ ဖေဖေက နှုတ်ခမ်းကို တင်းတင်းစေ့လျက် ငွေသားရဲ့မျက်နှာကို စိုက်ကြည့်သည်။ ပြီးမှ လမ်း ထ





လျှောက်ပြီး ပြော၏။

"အချိန်တိုလေးအတွင်းမှာ ဘာဖြစ်လို့ ဒီဆုံးဖြတ်ချက်ကို ချရတာလဲ။ မင်းအသက် ငယ်သေးတဲ့အတွက် ငါအရမ်းစိုးရိမ်မိတယ်။ ရှေ့လျှောက် စိတ်အပြောင်းအလဲတွေ အများကြီး ဖြစ်နိုင်တယ်"

"မစိုးရိမ်ပါနဲ့ ဖေဖေ၊ တခြားစိတ်သာ ပြောင်းချင်ပြောင်းနိုင်ပေမယ့် သူ့အပေါ်ထားတဲ့အချစ်ကတော့ ပြောင်းမှာမဟုတ်ပါဘူး။ ပြီးတော့ သမီးအသက် ငယ်သေးတယ်ဆိုပေမယ့်လည်း နှလုံးသားက နားလည်မှုအပြည့်ရှိပါတယ်။ သမီးတို့နှစ်ယောက် အဲဒီတူညီတဲ့နှလုံးသားနဲ့ပဲ ဆုံးဖြတ်ခဲ့တာပါ"

"ကောင်းပြီ၊ မင်း ယောက်ျားတွေအကြောင်း ဘယ်လောက်သိလို့လဲ နှစပယ်"

"ဟင့်အင်း၊ သမီး သူ့ကိုချစ်တဲ့နေရာမှာ ယောက်ျားတွေရဲ့အကြောင်းကို သိဖို့မလိုပါဘူးဖေဖေ၊ သမီးချစ်သူ သန့်စင်ညိုသွေးဆိုတဲ့ယောက်ျားတစ်ယောက်ရဲ့အကြောင်းကိုသာ သိဖို့လိုတာပါ။ သူက သမီးကို တကယ့်မေတ္တာစစ် မေတ္တာမှန်နဲ့ချစ်တာပါဖေဖေ၊ သမီးကို စိတ်ချမ်းသာမှုအပြည့်အဝပေးနိုင်ပါတယ်၊ သူ သမီးနဲ့မတွေ့ခင်က ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့, သမီးနဲ့တွေ့တဲ့အချိန်မှာ အားလုံးကိုဖြတ်ချနိုင်ခဲ့တယ်တဲ့။ သမီးကိုသာ တစ်သက်လုံး သစ္စာရှိရှိချစ်သွားမှာပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"..."

"သမီးလက်ကိုတွဲပြီး ဘဝခရီးလမ်းကို အတူတူလျှောက်မယ်တဲ့။ အခက်အခဲအားလုံးကိုလည်း နှစ်ယောက်အတူတူ ရင်ဆိုင်ဖြေရှင်းမယ်တဲ့။ ဘယ်သူ့ဖျက်ဖျက် မပျက်ဘူး, ဘယ်သူသဘောမတူတူ အတူတူပဲတဲ့၊ ဘာတွေပဲဖြစ်ဖြစ် အကောင်းဆုံးဖြစ်အောင် ရင်ဆိုင်မယ်တဲ့။ သူက အဲဒီလိုချစ်သူကောင်းတစ်ယောက်ပါ ဖေဖေ။ သမီး သူ့ကိုယုံတယ်"

"ကြည့်စမ်း! ဒီချာတိတ်က ဒီလိုပဲပြောသလား။ ဒိုင်တွေက မမိုက်ဘူး။ ဒါပေမဲ့ ငါမရယ်တော့ပါဘူး။ ဒီလောက်ပြောတာလေးနဲ့များ မင်းက ပစ်ခတ်ကျသွားရသလား။ ပစ်ခတ်ပြီး ယုံလိုက်ရသလား"

"ချစ်လို့ယုံတာထက် . . . ယုံချင်စရာကောင်းတဲ့လူတစ်ယောက်မို့လို့ပါ"

"အေး, မရခင်တော့ ဒီလိုပဲ ယုံအောင်ပြောကြမှာပဲ"

"ရပြီးရင်လည်း ညီလေးက ပြောတဲ့အတိုင်း နေပြမယ့်လူပါ ဖေဖေ"

"ကဲ, ငါကန့်ကွက်တယ်ကွာ၊ ငါသဘောမတူဘူး။ ဒီချာတိတ်နဲ့ မင်းကို လုံးဝမပေးစားနိုင်ဘူး။ ဒါဆို မင်း ဘာလုပ်မလဲ"

ငွေသား လန့်ဖျပ်ပြီး ဖြုန်းခနဲ ထရပ်လိုက်မိသည်။





"ထွက်ပြေးကြမှာပါ။ သဘောမတူတဲ့လူတွေနဲ့ ဝေးရာအထိ"

"အား . . . ကြည့်စမ်း! မင်းစကားတွေက ဖအေကို ပြန်ပြောရမယ့်အတိုင်းအတာထက် ကျော်နေပြီ။ ဒီလောက်မိုက်မဲသိမ့်မယ်မထင်ဘူး။ မင်းစိတ်တွေ မှုန်နေပြီ၊ အရူးအမူးဖြစ်နေပြီ၊ မှိုမမြင်လေမမြင်ဖြစ်နေပြီ၊ အေး, အဲဒီလိုဖြစ်အောင် ဒီချာတိတ်ခင်းကိုလုပ်လိုက်တာ။ မရခင် ယုံအောင်ပြောတယ်ဆိုတာ အဲဒါပဲ"

ငွေသား ဖေဖေ့ကို အံ့ဩစွာစိုက်ကြည့်နေမိတော့၏။ ဖေဖေ့အသံက ဒေါသအရိပ်အငွေ့လွှမ်းခြုံပြီး လိုတာထက် ပိုကျယ်လာပါသည်။ ဖြူဖြူစင်စင်လူငယ်လေးနှစ်ဦးက ဖြူဖြူစင်စင်မြတ်မြတ်နိုးနိုးချစ်နေကြတာကို ဘာကြောင့် အရောင်ဆိုးပြီး ခက်ခက်ခဲခဲမြင်နေရတာလဲ။ ဘာကြောင့် ယောကျ်ားတွေဘက်က မရပ်တည်ဘဲ ယောကျ်ားမယုံကြည်ရေးဝါဒတွေကို လေးလေးနက်နက် ပြောနေရတာလဲ။

ငွေသားသည် ဖေဖေ့ကို ဘယ်လိုနားလည်ရမှန်းမသိဖြစ်သွားလေသည်။ သို့သော် ထိုနားမလည်မှုကို ငွေသား ကြာကြာမခံစားလိုက်ရပါ။ ကြာကြာအဖြေမထုတ်လိုက်ရပါ။ ဖေဖေနှင့်စကားအခြေအတင်ပြောရင်းမှ ကျိုးကြောင်းဆက်နွယ်မှုတွေပေါ်ပေါက်လာပြီး အလိုလိုနားလည်ခွင့်ရသွားသည့်အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆိုက်ရောက်ခဲ့ရပါသည်။

"ဘယ်သူမဆို လိုချင်တာရှိရင် မရ,ရအောင် ကြံကြမှာပဲ။ မင်းလည်း ငယ်ငယ်ကတည်းက အရုပ်ပဲဖြစ်ဖြစ် ဘာပစ္စည်းပဲဖြစ်ဖြစ် လိုချင်လာရင် ငါ့ကိုမရ,ရအောင် ပူဆာခဲ့တာမဟုတ်လား။ ငါ ချက်ချင်းဝယ်ပေးချင်စိတ်ပေါက်အောင် ပြောတတ်ခဲ့တာမဟုတ်လား။ လက်ထဲရောက်မှ မကြိုက်လို့ ချောင်ထိုးထားတာတွေရော လွှတ်ပစ်တာတွေရော စုံလို့မဟုတ်လား"

BURMESE CLASSIC .com

"..."

"အေး, ယောကျ်ားတွေလည်း အဲဒီလိုပဲ၊ မိန်းမတွေကို ပစ္စည်းတစ်ခုလို အရုပ်တစ်ခုလို သဘောထားကြတာ။ မရခင် ယုံအောင် သိမ်းသွင်းကြမယ့်လူချည်းပဲ။ မရခင် ယုံအောင် ပြောကြမယ့်လူတွေချည်းပဲ။ ယောကျ်ားတိုင်း မဟုတ်ပေမယ့် ယောကျ်ားအများစု, များသောအားဖြင့်ပဲ။ အဲဒါ မင်းနားလည်လား နုစပယ်"

"ကောင်းပါပြီ ဖေဖေ၊ သမီးနားလည်ပါပြီ။ ဒါဆို သမီးတစ်ခု မေးပါ့မယ်။ မရခင် သူတို့ဘယ်လိုပြောမှ သမီးယုံရမှာလဲ"

"..."

"သူတို့ဘယ်လိုပြောတာကို သမီးလက်ခံရမှာလဲ"

"မင်းမေးခွန်းကို ငါမဖြေတတ်ဘူး၊ ငါကိုယ်တိုင်ကကို





မင်းသိချင်တဲ့ပုံစံမျိုး မလုပ်ခဲ့ဖူးလို့ပဲ။ သေချာတာကတော့ မင်းပြောတဲ့ချစ်သူကောင်းဆိုတာ လင်ကောင်း ဖြစ်ချင်မှဖြစ်လာနိုင်တယ်။ မချစ်မနှစ်သက်ဘဲနဲ့ ယူခဲ့ရတဲ့လူတွေကလည်း လင်ကောင်းတွေ ဖြစ်ချင်ဖြစ်လာနိုင်တာပဲ"

"အဲဒီလိုပဲပေါ့ဖေဖေ၊ ယောကျ်ားတွေအားလုံးက မရခင် ဒီလိုပဲယုံအောင်မပြောလို့ ဘယ်လိုပြောရမလဲ။ မိန်းမတွေအားလုံးကလည်း သူတို့ဒီလိုပြောတာတွေကိုမှ လက်မခံရင် ဘယ်လိုပြောတာတွေကို လက်ခံရမှာလဲ။ ဒါ သဘာဝပဲမဟုတ်လား ဖေဖေ။ အဲဒီသဘာဝတရားကို ရင်ဆိုင်ဖြတ်သန်းပြီးမှ အိမ်ထောင်ရေးရဲ့ အကောင်းအဆိုး, အကျိုးအမြတ်က ခွဲထွက်သွားတာမဟုတ်လား"

"..."

"ထားပါတော့ ဖေဖေ၊ သမီးဒီလိုပြောလည်း ဖေဖေက လက်ခံမှာမှမဟုတ်တာ။ ဒါဆို သမီးနောက်ဆုံးတစ်ခု ထပ်မေးမယ်။ ဘယ်လိုယောကျ်ားမျိုးကို သမီးအိမ်ထောင်ဖက်အဖြစ် ရွေးရမလဲ"

"အိုခေ, အဲဒီမေးခွန်းကိုတော့ ငါဖြေနိုင်တယ်၊ ဒါလည်း ငါကိုယ်တိုင် လုပ်ခဲ့ဖူးလို့တော့မဟုတ်ဘူး။ သဘာဝကျကျ ငါဖြေမယ်။ ချမ်းသာဖို့မလိုဘူး, နံပါတ်(၁) ကိုယ့်အပေါ် သစ္စာရှိရှိနဲ့ အချိန်မရွေးရပ်တည်စောင့်ရှောက်ပေးတဲ့သူ ဖြစ်ရမယ်။ နံပါတ်



www.burmeseclassic.com

www.burmeseclassic.com



(၂) အလုပ်မရွေးဘဲ ယောကျ်ားပီပီသသနဲ့ လုပ်ကိုင်ရှာဖွေကျွေး မွေးနိုင်တဲ့သူဖြစ်ရမယ်။ မများဘူး. . . အဲဒီနှစ်ချက်တည်းပဲ"

"..."

"ဒါကလည်း အခြေအနေဆိုတာရှိတယ်၊ အချိန်အခါ ဆိုတာရှိတယ်၊ ရွေးချယ်ခွင့်တွေ အများကြီးရှိတယ်။ အချိန်တို လေးနဲ့ ဆုံးဖြတ်လို့မရဘူး"

"သမီးစိတ်ညစ်တယ် ဖေဖေ၊ ဘာဆက်လုပ်ရတော့ မလဲ။ ဖေဖေ ညီ့သွေးကိုယုံအောင် သမီးဘယ်လိုပြောရပါ့မလဲ။ ဖေဖေ သမီးတို့နှစ်ယောက်ကို လက်ခံချင်လာအောင် သမီးဘယ် လိုလုပ်ပြရပါ့မလဲ။ အချစ်က ဒီလောက်ထိစိတ်ညစ်ခံဖို့ လိုလို့ လား။ အချစ်က ဒီလောက်ထိ သမီးတို့ လိုက်မမီတဲ့ဉာဏ်တွေ နဲ့ ဆုံးဖြတ်ဖို့ လိုလို့လား"

ငွေသားရဲ့ရုတ်တရက်ပြောင်းလဲသွားသော ဆို့နင့်ကြေ ကွဲသံတွေကြောင့် ဖေဖေက ငွေသားမျက်နှာကို စိမ်းစိမ်းကြီးစိုက် ကြည့်လာသည်။

"ညီ့သွေးက ဖေဖေမယုံတဲ့လူစားမျိုး မဟုတ်ပါဘူး ဖေဖေရဲ့။ ဖေဖေပြောတဲ့အချက်နှစ်ချက်နဲ့လည်း ကိုက်ညီအောင် နေနိုင်တဲ့လူစားပါ"

"တော်စမ်း! မှင်းပါးစပ်ကိုပိတ်၊ ငါသည်းမခံနိုင်တော့ ဘူး"





ငွေသားက ဖွတ်တိုးပြောလိုက်တာမို့ ဖေဖေက ကြောက် စရာကောင်းအောင် မာန်မဲဟိန်းဟောက်လေ၏။

"မင်းက ဘဝဆိုတာကို ဘာများမှတ်နေလဲ။ လောက ကြီးအကြောင်း ဘယ်လောက်သိလို့တုန်း။ အိမ်ထောင်ရေးဆို တာကို ဘာနားလည်လို့တုန်း။ ဒီအသက်အရွယ်နဲ့ အိမ်ထောင် ရေးအကြောင်းကို ပြောစရာလိုလို့လား။ ခုတွေ့၊ ခုကြိုက်၊ ခုယုံ၊ ခုချက်ချင်းဆုံးဖြတ်၊ ဘယ်လောက်ဒုက္ခရောက်သွားနိုင်သလဲ။ ဒီ အရွယ်တွေ မစဉ်းမစား အိမ်ထောင်ပြုမိလို့ ဘဝမှာ နစ်မွန်းနေ ကြတဲ့စုံတွဲတွေ အများကြီး"

"..."

"ဘာအရည်အချင်းမှမရှိဘဲ လှတာကလေးမက်ပြီး ယူ ခဲ့မိလို့ မျက်ရည်နဲ့မျက်ခွက် ဖြစ်နေတာတွေ၊ အပြောကောင်းတာ ယုံမိလို့ ဒုက္ခခံစားနေရတာတွေ မရေတွက်နိုင်ဘူး။ ဒီကြားထဲ အိုင်တွေ့တိုင်း ခြေဆေးတတ်တဲ့ကောင်နဲ့တွေ့ရင် ဘယ်လိုလုပ် မလဲ။ မရခင်က အခက်အခဲတွေကို အတူတူရင်ဆိုင်ဖြေရှင်းမယ် ပြောပြီး လက်ထပ်လည်းပြီးရော ဘာတာဝန်မှမယူချင်ဘဲ အရက် သောက်ပစ်တဲ့ကောင်တွေက ရှိသေးတယ်"

ဘဝမှာ တစ်ခါမှမကြားဖူးသည့်စကားတွေကို ကြားနာ နေရတာမို့ ဖေဖေ့ကိုကြည့်ရင်းကြည့်ရင်းနှင့် ငွေသား အရမ်းအံ့ ဩလာရသည်။ ဂျေမီကို စာသားပေးပို့ပြီး hiphop တစ်ပုဒ်



www.burmeseclassic.com

www.burmeseclassic.com



လုပ်နိုင်းရတော့မည်ထင်သည်။ ဖေဖေက ဘာကြောင့် မကောင်း တဲ့ယောကျ်ားအကြောင်းတွေကိုပဲ ပြောနေရတာလဲ။ ကေန္တ ဖေဖေ ကိုယ်တိုင်က အဲဒီလိုယောကျ်ားမျိုး. . .

အို. . . ဖွဟဲ့ လွဲပါစေ ဖယ်ပါစေ. . .

ငါ့အဖေက အရည်အချင်းရှိတဲ့ယောကျ်ားတစ်ယောက် ပဲဟာ။

"မိန်းမအဆင်ပြေရင် အတူတူနေပြီး မိန်းမအခက်အခဲ ဖြစ်ရင် မကူညီဘဲ မိဘအိမ်,ဆင်းပြေးတဲ့ကောင်တွေလည်း ရှိ တယ်။ အိမ်ကချက်တဲ့ဟင်းကိုမကြိုက်ရင် အကြောင်းပြချက် အမျိုးမျိုးပေးပြီး ဆိုင်သွားစားတတ်တဲ့ကောင်တွေ, မိဘအိမ်ပြန် စားတတ်တဲ့ကောင်တွေလည်း မနည်းဘူး။ အရက်သောက်တဲ့ ကောင်တွေ, လောင်းကစားလုပ်တဲ့ကောင်တွေ, မိန်းမဆီက ပိုက် ဆံ ညှာတောင်းတဲ့ကောင်တွေလည်း ပုံလို့"

". . ."

"အဲဒါတွေ မင်းနားလည်လား နုစပယ်၊ တွေးမိရဲ့လား ဒီလောက်ရှုပ်ထွေးပွေလီလှတဲ့ အိမ်ထောင်ရေးကို မင်းမို့လို့ ဒီ အသက်အရွယ်နဲ့ စိတ်ကူးရသလား. . . တောက်! ငါ ဘယ်လို ဆုံးမမှ ရတော့မှာလဲ။ ဒီအကြောင်းတွေကိုလေ, ယောကျ်ားသား တစ်ယောက်ဖြစ်တဲ့ မင်းအဖေတစ်ယောက်လုံးက ပြောနေပြီး ကတည်းက မင်း သဘောပေါက်ပါတော့။ မင်း လက်ခံလိုက်





တော့. . . ကဲ"

ဟင်. . . ကြည့်စမ်း! ဒါ ဘယ်လိုသဘောနဲ့ပြောလိုက် တာလဲ။

ဖေဖေဟာ. . . ဖေဖေဟာ ငွေသား ထင်နေသလိုများ, ဘုရားရေ. . .

"ဒါ. . . ဒါဆို ဖေဖေဟာ အဲဒီလို ကာရိုက်တာမကောင်း တဲ့ယောကျ်ားများ ဖြစ်ခဲ့လို့လား"

"That's right! "

"တကယ်"

သွားပြီ ငွေသားရဲ့မျက်လုံးတွေ ဝိုင်းစက်ပြူးကျယ်သွား နေလေပြီ။

ငွေသား ဖေဖေ့ကို ဘယ်လိုနားလည်ရမှန်းမသိဖြစ်နေ သောကြောင့် တခုတ်တရလုပ်ယူစရာမလိုတဲ့ သူ့အလိုလိုနားလည် နိုင်ရသွားသည့်အခြေအနေသို့ တကယ်ပဲ ဆိုက်ရောက်ခဲ့ပါ၏။

"ဟာ. . . ကြည့်စမ်း! ဖေဖေက တကယ်ကြောက်စရာ ကောင်းတဲ့လူကြီးပဲ"

"အေး, ဒါကြောင့် ယောကျ်ားတွေကို လျှော့မတွက်နဲ့၊ ယောကျ်ားတွေကို မယုံနဲ့"

"ဟင့်အင်း. . . ဟင့်အင်း. . . မဟုတ်သေးဘူး။ ဖေဖေ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် ဖေဖေ့ဘာသာ အရင်က ဘာတွေပဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖြစ်ခဲ့. . . ဒီအချိန်မှာတော့ ဖေဖေက သမီးရဲ့ဖခင်ကောင်း
ယောက်ပါ။ စံပြထိုက်တဲ့အရည်အချင်းရှိတဲ့ပုဂ္ဂိုလ်ကြီးပါ"

ငွေသားသည့်ပြောရင်း ဖေဖေ့ဆီအပြေးလှမ်း၍ နော
မှနေ ခါးကိုသိုင်းဖက်ထားလိုက်တော့သည်။

"သမီး, ဖေဖေ့ကိုအရမ်းချစ်တယ်၊ လေးစားတယ်၊
ဖေ့သမီးဖြစ်ရတာ ကျေနပ်တယ်၊ ဖေဖေ့သမီးဖြစ်ရတာ အရ
ဂုဏ်ယူတယ်၊ ဘဝဆက်တိုင်းဆက်တိုင်း လူဖြစ်ရင်တောင်
ဖေ့ဂျင်မီရဲ့သမီးပဲ ဖြစ်ချင်တယ်။ ဒါပေမဲ့ ဖေဖေ, ဖေဖေပြောသ
သမီး ယောက်ျားတွေကို လျှော့မတွက်ပါဘူး။ ယောက်ျားတို
ကို မယုံတဲ့မိန်းကလေးတော့ မဖြစ်ပါရစေနဲ့။ ဖေဖေ့ကို သ
နားလည်ပါတယ်"

". . ."

"သမီးကို နောက်ဆုံးအနေနဲ့ အခွင့်အရေးတစ်ခုပဲ
ပါ။ သမီးချစ်သူကို ဖေဖေ ခဏလောက်တွေ့ကြည့်ပေးပါ။
ပြီးရင် သူဘယ်လိုလူလဲဆိုတာ ဖေဖေသိနိုင်ပါလိမ့်မယ်"

ဟုဆိုကာ ဖေဖေ့ကျောပြင်ကို ပါးနှင့်အသေကပ်ထာ
ပြီး တတွတ်တွတ်ပြောလိုက်တော့ ဖေဖေ သက်ပြင်းချလေသည်

"ငါ,မင်းကို ချစ်သူမထားရဘူးလို့မပြောဘူး. . .
ထောင်မပြုရဘူးလို့ မတားမြစ်ဘူး။ ဒါ လူတိုင်းလုပ်ရမယ့်ကိ
အခု ငါပြောနေတာတွေက မင်းအသက်ငယ်သေးလို့ ဆုံး





တာ, စိုးရိမ်စိတ်အပြည့်နဲ့ တားသင့်တယ်ထင်လို့ တားနေတာ။
အချိန်ပေးပြီး ဆုံးဖြတ်ဖို့လိုအပ်တယ်။ လမ်းဆက်လျှောက်ဖို့တွေ
အများကြီးကျန်သေးတယ်။ ရွေးချယ်ခွင့်တွေ အများကြီးရှိတယ်"

". . ."

"စိတ်အပြောင်းအလဲတွေ အများကြီးရှိနိုင်တယ်၊ မင်း
တွေမစဉ်းစားတော့ဘူးလား။ မစဉ်းစားနိုင်လောက်အောင် အရူး
အမူးဖြစ်သွားပြီလား"

"အရူးအမူးဖြစ်သွားလို့ စဉ်းစားလိုက်တာပါဖေဖေ၊ သူ
လည်း သမီးကို အရူးအမူးပါ။ ဖေဖေစိုးရိမ်တာမျိုးတွေ လုံးဝ
ဖြစ်စေရပါဘူး။ သူ့အမေကလည်း အရည်အချင်းရှိတဲ့လူပါ။
ကလေးတွေအပေါ်ကို ကိုယ်ချင်းစာစိတ်နဲ့ အမြဲဖြည့်တွေးပေး
သူပါတဲ့။ သမီး,သူ့ကိုသိပ်ချစ်တယ်ဖေဖေ၊ သမီးအတွက် သူ
ဟုတ်ရင် မဖြစ်ဘူး။ သူ့အတွက်လည်း သမီးမှမဟုတ်ရင် မဖြစ်
အဲဒီလိုအချစ်မျိုးပါ။ သမီး သူနဲ့သာခွဲရမယ်ဆိုရင် သေသွား
ပါတယ်"

"ပြဿနာပဲ. . . ဦးဘညွှန့်ရဲ့ချစ်ဒုက္ခပါလား"

ဖေဖေ ရုတ်တရက်လေသံပြောင်းသွားတာမို့ ငွေသား
လုံးလေး မေးပြီး ပြုံးလိုက်မိသည်။

"ငါစိတ်မလျှော့မချင်း ဒီလိုပဲ အသေတွက်ကပ်နေတော့
သို့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"ချွဲတာလား"

"သိရဲ့သားနဲ့"

"ဒီလိုချွဲတိုင်း လိုက်လျောရမှာလား"

"ဒီလိုချွဲတိုင်း လိုက်လျောခဲ့တာပဲဟာ"

"ဒီကိစ္စက ချွဲတိုင်း အလိုလိုက်ရမယ့်ကိစ္စမဟုတ် မိန်းကလေး"

"ဟင့်အင်းကွာ, ညီ့ုသွေးကို တွေ့ကြည့်ဖို့ စဉ်းစား ပါဖေဖေရယ်။ တွေ့ကြည့်မယ်လို့ပြောလိုက်ပါ၊ မပြောရင် ဖေ တော့ဘူး"

"ဒီလိုတော့ ဘယ်ရမလဲ၊ မအားတဲ့ကြားထဲက အတွက် အချိန်တွေလုခဲ့ရတာ။ ငါ့ရည်းစားအတွက်လည်း အ ဖဲ့ပေးဦးမှပေါ့။ လွှတ်. . ."

"ဒါဆို သေတောင် မလွှတ်တော့ဘူး"

"မနိုင်ဘူးဘဲ, မင်းကျတော့ တွဲခုတ်နေပြီး ငါ့ကျ သဝန်တိုသလား"

"သဝန်တိုတယ်, ရည်းစားထားဖို့ကိစ္စ ထပ်မပြော ဖေဖေ။ သမီး အိမ်ထောင်ပြုပြီး ဖေဖေ့ဖို့ မြေးတွေအများ မွေးပေးမယ်။ သမီးဆုံးဖြတ်ချက် ချထားပြီးပြီ၊ ဖေဖေ့ကို ညီ့ုသွေးကိုရော ဘယ်သူ့မှမပေးနိုင်ဘူး။ ဖေဖေ ဘုန်းကြီး





စုတ်တက်, သေချင်သေ, ညီ့ုသွေးလည်း ဘုန်းကြီးဝတ်ချင်ဝတ်, သေချင်သေ, ဒီလိုမှမဟုတ်ဘဲ တခြားမိန်းမတွေနောက် ပါသွား မယ်ဆိုရင် ညီ့ုသွေးကို အသေသတ်ပစ်မယ်။ ဖေဖေ့ကိုတော့ တစ်သက်လုံး အကျယ်ချုပ်ချထားလိုက်မယ်"

"ဟား. . . ဟား. . . ဟား. . . ညီ့ုသွေးရဲ့ချစ်သူ အိုသွေး သေးက တကယ်ကြောက်စရာကောင်းပါလား""

"မယုံမရှိနဲ့နော်၊ မလုပ်ဘူးမထင်နဲ့"

"(O) အိုသွေးတွေရဲ့စိတ်ဓာတ်ကို. . . ယုံပါတယ်ကွာ။ ကြာ်, ငါ့သမီးလေး ငွေသားနုစပယ်, ဘာကြောင့်များ ငါနဲ့တူ တဲ့နေရာ တစ်နေရာတောင် ရှာမတွေ့တာလဲ။ အစွဲအလန်းကြီး တာနဲ့ ခံစားချက်ပြင်းထန်တာက ဘာကြောင့် အတိုင်းထက် လွန် နေရတာလဲ။ ငါမကြိုက်တဲ့စိတ်ဓာတ်တွေ မင်းဆီမှာ ပါလာတာ အရမ်းအံ့သြတယ်။ မင်းအမေက ထိလွယ်ရှလွယ်တဲ့သမီးကလေး တစ်ယောက်နဲ့ ငါ့ကိုအသက်ရှင်စေခဲ့တာပဲ"

ဖေဖေက စိတ်မကောင်းသလိုလို, အလိုမကျသလိုလို ပြောရင်း ငွေသားရဲ့ကိုယ်လေးကို မျက်နှာချင်းဆိုင်စေလိုက်၏။ ပြီးတော့ လက်ချင်းတင်းတင်းကျပ်ကျပ်ဆုပ်ကိုင်ထားပြီး ငွေသား မျက်နှာကို စိုက်ကြည့်လာသည်။

"တကယ်တော့ ဖေဖေက သမီးကို အမြဲတမ်းပျော်ရွှင် နေတာကိုပဲ မြင်ချင်ခဲ့တဲ့သူပါ။ နေရာတကာမှာ စိုးရိမ်စိတ်အပြည့်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အရိပ်တကြည့်ကြည့်ချစ်နေခဲ့တဲ့သူပါ။ ခုတော့ သမီးက အ… သူ့မှ အရူးအမူးဖြစ်သွားပြီဆိုတော့ ဖေဖေစိတ်လျှော့ကြည့်ရ… မှာပေါ့။ သမီးအပေါ်ထားတဲ့ အဲဒီစိတ်နှစ်မျိုးနဲ့ပဲ ဖေဖေ စ… ကြည့်ပါ့မယ်''

''ဟာ! တကယ်. . . ဖေဖေ တကယ်ပြောတာ''

ဖေဖေကပြုံးပြီး ခေါင်းညိတ်ပြသည်။

''ကြည့်စမ်း. . . သမီးဝမ်းသာလိုက်တာ ဖေဖေ… ပျော်လိုက်တာ။ ညိုသွေးလည်း ခုချိန်ဆို သူ့မေမေကိုဖွင့်… ပြီးလောက်ပြီ ဖေဖေရဲ့။ ဒီကိစ္စက ဖေဖေလိုက်လာလို့ ဖွင့်… ရတာမဟုတ်ဘူး။ ဖေဖေလိုက်မလာလည်း မွေးနေ့ပြီးရင် ဖွင့်… ဖို့ သမီးတို့နှစ်ယောက်လုံး တိုင်ပင်ထားပြီးသားပါ''

''ဒီလောက်တောင် ပျော်လား သမီး။ ဒီချာတိတ်ကို… လောက်တောင်ပဲ ချစ်သလား''

''ဖေဖေကလည်း''

ငွေသားက မျက်စောင်းလှလှကလေး ချိုလိုက်… ဖေဖေ့ရဲ့အပြုံးကလည်း ခံစားသက်ဝင်မှုတွေ လွှမ်းခြုံသွားပါ…

''ဖေဖေမြန်မြန်စဉ်းစားပေးနော်. . . မြန်မြန်လေး''

''နေစမ်းပါဦး၊ ဒီလောက်တောင် သည်းသည်းလှုပ်… နေကြတာ ဘယ်လိုများတွေ့ခဲ့လို့တုန်း။ Online ချစ်သူတွေ… လား''





''မဟုတ်ပါဘူးဖေဖေရဲ့၊ ဖေဖေသိချင်ရင် သမီးပြောပြ…ယ်။ မနှစ်က Valentine's နေ့မှာ သမီးတို့သူငယ်ချင်းတွေ …ဖေနဲ့ဦးမျိုးကို ခွင့်တောင်းခဲ့တာ မှတ်မိလား''

''အင်း''

''အဲဒီနေ့က တွေ့ခဲ့တာဖေဖေရဲ့''

ဆိုပြီး. . . ငွေသားသည် ဖေဖေနှင့်အတူ ဆိုဖာမှာ ယှဉ်…ိုင်ပြီး ညိုသွေးနှင့် စ,တွေ့ခဲ့ပုံလေးကို ပြောပြလိုက်တော့သည်။

▣

ညိုသွေးနှင့် တွေ့ဆုံဖို့အကြောင်းဖန်လာတာကတော့ …ငယ်အများစု ရင်ခုန်စွာ, တက်ကြွပျော်ရွှင်စွာ စောင့်စားခဲ့ကြ …သာ Valentine's day မတိုင်ခင်ကဖြစ်၏။ ထိုနေ့က ကျောင်း …ိုရောက်ရောက်ချင်း နဒီနှင့်ကေခိုင်က အားရဝမ်းသာစွာ လက် …မှတ်ငါးစောင်ကို သယ်ချလာခဲ့သည်။

''ဒီမှာကြည့်စမ်း၊ နင်တို့စိတ်ဝင်စားမယ်ထင်လို့ ငါ တစ် ခါတည်း ဆွဲလာခဲ့တာ။ အစီအစဉ်က ည ခုနစ်နာရီ, ၈မှာ၊ တို့ ခြောက်နာရီလောက် အရောက်သွားရအောင်''

''ဘာလက်မှတ်တွေလဲ''

''ရ မိုင်ခွဲက ကော်ဖီဆိုင်အသစ်လေးမှာ မနေ့…ြန်ကျ



www.burmeseclassic.com

www.burmeseclassic.com



ရင် Single တွေအတွက် အထူးအစီအစဉ်လုပ်ပေးမှာတဲ့။ Coup တွေ လုံးဝလက်မခံဘူးတဲ့။ ရှိုးပွဲလည်း ပါမယ်။ ဗလာမပါ စမ်းမဲလည်း ပါမယ်။ သီးသန့်အထူးအစီအစဉ်မဲသုံးခုလည်း မယ်တဲ့''

"ဟယ် . . . ထူးထူးဆန်းဆန်း''

"အိုး! မိုက်တာပေါ့၊ ချစ်သူများနေ့မှာ ငါတို့လို ချစ် မရှိတဲ့သူတွေအတွက် အိုကေသွားတာပေါ့''

"ရှက်စရာကြီးပါဟာ, ချစ်သူများနေ့ပါဆိုမှ ချစ်သူ တွဲသွားတာပဲ ကောင်းတာပေါ့။ ရှင်တို့ဥစ္စာက ကိုယ်မစွံကြောင်း သွားပြရသလို ဖြစ်မနေဘူးလား။ ကျွန်မတော့ မလိုက်ရဲပါဘူး''

"ဟုတ်ပါ့, ကျုပ်လည်းရှက်တယ်''

"ဟဲ့, အဲဒီလိုမတွေးနဲ့လေ၊ ဒါ ပျော်စရာကောင်း အစီအစဉ်ပဲ။ ဒီလိုဝန်ဆောင်မှုပေးတဲ့ဆိုင် ဘယ်နှဆိုင်ရှိသ ဆိုတာ ရှာကြည့်လိုက်ဦး။ ချစ်သူမရှိလို့ ငေါင်နေကြတဲ့သူ အတွက်လည်း အဆင်ပြေတယ်၊ ချစ်သူမရှိပေမယ့် အချစ်ဆုံး သူငယ်ချင်းတွေစုပြီး လွတ်လွတ်လပ်လပ်သွားပျော်လို့ရတယ်''

"ဟုတ်တယ်, အဲဒီလိုအကောင်းဘက်က တွေးစမ် ဟဲ့ . . . ဘယ်လောက်ပျော်စရာကောင်းသလဲ။ ချစ်သူများနေ့ ကတည်းက ချစ်သူရှိရှိမရှိရှိ ရင်ဘတ်ထဲတော့ နည်းနည်းလှုပ် လှုပ်ခတ်ခတ်ဖြစ်တာ အမှန်ပဲ။ ခုလို Single တွေချည်း လတ်





ဘာဆိုတော့ အဆင်မပြေဘူးလား''

"အိုကေ, တို့ သွားရအောင်၊ တို့လိုသူငယ်ချင်းတွေပဲ ဘာကြမှာပါ။ ပျော်စရာကောင်းမယ်လို့ထင်ပါတယ်''

"ဒါပေမဲ့ ရှင်တို့က အကြောင်းမဟုတ်ဘူး။ လွတ်လပ် ရှိတယ်။ ကျွန်မဖားသားကြီးကို ဘယ်လိုပြောရပါ့မလဲ။ သူ့ပါ ခေါ်လာခဲ့ရင် ကောင်းမလား . . . သူလည်း Single ပဲ''

"ဟား . . . ဟား . . . ဟား . . . ငွေသားရယ်၊ ရှင့် ဘိုး တော်သာ ခေါ်ချင်ရင် ကျုပ်တို့ ဘာလို့သွားနေတော့မလဲ။ လူ ငယ်တွေ အပြတ်ကဲမယ့်ပွဲကို။ ထုံးစံအတိုင်း ဝိုင်းကူပြောရမှာပေါ့ တယ်''

ထိုအစီအစဉ်ဖြင့် Valentine's နေ့ မနက်ပိုင်းတွင် ငွေ သားသူငယ်ချင်းတွေ စုပြုံရောက်လာကြတော့သည်။ ဧည့်ခန်း ထဲမှာ တွတ်ထိုးနေစဉ် ဖေဖေက အလုပ်သွားဖို့အတွက် ပြင်ဆင် ပြီး အိမ်ပေါ်မှဆင်းလာ၏။ ဦးမျိုးလည်း အနားရောက်လာသည်။

"ကလေးတွေ, စောစောစီးစီးပါလား၊ ဘာစားပြီးပြီလဲ၊ ကော်ဖီသောက်မလား''

"မုန့်စားပြီးခဲ့ပါပြီ ဦး။ ကော်ဖီလည်း သောက်ပြီးခဲ့ပါ ပြီ။ ဦးကိုခွင့်တောင်းစရာရှိလို့ပါ''

"ဟုတ်လား. ... ပြော''

ဆိုပြီး ဖေဖေက ထိုင်ပေးသည်။ ထိုအချိန်မှာ ငွေသား



www.burmeseclassic.com

www.burmeseclassic.com



က ကြိုစီစဉ်ထားသည့်အတိုင်း ဖေဖေနှင့်ဦးမျိုးလက်ထဲသို့ ချော ကလက်ဘူးတွေ တစ်ဘူးစီ ပေးလိုက်လေ၏။

"ဘာတုန်း၊ မပြောမဆိုနဲ့ ထူးထူးဆန်းဆန်း"

"ဦးမျိုး ဒါတွေမစားတတ်ပါဘူး သမီးရာ"

"မစားတတ်လည်း လက်ဆောင်ပေးတာကို မငြင်းရ ဦးမျိုးရဲ့။ ဖေဖေ ဒီနေ့ ဘာနေ့လဲ၊ သိလား"

"ဘာနေ့လဲဆိုတော့ ဟား. . . ဟုတ်သားပဲ၊ လက်ထဲ တောင် ချောကလက် ရောက်နေပြီ။ Valentine, Valentine နေ့။ ဒါကြောင့် အချုပ်အလုပ်တွေ ကြပ်နေတာ။ Wedding တွေ ဘယ်လိုမှမနိုင်လို့ တပည့်တွေကိုတောင် ခွဲလွှတ်ထားရ ကွ"

"အင်း၊ Valentine နေ့ဆိုတော့လေ၊ ညနေကျ သမီး သူတို့နဲ့အပြင်ထွက်ချင်တယ်"

"ဟုတ်ပါတယ် ဦး။ အဲဒါခွင့်တောင်းမလို့ပါ။ အပြင် ထွက်တယ်ဆိုတာက လျှောက်လည်မှာမဟုတ်ပါဘူး။ ကော်ဖီ ဆိုင်လေးတစ်ဆိုင်ကို သွားမှာပါ။ ချစ်သူများနေ့အထိမ်းအမှတ် နဲ့ ပျော်စရာအစီအစဉ်တွေပါ ပါတယ်"

"စိတ်မချစရာလည်း ဘာမှမရှိပါဘူး ဦး။ အဲဒီဆိုင်က အတွဲတွေကို လက်မခံပါဘူး။ ချစ်သူမရှိတဲ့သူတွေကိုပဲ လက်ခံ ပြီး Lonely မဖြစ်အောင် စီစဉ်ပေးမှာပါ"





"ဒါကောင်းတဲ့အစီအစဉ်ပဲ၊ ဦးလည်း ချစ်သူမှမရှိတာ၊ Lonely ဖြစ်နေတာပဲ၊ လိုက်ခဲ့ရမလား"

"ဖေဖေ Wedding လက်ခံထားတာမရှိရင် လိုက်ခဲ့ လေ"

"တမင်ပြောတာပါ သမီးရယ်၊ ဘယ်လိုလိုက်လို့ရမှာ လဲ။ ကလေးတွေကြားထဲလည်း မလိုက်ချင်ပါဘူး"

"နေစမ်းပါဦး၊ ညည်းတို့အစီအစဉ်တွေက နားထဲကြား လို့ကောင်းတာ မဟုတ်သေးပါဘူး။ ချစ်သူများနေ့ပါဆိုမှ ချစ်သူစုံတွဲတွေ ကို လက်ခံမှ အဓိပ္ပာယ်ရှိမှာပေါ့၊ ကုန်ရောင်းရမှာပေါ့။ ခုတော့ ချစ် သူမရှိတဲ့သူတွေကိုပဲ လက်ခံတယ်ဆိုတာ ဘာသဘောလဲ"

". . ."

"ခပ်ရိုးရိုးပြောရရင် အဲဒါ လင်လိုချင်တဲ့သူတွေ လင် ရှာတာနဲ့မတူဘူးလား။ မယားလိုချင်တဲ့သူတွေ မယားရှာတာနဲ့ မတူဘူးလား"

"ဟယ်!"

"ဦးမျိုးကလည်း ဘာတွေပြောမှန်းလဲမသိဘူး"

"အပျော်ပဲဟာ၊ လူငယ်တွေကို ပျော်စေချင်လို့ စီစဉ် ပေးတာကို"

"အေး၊ အပျော်အပျက်နဲ့ ရယ်မောခြင်းကိုရော ခွဲခြား နိုင်ရဲ့ သိလား။ အပျော်ရဲ့နောက်မှာ အပျက်၊ ရယ်ခြင်းရဲ့နောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



မောခြင်းတဲ့. . . နားလည်လား။ ဒီခေတ်ကလေးတွေ မျက်စိထဲ
ကို မတွေ့ဘူး''

''ဟာ. . . ဦးမျိုးကလည်း ခေတ်ကကို အဲဒီလိုဖြစ်လာ
တာပဲဟာ။ သမီးတို့ပဲ သွားလာနေကြတာမှမဟုတ်တာ။ အပြင်
ထွက်ကြည့်လိုက်ဦး''

''ငါ အမြဲအပြင်ထွက်နေတဲ့သူပါ။ မကြည့်ဘဲနဲ့ကို မြင်
နေရတာ။ သကြန်ဆိုလည်း သရုပ်ပျက်, ခရစ်စမတ်နေ့လည်း
ခရစ်ယာန်မဟုတ်ဘဲ ပါလိုက်တာပဲ။ နှစ်ကူးလည်း ရှုးလိုက်ကြ
တာပဲ။ တရုတ်နှစ်ကူးလည်း ကိုယ်နဲ့ဘာဆိုင်လို့တုန်း, ပါတာပဲ
ကရင်နှစ်သစ်ကူးလည်း အလွတ်မပေးဘူး။ လွတ်လပ်ရေးနေ့
တာလည်း ဗိုလ်ချုပ်က ခံစားမှုတစ်မျိုး ပေးခဲ့တာ။ ခုတော့ လမ်း
ပိတ်, ဘောလုံးကန်ပြီး ခံစားနေကြတာ။ အခု ချစ်သူများနေ့
တဲ့ ဘာလဲ. . . ချစ်သူမရှိတဲ့ အပျိုလူပျိုပေါက်တွေ ဖလန်းဖလန်း
ထဖို့လား''

''ဦးမျိုးနော်, ဘာတွေလျှောက်ပြောနေတာလဲ။ သမီး
သူငယ်ချင်းတွေရှေ့မှာ ဖေဖေကြည့်ပြောဦး။ ဒါလေး ခွင့်တော
တာပဲ, အဲဒါကြောင့် လူပျိုကြီးဖြစ်နေတာ''

''မရဘူး ကိုမျိုးရေ့, လုံးဝမနိုင်ဘူး။ မလွှတ်ပေးလို့
မရဘူး။ ခေတ်က တစ်မျိုးပြောင်းလဲလာပြီဗျ။ ကျွန်တော်က
ယ်တွေကြားမှာ နေနေရတာဆိုတော့ လူငယ်တွေရဲ့အထာ





သိနေပြီ။ ဒါနဲ့ နေပါဦး သမီးရဲ့ ဘယ်အချိန်လဲ ဘယ်လိုသွား
တာလဲ''

''ညနေ ခြောက်နာရီလောက် သွားမှာပါဖေဖေ၊ အစီ
အစဉ်က ခုနစ်နာရီ စ,မှာပါ။ ဟို. . . ကေခိုင်တို့နဲ့ပဲ''

''ဟုတ်ပါတယ် ဦး။ သမီးတို့ လာခေါ်ပြီး သမီးတို့ ပြန်
ပို့ပေးမှာပါ''

''ဒါဆိုလည်း ကောင်းကောင်းသွား။ ကောင်းကောင်း
ပြန်ခဲ့ကြ''

''ဟေး!. . .''

''ကြုပ်ကြုပ်အလိုလိုက် ဂျင်မီ. . . မင်း ကြုပ်ကြုပ်အလို
လိုက်။ မွေးထားတော့ သမီးမိန်းကလေး''

''ဟင်း. . . ဦးမျိုးလည်း ဘာပြောပြော အချိန်တန် ခွင့်
ပြုတာပဲမှုလား''

အဲဒီလိုနှင့် ငွေသားတို့သူငယ်ချင်းတစ်သိုက် Valen-
tine's အပြင်အဆင်တွေနှင့် ဆန်းသစ်နေသော စိတ်ကူးကောင်း
ညကော်ဖီဆိုင်လေးတစ်ဆိုင်သို့ ရောက်လာခဲ့ကြပါသည်။ တစ်
ဆိုင်လုံး ငွေသားတို့လို လူငယ်လေးတွေချည်း ပြည့်နေလေ၏။

''ဟယ်! ဆိုင်လေးက အရမ်းလှတာပဲနော်၊ Roman-
tic လည်း ဆန်တယ်။ အဆင့်အတန်းလည်းရှိတယ်''

''တို့လိုမျိုးသူငယ်ချင်းတွေ စုလာကြတာလား မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးအုပ်စု မိန်းကလေးအုပ်စုတွေ အများကြီးပဲ။ ယ...
နေတာပဲနော်"

ထိုအချိန်မှာ ယောက်ျားလေးသူငယ်ချင်းငါးယော...
အဖွဲ့ကလည်း ငွေသားတို့နှင့်အပြိုင် ရောက်လာကြပါသည်။ ကို...
ကပဲ အရောက်နောက်ကျတာလား, တချို့လူငယ်တွေကပဲ ...
ကြပြီး ဆန္ဒစောလာကြသလား မသိပါ။ စားပွဲလွတ်က သိပ်...
ချင်တော့။ (နေရာကောင်းကို ဆိုလိုပါသည်။)

မလှမ်းမကမ်းရှိ နေရာအသင့်အတင့်လေးမှာ ရှား...
ပါးပါးတစ်ဝိုင်း တွေ့ရသည်။ အဝေးဆုံး အစွန်ဆုံးမှာတော့ ...
ဝိုင်းလောက် ရှိနေသေး၏။ ဖြစ်ချင်တော့ နေရာအသင့်အတ...
ဝိုင်းလေးက တစ်ပြိုင်တည်းရောက်လာသူတွေအတွက် လု...
ချင်စရာဖြစ်သွားတော့သည်။

"ဟဲ့, ဟိုမှာ ရှားရှားပါးပါးတစ်နေရာ လွတ်နေတ...
နေရာလေး မဆိုးဘူး, သွားထိုင်ရအောင်"

"ဟာ, ဟိုနေရာလေးက အိုကေတယ်ကွ၊ Stage...
လည်း နီးတယ်။ အဆင့်သင့်ပဲ, ငါတို့ကိုကြိုနေသလိုပဲ"

အံ့သြဖွယ်ကောင်းစွာ ပြောတာချင်းလည်း အတူ...
နေရာယူတာချင်းလည်း အတူတူဖြစ်သွားသည်။

"ဘာလုပ်တာလဲ, ဒီဝိုင်းက ငါတို့အရင်မြင်တာ"

"ငါတို့ အရင်မြင်တာ"





"မရဘူး, ငါတို့အရင်မြင်တာ၊ ငါတို့ထိုင်မှာ။ နင်တို့
...သာ တခြားသွားထိုင်"

"ငါတို့လည်း ထိုင်မှာပဲ၊ မကျေနပ်ရင် တခြားသွားထိုင်
...ကြ"

ကောင်မလေးတစ်ဦးနှင့် လူငယ်တစ်ယောက်က အခြေအတင်ဖြစ်
...ပြီး မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသောအခါ သူတို့အဖွဲ့မှ တစ်
...ယောက်သောသူက ပြေရာပြေကြောင်း ဝင်ရောက်လေပြည်သွေး
...တော့သည်။

"လာပါကွာ, ဒီနေ့က ပျော်စရာကောင်းတဲ့နေ့လေ၊ ဒီ
...လိုဖြစ်သင့်ပါဘူး။ မိန်းကလေးတွေကို ဦးစားပေးရမှာပေါ့။ Lady
...first လေ"

"ဟုတ်ပါတယ်ကွာ၊ ဟိုးအစွန်မှာ နေရာလွတ်တွေ ရှိ
...သေးတယ်။ အဲဒီနေရာက ပိုပြီးရှုလို့တောင် ကောင်းသေးတယ်၊
...နေရာထိုင်မိမှ ကောင်မလေးတွေက ငါတို့ကို ထင်းထင်းကြီး
...မြင်သွားပြီး ခိုက်နေပါဦးမယ်"

"အောင်မယ်လေး. . . ခိုက်စရာရုပ်လား။ ရှင်းရှင်းကြီး
...ပြီး ပါးရိုက်ချင်စရာကောင်းတဲ့ရုပ်"

"ဟာ. . . စွာလှချည်လား။ ဒါကြောင့် ရည်းစားမရတာ"

"ကြည့်စမ်း, ကြည့်စမ်း! နင်တို့မှာရော ရှိလို့လား။ နင်
...တို့ကို ဘယ်သူမှကြိုက်မယ့်လူမရှိလို့ ဒီရောက်လာတာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ! ရှိလွန်းလို့မှ ခါတောင် ချနေရတယ်နော် နားလည်လား။ တမင်အပျော်သက်သက် ရောက်လာတာ"

"ငါတို့လည်း အဲဒီလိုပဲပေါ့ဟဲ့၊ အတူတူပဲ၊ ဘာမှ ပြောမနေနဲ့။ ကြွ၊ ကြွ၊ မြန်မြန်ကြွ၊ မျက်စိရှုပ်၊ နားရှုပ်တဲ့ တွေ"

နောက်ဆုံးတော့ ကေခိုင့်ကောင်းမှုကြောင့် ငွေသား အဖွဲ့က အနိုင်ရရှိသွားပြီး ရန်တွေ့ကောင်းသူကတော့ ပွစိပွစိ သူ့သူငယ်ချင်းတွေ ဆွဲခေါ်ရာနောက် ပါသွားတော့သည်။ ရွှေ တို့ ဝိုင်းဖွဲ့ရယ်ကြရင်း လာချပေးသော စားသောက်ဖွယ်ရာ ကို တပျော်တပါးကြီး စားလိုက်ကြတော့၏။

"ငါလည်း ဒီနေရာကို လိုချင်လွန်းလို့သာ ရန်တွေ့လိုက် ရတာဟဲ့၊ သူတို့ဒီဖိုင်းတွေက အရမ်းမိုက်တယ်နော်။ တစ်ယော တစ်မျိုး လန်းနေတာပဲ"

"ဟုတ်တယ်၊ အဲဒီထဲမှာ Lady first လို့ ဝင်ပြော သူက ပိုတောင်ဖြောင့်သေးတယ်။ ဆံပင်ပုံလေးက အရမ်းအ ကျတယ်။ သူ့မျက်လုံးတွေကလည်း ငွေသားဆီမှာ ဝဲနေသ ပဲ"

"ဟဲ့၊ ရှင် အဲလိုမြင်လိုက်သလား။ ကျုပ်လည်း သ ထားမိတယ်"

"အင်း၊ ကျွန်မလည်း ကြည့်နေတာ၊ သူ့မျက်လုံး





ငွေသားကိုမြင်မြင်ချင်း ငွေသားဆီကကို မခွာတော့ဘူး။ ငွေ သား ရှင်ရော သတိထားမိလား"

"ဟင့်အင်း. . . အဲလောက်ထိတော့ သတိမထားမိပါ သူတို့ဒီဖိုင်းတွေက ထူးမခြားနားတွေပဲဟာ"

"ဘာမှမဟုတ်ပေမယ့် ငါ့မျက်စိထဲမှာလေ၊ အဲဒီတစ် ကောင်နဲ့ငွေသားနဲ့ အရမ်းလိုက်သလိုပဲ။ ဒီဆိုင်က အပျော် သားနဲ့ လိုက်ဖက်အညီဆုံးစုံတွဲဆိုပြီး ရွေးပေးမယ်ဆိုရင် သူ ငွေသားကို ရွေးမလားပဲ"

"ဟင်း. . . ရှင်တို့ကလည်း ဘာတွေလျှောက်ပြောနေ သိဘူး"

သို့သော် သူငယ်ချင်းတွေ လျှောက်ပြောသောစကားက ခွန်အံ့ဩဖွယ်ကောင်းစွာ အမှန်တကယ်ဖြစ်သွားသောအခြေ နေသို့ ဆိုက်ရောက်လာခဲ့ပါ၏။ ဆိုက်ရောက်ပုံကတော့ အား စားသောက်နေကြတုန်းမှာပဲ ထိုဆိုင်မှ ဝန်ထမ်းတစ်ဦး ထ၊ ကြေငြာလိုက်သောအစီအစဉ်မှ စခဲ့တာပဲဖြစ်၏။

"ကျေးဇူးပြုပြီးတော့ နားဆင်ပေးကြပါခင်ဗျာ၊ ဒီနေ့ ဖေဖော်ဝါရီ (၁၄)ရက် Valentine's day ဖြစ်ပါတယ်။ သူများနေ့ဆိုပေမယ့် Couple တွေကိုလက်မခံဘဲ Single တွေကိုသာ လက်ခံခဲ့တာကတော့ ချစ်သူမရှိသေးတဲ့သူတွေ ချစ် ရှိသွားရေးအတွက်. . . အဲ, ဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"..."

"ဒီလိုပါ, ချစ်သူမရှိသေးတဲ့သူတွေလည်း ကိုယ်နဲ့ တဲ့သူတွေနဲ့ ဒီနေ့လေးကို ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းစေ ဆန္ဒနဲ့ ဒီလိုစီစဉ်ပြီး လက်ခံခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ချစ် များနေ့အမှတ်တရအတွက် ကျွန်တော်တို့ဆိုင်ရဲ့ ပျော်စရာ အစဉ်လေးတွေကို စတင်တော့မှာဖြစ်ပါတယ်။ ပထမအစီအ ကတော့ ရောက်ရှိလာသူအားလုံးကို ဗလာမပါတဲ့ ကံစမ်းမဲ ပေးမှာဖြစ်ပါတယ်။ ဒုတိယအစီအစဉ်ကတော့ ထူးခြားပါ ပျော်ရွှင်ခြင်းအထိမ်းအမှတ်အနေနဲ့ လိုက်ဖက်ညီတဲ့အတွဲ ကို ကံစမ်းမဲနဲ့ပဲ ရွေးချယ်သွားမှာဖြစ်ပါတယ်"

"ဟယ်...ငါစိတ်ကူးထားတဲ့အတိုင်းပဲတော့"

ငွေသားတို့သူငယ်ချင်းတွေ မျက်နှာချင်း ဆိုင်လို ကြသည်။

"ရွေးချယ်ခံရတဲ့အတွဲတွေကိုလည်း Special gift ပေးဦးမှာဖြစ်ပါတယ်။ အတွဲသုံးတွဲ ရွေးတဲ့အခါမှာ ယောက် လေးတွေအတွက် 1,2,3 မဲသုံးမဲ ထည့်ထားမယ်။ မိန်းကလေး တွေအတွက်လည်း 1,2,3 မဲသုံးမဲ ထည့်ထားမယ်။ အဲဒီနံပါ တွေ ပေါက်ခဲ့ရင် နံပါတ်တူချင်း တွဲရပါမယ်။ ဥပမာ...1/1, 2/2, 3/3... အိုခေ, သဘောတူကြရဲ့လား။ ပျော်ကြရဲ့လား"

"..."





"မ...ဂ်...လာ...ပါ...အဆင်ပြေကြရဲ့လား။ ပြေရင် လက်ခုပ်သံလေး ကြားချင်တယ်"

အစီအစဉ်ကြေငြာသူက R ဖာနည်းအသံနှင့် အော်လိုက် တစ်ဆိုင်လုံး လက်ခုပ်သံတွေ သောသောညံသွားတော့ ၏။

"မင်္ဂလာပါ, ကျေးဇူးအများကြီးတင်ပါတယ်။ မဲတွေကို ဝေပါတော့မယ်ခင်ဗျာ။ ပထမဆုံး ဗလာမပါ ကံစမ်းမဲတွေ ဝန်ထမ်းတွေက လိုက်ဝေပြီး Stage ပေါ်က ကောင်တာ ချက်ချင်းလာရောက်ထုတ်ယူရမှာဖြစ်ပါတယ်။ ဒုတိယမဲကို မိန်းကလေးတွေကို မိန်းကလေးဝန်ထမ်းတွေက လိုက်ဝေ ပြီး ယောကျာ်းလေးတွေကိုလည်း ယောကျာ်းလေးဝန်ထမ်း က လိုက်ဝေမှာဖြစ်ပါတယ်။ ပြုလုပ်ရမယ့်အစီအစဉ်ကို ထပ် ကြေငြာပါ့မယ်ခင်ဗျာ"

ခဏအတွင်းမှာပဲ မဲလိုက်ဝေသည့်ဝန်ထမ်းတွေရော, မဲ ကြည့်ကြသူတွေရော တရုန်းရုန်းနှင့် ဆိုင်ထဲမှာ ပျော်စရာကောင်း ခဲ့၏။

"တို့ဘာလုပ်ကြမလဲ၊ ဒုတိယမဲပေါက်နေရင် ရှက်စရာ ။"

"တကယ်မှမဟုတ်တာဟဲ့, ပျော်စေချင်လို့ စီစဉ်ပေးတာ ငါတို့ငါးယောက်ထဲက တစ်မဲလောက်တော့ပေါက်ရင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မှာပဲဟယ်"

"ဟုတ်တယ်, ရက်ဖို့ကောင်းပေမယ့် ပျော်စရာ
ကောင်းတယ်ဟ။ ကံတရားပေါ့ဟာ"

"ဟုတ်ပါ့၊ Special gift တောင် ရဦးမှာ။ အိုး!
ဒီဆိုင်ကိုလာတာ မှန်သွားပြီ။ Amazing ဖြစ်လိုက်တာနော်"

သူငယ်ချင်းတွေက အပျော်သမားတွေမို့ ကျေနပ်
သော်လည်း ငွေသားကတော့ မပျော်တော့်လို့မဟုတ်ပါ။ ဒါ
ထို ဒုတိယမဲပေါက်မှာကိုတော့ ဘာမှန်းမသိဘဲ အလိုလို အ
အလဲကြောက်ရွံ့နေလေသည်။

ဝန်ထမ်းတွေက ပထမမဲနှင့် ဒုတိယမဲကို အချိန်
မခြားဘဲ ဆက်တိုက်လိုက်ဝေပေးခဲ့တာဖြစ်၏။ ပထမ ဗလာ
ကံစမ်းမဲမှာတော့ ကေနိုင်က ချောကလက်ဘူး၊ နဒီက ဝေ
ရုပ်၊ ဇင်မာက Follow me ခေါင်းလျှော်ရည်ဘူး၊ အိမ့်မွန်က
Revlon Lip Gloss တစ်တောင့်၊ ငွေသားကတော့ Burbe
ရေမွှေးတစ်ဘူး. . . စသဖြင့် အသီးသီးရရှိကြလေသည်။

ဒုတိယမဲကိုတော့ ပထမမဲလို ဝမ်းသာအားရဖွင့်မကြ
ရဲကြ။ အကြောက်ဆုံးက ငွေသားဖြစ်နေတာမို့ တစ်ယောက်ချ
အလှည့်ကျဖွင့်ကြည့်လိုက်လေရာ. . .

"ဟယ်. . . ဗလာကြီး"

"အိုး. . . နိုး, နိုး. . . တော်ပါသေးရဲ့"





"ဟင်း. . . သွားပြန်ပြီ၊ ပေါက်ချင်ပါတယ်ဆိုမှ"

"ငါလည်း ပေါက်ဘူးဟယ်၊ စိတ်ညစ်လိုက်တာ"

ဗလာတွေချည်းပဲ တွေ့ရတာမို့ အားလုံးစိတ်ဓာတ်ကျ
သွားတော့၏။ နောက်ဆုံးမှာ ငွေသားရဲ့မဲကို ခေါင်းချင်းဆိုင်ပြီး
ကြည့်လိုက်ကာမှ. . .

"ဟယ်! ပေါက်ပြီ, (1) တဲ့တော့"

"အိုး. . . ရှင့်အစား ကျွန်မရင်တွေ ခုန်လိုက်တာ"

"ကြည့်စမ်း!. . . တကယ်ကံထူးတာပဲ၊ ပျော်စရာကြီး"

"ကြောက်တတ်တဲ့ငွေသားကျမှ ပေါက်ရတယ်လို့ဟယ်"

(1) ဟု ပြူးပြူးကြီး ရေးထားတာကို မြင်လိုက်ရတာ
ကြောင့် ငွေသားတို့ ဂဏှာမငြိမ် အမာစိန့်တွေ ဖြစ်သွားတော့၏။
ငွေသား ရင်တွေခုန်လိုက်တာ မပြောပါနဲ့တော့။ ကြောက်လိုက်
တာလည်း လက်ဖျားတွေအေးလို့။ ဘုရားရေ. . . (1)ဆိုတော့
ဘယ်လိုယောက်ျားသား (1) နဲ့တွဲရတော့မှာလဲ။

"ဟင့်အင်း, မဖြစ်ဘူး. . . ကျွန်မကြောက်တယ်။ ရင်
ထဲမှာလည်း ဘယ်လိုကြီးဖြစ်လာမှန်းမသိဘူး။ ရှင်တို့တစ်ယောက်
ယောက် ယူလိုက်"

"ဟာ, ဘယ်ဟုတ်မလဲ၊ ကံစမ်းမဲပါဆိုမှ။ သူ့ကံနဲ့သူ
လာတာကို"

"အေးလေ, ဒီလိုလဲလိုက်တော့ ဗီလင်အောက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်မှမဟုတ်တာ ငွေသားရဲ့ ဘာလို့ကြောက်ရမှာလဲ"

"ဟုတ်ပါ့၊ ကိုယ့်ကံနဲ့ကိုယ်လာတာ၊ ရှင်က လုပြီးသားဆိုတော့ ပိုတောင်ဂုဏ်ယူရဦးမယ်"

သူငယ်ချင်းတွေက ထိုဒုတိယမဲကို ပေါက်သာပေါက်ချင်ကြတာ၊ သူတို့ပေါက်ချင်ပုံက အဖွဲ့ထဲမှတစ်ယောက်ယောက် ပေါက်ရင် ပြီးရောဆိုသည့်ပုံစံမျိုးမို့ တကယ်တမ်းလဲတော့ ဘယ်သူမှလက်မခံကြတော့။ နောက်ဆုံး ကိုယ့်မဲကိုယ်သာ ခပ်တင်းတင်းဆုပ်ကိုင်ပြီး ငြိမ်နေလိုက်ရလေ၏။ ခဏအတွင်း ပထမမဲအတွက် ဆုမဲထုတ်ယူမှုတွေ ပြီးဆုံးသွားသောအခါ ဒုတိယမဲဖြလှာ်ဖို့အတွက်အစီအစဉ်ကို ကြေငြာပါတော့သည်။

"ပျော်စရာကောင်းတဲ့ညချမ်းလေးပါပဲခင်ဗျာ။ ကျေးဇူးအများကြီးတင်ပါတယ်။ ဒုတိယမဲအတွက် အစီအစဉ်လေးကို နားဆင်ပေးပါခင်ဗျာ။ အခုဆိုရင် 1,2,3 မဲဆန္ဒရှင်တွေလည်း ရင်တွေ ခုန်နေလိမ့်မယ်ထင်ပါတယ်။ ကျွန်တော် . . . ပထမဆုံး ယောကျ်ားလေးနံပါတ် (1) လို့အော်လိုက်ရင် နံပါတ် (1) ပိုင်ရှင်က မတ်တပ်ရပ်ပေးရမှာဖြစ်ပါတယ်။ မိန်းကလေးနံပါတ်(1)လို့ အော်လိုက်ရင် နံပါတ်(1) ပိုင်ရှင်က မတ်တပ်ရပ်ပေးရမှာဖြစ်ပါတယ်။ အဲဒီလိုပဲ 2/2 နဲ့ 3/3 တွေလည်း မတ်တပ်ရပ်ပေးရမှာဖြစ်ပါတယ်"





အားလုံးငြိမ်သက်သွားကြ၏။ ဒီလောက် လူတွေအများကြီးထဲမှာ မတ်တပ်ရပ်ပေးရမယ်တဲ့။ ငွေသား ကြောက်လွန်း၍ နှုတ်ခမ်းတွေပင် တုန်ချင်လာသည်။

"ကဲ, အစီအစဉ် စပါမယ်ခင်ဗျာ။ OK...OK...Are you ready...ယောကျ်ားလေးနံပါတ်(1) "

ထိုအော်သံအဆုံး တစ်ဆိုင်လုံး လှုပ်လှုပ်ရှရှနှင့် တောင်ကြည့်မြောက်ကြည့်ဖြစ်ကုန်၏။ မကြည့်ရဲတာက ငွေသားတစ်ယောက်သာတည်း။

"အကယ်ဒမီပေးပွဲလိုပဲတော်၊ မီးဆလိုက် ထိုးရှာတာ"

"ဟောတော့! ဟဲ့. . . ငွေသား, ဟိုတစ်ယောက် ဟိုတစ်ယောက်"

"ကြည့်စမ်း! ငါ နိမိတ်ဖတ်တာ မှန်လိုက်တာ"

"ငွေသား, ဟိုမှာကြည့်စမ်း။ စောစောက ရှင့်ကိုကြည့်သွားတဲ့လူ"

သွားပြီ။ ငွေသား မျက်စိမှိတ်ထားလိုက်မိတော့၏။

"မိန်းကလေး နံပါတ်(1) မတ်တပ်ရပ်ပေးပါခင်ဗျာ"

နားထဲတိုးဝင်လာသော ကြော်ငြာအသံကြီးကြောင့် ထရဲတော့ဘဲ ပေကပ် ထိုင်နေမိပါသည်။ မီးဆလိုက်ကလည်း တဝဲဝဲနှင့် ရှာနေသည်။

"ဟဲ့, ငွေသား။ ဘာလုပ်နေတာလဲ, ရပ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . . ကြောက်တယ်, အရမ်းရှက်တယ်"

"ဗယ်လင်တိုင်းနေ့အမှတ်တရပါဆိုမှပဲဟယ်၊ ဘာကြော ရမှာလဲ"

"ဟိုမှာရာနေပြီဟဲ့"

"မြန်မြန်ထ. . . မြန်မြန်ထ"

"နံပါတ်(1) မိန်းကလေး. . . မတ်တပ်ရပ်ပေးပါခင်ဗျာ နံပါတ်(1) "

တကျော်ကျော်အော်နေမှာမို့ မတတ်သာသည့်အဆုံး မတ်တပ်ရပ်ပေးလိုက်ရတော့သည်။ ငွေသားမျက်စိထဲမှာ ဘာ မမြင်တော့၊ နားထဲမှာလည်း ဘာမှမကြားတော့. . . 2/2 တွေ 3/3 တွေလည်း ဘယ်သူဘယ်ဝါတွေမှန်း မကြည့်မိတော့။

"အားလုံးကို ပျော်စေချင်တဲ့ဆန္ဒနဲ့ပါခင်ဗျာ။ မရှက် နဲ့ မကြောက်ပါနဲ့၊ ပါဆယ်ဂိမ်းလိုပဲသဘောထားပါ။ အဲဒီအထု သုံးတွဲလုံးကို စင်ပေါ်ကြွဖို့ ဖိတ်ခေါ်ပါတယ်ခင်ဗျ"

ဆိုသည့်အသံကြီး ထပ်ထွက်လာမှ အသိပြန်ဝင်လာ တော့သည်။ မထူးတော့။ ဒီထိ ခရီးပေါက်မှတော့ ဆက်လျှော ဖို့သာ ရှိတော့၏။ သူငယ်ချင်းတွေက စင်နားထိ လိုက်ပို့ပေး သည်။ စင်ပေါ်ရောက်လျှင် နံပါတ်တူချင်းတွဲပြီး နေရာယူရ သည်။ Special gift အဖြစ် Skin care set တစ်စုံစီ ချီးမြှင့် တာကို လက်ခံရပါသည်။





ထိုဆိုင်လေးရဲ့ပျော်ရွှင်ဖွယ်ရာအစီအစဉ်အတွက် အလှ တုန် ကုမ္ပဏီတစ်ခုမှ Sponsor လုပ်ထားတာမို့ ဓာတ်ပုံရိုက်ခွင့် တွေ၊ အင်တာဗျူးလုပ်ခွင့်တွေကိုလည်း လက်ခံခဲ့ရလေ၏။ ရှက် ကြောက်နေသည့်ကြားမှ ရယ်စရာကောင်းတာတစ်ခုကတော့ ငွေ သားတို့ 1/1 ကမှ တကယ့်အဆင်အပြေဆုံး, တကယ်အလိုက် ဖက်ဆုံး စုံတွဲဖြစ်ခဲ့ပြီး 2/2 မှာ အပုနှင့်အရှည်ဖြစ်ကာ 3/3 က တော့ အဖြူနှင့်အမည်းဖြစ်နေကြခြင်းတည်း။

**(ပထမဆုံးစပြီး အင်တာဗျူးတာ ငွေသားတို့1/1 အတွဲ)**

"ဒီလိုလိုက်ဖက်ညီတဲ့ ကံစမ်းမဲကို ပေါက်ခဲ့တဲ့အတွက် ညီမလေးရဲ့ခံစားမှုကို ပြောပြပေးပါဦး"

"ရှင်ထဲမှာ အရမ်းလှုပ်ရှားနေခဲ့ပါတယ်၊ ဗယ်လင်တိုင်း အမှတ်တရမို့လို့လည်း အရမ်းပျော်ပါတယ်ရှင်"

"မောင်လေးကရော ဘယ်လိုခံစားရပါသလဲ"

"Heart beat က လုံးဝကို မြောင်းဆန်သွားတာပါပဲ ခင်ဗျ။ အရမ်းဂုဏ်ယူတယ်, အရမ်း အရမ်းကို ပျော်ပါတယ်"

"အိုး!. . ."

ငွေသား သူ့ကိုကြည့်လိုက်တော့ သူက မျက်စိတစ်ဖက် မှိတ်ပြလေသည်။

**(ငွေသားတို့အတွဲပြီးတော့ 2/2 အတွဲ)**

"တကယ့်ကိုလိုက်ဖက်ညီတဲ့အတွဲပါပဲကွယ်၊ ဒီမဲပေါက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့အတွက် ညီမလေး ဘယ်လိုခံစားရပါသလဲ”

“ပျော်ပါတယ်. . . ဟဲ. . . ဟဲ. . . လက်ညှိုးနဲ့လက်မ အရမ်းလိုက်ဖက်လို့ ပိုပြီးပျော်ပါတယ်။ ဒီလိုပွဲမျိုး နှစ်တိုင်းလုပ်ပေးစေချင်ပါတယ်ရှင်”

“မောင်လေး ပြောပြပါဦး”

“ပျော်တာပေါ့ဗျာ, ဘယ်လောက်လိုက်လဲ၊ ယောက်ျားလေး ပုနေရင် ဘာလုပ်မှာလဲ၊ မိန်းကလေးဆို ပုမှ, ယောက်ျားလေးဆို ရှည်မှ, မဟုတ်ဘူးလား”

“ဟုတ်ပါတယ်ကွယ်၊ ယောက်ျားဆို အရပ်ရှည်မှ ကြည့်ကောင်းတာပေါ့”

**(ပြီးတော့ 3/3 အတွဲ)**

“ဒီလိုလိုက်ဖက်ညီတဲ့ကံစမ်းမဲကို ပေါက်ခဲ့လို့ ဘယ်လိုခံစားရပါသလဲ ညီမလေး”

‘ဝမ်းသာပါတယ်ရှင့်, အရမ်းပျော်စရာကောင်းပါတယ်။ ဒီလိုပတ္တမြားခဲနဲ့ တွဲရတဲ့အတွက်လည်း ဂုဏ်ယူပါတယ်”

“ပျော်စရာကောင်းပါတယ်ခင်ဗျ၊ Black & White ဆိုတော့ မိုက်တာပေါ့နော်။ ခုခေတ်က Black & White ဒီဇိုင်းတွေကိုပဲ ခိုက်နေကြတာမို့လား. . . ဟဲ. . . ဟဲ”

“ဒါပေါ့, တို့တောင် Black & White ဒီဇိုင်းကို ဝတ်ထားတာလေ’





အဲဒီလိုနှင့် ငွေသားတို့သည်. . . တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်မိတ်ဆက်ကြ၊ Valentine's အမှတ်တရ ဆက်ဆောင်တွေ ပေးကြ၊ ဖုန်းနံပါတ်တွေ ဖလှယ်ကြ၊ သူငယ်ချင်းတွေနှင့်မိတ်ဆက်ပေးကြ, စသဖြင့် ထိုမှထိုမှအစပြုလို့ ညိုသွေးနှင့်ငွေသား ချစ်သူဘဝသို့ ရောက်သွားခဲ့ကြတာဖြစ်ပါသည်။

ငွေသားက ညိုသွေးနှင့်တွေ့ဆုံခဲ့ပုံ အစအဆုံးကို ပြောပြီးချိန်မှာတော့ ဖေဖေပြုံးလျက် ခေါင်းတဆတ်ဆတ်ညိတ်၏။

“အင်း, သမီးတို့အဖြစ်က ဦးမျိုးမြွေပြောသလို ချစ်သူမရှိသို့ ချစ်သူအရှာထွက်တာနဲ့ တူမနေဘူးလား”

“ဟာ, ဖေဖေကလည်း သမီးတို့နှစ်ယောက်က ဖူးစာပါလို့ ဒီလိုဖြစ်ခဲ့ကြတာပါ။ ညိုသွေးက ကျန်တဲ့နှစ်တွဲကို စုံစမ်းကြည့်လိုက်တော့ ဘာမှမဖြစ်ကြဘူးတဲ့. . . တစ်ယောက်နဲ့တစ်ယောက် တွေ့တောင်မတွေ့ကြတော့ဘူးတဲ့။ ဒါမျိုးတွေက ဒီခေတ်မှာ မဆန်းတော့ဘူးဖေဖေရဲ့။ ဖေဖေတို့ခေတ်နဲ့ယှဉ်ရင်သာ ဆန်းချင်ဆန်းနေမှာ။ ဒီမှာကြည့်,ဖေဖေ၊ သမီးနဲ့မလိုက်ဘူးလား”

ငွေသားကပြောရင်း ဖုန်းထဲမှာထည့်ထားသော ညိုသွေးရဲ့ဓာတ်ပုံလေးကို ထောင်ပြလိုက်သည်။

“အောင်မာ! ဒီကောင် တော်တော်ဖြောင့်တာပဲ။ စောစောက ဖေဖေ သေချာမကြည့်ဖြစ်ခဲ့ဘူး”

“သူ့အမေက ပိုတောင်ချောသေးတယ်။ ဒါဆို အိုကေ



www.burmeseclassic.com

www.burmeseclassic.com



ပြီနော် ဖေဖေ၊ သမီး သူ့ဆီကို ဖုန်းဆက်လိုက်တော့မယ်။ နားထောင်ကြည့်"

ငွေသားသည် ဖုန်းနံပါတ်လေးကိုတို့ပြီး စပီကာဖွင့်လိုက်ပါသည်။

"အင်း, ငွေသားလေး မျှော်နေတာ ကြာလှပြီ။ စိတ်လွန်းလို့ သေတော့မယ်ကွာ။ ဘာတွေဖြစ်သေးလဲ, အဆင်ရဲ့လား"

"အဆင်ပြေပါတယ် ညီ့သွေးရဲ့၊ ဘာမှမဖြစ်ပါဘူး။ ဖေဖေက အမှတ်တမဲ့မြင်ပြီး စိတ်ပူလို့ လာခေါ်သွားတာပါ။ ကျွန်မ ဖေဖေ့ကိုအားလုံးဖွင့်ပြောလိုက်ပြီ။ ဖေဖေက စဉ်းစားမယ်တဲ့"

"အား. . .ကြည့်စမ်း! တကယ်! ကိုယ် ဝမ်းသာလိုက်တာ ငွေသားရယ်။ ငွေသားဖေဖေက တကယ်သဘောကောင်းတာပဲ။ ကိုယ်လည်း ဒီမှာ မေမေ့ကိုဖွင့်ပြောလိုက်ပြီ"

"ဘာပြောလဲဟင်"

"အရမ်းပျော်နေတယ်၊ ကိုယ်သာ စိတ်တည်ငြိမ်ဖို့ လိုတယ်တဲ့။ ကိုယ့်ထက်ပဲ ငွေသားဘက်ကို ပိုပြီးစိတ်ပူပေးနေတာ ပြီးတော့ မေမေ့ကို ငွေသားနဲ့တွေ့ဖို့ စီစဉ်ပေးမယ်လို့ပြောလိုက် မိတာ, အခု ဘယ်လိုမှမနိုင်တော့ဘူး. . . အရမ်းတွေ့ချင်နေပြီ အဲဒါ နှစ်ရက်သုံးရက်အတွင်း တွေ့ပေးနိုင်မလား"

"ကျွန်မလည်း ဖေဖေ့ကို ညီ့သွေးနဲ့တွေ့ကြည့်ဖို့ ပြောတယ်"

"ဒါဆို အိုခေတာပေါ့၊ ကိုယ်လည်း ယောက္ခမကြီးနဲ့ တွေ့ချင်နေတာ။ နှစ်ရက်သုံးရက်အတွင်း တွေ့လို့ရအောင် ကြည့်ပါလား ငွေသား။ မေမေက ဘန်ကောက်ကရှိုးပွဲ ပွဲကို သွားစရာရှိလို့ မသွားခင် တွေ့ချင်တယ်တဲ့"

ငွေသားသည် ဖေဖေနှင့်အတူ နားထောင်နေရင်းမှ ဖေ ပေါ် မေးတင်ပြီး နွဲ့ပြလိုက်လျှင် ဖေဖေ မနေနိုင်တော့ဘဲ ညိတ်ပြပါတော့သည်။

"အင်း, ကျွန်မ ဖြစ်အောင်ကြိုးစားပေးပါ့မယ် ညီ့သွေး။ တ်ကျ ဖေဖေနဲ့တိုင်ပင်ပြီး ဖုန်းဆက်လိုက်မယ်။ ဒါပဲနော်"

"အိုခေ, Happy birthday ငွေသားလေးရေ၊ အရမ်း ချစ်တယ်"

"Same to you! "

ဖုန်းပြောပြီးတော့ ဖေဖေက အံ့ဩဖွယ်ကောင်းစွာ ငွေ သားကို ညင်ညင်သာသာထွေးပွေ့ထားပါတော့သည်။ ပြီးတော့ တော့ပြင်လေးကိုပုတ်ရင်း. . .

"ငါ့သမီးလေး အချစ်ကံကောင်းပါစေ, အိမ်ထောင်ကျ လည်း ကံကောင်းပါစေ"

ဟု ထူးထူးဆန်းဆန်း နှစ်သိမ့်ပေးလေ၏။

◙◙◙





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ဆူးမရေ့၊ ပြင်ပြီးပြီလားဟေ့"

"ဟုတ်, ပြီးပါပြီ အန်တီညို"

"ပြီးရင် ယူလာခဲ့တော့၊ တို့သား သွားတော့မယ်။ ဟဲ့, ဆွေရော... မဆွေ, ဘယ်ရောက်သွားပြန်ပြီလဲ"

"ဒီမှာ... လာပြီ လာပြီ၊ ဖုန်းသံကြားလို့ ဝင်ကြည့်နေတာ။ အလစ်ကို မပေးပါလားတော်။ ရှင့်သားကို ခြံရှေ့ထိ လိုက်ပို့မှာပါ ညိုရယ်။ ဖြစ်နိုင်ရင်လေ, ဂျင်မို့လက်နဲ့ ညိုသွေးလက်ကို ဆက်တောင် ပေးလိုက်ချင်တာ"

"ဟာ, အန်တီဆွေကလည်း ဘယ်လိုတွေပြောနေတာလဲ။ ယောက္ခမလက်နဲ့ ဆက်ပေးရမှာလား... သူ့သမီးလက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဆက်ပေးရမှာကို''

''မင်းအမေ ပိုလွန်းကဲလွန်းလို့ပြောရတာ။ ဒီရက်အတွင်း သားအမိနှစ်ယောက်လုံး ကြည့်လို့ကိုမရဘူး။ သားက ဒါဆို ဒါ၊ သား ဘာပြောပြော ယုံလိုက်တာပဲ။ ဟိုဘက်က စိတ်သဘော ထားတွေ ဘယ်လိုရှိမယ်ဆိုတာ အရင်မလေ့လာဘူး။ ညီတို့လူ ယုံလွယ်ချက်ကတော့ လက်ဖျားခါတယ်''

''လူယုံလွယ်တာထက် ဒီသားကို ပိုယုံတာ။ ကျုပ်သား ကို အပြည့်အဝယုံပြီးသား။ ကျုပ်သားက ကျုပ်စိတ်ဆင်းရဲအောင် ဘာတစ်ခုမှလုပ်ခဲ့တဲ့ကလေးမဟုတ်ဘူး။ မအေကို တစ်သက်လုံး စိတ်ချမ်းသာအောင် ထားမယ့်ကလေး''

''ဒါပဲပေါ့၊ ကြားတဲ့အတိုင်းပဲနော် အန်တီဆွေ။ မေမေ က သားကို အပြည့်အဝယုံသလို သားကလည်း မေမေ့ကို အပြည့် အဝယုံပြီးသား။ သား ငွေသားကို ဘယ်လောက်ချစ်ချစ် မေမေ က ဘဝမှာ နံပါတ်တစ်ပဲ''

''အောင်မယ်. . . အောင်မယ်. . . ကြည့်စမ်းပါဦး၊ ဖြစ် နေလိုက်ကြတာ။ အေး, ဟိုဘက်ကလည်း မင်းလိုပဲနေမှာ။ သမီး ညီ့သွေးကို ဘယ်လောက်ချစ်ချစ် ဖေဖေက ဘဝမှာ နံပါတ်တစ် . . . လို့''

''ကဲပါ မဆွေရယ်၊ ကလေးတွေပဲ, နားလည်ပေးလိုက် ပါ။ ဒီအရွယ်တွေက ဒီလိုပဲ ပြောတတ်ကြတာကို။ မဆွေစကား





ကြည့်ရင် သဘောထားဘယ်လိုရှိလဲဆိုတာ သိရမှာပေါ့။ ဒါ သားဒီဇိုင်းကို သေချာကြည့်ပါဦး မဆွေရဲ့။ လူကြီးတစ်ယောက် အမြင်မှာ အဆင်ပြေနိုင်ပါတယ်နော်''

''ကြည့်ရလွန်းလို့ မျက်စိတွေလည်း ထွက်ကျပါတော့ ယ် ညီ့ရယ်. . . ယောက္ခမက မြင်ချင်လို့ခေါ်တွေ့တာပဲဟာ။ အနောက်တိုင်းဝတ်စုံတွေ မြန်မာဝတ်စုံတွေ ဆင်ပေးရဦးမှာလား။ ရှင်ဆင်ပေးထားတာက သက်တောင့်သက်သာအရှိဆုံးပဲ။ ဝရီးစတိုင်လ်၊ ရှပ်အင်္ကျီနဲ့ ဂျင်းနက်ဘောင်းဘီဆိုတာ ဘယ် နှိုက်ကြည့်ကြည့် အဆင်အပြေဆုံး''

''ဟုတ်သားပဲ မေမေရဲ့၊ ဒါကောင်းပါတယ်။ မေမေနဲ့ န်တီဆွေက ဒီဇိုင်နာတွေဆိုတော့ ဘယ်နေရာသွားရင် ဘာ ရမယ်, ဘယ်ပွဲတက်ရင် ဘယ်လိုဝတ်စုံဝတ်ရမယ်ဆိုတာ သိ သားပဲဟာ''

''ဒီမှာ ညီ၊ ရှင်ကသာ ရှင့်သားကို ဘယ်နေရာသွားရင် ဝတ်သွားဆိုပြီး အဘိုးအိုပေါက်စလေးလို စီစဉ်ပေးနေတာ၊ ယောက္ခမ ဂျင်မီကဖြင့် ရိုးရိုးဂျင်မီမဟုတ်ဘူး, ဂေါ်လီဂျင်မီ''

''ဘုရားရေ''

''ဒီခေတ်ကလေးတွေရဲ့ဒီဇိုင်းကို သနားသေးတယ်ဆို အစားထဲက။ ဟောလီးဝုဒ်မင်းသားတွေက အရှုံးပေးရတယ် ဒေါ်မေညီ့သွေး။ ဘယ်အချိန်ကြည့်ကြည့် လန်ထွက်နေတာ၊



www.burmeseclassic.com

www.burmeseclassic.com



အရင်ရက်က ရှင့်သားနောက်ကိုလိုက်သွားတုန်းက မမြင်ခဲ့
လား''

"ဘောင်းဘီတော့ ဘောင်းဘီနဲ့ပဲ၊ အဝေးကနေ
လေးပဲ မြင်လိုက်ရတာဆိုတော့ ဘယ်သဲသဲကွဲကွဲသိမှာလဲ၊
ပါတော့. . . အခုဟာက သားက ဘော်ဒါကဗျာနဲ့သွားတွေ့
မဟုတ်ဘဲ သမက်တစ်ယောက်အနေနဲ့ သွားတွေ့ရမှာမို့လို့ စိုး
မိတာပါ''

"ဘာမှမစိုးရိမ်နဲ့ မမေ၊ ငွေသားတစ်ယောက်လုံး
တယ်။ အားလုံး အိုကေစေရမယ်။ ကဲ, သား သွားမယ်

"အမြင်မတော်တာ ဘာတစ်ခုမှ မဖြစ်စေနဲ့နော် သ
လူကြီးနဲ့ဆက်ဆံတဲ့အခါမှာ ရိုသေလေးစားမှုအပြည့်အဝရှိ
စကားအပြောအဆို ဆင်ခြင်ပါ၊ လိမ်လိမ်မာမာဆက်ဆံပါ။ အ
ကုန်လိုက်လျောနော် သား။ မမေက သဘောတူတဲ့အကြောင်း
ကို ပြောဖြစ်အောင် ပြောခဲ့နော်''

"စိတ်ချပါ မမေရယ်၊ သန့်စင်ညိုသွေးဆိုတဲ့သာ
သူမတူအောင် လိမ္မာပြီးသားပါ။ မမေဒေါ်မေညိုသွေးရဲ့
သင်ဆုံးမမှုအောက်မှာ ကြီးပြင်းခဲ့ရတာပဲ, ဘယ်သူလိုက်မီ
လဲ''

"ဟုတ်ပါပြီ. . . ကဲ, သွားရအောင်၊ ဆူးမရေ, လ
ဆောင်တွေ ကားထဲထည့်မယ်''





"ဟုတ်"

ပြောပြောဆိုဆိုနှင့် အိမ်ရှိလူအားလုံး ကားနားထိရောက်
ကြလေသည်။ ငွေသားဖေဖေဆီမှ 'စဉ်းစားပေးမယ်' ဆိုသည့်
ဖြေရကတည်းက တက်တက်ကြွကြွရှိခဲ့သောမေမေသည် အခု
အိမ်ခေါ်တွေ့ဖို့ ကမ်းလှမ်းလိုက်သောအခါ ညိုသွေးထက်ပင်
ပျော်မြူးနေခဲ့တာ အံ့သြဖွယ်ကောင်းလှလေ၏။

ညဘက် ငွေသား လာရောက်တွေ့ဆုံမည့် အခွင့်အရေး
ချက်ချင်းပေးခဲ့ပြန်တော့ ပိုဆိုးတော့၏။ လက်ဆောင်ပစ္စည်း
စီစဉ်, အဝတ်အထည်တွေ ရွေး, အိမ်သန့်ရှင်းရေးတွေ လုပ်,
ချိန်လုံး ဆုံးမ. . . ဒင်နာအတွက် ဖွယ်ဖွယ်ရာရာတွေ စီမံ,
ည်ဖြင့် အလုပ်ရှုပ်နေတော့သည်။

အခုလည်း ကားပေါ်တက်ခါနီးအထိ မှာတော်မူခန်းက
ပြတ်ချင်သေး။ ဆူးမက ပစ္စည်းတွေ ထည့်ပေးပြီး၊ သူက
ဖို့ တံခါးကိုဖွင့်လိုက်စဉ်. . .

"သား, ခဏ"

ဟုခေါ်ပြန်လေသည်။ သူလှည့်ကြည့်လိုက်လျှင် မေမေ
သူ့ကိုပွေ့ဖက်ပြီး ကျောပြင်လေးကို ခပ်ရွရွပုတ်ကာ. . .

"ငါ့သားလေး အချစ်ကံကောင်းပါစေ, အိမ်ထောင်ကျ
ကောင်းပါစေကွယ်''

ဟု အားပေးပြန်ပါသည်။ သူကလည်း. . .



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူပါနဲ့ မေမေ၊ မေမေ့ဆန္ဒ တကယ်ပြည့်မှာပါ"

ဆိုပြီး ပြန်လည်ပွေ့ဖက်၍ နှစ်သိမ့်ပေးလိုက်ပါသည်။

"မြန်မာပြည်မှာ ဒီလောက်ချစ်ကြတဲ့သားအမိ ငါမတွေ့ ဖူးသေးပါလား။ ဒြော်, ညို. . . ညို. . . သားကိုချစ်လိုက်ပုံများ အားကျစရာကောင်းလောက်အောင် ချစ်တာထက် သနားစရာ ကောင်းအောင် ချစ်နေတာပဲ။ ယောက္ခမနဲ့ ခဏလေးသွားတွေ့ ရတာကို လက်ထပ်ပြီး တစ်သက်လုံး ထည့်လွှတ်လိုက်ရတဲ့ပုံ မျိုး ဖြစ်နေပြီ ညိုရယ်"

အန်တီဆွေ့စကားဆုံးမှ သူ မေမေ့ကိုလွှတ်ပေးပြီး ထွက် လာခဲ့တော့သည်။ ငွေသားအိမ်ကိုရောက်တော့ ရှိသမျှမိသား လေးနှင့် ကြိုဆိုလိုက်ပုံက ထင်ထားတာထက်ပိုပြီး နွေးနွေး ထွေးရှိလွန်းလှပါသည်။ ပထမဆုံး ငွေသားက ကားနားထိ ကြို၏။

"ဖေဖေရေ့, ဦးမျိုး, ညိုသွေး ရောက်လာပါပြီ၊ ညိုတွေ့ အချိန်ကွက်တိပဲနော်"

"ဒါပေါ့, နာရီကြည့်ထားတာလား"

"အင်း"

"ဒီလိုကွက်တိရောက်ဖို့အတွက် သူများတွေထက် အချိန် တစ်နာရီလောက် ကြိုပြင်ရတယ် ငွေသားရဲ့"

"ဘာဖြစ်လို့လဲ"





"မေမေက ကားမထွက်မချင်း မှာတာတွေ မပြီးပြတ် နိုင်လို့လေ"

"ကြည့်စမ်း! . . . မေမေက ဒီလောက်တောင်ပဲလား။ ဒါတွေကရော ဘာလဲဟင်'

"မေမေပဲလေ, လက်ဆောင်တွေ ထည့်ပေးလိုက်တာ"

"ဒီလောက်ထိ မလိုပါဘူး ညိုသွေးရယ်၊ အားနာစရာ"

"ဒီလိုဆန္ဒမျိုးကျတော့ မေမေ့ကို တားလို့မရဘူး ချစ် ရဲ့"

စကားတတွတ်တွတ်ပြောရင်း အိမ်ထဲရောက်လာချိန်မှာ ငွေသားဖေဖေရယ်, ဦးမျိုးရယ်, မိန်းကလေးတစ်ယောက်ရယ် က မတ်တပ်ရပ်လျက် ဆီးကြိုနေပါသည်။

"ဖေဖေ, ဒါ ညိုသွေးပါ၊ ညိုသွေး. . . ဒါက ဖေဖေ ဦးကျင်မီး ဒါက မေမေ့မောင် ဦးမျိုး, ဒါကတော့ ကျွန်မအတွက် အဖော်, မလေးလို့ ခေါ်ပါတယ်"

"ဟုတ်, တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ။ ကျွန်တော် သန့်စင်ညိုသွေးပါ"

ညိုသွေးသည် ပစ္စည်းတွေကို စားပွဲပေါ်တင်၍ လူကြီး နှစ်ယောက်ကို လက်ဆွဲနှုတ်ဆက်လိုက်ပါသည်။

"တွေ့ရတာ ဝမ်းသာပါတယ် ချာတိတ်၊ သန့်စင်ညို သွေးက လူခန့်ချောလေးပဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပြောရင် ကျွန်တော့်ထက် မေမေက ပိုပြီးသဘောကျပါတယ်ခင်ဗျ။ ဒါပေမဲ့ ဦးက ပိုပြီးမိုက်ပါတယ်"

"အေးကွာ. . . အဲလိုအပြောခံရလို့ ထင်ပါရဲ့၊ ဦး တစ်နေ့တခြား နု, နုလာတာ. . . ဟား. . . ဟား. . . ဟား"

"ဦးကသာ ကျွန်တော့်ကိုမမြင်ဖူးတာပါ၊ ကျွန်တော်ကတော့ ဦးက Stylist တစ်ယောက်မို့ ကောင်းကောင်းကြီးသိနေပါတယ်။ ဦးမျိုးနဲ့လည်း တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ"

"အေးကွာ, ငါ့တူမရဲ့ချစ်သူလေး. . . ရိုးရိုးချစ်သူမဟုတ်ဘူး, ဇယ်လတိုင်းချစ်သူ, ဟုတ်လား"

"ဟင်း. . . အဲဒီတုန်းက ဦးမျိုးသာမလွှတ်ရင် သမီး ညီသွေးနဲ့တွေ့ရမှာမဟုတ်ဘူး"

"ကဲ, ထိုင်ပါ သန့်စင်ညီ့သွေး။ ဦးတို့ အေးအေး လွတ်လွတ်လပ်လပ် စကားပြောကြတာပေါ့ကွာ။ ထမင်းအိုးမကိုင်ဖူးတဲ့သမီးက ဒီနေ့ မင်းနဲ့ Lunch အတူတူစားရမှာမို့ Kitchen ထဲကို ကိုယ်တိုင်ဝင်နေတာကွ"

"ဟုတ်လား"

"အံမယ်. . . မင်း ငါ့တူမများ ဘာမှတ်နေသလဲ၊ မီးဖိုဆောင်ထဲ ကိုယ်တိုင်ဝင်တာ။ ကိုယ်တိုင်ဝင်ပြီး ချက်တယ်လို့တော့ မထင်လိုက်နဲ့။ တောင်ပြောမြောက်ပြော ဟိုဟာလာနှိုက် ဒီဟာနှိုက်, မြည်းပေါ့ကွာ"





"ဟား. . . ဟား. . . ဟား"

အားလုံးရယ်ပြီး ထိုင်လိုက်ကြတော့သည်။

"ကဲ, ပြောစရာရှိတာ အေးအေးပြောကြကွာ။ ဦးမျိုး အလုပ်ကို ခဏသွားရဦးမယ်"

"ဟုတ်ကဲ့ပါ ဦးမျိုး"

ဦးမျိုးထွက်သွားတော့ ငွေသားဖေဖေက ငွေသားကိုပါ ခေါင်းထုတ်တော့သည်။

"သမီးလည်း ကိုယ့်အခန်းထဲကိုယ် သွားနေရင် ကောင်းသိမ့်မယ်ထင်တယ်။ ဒါမှမဟုတ်လည်း တခြားလုပ်စရာရှိတာ သွားလုပ်"

"ဟာ. . . ဖေဖေကလည်း သမီးရှိနေမှ ဖြစ်မှာကို"

"သမီး မရှိမှဖြစ်မှာ၊ ဒါယောက်ျားချင်း ပြောရမယ့်ကိစ္စ ဒီလောက်အလိုလိုက်ပေးထားတာ တော်ရောပေါ့။ ရောင့်မတက်နဲ့. . . သွား, ရှုပ်တယ်"

ငွေသား နှုတ်ခမ်းစူပြီး ဖျပ်ခနဲခြေဆောင့်၍ ထွက်သွားတော့၏။ အကွယ်တစ်နေရာရောက်မှ သူ့ကိုပြုံးစိစိနှင့် Peace ထုပ်ပြလေသည်။ သားအဖနှစ်ယောက် အတူတူပဲဖြစ်မည်။ ဦးရှင်မီကလည်း ငွေသား ပျောက်ကွယ်သွားမှ. . .

"ဘယ်လိုမှမအောင်မေ့နဲ့ ချာတိတ်၊ အခုတစ်ယောက်နဲ့မကို ကြည့်မရဘူးဖြစ်နေတယ်. . . မနိုင်ဘူး။ သမီးမိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



မွေးထားတာ မကောင်းဘူးကွ။ မင်း အိမ်ထောင်ပြုလို့ ကလေး ယူဖို့စိတ်ကူးရင် ယောက်ျားလေး မွေးပါစေလို့ပဲ ဆုတောင်းကွာ"

ဟု ပြောလေသည်။ ဘာပဲဖြစ်ဖြစ် ပွင့်ပွင့်လင်းလင်းနှ လှသော၊ ဖက်လှဲတကင်းရှိလှသော မိသားစုမှ ညီသွေး အကြီး အကျယ်ကျေနပ်ကာ အပြောအဆိုအနေအထိုင်တွေ ခက်ခဲမှု တော့ဘဲ သက်တောင့်သက်သာဖြစ်သွားခဲ့ပါသည်။

"တကယ်တော့ ကျွန်တော်က ဦးကို ငွေသားလို့ပဲ ခေ ဖေလို့ ခေါ်ချင်တာခင်ဗျ။ ငွေသားကလည်း ခေါ်စေချင်ပုံရပါတယ် ကျွန်တော်ကလည်း ရင်ထဲကနေ ခေါ်ချင်လာပါတယ်။ ဒါပေမဲ့ ချက်ချင်းကြီးဆိုတော့ ဦး အနေရခက်မယ်ထင်လို့ပါ။ နားလည် ပေးပါ, ဦး"

ဒီတစ်ခါတော့ ဦးဂျင်မီက သူ့ကိုစကားမပြန်ဘဲ နှုတ် ခမ်း တင်းတင်းစေ့လျက် ပြုံးပြီးစိုက်ကြည့်နေပါသည်။

"ပြီးတော့ ငွေသားနဲ့ ကျွန်တော့်ရဲ့အခြေအနေကို ဦး လည်း သိပြီးလောက်ပါပြီ။ ငွေသားပြောပြတဲ့အတိုင်းပဲ ကျူညီတဲ့ နှလုံးသားတွေနဲ့ ဆုံးဖြတ်ခဲ့တာပါ။ တစ်သက်လုံးမပြောင်းလဲဘဲ လက်တွဲသွားမှာမို့လို့ ကျွန်တော်တို့နှစ်ယောက်ကို နားလည်ခွင့် လွှတ်ပေးစေချင်ပါတယ်"

"နားလည်း လည်ပါတယ်၊ ခွင့်လည်း လွှတ်ပါတယ် ကွာ။ ဒါကြောင့်မို့ မင်း ဒီရောက်လာတာပေါ့။ ဒါမျိုးကိစ္စတွေက





တာရင် ဖွတ်တိုးတတ်တယ်ကွ"

"ဟုတ်, ကျေးဇူးတင်ပါတယ် ဦး၊ ဒါတွေက ဦးအတွက် မေမေ လက်ဆောင်ပေးလိုက်တာပါ"

"ဒါတွေလုပ်လာဖို့ မလိုပါဘူးကွာ၊ ဒီတိုင်း ပေါ့ပေါ့ပါး ပါး လွှတ်လွှတ်လပ်လပ်ပဲ တွေ့လိုက်ရင် ပြီးတာပဲ"

"မေမေက သန္တပြင်းပြနေလို့ပါ။ ဦးက ကော်ဖီတို့ ရေ နွေးကြမ်းတို့ ကြိုက်ပါသလားခင်ဗျ"

"အင်း. . . ကြိုက်တာပေါ့။ ကော်ဖီက တစ်နေ့ကို မနက် တစ်ခွက် နေ့လယ်တစ်ခွက် ပုံမှန်သောက်တယ်။ ရေနွေးကြမ်း ကတော့ ညဘက် ဘောလုံးပွဲကြည့်တဲ့အချိန်တို့, ထမင်းစားပြီး အချိုတည်းတဲ့အချိန်တို့ သောက်တယ်"

"ဒါဆို အိုကေပဲ ဦး။ မေမေက စင်္ကာပူက ဝယ်လာ တဲ့ ကော်ဖီရယ်၊ ဟောင်ကောင်ကရတဲ့ လက်ဖက်ခြောက်ရယ် ထည့်ပေးလိုက်ပါတယ်။ ပြီးတော့ ဦးတို့အိမ်မှာ အိမ်ရှင်မ မရှိတဲ့ အတွက် တစ်ခါတလေ အိမ်ရှင်မတွေရဲ့လက်ရာကို စားချင်မှာ ပဲတဲ့"

"ဒါပေါ့, မင်းအမေက အဲဒီလိုတွေးလား၊ ဟုတ်တယ် တစ်ခါတလေ အဲဒီစိတ်ကူးပေါ်တယ်။ မလေးကလည်း ချက်တော့ ချက်တာပဲ၊ ကလေးဆိုတော့ အဆင်မပြေတာ,များတယ်။ အဲဒါ မျိုးကတော့ ဟင်းချက်ကောင်းပေမယ့် အတွဲအစပ်သိပ်မတည့်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ဆိုင်တွေမှာပဲ စားဖြစ်တာများတယ်။ ကြာလာတော့လည်း ရိုးတာပေါ့ကွာ''

''အဲဒါကြောင့် မေမေက ဟင်းတွေ ကိုယ်တိုင်ချက်ပေး လိုက်ပါတယ်ခင်ဗျ။ ဝက်သားလုံးကြော်ရယ်၊ ငါးခူကြော်နှပ်ရယ်၊ ငရုတ်သီးကြော်ရယ်၊ ငရုတ်သီးကြော်က ဘာလချောင်ပုံစံမျိုး သိပ်မစပ်ဘဲ အရသာရှိတယ်တဲ့။ ပြီးတော့ မန်ကျည်းသီးကြော် ရယ်၊ မန်ကျည်းသီးကြော်က ငါးပိတွေ ပုစွန်ခြောက်တွေနဲ့ကြော် ထားတာပါ၊ မန်ကျည်းသီးအမှည့်ပါ။ ကျန်းမာရေးအတွက်လည်း ကောင်းတယ်။ ကြာကြာလည်း အထားခံတယ်တဲ့''

''ဟား. . . တကယ့်ဟင်းကောင်းတွေပဲ၊ မင်းအမေက စေ့စပ်သေချာတာပဲကွ။ ဒါကြောင့် သူ့လက်ရာတွေ နာမည်ကြီး တာ။ အရမ်းအနုစိတ်တယ်၊ တော်တော်စိတ်ရှည်တယ်၊ အချက် အပြုတ်လည်း ကျွမ်းတယ်ပေါ့''

''ကျွမ်းတယ်ခင်ဗျ၊ ဒါပေမဲ့ မချက်ဘူး၊ အချိန်မပေးနိုင် ဘူး။ ခုမှ ကျွန်တော့်ကိစ္စမို့ စိတ်ပါလက်ပါလုပ်ပေးလိုက်တာပါ။ သူ့ခေါင်းထဲမှာ အချိန်ပြည့်ဒီဇိုင်းတွေပဲ ရှိနေတာ''

''ဒီလိုပဲကွ၊ Professional ဝါသနာတစ်ခု ရှိနေတဲ့လူ တွေက မီးဖိုချောင်အလုပ်ကို လှည့်ကြည့်ချင်ကြတာမဟုတ်ဘူး။ အိုခေ၊ ကျေးဇူးပဲကွာ. . . အားနာစရာကောင်းပေမယ့် စေတနာ နဲ့ အပင်ပန်းခံပြီး လုပ်ပေးလိုက်တာမို့ ကောင်းကောင်းစားပါ့မယ်





လို့ မင်းအမေကို ပြောပေး၊ ကျေးဇူးတင်တဲ့အကြောင်းကိုလည်း သေသေချာချာပြောနော်။ ကဲ၊ မလေး. . . ဘယ်ရောက်သွားပြီ လဲ၊ မလေးရေ၊ ဒီပစ္စည်းတွေ လာယူဟေ့''

''ဟုတ်ကဲ့၊ လာပါပြီ၊ ကော်ဖီလည်း ရပါပြီရှင့်''

ကောင်မလေးက စားသောက်ဖွယ်ရာတွေ လာချပေး ပြီး လက်ဆောင်ပစ္စည်းတွေကို သယ်သွားတော့သည်။

''ကဲ၊ ကော်ဖီသောက်ပါ သန့်စင်ညိုသွေး။ လွတ်လွတ် လပ်လပ်နေပြီး ပွင့်ပွင့်လင်းလင်းပဲပြော။ ဦး၊ လူငယ်တွေကို နား လည်ပေးတတ်ပါတယ်''

''ဟုတ်ကဲ့ခင်ဗျ''

''ဒါနဲ့ မင်းက အိမ်ထောင်ရေးကို စောစောစီးစီးဆုံးဖြတ် ပြီးပြီလား''

''ကျွန်တော့်ချစ်သူက ငွေသားဖြစ်နေလို့ ဆုံးဖြတ်ရတာ ပါ။ ငွေသားမှမဟုတ်ရင် ဒီထိ စိတ်ကူးချင်မှကူးမှာပါ။ ဟို၊ ခု ချက်ချင်းကြီးလည်း မဟုတ်ပါဘူး၊ ဦး။ နှစ်ယောက်လုံး ကျောင်း ပြီးမှပါ။ အသိအမှတ်ပြုပေးပါ၊ ဦး''

''အေးလေ၊ သမီးရဲ့ချစ်သူအဖြစ် အသိအမှတ်ပြုလို့ လည်း အခု ကော်ဖီအတူတူသောက်နေပြီပဲ''

''ဟုတ်၊ ကျေးဇူးတင်ပါတယ် ဦး. . . ကျွန်တော်အသိ အမှတ်ပြုစေချင်တာက ချစ်သူထက်ပိုတဲ့ သမက်တစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com

မျိုးပါ။ စေ့စပ်တာမျိုးပဲဖြစ်ဖြစ်''

''အင်း. . . စဉ်းစားရမှာပေါ့ကွာ၊ မင်းတို့နှစ်ယောက်က ဂိုဒီယိုနဲ့ ဂျူးလီးယက်လို လုပ်မယ့်အစားထဲကဆိုတော့ မတတ်သာတဲ့အဆုံး ဒီလိုပဲ သွားကြည့်ရမှာပေါ့''

''မေမေကတော့ အပြည့်အဝသဘောတူပါတယ်။ မိန်းကလေးရှင်ရဲ့ဆန္ဒအတိုင်း တောင်းဆိုသမျှအားလုံး တတ်နိုင်သမျှ ပံ့အောပြီး လိုက်လျောသွားပါ့မယ်တဲ့''

''အေး, အဲဒီလိုသဘောထားရှိတဲ့အတွက်လည်း ဦးက မင်းအမေကို ကျေးဇူးထပ်ပြီး တင်ပါတယ်ကွာ။ ဒါပေမဲ့ ဦးက အဲဒါတွေ သိပ်စိတ်ဝင်စားတာမဟုတ်ဘူးကွ။ ဦးစိတ်ဝင်စားတာက ဒီအရွယ်လေးနဲ့ အိမ်ထောင်ရေးကို အရမ်းစိတ်ထက်သန်နေတဲ့မင်းကိုပဲ. . . မဟုတ်သေးဘူးထင်တယ်''

''ဟို. . . ကျွန်တော်နဲ့ငွေသားက အဲလောက်ထိ ချစ်နေကြတာဆိုတော့ ဦးအပြစ်တင်ရင်လည်း ခံရမှာပါ''

''ဘယ်လောက်ပဲ ချမ်းသာချမ်းသာ, အိမ်ထောင်ရေးဆိုတာ ထင်သလောက် မလွယ်ဘူးနော် သန့်စင်ညိုသွေး။ ပြုသင့်ပြုထိုက်တဲ့အရွယ်ရောက်လို့ ပြုကြတဲ့သူတွေတောင် လွတ်လပ်ခွင့်တွေ, အခွင့်အရေးတွေ ဆုံးရှုံးတဲ့ဒဏ်ကို ခံစားရတာရှိတယ်။ ညှိနှိုင်းလို့မရတဲ့ပြဿနာတွေကို ရင်ဆိုင်ရတဲ့အခါတွေလည်း ရှိတယ်။ အသက်ငယ်သေးတော့ ပိုဆိုးတယ်ကွ။ အဲဒီဒဏ်တွေ





ကို မခံနိုင်မှာလည်း ဆိုးတယ်။ စိတ်အပြောင်းအလဲတွေလည်း အများကြီးဖြစ်လာနိုင်တယ်''

''ငွေသားနဲ့ကျွန်တော်က ဦးစိုးရိမ်ရမယ့်အိမ်ထောင်ရေးထဲမှာ မပါနိုင်ပါဘူး။ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်အကျိုးပြုမယ့်သူတွေပါ။ တစ်ယောက်နဲ့တစ်ယောက် ညှိနှိုင်းလို့ရတဲ့စိတ်ဓာတ်တွေလည်း ရှိကြပါတယ်။ နားလည်မှုတွေလည်း အပြည့်အဝရှိကြပါတယ်။ ဘာတွေပဲဖြစ်ဖြစ် ဘယ်တော့မှ စိတ်ပြောင်းလဲဘဲ ကတိသစ္စာရှိရှိချစ်မယ့်သူတွေပါ''

''. . .''

''ဒီအချိန်မှာမို့လို့ ဒီစကားမျိုးပြောတယ်လို့တော့ မထင်ပါနဲ့ ဦး။ ကောင်းကောင်းနေပြီး လုပ်ရပ်နဲ့သက်သေပြသွားမှာကို ဦးစောင့်ကြည့်ရင် သိပါလိမ့်မယ်။ ငွေသားကိုမေးမယ်ဆိုရင်လည်း တိုက်ထားစရာမလိုဘဲ ကျွန်တော်ပြောသလိုတွေ ပြန်ပြောလိမ့်မယ်, ဦး''

''မင်းစကားပြောတဲ့အထဲမှာ ငွေသားနုစပယ်ဆိုတဲ့ နာမည်မပါရင် ကောင်းလိမ့်မယ်''

''ဗျာ!. . .''

ညိုသွေးသည် စကားအကောင်း ပြောနေရင်းမှ ရုတ်တရက်ပြောင်းလဲသွားသော ဦးဂျင်မီလေသံကြောင့် ရင်ထဲ ထိတ်ခနဲ သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟို, ဒါ...ဒါကတော့ ဦးရာ၊ ကျွန်တော့်ရင်ထဲ
ဖာတ်လိုက်မင်းသမီးက ငွေသားဖြစ်နေတော့ ဒီနာမည်မှမပါ
ဇိုကားဝိုင်းက ဖြစ်ပါ့မလားဗျာ"

"ဘာဖြစ်လို့မဖြစ်ရမှာလဲ၊ မင်းလက်ထပ်မယ့်သူဟာ
သားနေမယ် ဖြစ်ချင်လည်း ဖြစ်နိုင်တာပဲ၊ တခြားတစ်ယော
ဖြစ်ချင်လည်းဖြစ်နိုင်တာပဲ"

"ဒီလိုတော့မပြောပါနဲ့ ဦးရာ၊ ငွေသားမှ ငွေသား"

"ထားပါတော့ကွာ, ဘယ်သူပဲဖြစ်ဖြစ် ဦးပြောနေ
က မင်းရဲ့အိမ်ထောင်ဖက်အကြောင်း မဟုတ်ဘူး၊ မင်းရဲ့အိ
ထောင်ရေးအယူအဆ"

ဒီတစ်ခါတော့ ညိုသွေး ရက်ရက်စက်စက်အံ့သြသွ
ပြီး ဦးဂျင်မီ၏မျက်နှာကို စိုက်ကြည့်လိုက်မိလေ၏။

◙

သူ တအံ့တသြစိုက်ကြည့်နေပုံကို ဦးဂျင်မီကလည်း ပြ
လည်စိုက်ကြည့်နေရာမှ နှုတ်ခမ်းတွေ ပြုံးယောင်သန်းလာ
မှ ညိုသွေးသည် ဆဌမအာရုံအရ နားလည်သဘောပေါက်သွ
တော့သည်။

"အာ...ပေါက်ပြီ ဦး၊ ပေါက်ပြီ။ ဦးဘာကိုဆိုလို





ဆိုတာ ကျွန်တော် နားလည်ပြီ"

"အေး, အဲဒါကြောင့် နစပယ်နာမည်ကို မထည့်နဲ့၊ ဦး
စ်ယောက်လည်း ဘော်ဒါကဗ္ဗာအနေနဲ့ လွတ်လွတ်လပ်လပ်
တြတာမကောင်းဘူးလား"

"ကောင်းတာပေါ့ ဦးရဲ၊ ဦးက ထင်ထားတာထက် ပို
ိုတ်တယ်"

"ဒါပေါ့ကွ, မင်းအသက်ငယ်ပါသေးတယ်ချာတိတ်ရာ၊
ိုလို့ အိမ်ထောင်ရေးကိုစိတ်ကူးရတယ်လို့၊ ဒီတိုင်းနေရတာ
ယ်လောက်လွတ်လပ်လဲ၊ ဘယ်လောက်ပျော်စရာကောင်းလဲ၊
ိထောင်ရေးကို လျှော့မတွက်နဲ့နော်၊ ဒီအချိန်မှာ ဘယ်လောက်
ချစ်, ညားပြီးတော့လည်း ဘယ်လောက်ပဲချစ်ချစ်, လင်သား
ယောက်ဖြစ်လာပြီဆိုရင် တာဝန်တွေက များမှန်းမသိ များ
တာ၊ ဖယားတွေက ရှုပ်မှန်းမသိ ရှုပ်လာတတ်တာကွ"

"'သိတော့သိတယ်ဗျ၊ သိပေမယ့်လည်း ချစ်တဲ့သူနဲ့
တူနေချင်တော့ ဒါတွေကို ရင်ဆိုင်ရမှာပေါ့ဗျာ၊ မေမေက
ည်း အချိန်ပြည့် စိုးရိမ်ပူပန်မှုတွေရော, ဆုံးမသွန်သင်မှုတွေ
ာ လုပ်နေရတာမို့လို့ ကျွန်တော်နားလည်ပါတယ်"

"အဲဒီအိမ်ထောင်သည်တစ်ယောက်ရဲ့ဒဏ်တွေကို ခံနိုင်
သား"

"ဦးကလည်း ကိုယ်လုပ်ချင်လွန်းလို့ လုပ်ခဲ့တဲ့အလုပ်


www.burmeseclassic.com

www.burmeseclassic.com



ပဲဗျာ, ခံနိုင်ရမှာပေါ့။ တချို့ မိဘသွန်သင်ဆုံးမမှုလည်း မရှိဘူး ဘာမှလည်းကြိုတင်ပြင်ဆင်မှုမရှိဘူး. . . အဲဒီလိုလူတွေတော အချစ်ရဲ့မျက်နှာနဲ့ပဲ ဒီလိုပဲခံနိုင်ရည်ရှိသွားကြတာပဲ''

''သူ့အသိုင်းအဝိုင်း, သူ့မိသားစု, သူ့မိဘဆိုတာတွေ ကိုလည်း ပတ်သက်ရတော့မှာ။ ဒီကြားထဲ မိန်းမမျက်နှာနဲ့ပ သက်ပြီး မကောင်းရာမကောင်းကြောင်း တာဝန်ယူရမယ့်အပိုင်းတွေ တွေ ရှိချင်ရှိလာမယ်။ ဦးဆောင်ရမယ့်ကဏ္ဍလေးတွေ ရှိချ လာမယ်။ အဲဒါတွေရော မင်းထည့်မတွက်ဘူးလား။ ဘယ်လို ဖြေရှင်းမလဲ''

''ထည့်မတွက်လို့ရမလား ဦးရဲ့၊ အဲဒီကဏ္ဍတွေကို ဝတ္တရားသိတတ်မှုနဲ့ လူသားဆန်ဆန်ဖြေရှင်းသွားရမှာပေါ့။ အိမ် ထောင်ပြုလိုက်ပြီဆိုကတည်းက သူ့အသိုင်းအဝိုင်းဟာ ကိုယ့် အသိုင်းအဝိုင်းပဲ, သူ့မိသားစုဟာ ကိုယ့်မိသားစုပဲ, သူ့မိဘဟာ ကိုယ့်မိဘပဲ။ ဒီလိုစိတ်ဓာတ်မျိုးမှ မထားနိုင်ရင် ဘယ်လူပီသ မလဲ။ ဘာလို့အိမ်ထောင်ပြုနေတော့မှာလဲ''

''. . .''

''ဒါပေမဲ့ တစ်ခုတော့ရှိတယ် ဦး။ လူတစ်ယောက် တစ်ယောက် မတူသလိုပဲ။ တချို့လူမပီသတဲ့ ယောက်ျားတွေ လည်း ရှိပါတယ်။ လွယ်လွယ်အိမ်ထောင်ပြု, မိန်းမအပေါ်လည်း ဘာတာဝန်မှမယူ, သူ့ရဲဘောကလည်း ကြောင်, ဘာပဲဖြစ်ဖြစ်

ခေါင်းရှောင်. . . အဲဒီလိုအတ္တကြီးတဲ့ တစ်ကိုယ်ကောင်းဆန်တဲ့ ယောက်ျားတွေလည်း ရှိတယ်။ ကျွန်တော့်မေမေကတော့ အဲဒီ လို လူမဆန်တဲ့လူသားမျိုးမဖြစ်အောင် မွေးမြူခဲ့တာပါ။ လူရည် ချွန်အရည်အချင်းနဲ့ပေါ့''

''အောင်မာ၊မင်းက တော်တော်စကားတတ်တဲ့ ကောင် ပဲ။ မင်းအမေကို မမြင်ဖူးပေမယ့် မင်းကိုဘယ်လိုပျိုးထောင်ခဲ့ သလဲဆိုတာ အခုလိုစကားပြောကြည့်ရုံနဲ့ သိပါတယ်ကွာ။ ဦး ဆုံပါတယ်''

ဦးဂျင်မီရဲ့စကားက သူ့ကိုအားတက်စေသည်။ လွတ် လွတ်လပ်လပ်နှင့်ပြောရဲဆိုရဲသည့်စိတ်ကို တွန်းအားပေးသည်။ ပြောရင်းပြောရင်းနှင့် သူငယ်ချင်းတစ်ယောက်နှင့်စကားထိုင်ပြော နေသလိုမျိုး ပြောလို့ကောင်းလာပါသည်။

''ဒါနဲ့ အိမ်ထောင်ရေးနဲ့ပတ်သက်လို့ အရေးကြီးတာ တွေ ရှိသေးတယ်ကွ။ မရခင်က ဘယ်လောက်ပဲအပြောကောင်း ကောင်း, ကတိတွေ ဘယ်လောက်ပဲပေးပေး, အတူနေရတဲ့အခါ ကျတော့ ဖျောက်မရတဲ့ဇီဇဆိုတာ ပေါ်လာတာပဲ။ အဆိုးဆုံးက အအိပ်တဏှာ, အစားတဏှာပဲကွ။ အဲဒါမျိုးကျ ဘယ်လိုဖြေရှင်း မလဲ''

''ဟာ. . . ဦးကလည်း ကျွန်တော့်ကို တည့်တည့်စွပ်စွဲ လိုက်သလိုပဲ။ ကျွန်တော်က အအိပ်ကော အစားကော ကြီးတာ







www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျ”

“ဟာ…ပြဿနာပဲ”

“ဒါမျိုးကျတော့ ပွင့်ပွင့်လင်းလင်းရှိဖို့လိုတယ် ဦးရှု ဟန်မဆောင်ရဘူး။ နဂိုကတည်းက အအိပ်တဏှာကြီးတာကို မိန်းမမသိအောင် ထိန်းချုပ်နေဖို့မလိုဘူး။ နဂိုကတည်းက အစား တဏှာကြီးတာကို မိန်းမမသိအောင် ကွယ်ဝှက်နေဖို့မလိုဘူး။ လင် မယားဆိုတာ ကျောခိုင်းရင် သူစိမ်းဆိုပေမယ့် ပေါင်းနေသရွေ့ တော့ အပွင့်လင်းဆုံးလူသားတွေပဲဗျ”

“…”

“ဒီတော့ ပွင့်ပွင့်လင်းလင်းကိုပြောရမှာ။ မိန်းမ, ငါတော့ ဆာပြီကွာဆိုပြီး ဆာတဲ့အချိန် ဆွဲလိုက်ရမှာပဲ။ အိပ်ချင်ရင်လည်း ငါတော့ အိပ်ချင်ပြီကွာဆိုပြီး အိပ်ပစ်လိုက်ရမှာပဲ။ ဒါပေမဲ့ တစ် ခုတော့ရှိတယ်, ပိုက်ဆံကောင်းကောင်းရှာနိုင်ဖို့တော့ လိုတယ်။ ဒါမှ အချိန်မရွေးဖိမ်ကောင်းကောင်းယူလို့ရမှာပေါ့။ အရှာမကောင်း ဘဲနဲ့ ဖိမ်ကောင်းနေရင်တော့ မေခလာရဲ့ ‘မပြောချင်လို့ကြည့်နေ တာကြာပြီ’ ဖြစ်သွားမှာ”

“ဟား…ဟား…ဟား…မှန်လိုက်လေကွာ၊ မင်း ပြောတာ တကယ်သဘာဝကျတယ်။ အကယ်၍ကွာ, အိမ်မှာ ဟင်းတွေဘာတွေမကောင်းရင် မဆာသလိုလိုလုပ်ပြီး မိန်းမမသိ အောင် အပြင်ထွက်စားမှာလား”





“မစားဘူးလို့တော့ မလိမ်ဘူး, စားမှာဗျ၊ ဒါပေမဲ့ တစ် ကိုယ်ကောင်းမဆန်ဘူး, မိန်းမပါ ခေါ်ထုတ်ပြီး သွားစားမှာ”

“ရတဲ့ပိုက်ဆံကျတော့ရော အကုန်အပ်မှာလား၊ ဘတ် ဆွေ ထားဦးမှာလား”

“ဘတ်ဆွေတော့ ထားဦးမှဖြစ်မယ်ထင်တယ်နော် ဦး။ အင်း, တကယ်တမ်းကျ အဲလိုလုပ်ဖို့ မလိုပါဘူးဗျာ…အကုန် အပ်လိုက်မှာပေါ့။ လိုအပ်တဲ့အခါကျမှ ပွင့်ပွင့်လင်းလင်းပြောပြီး တောင်းသုံးမယ်။ ချစ်လို့ယူထားတာပဲ, မပေးဘဲ နေမလားဗျာ”

“ယောက်ျားလေးတစ်ယောက်က အသောက်အစားနဲ့ လောင်းကစားဆိုတာ မငြိဘူးမပြောနိုင်ဘူး။ တစ်ချိန်ချိန်မှာ ငြိ လာမှာပဲ။ အဲဒါ မင်းဘယ်လိုလုပ်မလဲ”

“အပျော်ရဲ့နောက်မှာ အပျက်ဆိုတာရှိတယ်ဗျ။ အဲဒါ မျိုးကျ ကျွန်တော်က လွန်လွန်ကျွံကျွံမလုပ်ပါဘူး။ အခုတော့ လုံးဝအသောက်အစားမရှိဘူး။ တစ်ချိန်ချိန်မှာ ရှိလာခဲ့ရင် မလွဲ ရှောင်သာတဲ့ပွဲမျိုးမှာပဲ ဖြစ်ချင်ဖြစ်လိမ့်မယ်။ အဲဒါမျိုးကျ မိန်းမ နဲ့ပါ ညှိလို့ရမှာပါ။ သူကလည်း ချစ်လို့ယူထားတာပဲ, ခွင့်လွှတ် မှာပါခင်ဗျ”

“…”

“လောင်းကစားကတော့ ကျွန်တော်မလိမ်ပါဘူး, ဘော လုံးပွဲ နည်းနည်းဆော့တယ်၊ အမြဲတမ်းချည်းလည်း မဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ပွဲကောင်းတဲ့အခါ စိတ်အရမ်းပါလာတဲ့အခါမျိုးမှာပါ။ အဲဒါ လည်း မိန်းမနဲ့ညှိရင် ရပါတယ်။ ဘယ်အလုပ်မဆို အလွန်အ မဖြစ်ရင် ညှိလို့ရတာပါပဲ။ မဈ္ဈိမပဋိပဒါပေါ့ဗျာ။ နိုင်တဲ့အခါ တော့ မိန်းမကို သူကြိုက်တတ်တာလေးတွေ ဝယ်ပေးလိုက် ပေါ့။ ရှုံးတဲ့အခါကျတော့လည်း ပွင့်ပွင့်လင်းလင်းပြောပြီး တော မှာပေါ့။ ဒါလည်း မပေးဘဲနေမလား ဦးရာ။ ချစ်လို့ယူထား ပဲ''

''လင်မယားဆိုတာ အမြဲတမ်း အချိန်ပြည့်ချစ်မနေ ဘူးကွ၊ ရန်ဖြစ်တဲ့အခါတွေလည်းရှိတယ်။ ဆင်းရဲချမ်းသာမ ဘူး။ တစ်ခါတလေ မိဘမောင်နှမနဲ့ပတ်သက်ပြီး ဖြစ်တတ်တယ် တစ်ခါတလေ ဘာမှမဟုတ်ဘဲ အငြင်းပွားပြီး စကားနိုင်လုရ ကနေ ထဖြစ်တတ်တယ်ကွ''

''အတတ်နိုင်ဆုံးကတော့ အလျှော့ပေးတာကောင်းတယ် ဗျ။ မိန်းမနဲ့ပြိုင်ပြီး ရန်ဖြစ်တာတို့ တွက်ကပ်တာတို့ လုံးဝမလု သင့်ဘူး။ မိသားစုဖြစ်သွားပြီဆိုကတည်းက သူ့မိဘဆွေမျိုးတွေ နဲ့ပတ်သက်ပြီး သည်းခံရမှာပဲ။ အငြင်းပွားတာတွေ စကားနိုင်လု တာတွေ ဖြစ်လာရင်လည်း သည်းခံနိုင်သမျှ သည်းခံရမှာပဲဗျ''

''...''

''မိန်းမချစ်ဆေးထဲမှာ ပါတယ် ဦးရေ၊ 'အငြင်းပွားရင် မိန်းမကို အနိုင်ပေးပါ၊ အကြိမ်တိုင်းဖြစ်ပါစေ'တဲ့။ ဒါပေမဲ့ သည်း





တဲ့ကြားက ကန့်တက်လာရင်တော့ ကျွန်တော်က နားရင်း က်သုံးချက် ရိုက်ပစ်လိုက်မှာပဲ''

''ဟာ၊ လက်ပါလို့ကောင်းမလားကွ''

''ဟာ၊ ဦးကလည်း လူပဲဗျာ၊ အမြဲတမ်းချည်း သည်းခံ နိုင်မလားဗျ။ တစ်ခါတလေလည်း မှတ်လောက်သားလောက် အောင် လုပ်ပေးရမှာပေါ့။ ပြီးမှ ပြန်ချော့, ယောက္ခမကိုလည်း ကောင်းပန်, ခွင့်လွှတ်ပေးပါ၊ နောက် ဒါမျိုးမဖြစ်စေရပါဘူး ဘာ ညာပေါ့ဗျာ''

''ဟား...ဟား...ဟား...ဟုတ်တယ်၊ မင်းပြော တာ မှန်တယ်''

''ဟို...ဦးက လွတ်လွတ်လပ်လပ်ပြောဆိုလို့ ပြော တာနော်''

''အေးပါကွာ၊ မင်းတော်ပါတယ်၊ ဦးတောင် မင်းအရွယ် တုန်းက မင်းလိုစိတ်ကူးမျိုး ရှိခဲ့တာမဟုတ်ဘူး''

''ဒါက မေမေတော်လို့ ဦးရဲ့၊ မေမေက အနေအထိုင် ဘယ်လောက်ပဲ ခေတ်ဆန်ဆန်, လုပ်ရပ်တို့ အတွေးအခေါ်အယူ အဆတို့ကို မြန်မာ့စိတ်ရင်းနဲ့ပဲ မြေကြီးဆန်ဆန် သဘာဝဆန် ဆန် ဆုံးဖြတ်တာ။ ကျွန်တော့်ကိုလည်း သူ့လို မြင်တတ် ကြည့် တတ်အောင် ပျိုးထောင်ပေးခဲ့တာပါ''

''ဪ''



www.burmeseclassic.com

www.burmeseclassic.com



"မေမေ့မှာ တစ်ခုထူးခြားတာ ရှိသေးတယ် ဦးရဲ့၊ အ
လိုပြောရမလဲ, Sympathy ပေါ့၊ တစ်ဖက်သားအပေါ်ကို ရ
ချင်းစာတဲ့စိတ်, ကြင်နာတတ်တဲ့စိတ် အရမ်းဖြစ်တာ။ ကျွန်
ကိစ္စကိုလည်း ကောင်မလေးဘက်ကနေပြီး ကိုယ်ချင်းစာစိ
ဆုံးဖြတ်ပေးတာ ဦးရဲ့။ သူ အိမ်ထောင်ကျကောင်းခဲ့သ
ချွေးမလေးကိုလည်း အိမ်ထောင်ကျကောင်းစေချင်တယ်
ဘာတွေပဲဖြစ်ဖြစ် ချွေးမလေးဘက်ကပဲ ရပ်တည်မှာပါတဲ့"

"အင်း, မင်းအမေက တော်တော်စိတ်ကောင်းရှိ
စိတ်သဘောထားကလည်းကောင်း, အိမ်ထောင်ကျလည်း
ကောင်းရဲ့သားနဲ့ စောစောစီးစီး အိမ်ထောင်ဘက် သေဆုံးခဲ့
တော့ ဦးစိတ်မကောင်းဘူးကွာ။ ကိုယ့်ဘဝကိုလည်း အောင်
အောင်ကြိုးစားရင်း သားကိုလည်း တစ်ဖက်က အောင်မြင်အော
ပြုစုပျိုးထောင်ရတာ တော်တော်ပင်ပန်းမှာပဲကွ"

"ဦးလည်း ဒီလိုပဲမဟုတ်ဘူးလား၊ မိသားစုချင်း တူ
တာပဲဗျ"

"တူပေမယ့် မိန်းမတွေ တစ်ယောက်တည်း ရုန်း
ရတာ ပိုပင်ပန်းတာပေါ့"

"ကျွန်တော်လည်း အဲဒါကိုတွေးမိရင် စိတ်မကောင်း
မိတယ်။ အိမ်ထောင်ကျကောင်းရဲ့သားနဲ့ ကံတရားက ဘာ
လို့များ... စောစောစီးစီးခွဲပစ်ရက်တာလဲလို့။ မေမေနဲ့ဖေဖေ





အရမ်းချစ်ခဲ့ကြတာတဲ့ ဦးရဲ့။ ချစ်တာချင်းအတူတူမှာ မေမေ့အချစ်က ပိုထူးဆန်းတယ်၊ ဖေဖေသွားတဲ့နောက်ကို ရုပ်ဖျက်ပြီး လိုက်ချောင်းတာတဲ့။ ဘာရည်ရွယ်ချက်မှမရှိဘဲနဲ့ အဲဒီလို ရှဒိုးလိုက်ချင်တဲ့စိတ်က အလိုလိုပေါ်လာတာတဲ့"

"ထူးထူးဆန်းဆန်းပဲကွ၊ မင်းအဖေ တစ်ခါမှမသိဘူးလား"

"မသိအောင် ချောင်းတာ ဦးရဲ၊ အမှန်အကန်တွေရော ယိမ်ညာတာတွေရော တွေ့ခဲ့ပေမယ့် မေမေက လုံးဝပြန်မပြောခဲ့ဘူးတဲ့။ ဖေဖေ သေသွားရော, မေမေ့ရဲ့ရှဒိုးအချစ်ကို သိသွားရှာဘူး"

"အင်း, မင်းအမေရဲ့အချစ်က တော်တော်အံ့ဩစရာကောင်းတာပဲ။ ဒါနဲ့ မင်းအဖေက ဘယ်လိုဆုံးသွားတာလဲ"

"ဦးနှောက်သွေးကြော ပြတ်တာတဲ့"

"ဪ, စိတ်မကောင်းဘူးကွာ၊ ဒါပေမဲ့ သမီးအတွက်တော့ ဒီလိုစိတ်သဘောထားကောင်းတဲ့သားအမိ၊ ဒီလိုအချစ်ကြီးတဲ့သားအမိနဲ့တွေ့တာ ကံကောင်းတယ်လို့ပြောရမှာပဲ။ အေးကွာ, ဘာပဲဖြစ်ဖြစ် ဦးတို့လူကြီးချင်း တွေ့ပြီး အကောင်းဆုံးဖြစ်အောင် တိုင်းစီစဉ်ကြတာပေါ့"

"ဟာ! တကယ်... တကယ်ပြောတာလား ဦး"

"အေးလေ, နောက်ဆုံး ဒီလိုပဲလုပ်ဖို့ရှိတော့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ညှိုသွေးသည့် ချက်ချင်းပင် စကားမပြန်နိုင်အောင် ဝမ်းသာပီတိတွေ လိုက်တက်လာသည်။ တကယ်တမ်းတွေ့ကြည့်တော့ ထင်သလောက်စိုးရိမ်စရာမရှိခဲ့ပါ။ စကားများများပြောကြည့်ရုံနဲ့တင် တစ်ယောက်ရင်တွင်းကို တစ်ယောက် ထိုးဖောက်မြင်နိုင်ခဲ့ကြပြီ။ အခွင့်အရေးတွေရော၊ ကံကောင်းခြင်းတွေရော မြန်မြန်ဆန်ဆန်ကြီးရခဲ့တာမို့ အံ့ဩမှုနှင့်အတူ ဘာပြောရမှန်းမသိအောင် ပျော်ရွှင်နေတော့သည်။

"ဝမ်းသာလိုက်တာ ဦးရာ၊ ကျွန်တော် ဝမ်းသာလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး။ မေမေသိရင် အရမ်းပျော်မှာ။ မေမေကလည်း လူကြီးချင်းတွေ့ပြီး စေ့စပ်ထားတာမျိုး လုပ်ချင်နေတာပါ။ ဟို၊ ဒါဆိုရင် မေမေနဲ့တွေ့ဖို့စီစဉ်ပေးပါလား ဦး"

"အင်း. . . ဒီည စဉ်းစားကြည့်ပြီး ရက်ချိန်းပေးမယ် ဒါနဲ့ မင်းအမေ ကျန်းမာရေးကောင်းလား။ သူ ဘာတွေကြိုက်တတ်လဲ"

"ကျန်းမာရေးကောင်းပါတယ်ခင်ဗျ၊ မနှစ်ကတော့ နှလုံးတုန် ရင်ခုန်တာမျိုး ဖြစ်သေးတယ်။ ဒါပေမဲ့ အခု လေ့ကျင့်ခန်းမှန်မှန်လုပ်လိုက်လို့ မဖြစ်တော့ပါဘူး။ သူဘာတွေကြိုက်တတ်သလဲဆိုတော့ အစားအသောက်ပတ်သက်ရင် မရွေးဘူးဗျ။ ကျွန်တော့်လိုပဲ ကောင်းတာမှန်သမျှ ကြိုက်တာပဲ"

"ဒါ မှန်တာပေါ့၊ ကိုယ်ကြိုက်တာ ကိုယ်စား၊ ပြီးရင်





လေ့ကျင့်ခန်းမှန်မှန်လုပ်၊ ဒါဆို ကျန်းမာရေးက အိုကေပဲ။ ဦးတို့လည်း ဒီလိုပဲ. . . သူ Golf တွေဘာတွေ မရိုက်ဘူးလား။ အမျိုးသမီးတွေ အသက်လေးဆယ်ကျော်လာရင် Golf ရိုက်သင့်တယ်၊ အလွှာတစ်ခု ဝင်တယ်၊ တန်းတစ်ခု ရှိတယ်၊ အမျိုးသမီးတိုင်းတော့ မဟုတ်ဘူးပေါ့ကွာ"

"ပြောတော့ပြောကြည့်သေးတယ်၊ ဒါပေမဲ့ မေမေက အချိန်မပေးနိုင်ဘူး။ လေ့ကျင့်ခန်းလုပ်တာတောင် အိမ်မှာ စက်တွေဝယ်ပြီး အချိန်လု လုပ်ရတာ ဦးရ"

"ပန်းကြိုက်တတ်လားကွ၊ ဘာပန်းတွေ ကြိုက်လဲ"

"မေမေအကြိုက်ဆုံးက နှင်းဆီပါ၊ ကံ့ကော်နဲ့စပယ်ကိုလည်း ကြိုက်တယ်"

"သီချင်းတို့ ရုပ်ရှင်တို့ရော ကြိုက်တတ်လား။ ဘယ်လိုအမျိုးအစားတွေ ကြိုက်လဲ၊ ဘယ်မင်းသားတွေကို ကြိုက်လဲ"

"အကောင်းကြိုက်တဲ့သူဆိုတော့ မမှန်ဘူးဗျ။ ဗီလင်ဘာတာကို ကြိုက်တယ်ပဲ ပြောရမှာပဲ။ အင်္ဂလိပ်သီချင်းတွေနဲ့ ရှားလက်သံကို နားထောင်တာ များတယ်။ ဒီဇိုင်းဆွဲနေရင်လည်း Yanni ကိုဖွင့်ထားတတ်တယ်။ နိုင်ငံခြားအဆိုတော်တွေထဲမှာတော့ Celinedion နဲ့ Beyonce ကိုကြိုက်တယ်တဲ့၊ မြန်မာအဆိုတော်ထဲမှာဆိုရင် ချိုပြုံးနဲ့ စိုးစန္ဒာထွန်းကိုကြိုက်တယ်တဲ့၊ ခေတ်ပေါ်ဘက်မှာတော့ L ဆိုင်းဖီတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဪ"

"ဇာတ်လမ်းကျတော့ သူကြိုက်တဲ့ ဟယ်ရီဆင်ဖို ကန္တားရိုင်တို့ ဘရက်ပစ်တို့ပါတဲ့ကားတွေကို တစ်ခါတလေ ကြ တယ်ဗျ။ အခု နောက်ပိုင်းတော့ ကိုရီးယားကားတွေ ကြည့် တယ်။ မကြည့်လို့လည်း မရဘူး ဦးရေ။ အိမ်မှာ အန်တီဆွေ ကိုရီးယားမတွေလိုနေပြီး ကိုရီးယားကားတွေကိုပဲ အမြဲဖွင့်နေ မေမေလည်း အလိုလိုကြည့်ဖြစ်သွားရော"

"ဒါ မှန်တာပေါ့ကွ၊ ကိုရီးယားကားတွေမှမကြည့် ဘယ်ခေတ်မီမလဲ။ မြန်မာကားတွေရော ကြည့်လား"

"အဲဒါပြောချင်တာဗျ။ ဦးကြားရင် အံ့သြသွားမလား မေမေက မြန်မာကားဆိုရင် ကျော်ဟိန်းမှမဟုတ်ရင် ဆော ကျော်ဟိန်း ရုပ်ရှင်မရိုက်တော့ကတည်းက မြန်မာကားတွေ ကြည့်ကိုမကြည့်တော့ဘူး"

"ဟာ. . . ကျော်ဟိန်းခရေဇီပေါ့၊ အထူးအဆန်းပဲ"

"ကျော်ဟိန်းမှ ကျော်ဟိန်း. . . ကျော်ဟိန်းဘယ်လော ကြိုက်သလဲဆိုရင် ကျွန်တော့်ဆီခေါ်တဲ့ ring tone သံကိုတော် ကျော်ဟိန်းရဲ့ 'သီချင်းဆို၍ ကျေးဇူးဆပ်ပါမည်' ဆိုတဲ့သီချင်း ထည့်ပေးထားတာခင်ဗျ"

"ဒါဆို ကျော်ဟိန်းဇာတ်ကားတွေ လက်ဆောင်ပေး မှပဲ၊ ဦးလည်း ကြိုက်တယ်ကွ။ မြန်မာပြည်မှာ နှစ်ယောက်





တဲ့ပုဂ္ဂိုလ်မို့လို့ သူ့ဇာတ်လမ်းခွေတွေဆို လမ်းလှမ်းမိသမျှ စုဆောင်းထားတာ။ ဒါနဲ့ Skin care တွေရော သုံးသလား"

"ဟား. . . အဲဒါတော့ စုံနေတာပဲဗျာ၊ ဘာတွေမှန်းလဲ သိဘူး။ အန်တီဆွေနဲ့နှစ်ယောက်ပေါင်းပြီး သုံးနေတာ။ မိတ်ကပ်နဲ့နှုတ်ခမ်းနီကျတော့ Ravlon ကိုပဲ စွဲစွဲမြဲမြဲသုံးတယ်ခင်ဗျ"

"အေး၊ ဒီလိုမေးရတာကလည်း တစ်ဖက်နဲ့တစ်ဖက် ကြိုက်လေးတွေ သိထားတော့ လက်ဆောင်ပေးတဲ့အခါ အဆင်ပြေတာပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဦး။ ဒီလိုအသေးစိတ်ကအစ ဂရုစိုက်ပေးတာ ကျေးဇူးအများကြီးတင်ပါတယ်။ မေမေ့ကို သေချာပြောပြပေးပါ့မယ်ခင်ဗျာ"

ထိုအချိန်မှာ မောင်းထုတ်ခံထားရသောငွေသားက. . .

"ဖေဖေရေ့၊ မလာသေးဘူးလား၊ စားချိန်လွန်တော့မယ်။ ညီလေးလည်း ဆာနေတော့မယ် ဖေဖေရဲ့။ သမီးပြင်ပြီး

ဆိုပြီး သွက်သွက်လက်လက်ရောက်လာလေသည်။

"သန့်စင်ညီလေးကို ကျွေးချင်တာနဲ့ ဖအေကို အရင် ခေါ်တာမို့လား"

"ဖေဖေကလည်း အတူတူပဲဟာ၊ ဆာနေမှာစိုးလို့ပါ။ ပြီးမှ တစ်ခါထပ်ပြောကြပေါ့။ အခုကတော့ တွေ့ပေးဖို့ ပူဆာ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတာ, အသေအလဲပဲ၊ ခုကျတော့ စကားတွေ ပြောလို့ မဆုံးနိုင်တော့ဘူးမှလား"

"အေးကွာ, ပထမတော့ သမက်နဲ့ယောက္ခမလို ဖြေ နေရင်းကနေ တဖြည်းဖြည်းနဲ့ ဘော်ဒါကဏ္ဍလိုဖြစ်သွားတော့ စကားတွေက ဖြတ်မရတော့ဘူး။ ကဲ, စားရအောင် ချာတိတ်"

အဲဒီလိုနှင့် ညီလေးတို့ ထမင်းအတူတူစားဖြစ်ကြသည်။ စားပြီး သုံးယောက်သား စကားနည်းနည်းပါးပါးပြောဖြစ်ကြသေး သည်။ ပြောပြီး အိမ်ပြန်ဖို့ပြင်တော့ သားအဖနှစ်ယောက် ကား နားထိ လိုက်ပို့ပေး၏။ ကားပေါ်မတက်ခင်မှာ ဦးကျင်မိုက ညီလေး ပခုံးကိုလှမ်းဖက်ပြီး. . .

"မင်းအမေကိုပြောလိုက်၊ စိတ်မပူပါနဲ့, အားလုံးအဆင် ပြေအောင် စီစဉ်မယ်လို့"

ဟု မှာဖြစ်အောင် ထပ်မှာပါသေးသည်။

"ဟုတ်, ကျေးဇူးတင်ပါတယ် ဦး။ ဦးကိုလည်း မတွေ့ ခင်ကထက် ပိုပြီးလေးစားမိပါတယ်. . . ဘာကြောင့်လဲဆိုတော့ ကျွန်တော့စိတ်ထဲမှာ ထင်နေတာတွေအားလုံး တစ်လွဲစီဖြစ်ခဲ့ လို့ပါ။ ကျွန်တော် လမ်းမှာတွေးလာတာက ငါ့သမီးအပေါ် ဘယ် လောက်သစ္စာရှိနိုင်မလဲ? ဘယ်လိုစိတ်ချမ်းသာအောင် ထားမှာ လဲ? မင်္ဂလာပွဲကို ဘယ်လိုစီစဉ်ပေးမှာလဲ? ဒါမျိုးတွေပဲ မေးလိမ့် မယ် ထင်ခဲ့တာ"





". . ."

"တကယ်တွေ့လိုက်ရတော့ အဲဒါမျိုးတွေ လုံးဝမဟုတ် ဘဲ တကယ့်လက်တွေ့ကျကျ သဘာဝဆန်တဲ့မေးခွန်းတွေကိုပဲ မေးခဲ့တာမို့လို့ ပိုပြီးလေးစားမိတာပါ"

သူပြန်ပြောလိုက်သည့်စကားကိုတော့ ဦးကျင်မိုက နှုတ် ခမ်းတင်းတင်းစေ့ပြီး ကျေနပ်မှုအပြည့်အဝရှိသော အပြုံးတစ်ခု နှင့်သာ တုန့်ပြန်ခဲ့ပါသည်။ နောက်ဆုံးတော့ ညီလေး၏ သမက် နှင့်ယောက္ခမ တွေ့ဆုံပွဲက ကမောက်ကမ လုံးဝမရှိဘဲ တစ်ကြိမ် တစ်ခါတည်းနှင့် အောင်မြင်မှုရရှိခဲ့လေသည်။

◙◙◙



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ငွေသား အခန်းအပြင်ကို ထွက်လာတော့ ဖေဖေက ခြေဆုံးခေါင်းဆုံးကြည့်လေသည်။

“သမီးက ဒီဝတ်စုံနဲ့ သွားတွေ့မလို့လား”

“အင်း. . . ညိုသွေးမေမေက သူကိုယ်တိုင် ချုပ်ပေးထားတာဆိုတော့ ဒီလိုဝတ်ထားတာကို သူလည်းမြင်ချင်မှာပဲလေ။ မကောင်းဘူးလား ဖေဖေ”

“အိုခေ, ကောင်းတယ်၊ သမီးစိတ်ကူးမှန်တယ်။ မေညို့သွေးက သမီးနဲ့မတွေ့ခင်ကတည်းက သမီးကိုချစ်ပြီး သမီးဘက်က ရပ်တည်ပေးနေတာဆိုတော့ သမီးတို့နှစ်ယောက်ရဲ့တွေ့ဆုံတာလည်း အောင်မြင်မှာပါ”



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေါ့ ဖေဖေရဲ့၊ ဟို့, ဖေဖေ့ကို သမီးမေးရဦးမယ် ဖေဖေရော, ညီ့သွေးကိုတွေ့ကြည့်လိုက်တော့ ဘယ်လိုဖြစ် ဟင်။ သူ့ဆီက ဘာရလဲ"

"အင်း၊ဘာရလဲဆိုတော့ ဖေဖေလိုချင်တဲ့အစိက Da လေးတွေ တော်တော်ရလိုက်တယ်။ ဒီကောင် မဆိုးဘူး, တယ်။ သူ့ဆီမှာ မြေကြီးဆန်တဲ့ အတွေးအခေါ်တွေနဲ့ သဘာ ဆန်တဲ့လုပ်ရပ်တွေ တွေ့ရတယ်။ ဖေဖေတောင် သူ့အရွယ်တုန်း က သူ့လိုအတွေးအခေါ်မျိုး, သူ့လိုအယူအဆမျိုး မရှိခဲ့ဘူး"

ငွေသားသည် ဖေဖေ့မျက်နှာကို စိုက်ကြည့်ပြီး ပြုံးလိုက် မိတော့၏။

"သမီး ကံကောင်းမှာပါ၊ လူရွေးမှန်ပါလိမ့်မယ်။ ဒီ တိတ်က ရိုးသားပွင့်လင်းမှုရှိတဲ့နေရာမှာလည်း တချို့ချာတိ တွေနဲ့မတူဘူး။ မိဘသွန်သင်ဆုံးမမှုကိုလည်း ကောင်းကောင်း လိုက်နာခဲ့တဲ့ကလေးကွ"

"ဟင်း! ဖေဖေ အမှတ်တွေပေးချင်တော့လည်း ဖွတ်"

"ဒါပေါ့ကွာ, သမီးချစ်တော့လည်း သမက် ပစ်ထား ဘယ်ရတော့မလဲ။ ကဲ, အဆင်သင့်ဖြစ်ပြီမို့လား၊ ဖေဖေနဲ့ဦးမျိုး က ဒင်နာချိန်းထားတာရှိသေးတော့ သမီးက ဦးမျိုးရဲ့ကား ယူသွားလိုက်"

"ဟုတ်"





"အရမ်းနောက်မကျစေနဲ့နော်၊ ဒီကြားထဲ ဖုန်းဆက် ဦး"

"စိတ်ချပါ ဖေဖေရဲ့၊ ကြာမယ်ဆိုရင်တောင် ဖေဖေနဲ့ ညီ့သွေးစကားပြောသလောက်ပေါ့။ မိန်းမတွေ စကားလက်ဆုံ ကျမိရင် ပိုဆိုးတာကို"

သားအဖနှစ်ယောက် စကားတပြောပြောနှင့် အောက် ထပ်သို့ ဆင်းလာရာ၊ ဧည့်ခန်းစားပွဲပေါ်မှာ ပါကင်အလှန်လှသော လက်ဆောင်ပစ္စည်းတချို့ တင်ထားတာကို တွေ့လိုက်ရလေ၏။

"ဟား. . . လက်ဆောင်ပါကင်တွေက ရှယ်ပဲ၊ ဖေဖေ ကိုယ်တိုင် လုပ်တာလား"

"ဒါပေါ့"

"ဘာတွေလဲဟင်, သမီး မသိရဘူးလား။ Suprise လား"

"ထွေထွေထူးထူးမဟုတ်ပါဘူး သမီးရယ်၊ သူ့အမေ ကြိုက်တတ်တာလေးတွေကိုမေးပြီး စီစဉ်ပေးလိုက်တာပါ။ ဇာတ် ခွေတို့ သီချင်းခွေတို့ လေးဆယ်ကျော်အရွယ်တွေနဲ့လိုက် ဆံပင်ကက်တလောက်တို့ပေါ့ကွာ။ ပြီးတော့ ဖေဖေ မီလန် တုန်းက ပါလာတဲ့ Skin care ရယ်, စားစရာမုန့်အချို့ရယ် ဖေဖေလည်း ဒါပဲစဉ်းစားရတယ်"

"ကောင်းပါတယ်ဖေဖေရဲ့. . . ဘာပဲဖြစ်ဖြစ် ဒီလို ရ



www.burmeseclassic.com

www.burmeseclassic.com



တစိုက်နဲ့ လက်ဆောင်လေးတွေ အပြန်အလှန်ပေးတတ်တာ
လည်း မိသားစုချင်း နွေးနွေးထွေးထွေးရှိစေပါတယ်"

"နေဦး၊ တစ်ခုကျန်သေးတယ် သမီးရဲ့၊ ကောင်မလေး
ဘယ်ရောက်သွားပါလိမ့်။ မလေး၊ ပန်းစည်းယူခဲ့တော့လေ
အစ်မ သွားတော့မယ်"

"ဟုတ်၊ လာပါပြီ၊ ဒီမှာ ပန်းစည်းပါရှင့်"

"ဟယ်. . . ကြည့်စမ်း! လှလိုက်တာ၊ နှင်းဆီဖြူ
အနက်တီမေညိုသွေး ကြိုက်လောက်တယ်။ ဒါကျတော့ ဖေဖေ
စိတ်ကူးနဲ့ သမီးစိတ်ကူးနဲ့ တူသွားပြီ။ ဖေဖေ့လက်ဆောင်ထဲ
ပန်းစည်းသာမပါရင် သမီးက လမ်းမှာ ဝယ်သွားတော့မှာလေ"

"ဖေဖေလည်း Florist တစ်ခုကို လှမ်းမှာလိုက်
ကဲ၊ သွားရအောင်၊ ကောင်မလေး ပစ္စည်းတွေ ကားထဲထည့်
မယ်"

"ဟုတ်"

ပြောပြောဆိုဆိုနှင့် ကားဆီလျှောက်လာခဲ့ကြ၏။ ဖေဖေ
က ညိုသွေးပြန်သွားပြီးကတည်းက တစ်ဖက်မိသားစုမှ ပေးလိုက်
သော လက်ဆောင်ပစ္စည်းတွေကိုကြည့်ပြီး တန်ဖိုးတထားနှင့်
သာမဆုံး ဖြစ်နေသလို. . .

ထိုမိသားစုအတွက် လက်ဆောင်ပစ္စည်းပေးဖို့ကိုလည်း
ချက်ချင်းပဲ စီစဉ်ခဲ့တာဖြစ်ပါသည်။ အချိန်ရရင် ရသလိုလည်း





ငွေသားအား ဆုံးမဩဝါဒတွေ ခြွေမှုလုပ်နေသေး၏။ အခုလည်း
အပေါ်တက်ခါနီးအထိ မှာတော်မူခန်းက မပြီးပြတ်ချင်သေး။
တောင် ဦးမျိုး အလုပ်ရောက်နေလို့ တော်သေးသည်။ ဦးမျိုး
ရှိပါက သူမှာကြားတာတွေကို နားခံဖို့အတွက် အချိန်တစ်နာရီ
ဆောင်းပြီး ပြင်ရပါလိမ့်မည်။

မလေးက ပစ္စည်းတွေ ကားထဲထည့်ပေးပြီး ငွေသားက
တက်ဖို့ တံခါးဖွင့်လိုက်စဉ် 'သမီး. . . ခဏ' ဟုခေါ်ပြန်လေသည်။
ငွေသား လှည့်ကြည့်လိုက်လျှင် ဖေဖေက ငွေသားရဲ့လက်မောင်း
သားနှစ်ဖက်ကို ဆုပ်ကိုင်ကာ. . .

"လူကြီးနဲ့ဆက်ဆံတဲ့အခါမှာ ရှိသေလေးစားမှုအပြည့်
ပါစေနော် သမီး။ ဟန်ဆောင်တာတွေ အားနာတာတွေ မလုပ်
စေနဲ့။ စိတ်ရင်းအတိုင်း ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းပဲ ဆက်
ဆံ ကြောက်ပြီး စကားထစ်နေတာတို့၊ မေ့နေတာတို့လည်း
ဖြစ်စေနဲ့"

ဟု မှာဖြစ်အောင် ထပ်မှာပြန်သည်။

"သမီးသိပါတယ် ဖေဖေရဲ့"

"ဖေဖေကလည်း သမီးအကြောင်းကိုသိလို့ကို ဒီလိုမှာ
ရတာ။ သမီးက အစွဲအလန်းကြီးတဲ့ကလေး၊ အရမ်းအားနာ
တတ်တဲ့ကလေး၊ အရှက်အကြောက်ကြီးတတ်တဲ့ကလေး၊ စိတ်
သဘောထားလည်း ဖြူစင်ကောင်းမြတ်တဲ့ကလေး. . . ဒါပေမဲ့



www.burmeseclassic.com

သမီးက စကားလုံးဝမပြောတတ်ဘူး"

"ဖေဖေကလည်း"

"စကားဆိုတာ အဆင့်အတန်းရှိတဲ့စကားမျိုးရှိတယ်၊ အရပ်စကားမျိုးရှိတယ်၊ သူ့အလွှာနဲ့သူ တန်းဝင်အောင်ပြောတတ်ရတယ်။ ဘယ်လောက်ပဲ စိတ်နေစိတ်ထား ယုတ်ညံ့ညံ့၊ အပြောကောင်းလို့ နေရာကောင်းရနေတဲ့သူတွေ ရှိသလို ဘယ်လောက်ပဲ စိတ်ထားကောင်းကောင်း အပြောမကောင်းလို့ နေရာကောင်းမရတဲ့သူတွေ အများကြီး"

"စိတ်ချပါ ဖေဖေရယ်၊ ငွေသားနုစပယ်ဆိုတဲ့သမီးဟာ မေမေမရှိခဲ့ပေမယ့် ဖေဖေ့ရဲ့လမ်းညွှန်အုပ်ထိန်းမှုအောက်မှာ ရှင်သန်လာခဲ့ရတာဟာ မိဘရှိတဲ့ကလေးတွေထက်တောင် ပိုပြည့်စုံပါသေးတယ်။ စာရိတ္တဘယ်လောက်ကောင်းပြီး ဘယ်လောက်လိမ္မာတဲ့ကလေးလဲ"

"..."

"ဖေဖေကသာ သမီးကိုစကားမပြောတတ်ဘူး ထင်နေတာ၊ တကယ်တမ်း အပြင်လောကကို မဖြစ်မနေတစ်ယောက်တည်းထွက်ပြီး ရင်ဆိုင်ရတော့မယ်ဆိုရင် သတ္တိက အလိုလိုထွက်လာပြီးသား ဖေဖေရဲ့။ ဘယ်လိုလူမျိုးကို ဘယ်လိုစကားပြောရမယ်ဆိုတာ သိပြီးသား။ အဆင့်အတန်းရှိတဲ့လူကို အဆင့်အတန်းရှိသလို ပြောရမှာပေါ့။ အရပ်အလုပ်လုပ်တဲ့သူကို အရပ်စကား





ပြောရမှာပေါ့"

"အင်း"

"သမီးမှာ ဘယ်သူမှမမြင်နိုင် မသိနိုင်တဲ့စိတ်စွမ်းအင်တစ်မျိုးရှိတယ် ဖေဖေရဲ့။ မွေးရာပါပဲ... လူတိုင်းမှာမရှိဘူး"

"သတိပေးဆုံးမမှုတွေ လုပ်မိတာတောင် မှားပြီထင်ပါရဲ့ကွာ၊ ကြီးကျယ်လိုက်တာ။ ပြောစမ်းပါဦး၊ ဘယ်လိုစိတ်စွမ်းအင်လဲ"

"ဟုတ်တယ် ဖေဖေ, ကြီးကျယ်တယ်၊ သမီးတောင် အဲဒီစိတ်စွမ်းအင်ကို လိုက်ဖမ်းလို့မရဘူး။ သူပေါ်ချင်တဲ့အချိန်မှ ပေါ်လာတာ။ ဥပမာပြောရရင် သမီးအခက်အခဲဖြစ်နေတဲ့အချိန်မျိုးမှာပေါ့။ ဘယ်နေရာကို ဘယ်လိုဝင်ရမယ်, ဘယ်သူ့ကို ဘယ်လိုဆက်ဆံရမယ်, ဘယ်လိုလူမျိုးကို ဘယ်လိုစကားပြောရမယ်ဆိုတာ။ အဲဒီစိတ်စွမ်းအင်က တစ်နေရာကနေ သင်ပေးနေသလိုပဲ, သူ့အလိုလိုကို အဆင်ပြေသွားရော"

"ဟား... ဟား... ဟား... ငါ့သမီးက အဇ္ဈာရသ ညာတွေရော ဆဋ္ဌမအာရုံတွေရော တော်တော်ပြည့်စုံနေတာကိုး"

"ဒါပေါ့, ဦးဂျင်မီရဲ့သမီးပဲ ဒီလောက်တော့ရှိမှာပေါ့။ ဒါကြောင့် ဖေဖေဘာမှစိတ်မပူပါနဲ့။ စိတ်အေးအေးပဲနေခဲ့ပါ။ သမီးကိုယုံပါ"

www.burmeseclassic.com



ငွေသားသည် ထိုစကားကိုပြောပြီး ဖေဖေ့ရင်ခွင်ထဲတို့ ခေါင်းတိုးဝင်၍ နှစ်သိမ့်လိုက်ပါသည်။ ဖေဖေကလည်း. . .

"ယုံပါတယ်သမီးရယ်၊ သမီးကံကောင်းပါစေ"

ဆိုပြီး ပြန်လည်ပွေ့ဖက်၍ နှစ်သိမ့်ပေးလေ၏။

ညီုသွေးအိမ်ကိုရောက်တော့ ရှိသမျှမိသားစုကလေးနှင့် ကြိုဆိုလိုက်ပုံက ထင်ထားတာထက်ပိုပြီး နွေးနွေးထွေးထွေးနှင့် လွန်းလှပါသည်။ ပထမဦးဆုံး ညီုသွေးက ကားနားထိ အပြေး လာကြို၏။

"မေမေရေ့, အန်တီသွေ. . . ငွေသား ရောက်လာပြီ ဟာ , ငွေသား မွေးနေ့ဝတ်စုံလေး ဝတ်လာတယ်"

"အင်း, ယောက္ခမကြီးကိုမြင်စေချင်လို့ ဖေဖေကလည်း သဘောကျတယ်လေ"

"ဝါး! ယောက္ခထီးကြီးက တကယ်အံ့ဩစရာကောင်း တာပဲ၊ သဘောကောင်းပုံက တို့မေမေတောင် လိုက်မီမှာမဟုတ် ဘူး"

ညီုသွေးစကားအဆုံး ငွေသားကပြုံးပြီး လက်ဆောင် ပစ္စည်းတွေကို ထုတ်လိုက်ပါသည်။

"ဘာတွေလဲ, လက်ဆောင်တွေလား၊ များလိုက်တာ"

"ဖေဖေပေါ့၊ ညီုသွေးပြန်ကတည်းက လက်ဆောင် တွေ စဉ်းစားပြီး ထည့်ပေးလိုက်တာ"





"ဒီလောက်ထိ မလိုပါဘူး ငွေသားရယ်"

"ဖေဖေကလည်း ညီုသွေးမေမေလိုပဲလေ၊ သူ့ဆန္ဒကို ဘယ်လိုတားလို့ရမှာလဲ"

စကားတတွတ်တွတ်ပြောရင်း အိမ်ထဲရောက်လာချိန်မှာ ဒေါ်မေညီုသွေးရယ်, ဒေါ်ခင်မိုးသွေရယ်, မိန်းကလေးတစ်ယောက် ရယ်က မတ်တပ်ရပ်လျက် ဆီးကြိုနေပါသည်။

"မေမေ, ဒါ ငွေသားနုစပယ်ပါ၊ ငွေသား, ဒါက မေမေ ဒေါ်မေညီုသွေး, ဒါက အန်တီသွေ, ဒါကတော့ မေမေတို့ရဲ့လက် သွဲတော် ဘူးမလို့ခေါ်တယ်။ ဒီမှာတွေ့လား မေမေ၊ ငွေသားက မေမေမြင်စေချင်လို့ ဝတ်လာတာ"

"ဟုတ်ပါတယ် အန်တီ၊ အန်တီ့လက်ရာကြောင့် သမီး ဝိုလှသွားတယ်ဆိုတာ သိစေချင်လို့ပါ"

"ဟုတ်ပါ့တော်, ညီုလက်ရာက ချွေးမလေးနဲ့ ကွက်တိ ပဲလား"

"အင်း, ဒီဝတ်စုံလေးနဲ့ တကယ်ပဲလိုက်ဖက်ပါတယ်။ တို့ဦးနှောက်အစားခံပြီး ရွေးလိုက်ရတာ တကယ်အကျိုးရှိသွား တယ်။ သမီးက အရမ်းကိုလှတာပဲ၊ စပယ်ပန်းလေးတစ်ပွင့်လို ဖြူဝင်းပြီး နုနေတာ"

"ကျေးဇူးတင်ပါတယ် အန်တီ၊ အန်တီက ပိုပြီးလှလို့ ပါ ဒါ ဖေဖေပေးလိုက်တာပါ. . . အန်တီ့အလှနဲ့လိုက်ဖက်မယ့်



www.burmeseclassic.com

www.burmeseclassic.com



လက်ဆောင်''

ငွေသားက ပန်းစည်းကို ရှိရှိသေသေလှမ်းပေးလိုက်ပါသည်။ ညိုသွေးကလည်း လက်ဆောင်ပစ္စည်းတွေကို စားပွဲပေါ် စီစီရီရီတင်၏။

''အိုး. . . ကြည့်စမ်း! လှလိုက်တဲ့ နှင်းဆီဖြူတွေ၊ တို့အကြိုက်ပဲ။ သမီးဖေဖေကို Thank you ပါလို့၊ သမီးကိုတော့ Thank you very much ပေါ့နော်။ ခုလိုလာတွေ့ပေးတာကိုလည်း ဝမ်းသာပါတယ်''

''သမီးလည်း ဒီလိုပါပဲ အရမ်းပျော်ပါတယ်။ သမီးက အန်တီ့ကို ညိုသွေးဖုန်းထဲမှာသာ မြင်ဖူးတာပါ။ အန်တီခွေ့ကိုတော့ မဂ္ဂဇင်းတွေ ဂျာနယ်တွေထဲမှာ ခဏခဏမြင်ဖူးပါတယ်။ နှစ်ယောက်စလုံး အရမ်းကိုလှပါတယ်။ ဝတ်စားဆင်ယင်ပုံကလည်း ဒီဇိုင်နာတွေရယ်လို့ မပြောရဘူး, အရမ်းကိုဖက်ရှင်ကျပါတယ်။ သမီးနဲ့တွဲသွားရင် ယောက္ခမလို့မထင်ဘဲ ညီအစ်မလို့ပဲ ထင်ကြမှာပါ''

''ဘုရားရေ!. . . ညို, ကြည့်စမ်း. . . ရှင့်ချွေးမ အပြောကောင်းလိုက်တာ။ ဒါ ဂျင်မီသင်ပေးတာလား, ညိုသွေး သင်ပေးတာလား''

''ဟာ. . . အန်တီခွေကလည်း, ငွေသားက ကလေးမှမဟုတ်တာ၊ ဘယ်သူက သင်ပေးရမှာလဲ''





''ဟုတ်သားပဲ, မခွေကလည်း။ သမီးက အရှိကိုအရှိအတိုင်းမြင်ပြီး သူခံစားရသလို ပြောတာပဲဟာ။ ညိုတို့ကလည်း သူမြင်တဲ့အတိုင်း အမြဲတမ်းလှနေတာကို။ မဟုတ်ဘူးလား သားရယ်''

''ဟား. . . ဟား. . . ဟား. . . အိုခေ, အိုခေ, မေမေပြောတာ မှန်တယ်''

''အင်း, ဒါတော့ ဟုတ်တယ်၊ အန်တီခွေတို့ နှစ်ဆယ်ကျော် သုံးဆယ်အရွယ်တုန်းက သက်မွေးဝမ်းကျောင်းပညာကို ကြိုးပမ်းနေရတာနဲ့ ပဲပေးချိန်မရခဲ့ဘူး။ အခုနာမည်တစ်လုံးရလာမှ ပဲပေးရတာ။ အန်တီခွေတို့ သူငယ်ချင်းတချို့ဆို မြေးတွေ ဆောင် ရနေပြီ''

''အန်တီခွေပြောတာလည်း မှန်တာပဲ၊ ဒါပေမဲ့ ပဲပေးရမယ့်အရွယ်တုန်းက အချိန်မရလို့ မပေးခဲ့ရတာ ထားပါတော့။ အခုအချိန်ရလို့ ပဲတွေလည်း အပြတ်ကျွေးရော, စားမယ့်လူက မရှိတော့ဘူး။ အရွယ်လွန်နေပြီ၊ အဲဒါဘယ်လိုလုပ်မလဲ''

''ကြည့်စမ်း!. . . ဒီကောင်လေး ပေါက်ကရ''

''ဟား. . . ဟား. . . ဟား''

''ဟုတ်ပါ့, ဘာတွေလျှောက်ပြောနေမှန်းမသိဘူး။ မအေနဲ့ အဒေါ်ကိုများ သူငယ်ချင်းမှတ်နေသလား။ ကဲ, ထိုင်ပါသမီးရယ်''



www.burmeseclassic.com

www.burmeseclassic.com



အားလုံးရယ်ပြီး ထိုင်လိုက်ကြတော့သည်။

"ဒါဆို မေမေတို့ လွတ်လွတ်လပ်လပ်စကားပြောကြတော့။ မိန်းမချင်းတွေပဲ ကောင်းတယ်၊ သား Online ပေါ်ခဏတက်လိုက်ဦးမယ်။ ဟိုအိမ်မှာလည်း ယောကျ်ားချင်းပဲ စကားပြောလာတာ, ငွေသားက ရှောင်ပေးရတယ်လေ"

"အင်း. . . အဲဒါကောင်းတယ်"

"ဟုတ်တယ်, သွား. . . မြန်မြန်ကြွ"

အန်တီဆွေက မောင်းထုတ်လိုက်တော့ ညီသွေး ဖျတ်ခနဲလှည့်ထွက်သွားတော့သည်။ ငွေသားလိုပင် အကွယ်တစ်နေရာရောက်မှ ပြုံးစိစိနှင့် Peace လုပ်ပြလေ၏။

"တကယ်တော့ သမီးက အန်တီ့ကို ညီသွေးလိုပဲ မေမေလို့ခေါ်ချင်တာပါ။ ညီသွေးကလည်း အခုကတည်းက ခေါ်စေချင်ပုံရပါတယ်။ ဒါပေမဲ့ စေ့စပ်ပွဲတောင် မလုပ်ရသေးဘူးဆိုတော့ သမီးလည်း မဝံ့မရဲဖြစ်သလို အန်တီလည်း အနေရခက်မှာစိုးလို့ပါ"

"အို, ရပါတယ်သမီးရယ်၊ ဘယ်လိုပဲခေါ်ခေါ်ပါ။ သမီးစိတ်ထဲမှာ ရဲရဲဝံ့ဝံ့ရှိဖို့ပဲ လိုတာပါ။ ဟုတ်တာပေါ့, ချက်ချင်းကြီးဆိုတော့ ခေါ်ရမှာ မဝံ့မရဲဖြစ်နေမှာပေါ့။ ဒီလိုပဲ တဖြည်းဖြည်းခေါ်ရင်းနဲ့ ခေါ်လို့ကောင်းသွားမှာပါ"

"ဒါနဲ့ သမီးကရော တို့ရဲ့ညီသွေးကို ဘာဖြစ်လို့ ညီသွေး, ညီသွေးလို့ခေါ်နေတာလဲ။ နားထဲမှာ တစ်မျိုးကြီးဖြစ်နေသလိုပဲ"



"ဟို. . . အဲဒါက ဒီလိုပါ အန်တီဆွေ၊ သမီးက သန့်စင်ညီသွေးဆိုတဲ့နာမည်ကို ကြိုက်လို့ပါ။ ညီသွေးလို့ အဖျားဆွတ်ခေါ်ရတာလည်း ခေါ်လို့ကောင်းတယ်ထင်မိလို့ပါ"

"အို! ဘယ်လောက်ပဲ ခေါ်လို့ကောင်းကောင်းကွယ်၊ သမီးရည်းစားဖြစ်ပြီးလို့ မကြာခင်မှာပဲ လက်ထပ်ရတော့မယ့်ဟာ၊ တစ်မျိုးတစ်မည်ပြောင်းခေါ်မှပေါ့"

"ဒါဆို သမီးဘယ်လိုခေါ်ရမလဲ"

"ဟင်, ကိုယ့်ရည်းစား ကိုယ်မေးပါလား။ ကျုပ်က သင်ပေးနေရဦးမှာလား"

"အို. . . အန်တီဆွေပဲ တစ်ခုခုပြောင်းခေါ်ဆို။ ညီသွေးက ဘာမှမပြောပါဘူး, သမီးကြိုက်သလိုခေါ်တဲ့"

"ကောင်းပြီ၊ အန်တီဆွေ ခေါ်ခိုင်းသလို ခေါ်မယ်ဆိုရင် အခုအချိန်မှာ 'အိုပါး'လို့ခေါ်၊ လက်ထပ်ပြီးရင် 'ရှောင်ပိုး'လို့ခေါ် "

"မဆွေရယ်. . . ကလေးကို ဘာတွေလျှောက်ပြောနေမှန်းမသိတော့ဘူး"

"ရပါတယ် အန်တီရဲ့၊ အန်တီဆွေက ပျော်တတ်လို့ပဲဟာ။ ဘာပဲဖြစ်ဖြစ် လက်ထပ်ပြီးရင် အန်တီတို့စိတ်ကြိုက် ညီ



www.burmeseclassic.com

www.burmeseclassic.com

သွေးကို တစ်မျိုးပြောင်းခေါ်ပါ့မယ်။ ခုတော့ အိုပါးပေါ့၊ နောင်မှ ရောင်ပိုး”

“ဟား. . . ဟား. . . ဟား. . . သမီးက ဖော်လိုအလိုက်လည်း ကောင်းသားပဲ။ ဒီလိုမှပေါ့, ဒါမှ သဘာဝကျမှာလေ”

ပျော်ပျော်နေတတ်သော, ပွင့်ပွင့်လင်းလင်းရှိလှသော ဖက်လှဲတကင်းရှိလှသောမိသားစုမို့ ငွေသားသည် ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေ ကျေနပ်မှုတွေ အပြည့်အဝရှိလာကာ အပြောအဆို အနေအထိုင်ပါ ခက်ခဲမှုမရှိတော့တဲ့ သက်တောင့်သက်သာ ဖြစ်သွားခဲ့ပါသည်။

“သမီးကို ဒီလိုနားလည်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ဒါတွေက ဖေဖေ လက်ဆောင်ပေးလိုက်တာတွေပါ။ မေမေမရှိလို့ အန်တီ့လို အသေးစိတ်မလုပ်ပေးနိုင်ပေမယ့် ဖေဖေပေးတာလေးတွေကလည်း အန်တီ့အတွက် အသုံးဝင်ပါလိမ့်မယ်”

“ဒီလောက်ကြီးလုပ်လာဖို့ မလိုပါဘူးသမီးရယ်။ ဒီတိုင်းပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ်ပဲ လာတွေ့လိုက်ရင် ပြီးတာပဲ။ အားနာစရာကောင်းအောင်။ ဒါပေမဲ့ စေတနာနဲ့ပေးလိုက်တာမို့လို့ ကောင်းကောင်းသုံးပါ့မယ်လို့ ဦးဂျင်မီကိုပြောပေး။ ကျေးဇူးလည်း အထူးတင်ပါတယ်လို့ သေသေချာချာပြောနော်။ ဆူမရေ. . . ဒီပစ္စည်းတွေ လာသိမ်းပေး”





“ဟုတ်, လာပါပြီ အန်တီညို၊ ဖျော်ရည်လည်း ရပါပြီ”

အိမ်ဖော်မလေးက လိမ္မော်ရည်တွေ လာချပေးပြီး လက်ဆောင်ပစ္စည်းတွေကို ယူသွားတော့၏။ အန်တီဆွေကလည်း,

“ကဲ, ဖျော်ရည်သောက်ပါဦး သမီး။ လိမ္မော်လက်ဖျော်သာ။ ပြီးတော့ ချွေးမနဲ့ယောက္ခမ စကားအေးအေးဆေးဆေးပြောကြ။ အန်တီဆွေ အလုပ်တန်းလန်းလေးရှိနေလို့ သွားလိုက်ဦးမယ်”

ဟုပြောပြီး ထလေသည်။

အန်တီဆွေ ထွက်သွားတော့ ငွေသားနှင့် ဒေါ်မေညိုသွားသာ မျက်နှာချင်းဆိုင် ကျန်ရစ်ခဲ့ပါသည်။ အဲဒီတော့မှ ဒေါ်မေညိုသွေးက ငွေသားမျက်နှာကို သေသေချာချာစိုက်ကြည့်ပြီး နှုတ်ခမ်းတင်းတင်းစေ့လျက် ပြုံးပြလေ၏။

▣

“အမှန်တော့ အန်တီနဲ့သမီး ဒီလိုတွေ့တယ်ဆိုတာက တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးမှုတွေ ပိုမြန်လာအောင်, နွေးထွေးမှုတွေလည်း ပိုရှိလာအောင် ရည်ရွယ်တဲ့သဘောပါပဲ။ တခြားအတွေအထူးကိစ္စမှမရှိတာ။ တစ်ဖက်နဲ့တစ်ဖက် အကြောင်းသိနားလည်ပြီဆိုတော့ တို့တွေ ဖြစ်သွားကြပြီပဲ”



www.burmeseclassic.com

www.burmeseclassic.com



"..."

"သမီးဖေဖေနဲ့ သားနဲ့လည်း တွေ့ပြီးသွားပြီပဲလေ။ သ ကိုဘက်က ကံကောင်းခြင်းတွေရော အခွင့်အရေးတွေရော သာ ဟို အပြည့်အဝ ပေးလိုက်ပြီဆိုတော့ အန်တီ ထွေထွေထူးထူ ပြောစရာ မရှိဘူးကွယ်။ သားကလည်း သမီးရဲ့ဆန္ဒနဲ့ သမီးရဲ့စိ တ်ကို မကြာခဏပြောနေတာဆိုတော့ အန်တီ့မှာ သမီးကို မမြင်ရဘဲနဲ့ သမီးအကြောင်းကို အားလုံးသိပြီးနေပြီလေ"

"ဟုတ်. သမီးလည်း အဲဒီလိုပါပဲ၊ ညီသွေးက အန်တီ အကြောင်းကို မကြာခဏပြောခဲ့တာပါ။ ခုလိုမြင်လိုက်ရတော့ ပိုပြီးလေးစားမိပါတယ်"

"အိုး!...ချွေးမနဲ့ယောက္ခမ အပြန်အလှန်မြှောက်သ တော့ ဖြစ်နေပါဦးမယ်ကွယ်။ တို့ချွေးမလေးကရော ဘာထူး တုန်း။ ခုလို မျက်နှာချင်းဆိုင် တွေ့လိုက်ရတော့ သားပြောတာ ထက်တောင် ပိုပြည့်စုံပါသေးတယ်။ တို့သား လူရွေးမှန်တယ်။ သမီးက ရည်းစား တစ်ခါမှမထားခဲ့ဖူးဘူးဆို။ သားကျမှ တစ် ယောက်ဆို တစ်ယောက် ပီတောက်ဆို ပီတောက်လား"

"ဟုတ်ပါတယ်၊ ဇာတ်လမ်း စ,လာတဲ့သူတွေ ရှိခဲ့ပေ မယ့် သမီးကကို လုံးဝစိတ်မဝင်စားခဲ့တာပါ။ ညီသွေးနဲ့ကျမှ နှလုံးသားက သူ့အလိုလိုလှုပ်လှုပ်ရှားရှားဖြစ်လာခဲ့တာ။ သမီး စိတ်ကူးထားတဲ့ ချစ်သူကောင်းတစ်ယောက်ရဲ့ပုံစံတွေကိုလည်း





သွေးဆီက အပြည့်အဝရခဲ့ပါတယ် အန်တီ။ ပြီးတော့ သမီး ချစ်က ဘယ်သူနဲ့မှမတူဘူး၊ အစွဲအလန်းကလည်း အရမ်း ပါတယ်။ တစ်ယောက်ဆိုတစ်ယောက် ဘယ်တော့မှမပြောင်း င်တဲ့အချစ်မျိုးပါ"

ငွေသားစကားဆုံးတော့ ဒေါ်မေညိုသွေးက ငွေသားရဲ့ လုံးတွေကို စိုက်ကြည့်နေတာမို့ ငွေသား မဝံ့မရဲလိုလို မလုံ ဲလိုလို ဖြစ်သွားပါသည်။ ဒေါ်မေညိုသွေး၏မျက်ဝန်းတွေက ည်း ခံစားသက်ဝင်မှုတစ်ချို့ လွှမ်းခြုံနေသည်ဟုထင်မိပါသည်။

"ဟို...ဒီအချိန်မှာမို့လို ဒီစကားမျိုးပြောတာမဟုတ် ူး အန်တီ။ သမီးစိတ်ကကို အဲဒီလိုမျိုးပါ။ အတူနေပါများ ရင် အန်တီ သိလာမှာပါ"

"ယုံပါတယ် သမီးရယ်၊ အန်တီကိုယ်တိုင်လည်း အစွဲ န်းကြီးတဲ့သူ, ခံစားထိခိုက်လွယ်တဲ့သူ ဖြစ်ခဲ့တာပါ။ အန်တီ သမီးက ဘယ်လိုဖြစ်ပြီးတော့များ လာတူနေပါလိမ့်၊ အံ့ဩ ပဲ။ တကယ်တော့ အဲဒီလိုစိတ်မျိုးရှိတာ မကောင်းဘူးသမီး တစ်ခုခုဖြစ်လာရင် ပုံလဲတော့တာ၊ နှလုံးသားက မခံနိုင်ဘူး။ မဲ့ သမီးကံကောင်းပါတယ်၊ ညီသွေးက တို့သားမို့လို ပြော မဟုတ်ပါဘူး"

"..."

"အဖက်ဖက်က ပြည့်စုံတဲ့ကလေးပါ။ အန်တီကလည်း



www.burmeseclassic.com

www.burmeseclassic.com



သေသေချာချာဆုံးမထားပါတယ်။ သမီး စိတ်ချမ်းသာမှု အပြည့် အဝရမှာပါကွယ်။ တွေ့ဆုံပုံလေးကလည်း တကယ်ထူးဆန်း တာပဲ''

''သမီးကလည်း ညီ့သွေးကို အပြည့်အဝယုံပါတယ် အန်တီ။ 'သားလိမ္မာဟာ လင်ကောင်းတစ်ယောက်မဖြစ်နိုင်ဘူး' ဆိုပေမယ့် ညီ့သွေးက အဲဒီလိုလူမျိုးမဟုတ်ပါဘူး။ အရမ်းမှ တယ်''

''ဒါနဲ့ သမီးက သားကို ဘယ်သူကမှ သဘောမတူဘူး ဆိုရင် ခိုးပြေးမယ်လို့ ပြောဖူးတယ်ဆို''

''ဟို. . .အဲဒါက ညီ့သွေးကို ဘယ်လောက်ချစ်တယ် ဆိုတဲ့အကြောင်း သက်သေပြတဲ့သဘောပါ။ ဘယ်သူ သဘော မတူ,တူ ဘယ်သူတွေ ဘယ်လောက်ပဲ တားတား ညီ့သွေးသာ ကပဲ ရပ်တည်မယ့်အကြောင်း, အများနဲ့တစ်ယောက် လဲရဲ အကြောင်းကို ပြောပြတာမျိုးပါ အန်တီ။ သမီးမှာ အဲဒီသတ္တိမျိုး ရှိပါတယ်''

''. . .''

''ဒါပေမဲ့ တကယ်တမ်းကျတော့ ညီ့သွေးက အဲဒီ အဖြစ်မခံပါဘူး။ သူကိုယ်တိုင်က အချစ်အတွက် အသက်ပေး စွန့်မယ့်လူစားမျိုးပါ။ သမီးကို အရမ်းတန်ဖိုးထားလွန်းပါတယ်''

''အင်း. . . တကယ့်ကို အချစ်ကြီးကြတဲ့ကလေးတွေပဲ





အိမ်ထောင်ပြုပြီးရင် သမီးဘာလုပ်မယ်စိတ်ကူးလဲ။ ဘယ် နေယ်ထိုင်မယ် စိတ်ကူးလဲ''

''အိမ်ထောင်ပြုပြီးရင် ဘာလုပ်မလဲဆိုတော့ ဖေဖေ့ရဲ့ ငန်းကိုလည်း ကူလုပ်မယ်၊ အန်တီ့အလုပ်တွေကိုလည်း သင် ပြီး ကူလုပ်ပေးမယ်။ ပြီးတော့ ညီ့သွေးရဲ့ဝေယျာဝစ္စကတော့ တာပေါ့။ အဲဒါ နှစ်ယောက်လုံး စိတ်တူသဘောတူ ဆုံးဖြတ် တာပါ''

''. . .''

''နေထိုင်တာကလည်း နှစ်ယောက်တည်း ခွဲထွက်နေ စိတ်ကူးမရှိပါဘူး အန်တီ။ အားလုံးသဘောတူနေပြီပဲ, ဖေဖေ့ ဆီမှာ နေလိုက်၊ မေမေ့ဆီမှာ နေလိုက်ပေါ့။ အဲဒါကောင်းပါ ယ်နော်''

''အင်း, ကောင်းပါတယ်၊ နှစ်ဖက်လုံးက တစ်ဦးတည်း သာ သားသမီးတွေဆိုတော့ သမီးစီစဉ်ထားတာ သဘာဝကျ ပါတယ်။ ဒါပေမဲ့ ဒီ့ထက်သဘာဝကျတာ ရှိသေးတယ်သမီးရဲ့။ နေရာမှာ ညီ့သွေးကို တို့နဲ့မဆိုင်သလို ဖယ်ထားပြီး တို့ဘာသာ တို့ သူငယ်ချင်းတွေလို လွတ်လွတ်လပ်လပ်ပြောရအောင်''

မထင်မှတ်ဘဲ ထွက်လာသောစကားကြောင့် ငွေသား သည် ဒေါ်မေညီ့သွေးမျက်နှာကို တအံ့တဩစိုက်ကြည့်မိလေ သည်။ ငွေသားစိုက်ကြည့်နေပုံကို ဒေါ်မေညီ့သွေးကလည်း



www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်ပြုံးကြည့်နေတာမို့ ငွေသားသည် ကြည့်ရင်းကြည့်ရင်း ဖြင့် ယောက္ခမအပေါ်ကို ရင်းနှီးမှုတွေ နားလည်မှုတွေ ပိုတိုးလာ တော့၏။

"အာ, ဟုတ်တယ်၊ အန်တီ ဘယ်လိုသဘောထားမျိုး ပြောတာလဲဆိုတာ သမီးနားလည်ပြီ။ မိန်းမချင်း အိမ်ထောင်ရေး အကြောင်း ပြောနေပြီဆိုတော့ သက်ဆိုင်သူယောက်ျားတွေကို ခဏမေ့ထားတာ ကောင်းတယ်။ ဒါဆို အန်တီပြောတဲ့ ဒီ့ထက် သဘာဝကျတာ ရှိသေးတယ်ဆိုတာ ဘာလဲဟင်"

"ယောက်ျားတွေက ကိုယ့်ကို ပြန်ပြီးအားကိုးချင်တာ"

"သူတို့က ကိုယ့်ကိုအားကိုးမှာ"

"အင်း. . . အဲဒါကို တကယ်အိမ်ထောင်ကျဖူးတဲ့သူတွေ မှ သိတာ"

"ဟာ! အန်တီကလည်း ယောက်ျားနဲ့မိန်းမပဲ ယောက်ျား ကိုပဲ အားကိုးရမှာပေါ့၊ မဖြစ်နိုင်တာ။ သမီးကတော့ အိမ်ထောင် ပြုပြီးဆိုကတည်းက ချစ်တာရော အားကိုးတာရော အတူတူပဲ"

"အဲဒါ ရှေးခေတ်က အယူအဆတွေ ကျန်ခဲ့ပြီ၊ အခု ခေတ်က အဲဒီလိုမဟုတ်တော့ဘူး။ အားကိုးမှုတွေ အကျိုးပြုမှု တွေကို အပြန်အလှန်လုပ်မှဖြစ်မှာ၊ တချို့ယောက်ျားတွေဆို ဘာ မှမလုပ်ချင်ဘဲ မိန်းမတွေကိုပဲ အားကိုးချင်ကြတာ။ သူတို့အပေါ် ကိုတော့ ကိုယ်က ဘာမှမလုပ်ဘဲ အပြည့်အဝသွားပြီး အားမကိုး





ဘ်နဲ့။ ချစ်တုန်းခဏပဲ, နောက်တော့ ဒဏ်မခံနိုင်ဘဲ ပြဿနာ ချင်ကြတာ"

"ဒါ. . . ဒါဆိုရင် ခုခေတ်က ကိုယ်ချမ်းသာမှ ကိုယ်ချစ် သူကို ယူလို့ရမှာပေါ့။ ကိုယ့်ချစ်သူကို ဘယ်လောက်ပဲချစ်ချစ် ယ်က ဆင်းရဲနေရင် ယူလို့မဖြစ်ဘူးပေါ့"

"ဒီလိုပဲ ပြောရတော့မှာပဲ သမီးရဲ့၊ ယောက်ျားတိုင်း တော့ မဟုတ်ဘူး၊ ဒါပေ့ များသောအားဖြင့်ပဲ၊ သူတို့မှာ အမြို့ တ်ရှိတယ်"

"အမြို့စိတ်? "

"အမြို့စိတ်ဆိုတာ တခြားမဟုတ်ဘူး. . . မိန်းမတွေကို စ်နည်းနည်းနဲ့ အားကိုးချစ်စိတ်ရှိကြတာကိုဆိုလိုတာ။ ဘယ် ာက်ပဲ ချမ်းသာချမ်းသာ၊ ဘယ်လောက်ပဲ အားကိုးရ အား ရ ဘယ်လောက်ပဲ ရှေ့ဆောင်လမ်းပြကောင်းကောင်း၊ အဲဒီ က မိန်းမအပေါ် တစ်ချိန်ချိန်မှာ ရှိလာတတ်တာပဲ"

"ဪ. . . သိပြီ သိပြီ အန်တီဆိုလိုတာက အိမ်ထောင် ဘာဝမှာ ဖြစ်တတ်တာလေးတွေ၊ ကိုယ့်ဘက်က သိထားရ လေးတွေ၊ ကိုယ့်ဘက်က ပြင်ဆင်ထားရမှာလေးတွေကို သတိ တဲ့သဘောမှလား"

"ဒါပေါ့. . . ကိုယ့်အပေါ်ကို ဘယ်လောက်ကြီးပဲ ချစ် ယောက်ျား ဖြစ်ပါစေသမီးရယ်၊ ကိုယ် ဘယ်လောက်ပဲ အား

www.burmeseclassic.com

www.burmeseclassic.com



ကိုးရတဲ့ယောက်ျားပဲဖြစ်ဖြစ်၊ ဘယ်လောက်ပဲ အရှာအဖွေ
တဲ့ယောက်ျားပဲဖြစ်ဖြစ်၊ ဘယ်သူက တစ်သက်လုံး ညား
လို တစ်ချစ်တည်းချစ်နေနိုင်မှာလဲ။ ပထမတော့ ဘာမှလုပ်
မလိုဘူးဆိုပြီး အလိုလိုက်ထားပေမယ့် ကြာလာတော့ ကို
လိုအပ်ချက်ကလေးတွေကို သူတို့မြင်လာရော''

''. . .''

''အဲဒီမှာပဲ သူတို့ ကိုယ့်အပေါ်ကို အားကိုးချင်တဲ့
က စ,လာတာ။ ဥပမာ ထမင်းဟင်း မချက်တတ်ရင်တော့
မိန်းမ စားတော့စားတတ်တယ်၊ အချက်အပြုတ်တော့ မတတ်
လို့မြင်လာမယ်။ အိမ်မှုကိစ္စပဲလုပ်နေမယ်ဆိုရင်တောင် ဒီ
ငွေဝင်အောင်တော့ မရှာတတ်ဘူးလို့မြင်လာမယ်''

''အိုး!. . . မှန်လိုက်တာ အန်တီရယ်၊ အန်တီပြော
သဘာဝကျတယ်။ ဟုတ်တယ်၊ တစ်သက်လုံးပေါင်းရမယ့်
ကြီး၊ ဘယ်သူက ညားခါစကလို တစ်ချစ်တည်းချစ်နေနိုင်မှာ

''ဒါပေမဲ့ အန်တီပြောနေတာ ယောက်ျားတိုင်းကို မ
ဘူးနော်။ အဲဒီထဲမှာ သန့်စင်ညိုသွေး ပါချင်လည်းပါမယ်၊
ချင်လည်း မပါဘူး။ ဖြစ်တတ်တဲ့သဘောလေးတွေကိုပြော

''သမီးနားလည်ပါတယ် အန်တီရဲ့၊ ဒါဆို သူတို့ ကို
ကို အဲလိုမမြင်အောင် ကိုယ့်ဘက်က ဆော့ဖ်လုပ်ထားဖို့တော့
မယ်ထင်တယ်နော် အန်တီ''





''ဒါပေါ့. . . အချက်အပြုတ်တတ်ပြီး သူ့ရှေ့မှာ မချက်တတ်ချင်ယောင်ဆောင်နေတော့ကော မကောင်းဘူးလား။ သူမသိအောင် တစ်ဖက်တစ်လမ်းကနေ စီးပွားရေးတစ်ခုခု လုပ်ထားရင်ကော မကောင်းဘူးလား။ ဒါမှမဟုတ် ကိုယ့်မှာ ဝါသနာတစ်ခု ရှိနေရင်ကော အဲဒီဝါသနာကို အောင်မြင်အောင် ကြိုးစားပြရင် မကောင်းဘူးလား''

''. . .''

''ဘာမှမလုပ်တတ်ရင်တောင် အနည်းဆုံးတော့ အပြောကောင်းဖို့ လိုတယ်သမီးရယ်။ သူ့ရဲ့အလုပ်နဲ့ပတ်သက်ပြီးတော့ပဲဖြစ်ဖြစ်၊ လူမှုရေးနဲ့ပတ်သက်ပြီးတော့ပဲဖြစ်ဖြစ်၊ ဘေးကနေ လိုသလို Guide လုပ်ပေးနိုင်ရင်ကော မကောင်းဘူးလား။ အဲဒီလိုကိုယ်ပိုင်အစွမ်းအစတွေ ရှိထားမယ်ဆိုရင် သူတို့ငြီးငွေ့လာတဲ့အခါမှာ အဲဒီအစွမ်းအစကို ချပြလို့ရတာပေါ့။ ဒါမှ ကိုယ်ကလည်း သူတို့ကို လုံးဝအားကိုးနေတာမဟုတ်ဘူးဆိုတာ သိသွားမှာပေါ့''

ဒေါ်မေညိုသွေးရဲ့စကားတွေက ငွေသားကို အားတက်စေပါသည်။ လွတ်လွတ်လပ်လပ်နှင့် ပြောရဲဆိုရဲသည့်စိတ်ကို တွန်းအားပေးလာပါသည်။ သူပြောသလိုပင် ပြောရင်းပြောရင်းနှင့် သူငယ်ချင်းတစ်ယောက်နှင့် စကားထိုင်ပြောနေရသလိုမျိုး ပြောလို့ကောင်းလာပါသည်။

''အန်တီပြောတာ ဟုတ်တယ်၊ တကယ့်ကို သဘာဝကျ



www.burmeseclassic.com

www.burmeseclassic.com

လွန်းပါတယ်။ သမီးမေမေရှိခဲ့ရင်တောင် ဒီလိုမျိုးမှ သင်ပေး မလား၊ ဒါဆို သမီးလည်း ကိုယ်ပိုင်အစွမ်းအစတွေ ပြနိုင်အောင် ကြိုးစားထားရတော့မယ်။ လက်မထပ်ခင် ညိုသွေးမသိအောင် အချက်အပြုတ်သင်တန်း သွားတက်ထားလိုက်မယ်။ ပြီးတော့ ဖေဖေ့ကိုပြောပြီး သမီးနာမည်နဲ့ လုပ်ငန်းတစ်ခု မ,တည်ထားလိုက် မယ်။ မကောင်းဘူးလား အန်တီ''

''အိုး. . . ကောင်းတာပေါ့၊ ဒါမှ သူတို့ ကိုယ့်ကို မနိုင် မှာ, မငြိုငြင်မှာလေ''

''အိုခေ, အဲဒါဆို ကိုယ့်ချစ်သူက ကိုယ့်ကို အားကိုးမယ် ဆိုလည်း အားကိုးပါစေဆိုပြီး ကြည်ကြည်နူးနူးနဲ့ အားကိုးခံနိုင် တဲ့အရည်အချင်းတွေလည်း ရှိသွားမယ်လေ''

''ဒါပေါ့''

''ဒီလိုမှမဟုတ်လည်း အန်တီရယ်, တိုက်ကွမ်ဒို သွား သင်ထားရင် မကောင်းဘူးလား။ ဒီ့ထက်ကောင်းတဲ့ ကိုယ်ပိုင် အစွမ်းအစရှိဦးမလား''

''ဟား. . . ဟား. . . ဟား. . . မှန်တယ် မှန်တယ်၊ အဲ ဒါ ပိုကောင်းတယ်။ သူတို့ ပြဿနာရှာတဲ့အခါကျ အဲဒီပညာ ချ ပြလိုက်တာ, အေးရော''

ဒေါ်မေညိုသွေးက ငွေသားအပြောကို သဘောကျသွား ပြီး တဟားဟားနှင့် လွတ်လွတ်လပ်လပ်ရယ်လေရာ ငွေသားပါ





ပျော်လွန်းပြီး လိုက်ရယ်လိုက်တာမို့ ဧည့်ခန်းထဲမှာ နှစ်ယောက် သည်းနှင့် ရယ်သံတွေ စီညံသွားတော့သည်။ ထိုအချိန်မှာ. . .

''ဟော. . . ဘာတွေပြောပြီး ဒီလောက်ရယ်နေတာလဲ''

ဆိုပြီး ညိုသွေး သွက်သွက်လက်လက် ရောက်လာလေ သည်။

''ရယ်စရာတွေပြောပြီး ရယ်နေကြတာပေါ့သားရယ်။ ဒီတွေအထူးဘာပြောစရာရှိလို့လဲ။ ဒီတွေ့ဆုံပွဲက ချွေးမလေးနဲ့ ယောက္ခမနဲ့ ရင်းရင်းနှီးနှီးရှိဖို့, နွေးနွေးထွေးထွေးဖြစ်ဖို့ မဟုတ်ဘူး လား''

''ဟုတ်တယ်လေ,အားလုံးအဆင်ပြေနေပြီဆိုတော့ ရယ် စရာပဲပြောဖို့ ရှိတော့တာပေါ့။ ဒါကြောင့် ကျွန်မတို့နှစ်ယောက် သူငယ်ချင်းလိုပြောပြီး ရယ်နေကြတာ''

''ဪ, ချွေးမနဲ့ယောက္ခမ ရင်းရင်းနှီးနှီး နွေးနွေးထွေး ထွေးရှိရုံမက၊ သူငယ်ချင်းတွေလိုပါ ဖြစ်သွားကြပြီပေါ့''

''ဒါပေါ့''

''ညိုသွေးပဲ ဒီလိုဖြစ်စေချင်တာမှလား''

''ဖြစ်စေချင်တာ ဘယ်လောက်ကြာပြီလဲဗျာ၊ ဒါကြောင့် ပြောတာ, လူဆိုတာ တွေ့ကြည့်မှကောင်းတာ။ မတွေ့ဘဲနဲ့ တစ် ယောက်အကြောင်းတစ်ယောက် တစ်ဆင့်ပြောနေတာထက် တွေ့ ချင် အခုလိုတွေ့ကြည့်လိုက်တော့ ပိုအဆင်မပြေသွားဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆို ထမင်းစားရအောင် မေမေ။ မဆာသေးဘူးလား, ငွေသာ… လည်း ဆာနေတော့မယ်။ ဟိုမှာ ဆူးမနဲ့အန်တီတွေ ပြင်နေ… ရှယ်ပဲ''

''အိုး!. . . ဟုတ်ပါရဲ့ စကားပြောကောင်းနေလိုက်တာ… တို့ရဲ့ချွေးမလေး ဆာနေတော့မယ်။ လာ,သမီး၊ စားရအောင်…

အဲဒီလိုနှင့် ငွေသားတို့ ညစာအတူ ဝိုင်းဖွဲ့စားကြ… သည်။ စားချိန်ကျမှ ဖေဖေ့ဆီမှ ဖုန်းဝင်လာလေ၏။ ငွေသား… ဖုန်းလေးယူပြီး ခွင့်တောင်းဖို့ပြင်တော့ ဒေါ်မေညိုသွေးက…

''မလိုအပ်ဘဲနဲ့ မထနဲ့ သမီး၊ ဒီဝိုင်းမှာပဲ လွတ်လွ… လပ်လပ် အေးဆေးပြောလို့ရတယ်''

ဟု အလိုက်သင့် ခွင့်ပေးလိုက်တာမို့ ငွေသား ဖုန်း… လိုက်တော့သည်။

''ဖေဖေ''

''ဟေး. . . တို့သမီး အဆင်ပြေရဲ့လား''

''အင်း''

''ခမီးခမက်က တို့သမီးကို ချစ်မှာပါနော်။ တို့သမီး… လည်း ခမီးခမက်ကို ချစ်နေပြီမို့လားကွ။ ဒီအချိန်မှာ မင်းအ… ကို မြင်စေချင်လိုက်တာကွာ။ တို့သမီး ယောက္ခမလောင်းနဲ့ … တွေ့နေပုံကို။ မေညိုသွေးကိုပြောလိုက်, ဆုံးမစရာရှိတာ ဆုံး… ပါ, သင်စရာရှိတာ သင်ပေးပါလို့။ မအေမရှိဘဲနဲ့ ကြီးပြင်…





လို့ သမီးမှာ လိုအပ်ချက်တွေ ရှိနေမှာပါလို့''

ဖေဖေ့အသံ ပုံမှန်မဟုတ်တော့။

''စိတ်မပူပါနဲ့ ဖေဖေရဲ့၊ ဖေဖေ့အသံ ပုံမှန်မဟုတ်သလိုပဲ။ သောက်ထားတာလား''

''အင်း, နည်းနည်းပါ သမီးရယ်၊ အပြင်မှာ ဒင်နာရှိရင် ဘယ်မှာကင်းလို့လဲ။ ဝိုင်းထဲမှာ သမီး့ဦးမျိုးလည်း ရှိပါတယ်၊ စိတ်ချပါ''

''ဖေဖေတို့ဒင်နာက ဘယ်မှာလဲ''

''မြရိပ်ညိုမှာ''

''ဦးမျိုး ပါနေတာတောင် ဘာဖြစ်လို့သောက်ရတာလဲ ဖေဖေရယ်''

''သောက်ချင်လို့ သောက်တယ်ကွာ၊ သမီးက သမက်နဲ့ယောက္ခမကို သွားတွေ့နေတာ၊ ဒီအဖေက မသောက်ဘဲမနေလို့ ဘယ်လိုနေရမှာလဲ။ ပြီးတော့ ဝမ်းလည်းသာလို့၊ ဝမ်းလည်းနည်းလို့၊ ဝမ်းသာတာက သမီးလေး သမက်ကောင်း ယောက္ခမကောင်းနဲ့တွေ့လို့၊ ဝမ်းနည်းတာက သမီးလေး အိမ်ထောင်ကျသွားရင် ဖေဖေတစ်ယောက်တည်း ကျန်ခဲ့တော့မှာမို့လို့''

''ကဲပါ ဖေဖေရယ်၊ အိမ်ကျမှပဲ စကားဆက်ပြောတော့မယ်။ ဒီမှာ သမီးတို့လည်း ညစာစားနေကြပြီ။ ခဏနေပြီး သမီးပြန်လာခဲ့မယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ မေညိုသွေးက သမီးတို့ကိစ္စကို ဘာပြောသေးလဲ"

"အဆင်ပြေနေပြီပဲ ဖေဖေရဲ့၊ ပြောစရာမှမလိုတာ။ လူကြီးချင်းတွေ့ဖို့က ဖေဖေ့ဆန္ဒက အဓိကပဲကို။ အန်တီနဲ့ စကားနည်းနည်းပြောကြည့်မလား၊ သမီး ဖုန်းလွှဲပေးမယ်"

'နိုး နိုး နိုး. . . စည်းမကျော်ဘူး။ ကိုယ့်ခွင်နဲ့ကိုယ်ပဲ။ ဒါ သမီးတို့ချင်း တွေ့ဆုံတဲ့ပွဲ။ ဒါပေမဲ့ သူ့ကိုမေးလိုက်၊ ဘယ်ရက်လောက် တွေ့ကြမလဲလို့"

"ဟင်! ချက်ချင်းကြီး၊ ဖေဖေပဲ စဉ်းစားဦးမယ်ဆို"

"အခုစဉ်းစားပြီးပြီ၊ ဖေဖေက သွားရင်းလာရင်းနဲ့လည်း စဉ်းစားတာပဲ။ သောက်ရင်းစားရင်းနဲ့လည်း စဉ်းစားတာပဲ။ သန့်စင်ညိုသွေးကတော့ တစ်ခုပြောထားတာရှိတယ်၊ သူ့အမေ ဘန်ကောက်ကို သွားစရာရှိတယ်တဲ့။ ဒီတော့ ဘန်ကောက်မသွားခင် တွေ့မလား. . . အပြန်မှ တွေ့မလားလို့"

"ဟုတ်. . . ခဏလေးနော် ဖေဖေ"

ငွေသားသည် ဖုန်းကိုအုပ်ထားပြီး ဒေါ်မေညိုသွေးကို တစ်ဆင့်မေးပေးရပါသည်။

"အန်တီ, ဖေဖေက ဘယ်တော့လောက် တွေ့ကြမလဲ တဲ့။ ဘန်ကောက်မသွားခင် ဖြစ်မလား၊ ပြန်လာမှဖြစ်မလားတဲ့"

"အင်း, ရက်က အရမ်းကပ်နေတော့ အားနာတယ် သမီးရယ်၊ ပြန်လာမှပဲ တွေ့ရအောင်။ ဒိတ်ကို အတိအကျပေးပါမယ်လို့"





"ဟုတ်ကဲ့ပါ အန်တီ၊" ဟယ်လို ဖေဖေ"

"အေး,ပြော. . . ဖေဖေ နားထောင်နေတယ်"

"ဘန်ကောက်က ပြန်လာရင် ဒိတ် အတိအကျပေးပါ့မယ်တဲ့"

"အိုခေ, အိုခေ, ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်"

"ဒါပဲနော် ဖေဖေ၊ ထပ်မသောက်နဲ့တော့။ သမီး ဖုန်းချလိုက်တော့မယ်"

"အေးအေး. . . Good luck တေလာလေးရေ့"

ဖုန်းပြောပြီးတော့ ညိုသွေးက ငွေသားမျက်နှာကိုစိုက်ကြည့်ပြီး မေးလေသည်။

"အိုခေတယ်မို့လား"

"အိုခေပါတယ်"

"နည်းနည်းသောက်ထားတယ်ထင်တယ်"

"အင်း, မြရိုပ်ညိုရောက်နေတယ်၊ ဒင်နာဆိုရင် ဖေဖေ ဘာ သိပ်မကောင်းချင်ဘူး။ ခွင့်လွှတ်ပါ ညိုသွေး။ အန်တီရော အန်ဆီဆွေရော ခွင့်လွှတ်ပါ။ စားတုန်းသောက်တုန်း ဖုန်းပြောရတာ အရမ်းအားနာပါတယ်"

"အို, ဘာအားနာစရာရှိလဲ၊ အမျိုးတွေ တော်တော့မှာပဲဟာ။ သမီးဖေဖေ ဒင်နာမှာ သောက်တတ်တာကိုလည်း ပြော



www.burmeseclassic.com

www.burmeseclassic.com

မနေပါနဲ့သမီးရယ်။ အန်တီဆွေတို့တောင် ညတိုင်း ဝိုင်သောက်တတ်သေးတာ။ ဒီကြားထဲ မွေးနေ့တို့ နှစ်ကူးတို့ ဆိုရင်လည်း ~~ကိလ်ကာလေးဘာလေး ချတတ်သေးတာပဲ"

"ဟုတ်သားပဲ ငွေသားကလည်း"

"ဒါနဲ့ သမီးဖေဖေက တွေ့ဖို့အတွက်ကို စဉ်းစားဦးမယ် ဆို။ အခုတော့ ချက်ချင်းကြီး ဘယ်လိုစိတ်ကူးပေါက်သွားတာလဲ"

"ဖေဖေ့စိတ်က အဲဒီလိုပဲ အန်တီရဲ့၊ နားလည်ရခက်တယ်၊ ခန့်မှန်းရခက်တယ်၊ လွယ်လွယ်အဖြေပေးရင် အဲဒီအစီအစဉ် ပျက်သွားတတ်တာ များတယ်။ ခက်ခက်ခဲခဲ စဉ်းစားဦးမယ်လို့ပြောရင် မြန်မြန်ဖြစ်ချင်ဖြစ်သွားရော။ နေလယ်ကတောင် ပြောနေသေးတယ် အန်တီရဲ့"

"အင်း, ဘာတဲ့လဲ"

"သမီးတို့လက်ထပ်ပြီးရင် နှစ်ဖက်မိသားစု ပူးပေါင်းပြီး ယောက်ျားလေး မိန်းကလေး အလုအပရေးရာအဖြာဖြာအတွက် အင်ပါယာကြီးတစ်ခု ထူထောင်မှာပဲတဲ့"

"အိုး!. . . မှန်တာပေါ့၊ သူ့စိတ်ကူးကောင်းတယ်။ အဲဒီလိုဖြစ်ရမှာပေါ့။ ဒါဆို ဘယ်လောက်ပျော်စရာကောင်းမလဲ"

အန်တီဆွေ၏ လက်သီးလက်မောင်းတန်းပြီး ပျော်ရွှင်သွားပုံကြောင့် အားလုံးဝိုင်းရယ်လိုက်ကြတော့သည်။ ဒင်နာပွဲ





သားကလည်း ထင်ထားတာထက်ပိုပြီး လှလှပပစည်စည်ကားကားလေး ဖြစ်သွားခဲ့၏။

နောက်ဆုံးတော့ ငွေသား၏ ချွေးမနှင့်ယောက္ခမ တွေ့ဆုံပွဲက ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေးရှိရုံမက၊ တစ်ကြိမ်တစ်ခါတည်းနှင့် လူကြီးချင်းတွေ့ပြီး စေ့စပ်ထားဖို့ကိစ္စပါ အဆင်ပြေခဲ့ရလေသည်။

◙◙◙


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ညီုသွေးအဖြစ်က တွေ့ဆုံပုံ ထူးဆန်းခဲ့သလို ချစ်သူတွေ ဖြစ်သွားကြပြန်တော့လည်း သာမန်ဖြစ်ရိုးဖြစ်စဉ်လေးတွေ ဆုတ်ဘဲ အကြောင်းအရာလေးတွေက တစ်မျိုးပြီးတစ်မျိုးထူးဆန်းလာခဲ့၏။

လူကြီးတွေ မသိခင်တုန်းကတော့ ဖုန်းချစ်သူနှင့် ရုပ်ရှင်ချစ်သူ လုပ်လိုက်ရတာ ဖတ်ဖတ်ကိုမောလို့။ လူကြီးတွေလည်း သိသွားရော, မထင်မှတ်ဘဲ အဆင်ပြေမှုတွေ တစ်ခုပြီးတစ်ခု ဆက်တိုက်ရလာတာက အံ့ဖွယ်အတိပင်။

ဒီနေ့လည်း Traders မှာ နှစ်ဖက်မိသားစု တွေ့ဆုံပွဲ ဆုပ်တော့မှာမို့ သားအမိနှစ်ယောက်လုံး ပျော်ပျော်ရွှင်ရွှင် သွား



www.burmeseclassic.com

www.burmeseclassic.com

လက် တက်ကြွနေတော့သည်။ မေမေက ဘန်ကောက်က
ရောက်ရောက်ချင်း တွေ့ဆုံမည့်နေရာရော၊ ရက်ရော၊
ကို လှမ်းပို့လိုက်တာဖြစ်၏။ သူမတို့သားအဖလည်း ဘယ်
များ ပျော်နေလိမ့်မလဲ။

"သားရေ့၊ ပြင်ပြီးပြီလား"

"ဟုတ်၊ ပြီးပါပြီမေမေ"

"ပြီးရင် လာပါဦး။ မဆွေရော၊ မဆွေဘယ်ရောက်
ပြန်ပြီလဲ။ လာပါဦး. . . ဒီမှာ ညီ့ကိုလာရွေးပေးပါဦး"

"လာပါပြီမေမေရဲ့၊ ဘာရွေးစရာရှိလို့လဲ"

"လာပြီ ညီရေ့၊ လာပြီ လာပြီ။ တစ်မနက်လုံးကို
သွက်ခါနေတာပဲ။ ပြင်လို့ဆင်လို့ကို မပြီးနိုင်ဘူး။ ဘာတွေ
ပေးရဦးမှာလဲ"

မေမေ့အော်သံကြောင့် ညီသွေးနှင့်အန်တီဆွေ
အခန်းထဲသို့ ခပ်သွက်သွက် ရှေ့ဆင့်နောက်ဆင့်ဝင်ရောက်
ကြသည်။ အကြောင်းကတော့ တခြားမဟုတ်။ ကိုယ်တိုင်ဒီ
ဆွဲပြီး ချုပ်လုပ်ထားသော ဝတ်စုံနှစ်စုံကြားမှာ မေမေ ဗျာများ
တာပင်တည်း။

"ဒီဝတ်စုံနှစ်စုံကို ရွေးပေးပါဦး သားရယ်၊ မေမေ ဘ
ဝတ်ရမှန်းမသိဘူးဖြစ်နေပြီ။ မဆွေရော၊ ဘာကြိုက်လဲ၊ ညီ့ ဘ
ဝတ်သွားရင် အဆင်ပြေမလဲ။ ဒီမီးခိုးရောင်လေးကတော့ အနော





တိုင်းဝတ်စုံမို့လို့ ပုလဲနဲ့တွဲဝတ်မှာ၊ ဒီဆင်စွယ်ရောင်လေးကတော့
မြန်မာဝတ်စုံမို့လို့ စိန်နဲ့တွဲဝတ်မှာ"

"ခက်တာပဲ ညီ့ရယ်၊ L ဆိုင်းဇ်လို ဝေခွဲမရဖြစ်နေပြန်
ပါပြီ။ ခမီးခမက်က ဂေါ်လီမို့လို့ မီးခိုးရောင်အနောက်တိုင်းဝတ်စုံ
လေးကိုပဲ ဝတ်သွားပါဆိုတော့ ဘယ်နှခါပြောရမလဲ"

"ဟာ. . . ဝတ်ချင်တာသာ ဝတ်ချလိုက်စမ်းပါ မေမေ
ရာ၊ သားမျက်စိထဲမှာတော့ နှစ်စုံလုံး လှနေတာပဲဗျ"

"စကပ်ကျတော့ သင့်တော်ပါ့မလား မဆွေရယ်၊ သွား
တွေ့ရမယ့်ကိစ္စက အလုပ်ကိစ္စလည်းမဟုတ်၊ သားရေးသမီးရေး
ဆိုတော့"

"အို! ဘာရေးပဲဖြစ်ဖြစ်၊ စေ့စပ်တာတွေ မင်္ဂလာဆောင်
ဘာတွေမှမဟုတ်တာ။ ခုမှ ရက်ရွေးပြီး နေ့လယ်စာစားကြမှာကို
လွတ်လွတ်လပ်လပ်ရှိဖို့ လိုတာပေါ့။ ဒီမီးခိုးရောင်ကလေးပဲ ဝတ်
သွား၊ ပုလဲနဲ့လည်း လိုက်တယ်"

နောက်ဆုံးတော့ အန်တီဆွေအပြောကောင်းတာနှင့်ပင်
မီးခိုးရောင်အနောက်တိုင်းဝတ်စုံလေးကိုပဲ မေမေဝတ်ဖြစ်တော့
သည်။ အနက်ရောင်ကြယ်သီးတွေပါသော လည်စေ့လက်ရှည်
ဘလောက်စ်အင်္ကျီပုံကို စကပ်ဒူးဖုံးအတိနှင့် စမတ်ကျကျဝမ်းဆက်
ချုပ်ထားတာဖြစ်၏။

ထိုဝမ်းဆက်ကို ပုလဲတစ်ဆင်စာနှင့်အတူ ဝေ
ရှုး



www.burmeseclassic.com

www.burmeseclassic.com



အနက်၊ လက်ကိုင်အိတ်အနက်တို့နှင့် တွဲဖက်ဆင်မြန်းလိုက်တော့ မေမေ့အလှက ခံ့ခံ့ငြားငြားနှင့် တော်ဝင်ဆန်သွားတာမို့ ဒိုင်ယာနာနှင့်ပင် မှားလောက်လေသည်။

"ဟား. . . မိုက်တယ်ဗျာ၊ မေမေ့အလှက တော်ဝင်ဆန်ဆန်ကို လှတာပဲ။ ဒီဝတ်စုံချုပ်ထားတာမှန်းသိရင် သား အင်တာနက်ကနေ အဲလစ်ဇဘက်ဘုရင်မကြီးလို ဦးထုပ်မျိုး လှမ်းမှာပေးပါတယ်ဗျာ။ ခုတော့ အချိန်မရတော့ဘူး"

"ဟုတ်ပ့ါ ညီ့ရယ်၊ ကြည့်ကောင်းလိုက်တာ။ ရှင့်သားပြောတာမှန်တယ်၊ ဝီလျံမင်းသားလေးရဲ့လက်ထပ်ပွဲကို သွားတက်တဲ့အတိုင်းပဲ။ ကဲ, သားအမိနှစ်ယောက် မင်္ဂလာရှိတဲ့ရက်ကောင်းရက်မြတ်လေး ဖြစ်ပါစေ၊ အစစအရာရာအဆင်ပြေခဲ့ပါစေ"

အန်တီဆွေကလည်း ပျော်ရွှင်မဆုံး တပြုံးပြုံးနှင့် ဆုတွေဘာတွေပေးရင်း ကားနားထိလိုက်ပို့ပြီး လက်ပြကျန်ခဲ့လေသည်။ သို့သော် ညီ့သွေးတို့သားအမိနှစ်ယောက်၏ ကံကြမ္မာကအလွန်ပင် အံ့သြစရာကောင်းခဲ့၏။

ငွေသားနှင့်တွေ့ဆုံပုံ ထူးဆန်းခဲ့သလို ချစ်သူတွေဖြစ်သွားကြပြန်တော့လည်း အကြောင်းအရာလေးတွေက တစ်မျိုးတစ်မျိုး ထူးဆန်းခဲ့သည့်အတိုင်း ယခုလည်း ထူးဆန်းဖွယ်ရာဖြစ်ရပ်တစ်ခုကို တကယ်ပဲ ရင်ဆိုင်ခဲ့ရပါသည်။

ကိုယ့်အပေါ်ကို အဆင်ပြေခြင်းတွေ, ကံကောင်းခြင်း





တွေ, ပျော်ရွှင်ခြင်းတွေ ဘယ်လောက်ပဲ ဆက်တိုက်လာပါစေ၊ ပြဿနာဖြစ်ဖို့ရှိလျှင် ထိုပြေလည်နေသည့်ကြားကိုပဲ ကြမ္မာဆိုးက မျက်စိလည် လမ်းမှားပြီး အမှတ်တမဲ့ဝင်ရောက်လာတတ်၏။

မိုးလေဝသတွေ ဆက်တိုက်ကောင်းပြီး ရာသီဥတု သာသာယာယာရှိလာတာ များလာလျှင်လည်း ကြောက်စရာကောင်းသည့်မုန်တိုင်းက မထင်မှတ်တဲ့ထောင့်တစ်ထောင့်မှ ရုတ်တရက်ဝင်ရောက်မွှေနှောက်လာတတ်၏။

အခုလည်း ညီ့သွေးတို့သားအမိ ဘယ်သွားသွား အဆင်ပြေခဲ့သမျှ အပြင်သွားတိုင်း အန်တီဆွေ ပေးတတ်သည့်ဆုတွေလည်း အမြဲတမ်းပြည့်ခဲ့သမျှ ဒီတစ်ခါပေးလိုက်သော 'မင်္ဂလာရှိတဲ့ရက်မြတ်ရက်ကောင်းလေး ဖြစ်ပါစေ, အစစအရာရာအဆင်ပြေပါစေ' ဆိုသည့်ဆုကတော့ မရှုမလှနှင့် ရက်ရက်စက်စက်ကို လွဲချော်ခဲ့ရသည့်အဖြစ်ကို ကျရောက်ခဲ့ပါသည်။

အဖြစ်အပျက်၏ အစကတော့ ညီ့သွေးတို့သားအမိ Traders Hotel ရှိ ကြိုတင်စီစဉ်ထားသောနေရာသို့ ရောက်လာချိန်မှာဖြစ်၏။ ကိုယ်က ယောက်ျားလေးရှင်မို့ ဟိုတယ်သို့ အရင်ဦးအောင်ရောက်နှင့်ပြီး စောင့်မျှော်နေလေရာ၊ မကြာခင်မှာပဲ ငွေသားတို့သားအဖလည်း တက်တက်ကြွကြွရောက်လာခဲ့ပါ၏။

"ဟော. . . ဟိုမှာ ငွေသားတို့လာပြီ မေမေ"

"အင်း, သိပ်မစောင့်ရဘူး၊ အချိန်တိကျမှုရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး သားအမိနှစ်ယောက် မတ်တပ်ရပ်၍ ခရီးဦးကြို ပြုလိုက်စဉ်. . .

"ဟင်!. . ."

မေမေ ရုတ်တရက် တအံ့တဩဖြစ်ပြီး အမူအရာလုံး ပြောင်းထွက်သွားတာကို သူ တွေ့လိုက်တာပဲဖြစ်သည်။

"သား. . . သား, ဂျင်မီဆိုတာ အဲဒါလား။ ဘုရား. . . ဘုရား. . . မေမေ့မျက်စိတွေ"

"ဟုတ်တယ်လေ, အဲဒါ ငွေသားဖေဖေပဲ။ မေမေ ဘာဖြစ်လို့လဲ. . . မူးသွားတာလား"

"နိုး နိုး နိုး. . . အိုခေ, ဘာမှမဖြစ်ဘူး"

သို့သော် မေမေ ဘယ်လောက်ပဲ ထိန်းထိန်း၊ ဦးဂျင်မီကလည်း လျှောက်လာရင်း မေမေ့ကို သေသေချာချာမြင်သွားကာ 'ဟင်'ခနဲဖြစ်ပြီး ခြေလှမ်းတွေ ရပ်တန့်သွားတော့သည်။ ထိုအချိန်မှာ မေမေက အလွန်အံ့ဩဖွယ်ကောင်းစွာ ဖြိုးခနဲဖျတ်ခနဲ ဦးဂျင်မီရှေ့တည့်တည့်သို့ ငှက်တစ်ကောင်လို ရောက်ရှိသွားပြီး ဘာမပြော ညာမပြောနှင့် ဦးဂျင်မီ၏ပါးကို အားနှင့်ရိုက်ချလိုက်လေသည်။

သွားပြီ. . .

ဖျန်းခနဲထွက်ပေါ်လာသည့် ပါးရိုက်သံက အားလုံးကို အထိတ်တလန့်ဖြစ်သွားစေ၏။ လျှပ်တစ်ပြက်ကျရောက်ခဲ့သော





ဖြစ်အပျက်က အားလုံးကို အငိုက်မိသွားစေ၏။ သွေးဆူပေါက်ကွဲယ်သော မေမေ့ဒီဇိုင်းက အားလုံးကို လက်ဖျားခါစေတော့သည်။

"ဒီလိုရိုက်ရဖို့အတွက် နှစ်ပေါင်းနှစ်ဆယ်ကျော်တောင် စောင့်ခဲ့ရတာပဲ။ ကျေကျေနပ်နပ်ကြီး ခံယူလိုက်"

"မင်း. . . မင်း. . . ညို"

"ရှင့်ပါးစပ်က ကျွန်မနာမည် ထွက်သွားပြီ ငါ ဖေမောင်မှတ်ဘူး, မင်း လူမှားနေပြီလို့ ပြောင်လိမ်ချင်သေးသလား"

"ကြည့်စမ်း! မေညိုသွေးဆိုတာ မင်း. . ."

"မခေါ်နဲ့ ရှင့်ပါးစပ်ကိုပိတ်လိုက်၊ မခေါ်ထိုက်ဘူး။ ရှင့်ပါးစပ်နဲ့ ကျွန်မနာမည်နဲ့ မတန်ဘူး"

တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှမကြားခဲ့ဖူးသော စူးစူးဝါးဝါးအသံနှင့် မေမေအော်လိုက်မှ ညိုသွေးရော, ငွေသားပါ ဆံပင်လုပ်ရှုရှုဖြစ်သွားတော့သည်။

"မေမေ"

"ဖေဖေ"

"ဘာတွေဖြစ်ကုန်တာလဲဗျာ၊ ကျွန်တော်တောင်းပန်ပါတယ် ဦးရယ်"

"ဘာမှန်းမသိရပေမယ့် သမီးတောင်းပန်ပါတယ် အန်တီရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မတောင်းပန်နဲ့၊ ဘယ်သူ့အသံမှမကြားချင်ဘူး ... ဂျင်မီဆိုတဲ့ ဖေမောင်၊ ဒီကိစ္စမဖြစ်ခဲ့ဘူးလို့ပဲ သဘောထား... မယ်။ ဒီလိုအဖြစ်အပျက်မျိုး မရှိခဲ့ဘူးလို့ပဲ သဘောထား... မယ်။ ဘယ်သောအခါမှ ကျွန်မတို့သားအမိနဲ့ မပတ်သက်အော... နေပါ။ ဘယ်လိုအကြောင်းမျိုးနဲ့ဖြစ်ဖြစ် မဆက်သွယ်ပါနဲ့။ ... သား"

"ဟာ. . . နေပါဦး မေမေရယ်၊ ဘာတွေပဲဖြစ်ဖြစ် ... သားမျက်နှာကိုတော့ ကြည့်ပါဦး မေမေရယ်"

"တော်စမ်း! ညီသွေး။ ငါ မင်းပါးကိုပါ ရိုက်မိလိမ့်မယ်... ငါ ရှုံလွန်းလို့ အန်ထွက်တော့မယ်"

မေမေ့ခန္ဓာကိုယ်က တစ်ခုခုဝင်ပူးနေသည့်အလား... ကတုန်ကယင်နှင့် ကြောက်စရာကောင်းစွာ ကြမ်းကြမ်းတမ်းတမ်း... ဆွဲခေါ်တော့သည်။

"ညီသွေး"

"ငွေသား"

"မေမေ. . . သား တောင်းပန်ပါတယ်၊ ဒီလိုလုပ်လို့ ... မလား။ အကျိုးအကြောင်းကို ရှင်းပြပေးရမှာပေါ့"

"ဟုတ်ပါတယ်အန်တီရယ်၊ သမီးတောင်းပန်ပါတယ်"

"ကဲ, သမီး တော်တော့၊ ဖေဖေရှင်းပြမယ်။ သန့်... ညီသွေး, မင်း အေးအေးဆေးဆေးလိုက်သွားပါ။ အချိန်တန်ရင်...





သိရပါလိမ့်မယ်"

နောက်ဆုံးတော့ မေမေဆွဲခေါ်ရာနောက်သို့သာ ပါလာခဲ့ရပါသည်။ ခပ်လှမ်းလှမ်းရောက်မှ မေမေက ဦးဂျင်မီရှေ့သို့ ချာခနဲပြန်လှည့်သွားပြီး. . .

"မှတ်ထားပါ၊ နောက်တစ်ခါ ထပ်ပြောပါမယ်။ ကျွန်မတို့သားအမိနဲ့ မပတ်သက်အောင်နေပါ။ ဘယ်လိုအကြောင်းမျိုးနဲ့မှ မဆက်သွယ်ပါနဲ့"

ဟု မာန်ပါပါ ပြောလိုက်သေးသည်။ ညီသွေး အံ့ဩရလေပြီ။ အထူးအဆန်းဖြစ်ရလေပြီ။ ခြေကုန်လက်ပန်းကျ၍ အရုပ်ကြိုးပြတ်ဖြစ်ခဲ့ရလေပြီ။ ငွေသားရဲ့မျက်နှာကို ဘယ်လိုမှ မကြည့်ရက်တော့။

မေမေ စိတ်မြန်ပုံ ဒေါသကြီးပုံက ကားထဲပင် ဘယ်လိုရောက်မှန်းမသိ ရောက်လာခဲ့ပါသည်။

"ဟင်း. . . သေပြီမှတ်တာ။ ဒီလိုအယုတ်တမာနဲ့မှ လာတွေ့ရတယ်လို့။ သတ်ပစ်လို့ရရင်တောင် မကျေနိုင်တဲ့လူ"

ကားတံခါးကို ဘုန်းခနဲပိတ်ပြီး နာကြည်းသံနှင့် အံကြိတ်ပြောနေပြန်သည်။

"ကျစ်!. . . သား ဘာဆက်လုပ်ရတော့မလဲ"

"ဘာမှဆက်မလုပ်နဲ့၊ ငါ့စကားကို နားထောင်တဲ့အလုပ်ပဲ ဆက်လုပ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေဖြစ်ကုန်တာလဲ မေမေရယ်၊ ဒီလို သွေးပူပူနဲ့ ဆုံးဖြတ်လို့ ဖြစ်ပါ့မလား။ ငွေသားကို ဘယ်လောက်သနားဖို့ကောင်းလဲ။ မေမေနဲ့ ဦးဂျင်မီ ဘာတွေဖြစ်ခဲ့သလဲဆိုတာကိုပဲ အရင်ဆုံးစိတ်အေးအေးထားပြီး ရှင်းပြပေးရမှာပေါ့။ မေမေနဲ့ ငယ်ငယ်တုန်းက ရန်ဘက်ဖြစ်ခဲ့သလား, စီးပွားပြိုင်ဘက်လား, ရန်ငြိုး ရှိခဲ့လို့လား, ဘယ်လိုများ ပတ်သက်ခဲ့လို့လဲ။ ခုတော့ ဘာမှ မသိရဘဲနဲ့ ဒီလို ရက်ရက်စက်စက်လုပ်လို့ ကောင်းပါ့မလား မေမေရဲ့"

"အေး, ရက်ရက်စက်စက်လုပ်ဖို့ အကြောင်းဖန်လာလို့ ရက်ရက်စက်စက်လုပ်ရတာ။ မင်း ငါ့ကိုဘာမှပြန်မပြောနဲ့။ ငါ ဒေါသထွက်လို့ သေတော့မယ်, ဘာမှမကြားချင်ဘူး။ သီချင်းဖွင့်"

"သားကတော့ ဘာတွေပဲဖြစ်ဖြစ် ငွေသားကိုမစွန့်နိုင်ဘူး။ သားတို့ ဘယ်လောက်ချစ်ခဲ့ကြတယ်ဆိုတာ မေမေ အသိဆုံးပဲ"

"ငါ့ကိုသေအောင် သတ်နေတာလား ညိုသွေး။ ဒီကိစ္စ သေတောင် မဖြစ်နိုင်တော့ဘူးလို့ မှတ်လိုက်။ အို, ငါသေလို့ မင်း ကျန်ခဲ့ရင်တောင် ဒီကိစ္စအဖြစ်မခံနိုင်ဘူး။ မင်းကို မျက်ကွယ်မှာ တစ်ယောက်တည်း မထားခဲ့ဘူး။ အတူတူသေမယ်. . . အတူတူသေမယ်"

"ရတယ်, သားကလည်း ဒီလိုပုံစံမျိုးကတော့ လုံးဝ





ဖြစ်မခံနိုင်ဘူး။ ဒီကိစ္စကို မရ,ရအောင် ဖော်ထုတ်မယ်။ မရ,ရအောင် ရှင်းမယ်။ သား ရှင်းရဲတယ်, ရှင်းတတ်တယ်။ အကုန်ပြေပြည်သွားအောင်ကို ရှင်းမယ်"

ညိုသွေးသည် ကားပေါ်မှာမို့ ထိုမျှနှင့် စိတ်လျှော့လိုက်ရ၏ သီချင်းဖွင့်၍ ဝေါခနဲမောင်းထွက်ခဲ့တော့၏။ ဘယ်လိုမှ သည်းမခံနိုင်တော့။ အိမ်ကိုမြန်မြန်ရောက်မှ ဖြစ်တော့မည်။ Level 1,2,3 တွေကို အဆင့်ဆင့်ကျော်လွှားပြီးကာမှ Final မှာ နာဂစ်ဖြစ်တော့ အဝင်မခံနိုင်။

ရုတ်တရက်ထွက်ပေါ်လာသည့်သီချင်းကလည်း သူ ဖွင့်...က်စဖြစ်သည့် City FM ခွေထဲမှ ထွန်းအိန္ဒြာဗိုနှင့် ဖြူဖြူကျော်သိန်း၏ "တီအားမိုး"။

တီအားမိုးက Intro ဝင်တုန်း ရှိသေးသည်။ မေမေက "ကျယ်ကျယ်ဖွင့်" ဟုအော်လိုက်တာမို့ သူ လန့်ဖျပ်ပြီး ကျယ်လိုက်ရလေသည်။

**( တီးအားမိုး × × × အနာဂတ်တစ်ခု တည်ဆောက်ဖို့ မိုင်ပေါင်းများစွာ အဝေးသို့ × × × ကိုယ်တို့ရဲ့ခရီးစဉ်တွေ ကိုယ်ဆွဲရင်း × × × ရှင်သန်နေခဲ့တဲ့ × × × )**

"ကျယ်ကျယ်ဖွင့်ပါဆို၊ ထပ်ကျယ်ဦး"

မေမေက ထပ်အော်လိုက်တာကြောင့် သူလည်း ပိုကျယ်လိုက်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



**( တီအားမို × × × လာခြင်းကောင်းတဲ့ညမျိုး × × × ကျွန်ုပ်**
**နှစ်ယောက်ရဲ့ကမ္ဘာအသစ်သို့ × × × အတူလျှောက်ခဲ့တဲ့**
**လမ်းပေါ်မှာ × × × မမျှော်လင့်တဲ့အဆိုးတွေ ခေါ်ဆောင်**
**လာတယ် × × × ကံတရားတွေ × × × ဘယ်သူများက**
**ဖန်ဆင်းနေ × × × ကိုယ့်အလင်းတန်း၊ ကွယ် × × ×**
**ပျောက်ပြီ)**

"ဒီ့ထက်ပိုကျယ်လို့ မရတော့ဘူးလားဟဲ့၊ အကျယ်ဆုံး ဖွင့်စမ်းပါ။ ဒီကားကြီး ပွင့်ထွက်သွားအောင် ကျယ်လိုက်"

"မေမေကလည်း ကားပေါ်မှာ စိတ်ထိန်းပါဦးဗျာ"

"အဲဒါ ငါ့ရဲ့စိတ်ထိန်းနည်းပဲ"

ညိုသွေးသည် သက်ပြင်းကိုချပြီး မေမေ လုံးဝစကား ပြောလို့မရအောင် Volume ကို အစွမ်းကုန်တင်လိုက်လေသည်။ မေမေ၏ခံစားထိခိုက်လွယ်ပုံ၊ ဒေါသကြီးလွယ်ပုံ၊ သွေးဆူပေါက်ကွဲလွယ်ပုံတွေက ဘေးလူ ဖျားလောက်စေသည်။ မေမေ ဘာကြောင့်များ ဒီလို ဖိဖန်ခါပြီး ဆတ်ဆတ်နာသွားရတာပါလဲ။

**( အနာဂတ်ပျက် ကိုယ့်ကမ္ဘာဟာ × × × အမှောင်များ**
**နဲ့ အထီးကျန်စွာ ကျန်ရစ်ခဲ့ × × × ရင်အလယ်ဆီ မှ**
**လောင်စွာဆွေး × × × ကြယ်ကြွေချိန် ကိုယ်တစ်ယောက်**
**တည်းဆွေး × × × ချောင်ငယ်မှာ ကိုယ်တစ်ယောက်တည်း**
**ဆွေး × × × ဒီမှာကြည့်စမ်း × × × ကိုယ်တိုင်လောင်ကျွမ်း**





**ခဲ့ ဒီညဆိုး × × × ကြေကွဲခြင်းနဲ့ညဆိုး × × × ချောက်**
**ချားရတဲ့ညဆိုး)**

◙

ညိုသွေးသည် အိမ်ရောက်ရောက်ချင်း ထိုစာရင်းအပြတ်ရှင်းမည်ဟုတွေးပြီး အသားကုန်မောင်းလာခဲ့ရာ အိမ်လည်းရောက်ရော သူ့ထက်အရင်ဦးအောင် မေမေက ပွဲကြမ်းတော့သည်။

သားအမိနှစ်ယောက် ကားတံခါးတွေကို တဘုန်းဘုန်းပိတ်ပြီး ကသုတ်ကယက်ဝင်လာပုံကြောင့် အန်တီဆွေကလည်း ထအံ့တသြနှင့် ပြူးပြူးပြာပြာဖြစ်ပြီး အနားရောက်လာသည်။

"ဟင်! ဘယ်လိုဖြစ်လာတာလဲ၊ သွားတာမှမကြာသေးဘူး၊ ချက်ချင်းကြီး။ အဆင်မပြေဘူးလား. . .ပုံစံက ပြဿနာဖြစ်လာကြတဲ့ပုံပဲ"

"လောကကြီးက ဒီလိုဖြစ်တတ်တယ်လား၊ ဒီလိုတွေ့ဆုံမှုမျိုးလည်း ရှိသေးတယ်လား။ အော့နှလုံးနာလိုက်တာ။ ခံရ ခက် ပြင်းလိုက်တာ"

မေမေက ဒေါ်ခန်းထဲရောက်ရောက်ချင်း အော်ပြီး လက်ကိုင်အိတ်ကို ဆိုဖာပေါ် ပစ်တင်လိုက်သည်။ ပြီးတော့ လေဒီရှူးကိုလည်း ခါပြီး အဝေးသို့ကန်ထုတ်ပစ်လိုက်သည်။ မေမေ့ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



က တဖြည်းဖြည်း ပိုကြောက်စရာကောင်းလာသည်။ ဘာ
လည်း မမြင်တော့၊ ဘာကိုမှလည်း ဂရုမစိုက်တော့၊ အန်တီ
ာမးတာကိုပင် အသိအမှတ်မပြုနိုင်တော့ဘဲ ထင်ရာစိုင်းမည့်
မျိုးဖြင့် သူ့ကိုစိုက်ကြည့်နေသည်။

"ရှုံလွန်းလို့ အန်ထုတ်ပစ်လိုက်ချင်တယ်။ သတ်
တောင်း မကျေနိုင်တဲ့လူက အန်ပစ်လိုက်လို့ရော ပျောက်
လား"

"ညို့. . . ညို့၊ ရှင်ဘာတွေပြောနေတာလဲ"

မေမေက အန်တီဆွေ့ကို လုံးဝမကြည့်၊ လက်နှစ်
ကို ခပ်တင်းတင်းဆုပ်ပြီး တောင်နှင့်မြောက် ခေါက်တုံ့ခေါက်
လျှောက်နေပြန်သည်။ ထိုပုံစံက ဖြူဖြူကျော့သိန်း 'ဇာတ်
အလိုကျ' ဆိုတုန်းက Stage ပေါ်မှာ ဟိုဘက်ဒီဘက်လျှောက်
Mood အပြည့်ဝင်နေပုံဖြစ်သည်။

မေမေကလည်း တစ်ကိုယ်လုံးမှာ ဒေါသတွေ လျှံ
နေပြီး ကမူးရှူးထိုးနှင့် ဘာကိုမှမမြင်နိုင်သလို၊ သူကလည်း
သားဆီ စိတ်ရောက်ပြီး ခံစားချက်တွေ ကမူးရှူးထိုးနှင့် ဘာ
မမြင်နိုင်တော့။

"မေမေကလည်းဗျာ၊ ဘာကြောင့်လဲ၊ ဘာပြဿနာ
ဖြစ်ခဲ့လို့လဲ၊ ဘာတွေဘယ်လိုပတ်သက်ခဲ့လို့လဲ၊ အကျိုးအကြောင်း
ကို ရှင်းပြမှ သား အဖြေထုတ်လို့ရမှာပေါ့။ ခုတော့ ဘာမှ





မလည်တဲ့သားကို ဒီလိုပုံစံလုပ်နေတော့ ဘယ်လိုလက်ခံလို့ ရမှာလဲ"

"လက်မခံလို့ ရမလား၊ အခုပဲ အဖြေထွက်ခဲ့ပြီမဟုတ်ဘူးလား။ မင်းနားမလည်ဘူးလား, ဘာကိုအဖြေထုတ်ချင်သေးတာလဲ၊ ငါလုပ်ခဲ့တာ မင်းမျက်စိမမြင်ဘူးလား။ ငါပြောခဲ့တာတွေကို မင်း နားမကြားဘူးလား"

"အဲဒါ ဘလိုင်းကြီးပဲ မေမေရဲ့ သေသေချာချာ ပွင့်ပွင့်လင်းလင်းသိရမှ လက်ခံလို့ရမှာပေါ့။ ငွေသားလည်း သားလိုပဲဖြစ်နေမှာ"

"ဒါကြောင့် ငါပြောခဲ့ပြီးပြီလေ၊ ဒီကိစ္စမဖြစ်ခဲ့ဘူးလို့ပဲ သဘောထားလိုက်မယ်။ ဒီလိုအဖြစ်အပျက်မျိုး မရှိခဲ့ဘူးလို့ပဲ သဘောထားလိုက်မယ်လို့။ ပေးစမ်း! မင်း့ဖုန်း"

ပြောပြောဆိုဆို သူ့ရှေ့ရောက်လာသည်။

"ဘာလုပ်မလို့လဲ"

"ပေးဆို ပေး"

မီးဝင်းဝင်းတောက်နိုင်သောမျက်လုံးဖြင့် စိုက်ကြည့်ပြီး အော်လိုက်တာကြောင့် သူပေးလိုက်ရလေ၏။ ထိုဖုန်းကို မေမေက အလုပ်ခန်းဆီ အပြေးသွားပြီး ပစ်ထည့်လိုက်သည်။ မေမေ ဒေါသကြီးပုံက သွေးရူးသွေးတန်းပင် ဖြစ်နေပြီ။ ပြီးတော့ သူ့လက်ကို အပြေးလာဆွဲကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဒီအချိန်ကစပြီး ဘာအဆက်အသွယ်မှမလုပ်ရဘူး။ အပြင်ကို လုံးဝမထွက်ရဘူး. . . လာခဲ့"

ဆိုပြီး အခန်းလွတ်တစ်ခုအတွင်းသို့ အတင်းထိုးသွင်းတော့သည်။

"ဟာ. . . မေမေ"

"ဟဲ့,ဟဲ့. . . ဘာတွေဖြစ်ကုန်တာလဲ၊ မေးတာကို တစ်ခွန်းမှမဖြေဘဲနဲ့ အလန့်တကြားတွေပါလား"

အားလုံး ဗရုတ်ဗရက်တွေ ဖြစ်ကုန်၏။ အန်တီဒွေးတာလည်း ကိုးရိုးကားယားနှင့် ဆွဲလားရန်းလားဖြစ်ပြီး နောက်ကပါလာသည်။ ဆူးမကလည်း အပြေးရောက်လာပြီး ဘာလုပ်ရမှန်းမသိဖြစ်နေ၏။

"မေမေက ပြဿနာပဲဗျာ. . . ဒီလောက်ထိ လုပ်စရာလိုလို့လား"

"လိုတယ်, လိုတယ်, လိုလို့လုပ်တာ၊ မင်း တစ်ခွန်းမှ ပြန်မပြောနဲ့၊ အဲဒီထဲမှာပဲ နေ၊ ဒီသားအဖနဲ့ ဘယ်တော့မှမပတ်သက်စေရဘူး"

ပြောရင်းဆိုရင်း တံခါးကိုဆွဲပြီး Lock ချဖို့ပြင်လေရာ သူက ချက်ချင်းပင် ထိုတံခါးကိုပြန်လည်၍ ဆောင့်ဆွဲလိုက်လေသည်။ စောစောက အလျှော့ပေးထားတာလည်းပါသလို အားချင်းလည်းမမျှတာကြောင့် မေမေ လုံးဝ သူ့ကိုမနိုင်တော့။





"ကြည့်စမ်း! မင်း မအေကို အာခံတာလား၊ မအေကို ဆော်ကားတာလား၊ ငါ့ကို ဘယ်တုန်းက ဒီလိုကလန်ကဆန်လုပ်ဖူးလို့လဲ"

"အခုလည်း ကလန်ကဆန်လုပ်တာမဟုတ်ဘူး မေမေ၊ မေမေ့လုပ်ရပ်က အဓိပ္ပာယ်မရှိလို့၊ ဒီလိုအဓိပ္ပာယ်မရှိတဲ့လုပ်ရပ်ကို သားက လက်ခံရမှာလား။ သား အရုပ်မဟုတ်ဘူး မေမေ။ ကလေးလည်း မဟုတ်ဘူး။ ရှင်းစရာရှိတာကို ပြတ်ပြတ်သားသားရှင်းနိုင်တယ်။ ဆုံးဖြတ်စရာရှိတာကို ရဲရဲဝံ့ဝံ့ဆုံးဖြတ်နိုင်တယ်"

"အေး, အဲဒါဆိုရင်လည်း ဒီသားအဖနဲ့ နောင်မပတ်သက်ဖို့ ရဲရဲဝံ့ဝံ့ဆုံးဖြတ်ပြီး ပြတ်ပြတ်သားသားရှင်းထုတ်လိုက်ပေတော့"

"ဟာ. . . ဘာဆိုင်လို့လဲ မေမေ၊ မေမေတို့လူကြီးချင်းဖြစ်တဲ့ပြဿနာဗျ။ သားတို့လူငယ်တွေနဲ့ ဘာဆိုင်လို့လဲ။ မေမေနဲ့ ဦးဂျင်မီ ဘာတွေဖြစ်ခဲ့မှန်းမသိဘဲနဲ့ သားတို့က ကြားထဲကနေ အိပ်မက်တွေကို ဖျက်ဆီးပေးရမှာလား။ မခံစားနိုင်ဘူး, နှလုံးသားနဲ့ လူလုပ်နေတာ မေမေရဲ့"

"အောင်မယ်လေး. . . ဘုရားရေ့, တတ်နေလိုက်တာ၊ စကားတွေ တတ်နေလိုက်တာ၊ နားရှိလို့သာ ကြားရတာပါလား။ ဒီ တယုတယနဲ့ ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့တာ ဒီလိုအပြောခံရဖို့လား။ ဒီလိုစော်ကားတာကို ခံရဖို့တဲ့လား။ အေး, ကောင်းပြီ



www.burmeseclassic.com

www.burmeseclassic.com



မခံစားနိုင်တော့ ဘာလုပ်ချင်သလဲ''

''အစီအစဉ်အတိုင်း ဆက်လုပ်မယ်၊ ဘာတွေပဲဖြစ်ဖြစ် သားတို့နှစ်ယောက် လက်တွဲမဖြုတ်ဘူး၊ ငွေသားကိုမစွန့်လွှတ်နိုင်ဘူး၊ ဘယ်လိုအကြောင်းမျိုးနဲ့မှ မခွဲဘူး''

''မခွဲနဲ့. . . မခွဲနဲ့၊ သေမှပဲ ခွဲ၊ ဒါကြောင့် မင်းနဲ့ငါ နှစ်ယောက် အတူတူသေမယ်လို့ပြောပြီးပြီ''

''ဟား. . . ရက်စက်လိုက်တာ မေမေရာ၊ ငွေသားမျက်နှာကို တစ်ချက်ကလေးတောင် မငဲ့တော့ဘူးလား၊ ငွေသား မေမေပြောသလို ခံစားထိခိုက်လွယ်တဲ့မိန်းကလေးမေမေရဲ့၊ အဲလိုမိန်းကလေးကို သားက စိတ်ဒဏ်ရာတွေ ပေးလိုက်ရမှာလား''

ဒီတစ်ခါတော့ ညှိုးသွေး၏ ခံစားချက်ပြင်းထန်လွန်းသော မျက်နှာကျင်ကြေကွဲသံကြောင့် မေမေ ဘာမှမပြောတော့ဘဲ သူ့မျက်နှာကိုသာ စိုက်ကြည့်နေပါသည်။

''သားကိုဘယ်လောက်ချစ်တဲ့ချစ်သူလဲ၊ မေမေ့ကိုရော ဘယ်လောက်ချစ်တဲ့ချွေးမလဲ၊ သူ့မှာ အနာဂတ်ကို စိတ်ကူးယဉ်ပြီး ဘယ်လောက်ပျော်မွေ့နေခဲ့တယ်ထင်လဲ''

''. . .''

''မေမေက မေမေ့ဒေါ်ညှိုးသွေးမှ ဟုတ်သေးရဲ့လား စာနာတတ်တဲ့စိတ်တွေ ဘယ်ပျောက်သွားပြီလဲ၊ ကြင်နာတတ်တဲ့အသိတွေ ဘယ်ထွက်ပြေးကုန်ပြီလဲ၊ ကိုယ်ချင်းစာစိတ်တွေရော





ဘယ်ရောက်ကုန်ပြီလဲ''

''. . .''

''အမြဲတမ်းဆုံးမတတ်တဲ့စကားတွေ မေ့သွားပြီလား။ မိန်းကလေးတွေကို မနှောက်ယှက်နဲ့ဆို၊ မိန်းကလေးတွေကို စိတ်ဒဏ်ရာ သွားမပေးနဲ့ဆို၊ သားနဲ့ငွေသား ဘာဖြစ်ဖြစ် ငွေသားဘက်ကပဲ ရပ်တည်မှာပါဆို''

''အခု အဲလိုမဟုတ်တော့ဘူး၊ မဖြစ်တော့ဘူး၊ မဖြစ်နိုင်တော့ဘူး''

နောက်ဆုံးတော့ မေမေ စိတ်ရှိတိုင်း အော်ဟစ်ပေါက်ကွဲတော့၏။ ဒီတစ်ခါ အန်တီဆွေလည်း လုံးဝသည်းမခံနိုင်တော့ဘဲ ဝင်ရောက်အော်ဟစ်လေသည်။

''အောင်မယ်လေး. . . ငါ သေသာသေလိုက်ချင်တော့တာပဲ၊ ငါရှိတယ်လို့ရော ထင်ကြသေးရဲ့လား။ ငါ့ကိုဂရုမစိုက်ဘဲ ဒီလိုပဲ အော်ဟစ်နေကြတော့မလို့လား''

''. . .''

''ဘာက ဘာဖြစ်မှန်းမသိဘဲနဲ့ ငါ့ကိုအရူးလုပ်ထားကြတော့မလို့လား။ ဂျင်မီတို့သားအဖနဲ့ ဘာဖြစ်လာသလဲဆိုတာ သိရမှ ဒီပြဿနာက အေးမှာပေါ့''

''သားလည်း သိမှမသိတာ အန်တီဆွေရဲ့၊ ဘာမှမသိရဘဲနဲ့ ခံစားနေရတာ။ အခုမေးနေတာလည်း ဘယ်မှာပြောလို့



www.burmeseclassic.com

www.burmeseclassic.com

လဲ။ ဦးဂျင်မီကိုမြင်လိုက်ကတည်းက ပါးရိုက်ပစ်လိုက်ပြီး ဒီလို ဖြစ်သွားတာပဲ"

"ဟင်! ပါးကိုရိုက်ပစ်လိုက်တယ်၊ ဘုရား. . .ဘုရား ညို၊ ရှင်. . .ရှင် ဒီလောက်တောင်ဖြစ်ခဲ့ရတာလား။ ဘယ်လို ပတ်သက်ခဲ့လို့လဲ၊ ဘာတွေဖြစ်ခဲ့လို့လဲ၊ ကျုပ်ကိုဖွင့်ပြောလိုက် စမ်းပါ။ ကျုပ် ရှင်းပေးပါ့မယ်"

အန်တီဆွေ ချက်ချင်း လေသံပြောင်းသွားပြီး မေမေ့ လက်မောင်းသားတွေကို ဆုပ်ကိုင်လှုပ်ခါ၍ မေးတော့သည်။ အဲ ဒီတော့မှ ခက်ထန် မာန်ဖီနေသောမေမေ့မျက်နှာ အနည်းငယ် ပြေလျော့သွားလေ၏။ ပူလောင်ပြင်းပြနေသောမျက်ဝန်းတွေက လည်း တဖြည်းဖြည်းရီဝေမှိုင်းညို့သွားပါသည်။ ပြီးတော့ နှုတ် ခမ်းနှစ်လွှာကို ဖိကပ် သပ်လိုက်ပြီး ပြောဖို့ပြင်ပါသည်။

ထိုအချိန်မှာ စားပွဲပေါ်မှဖုန်းနှင့် မေမေ့ Hand Phone က ဆက်တိုက်မြည်လာတော့၏။ ဆက်တိုက် ခေါ်လိုက်၊ အလှည့် ကျခေါ်လိုက်နှင့် ဆူညံနေလေသည်။ မေမေပစ်လိုက်သော သူ့ ဖုန်းကလည်း အလုပ်ခန်းထဲမှာ ဆူညံနေတော့မည်။ ချမ်းချမ်း က 'ရှိသည် ဖြစ်သည် ချစ်သည်'ကို မနားတမ်း ဆိုပြနေတော့ သည်။

ညိုသွေးသည် မေမေ့ကို ကြောက်လန့်နေသည့်ကြားမှ ငွေသားအတွက် စိုးရိမ်စိတ်တွေပြင်းပြပြီး စားပွဲပေါ်မှဖုန်းကို သွား





ကိုင်ဖို့ လှမ်းလိုက်သည်။ မေမေက ထူးဆန်းစွာပင် အော်ဟစ် ဆောက်ငမ်းခြင်းမပြုတော့။ သို့သော်. . .

"သား, ရပ်လိုက်၊ သွားမကိုင်နဲ့။ ဂျင်မီတို့သားအဖရဲ့ နှန်းပဲဖြစ်မယ်။ ဒီအချိန်မှာ ဖုန်းပြောဖို့မဖြစ်နိုင်သေးဘူး။ ပြီးရင် အန်တီဆွေ အားလုံးကြည့်ရှင်းပေးမယ်"

ဟု အန်တီဆွေက တားမြစ်လိုက်တာကြောင့် သူ အောင့် သက်သက်နှင့် ငြိမ်နေလိုက်ရတော့သည်။ အန်တီဆွေကလည်း ဆက်ဆက်တည်း. . .

"ဆူးမရေ, ဖုန်းမကိုင်ဘဲမနေနဲ့၊ ထင်ရာပြောပြီးတော့ လည်း ချမပစ်နဲ့။ လူလိုသူလိုဆက်ဆံ, ခြေခြေရာရာပြော၊ နုစယ် တို့သားအဖဆိုရင် ဖုန်းမဆက်ပါနဲ့ဦး။ အန်တီဆွေကစပြီး အဆက် အသွယ်လုပ်ပါလိမ့်မယ်လို့ပြောလိုက်"

ဆိုပြီး ဆူးမဆီ အမိန့်ပြောင်းသွားမှ ဖုန်းပြေသနာ ငြိမ်း အေးသွားလေ၏။

"ကဲ, ပြောစမ်းပါ ညို၊ မပြောဘဲ ဒီတိုင်းနေရင် တစ် ယောက်တည်း ကြိတ်ခံစားနေရမှာပေါ့။ ရှင့်စိတ်ကို ကျုပ်အသိ ဆုံး။ ရှင်က အသက်ကို သဘာဝကျကျရှင်သန်နေတာမဟုတ် ဘူး။ စိတ်ခံစားမှုကိုလိုက်ပြီး ရှင်သန်နေတာ။ တော်ကြာ ပုံလဲ သွားရင် ဘယ်လိုလုပ်မလဲ။ ရှင့်သားအတွက် အသက်ရှည်မှဖြစ် မယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်, ဂျင်မီ!. . . မဆွေပြောပြောနေတဲ့ ဂျင်မီး ဂျင်မီမဟုတ်ဘူး"

"ဘယ်လို. . . ဂျင်မီက ဂျင်မီမဟုတ်ဘူး"

မဖြစ်မနေ ခက်ခက်ခဲခဲ ထွက်လာရသော မမေ့အသံ ကြောင့် ညိုသွေးသည် မမေ့မျက်နှာကို စိုက်ကြည့်နေလိုက်မိ ပါသည်။

"ဘဝသစ်မှာ နာမည်သစ်နဲ့ နေထိုင်နေတဲ့ ဇေမောင် ပဲ"

"ဘာ!. . . ဇေမောင်"

အန်တီဆွေ၏ အထိတ်တလန့် အော်လိုက်သောအသံ ကြောင့် သူပါ အံ့သြပြီး လန့်ဖျပ်သွားပါသည်။ ဘာတွေ ဘယ် လိုဖြစ်ကုန်ပြီလဲ. . .

"ဟုတ်တယ်၊ သူ လိမ်လို့မရဘူး. . . ညို့လိုပဲ နာမည် ပြောင်းထားတာ"

"အောင်မယ်လေး!. . . ဂျင်မီက ဇေမောင်တဲ့လား။ ဒီ လူက ဘာဖြစ်လို့ မသေနိုင်ရတာလဲ။ မိုးနတ်မင်းကြီးက ဒီလိုလူ မျိုးကျ ဘာဖြစ်လို့ အပြစ်မပေးတာလဲ၊ ဘုရား,ဘုရား, ဇေမောင် ကို ခမီးခမက်တော်ရမှာတဲ့လား။ မဖြစ်နိုင်ဘူး. . . သေတောင် မဖြစ်နိုင်ဘူး၊ ဟုတ်တယ်, ညိုပြောတာတွေ မှန်တယ်၊ ကျုပ်သိ ပြီ. . . ကျုပ်နားလည်ပြီ"





ဒီတစ်ခါတော့ မျက်ကလဲဆန်ပြာနှင့် သွေးရူးသွေးတန်း ဖြစ်သွားသူက အန်တီဆွေပင်တည်း။

"နားလိုက်တော့ ညို၊ အရမ်းပင်ပန်းနေပြီ၊ ရှင် လဲသွား သို့မဖြစ်ဘူး၊ ဒီကိစ္စ ကျုပ်ရှင်းလိုက်တော့မယ်။ ဆူးမ, အန်တီ ညို့ကို အခန်းထဲ တွဲပို့ပေးလိုက်၊ ပြီးတော့ ဆံပုရာရည်တိုက်ပြီး တစ်ခုခုကျွေးဖို့ စီစဉ်၊ သား, လာ. . . သား, လာ၊ အန်တီဆွေ ရှင်းပြမယ်။ အိုး. . . ဖြစ်မှဖြစ်ရလေ၊ သူနဲ့ကျမှ တိုက်တိုက်ဆိုင် ဆိုင်၊ သနားစရာကောင်းလိုက်တဲ့ တို့ရဲ့ညို"

အန်တီဆွေ၏သွေးရူးသွေးတန်းနိုင်မှုက Non stop ဖြစ်သွားကာ၊ သူ့ကိုပါ စောစောက အခန်းထဲသို့ ဖွတ်အတင်းဆွဲ ခေါ်လာတော့သည်။

"နေပါဦး အန်တီဆွေရဲ့၊ ဘာဖြစ်လို့ ဒီလောက်တောင် သွေးရူးသွေးတန်းတွေ ဖြစ်နေကြရတာလဲ။ အန်တီဆွေ ဘယ် လောက်ပဲ အပြတ်ရှင်းရှင်း, သားကတော့ ငွေသားကိုလုံးဝမစွန့် လွှတ်နိုင်ဘူး"

"အေး, ခုတော့ ထားတော့၊ အန်တီဆွေပြောတာကို နားထောင်ပြီးရင် သားရဲ့ကိုယ်ပိုင်စိတ်ကူးနဲ့ သားကြိုက်တဲ့လမ်း ကို ရွေးလိုက်တော့။ အန်တီဆွေလည်း ဘာမှမပြောတော့ဘူး။ သားမေမေကိုလည်း အန်တီဆွေ ထိန်းပေးမယ်, ဟုတ်ပြီလား"

". . ."



www.burmeseclassic.com

www.burmeseclassic.com

"အခု အနိုင်တီခွေပြောတာကို သေသေချာချာနားထောင်စမ်း သား။ အဲဒီ ဂျင်မီခေါ် ဇေမောင်က သားအမေကို ဖျက်ဆီးပြီး စွန့်ပစ်သွားတဲ့သူ"

"ဗျာ"

ညိုသွေး ဦးခေါင်း ရုတ်တရက်ကြီးထွက်လာလေသည်။

"သားအမေကို ပတ်ဝန်းကျင်မှာ ခေါင်းမဖော်ရဲအောင် အရှက်ခွဲသွားတဲ့လူ၊ သားအမေရဲ့နှလုံးသားကို နင်းချေသွားတဲ့လူ၊ လူတောထဲမှာ မရပ်တည်ရဲအောင် အညွန့်ချိုးသွားတဲ့လူ တစ်နည်းအားဖြင့် သားအမေကို သတ်သွားခဲ့တဲ့လူ"

"ဟာ. . ."

ညိုသွေးတစ်ကိုယ်လုံး သွေးတွေ ဆူဝေတက်လာပြီး မျက်ဝန်းထဲမှာလည်း ဦးဂျင်မီမျက်နှာကြီးသာ ပေါ်လာတော့၏။

"အဲဒီတုန်းက ညို့နာမည်က 'ခွာညိုသင်း' တဲ့"

◙◙◙



## အခန်း (၉)

"ဟင်!. . ."

ငွေသားဦးခေါင်း ရုတ်တရက်ကြီးထွက်သွားသလိုပင်။ ကြားလိုက်ရသည့်စကားက ဘယ်လိုမှယုံနိုင်ဖွယ်ရာမရှိ။ ဘယ်လိုမှလက်ခံလို့မရနိုင်။ ဒါပေမဲ့ ဖေဖေက တကယ်ပဲ ဖွင့်ဟဝန်ခံခဲ့လေပြီ။

"တကယ်. . . အဲဒါ တကယ်ပဲလား။ ဖေဖေ တကယ်ပြောနေတာလား"

". . ."

"ဟင့်အင်း၊ သမီး ဘယ်လိုမှ ယုံလို့မရဘူး။ ဘယ်လိုမှ လက်ခံလို့မရဘူး ဖေဖေ။ ကာရိုက်တာမကောင်းတဲ့လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖြစ်ခဲ့တယ်ဆိုရင်တောင် အပျော်အပါးမက်ပြီး မှားခဲ့တာမျိုးပဲထင်ခဲ့တာ၊ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထွဲလာခဲ့တယ်လို့ပဲ ထင်ခဲ့တာ''

''. . .''

''ခုတော့ တစ်ယောက်ပြီးတစ်ယောက် ပြောင်းရုံတင်မက, အိမ်ထောင်သည်ဘဝရောက်ခဲ့တာတောင် မိန်းမတွေကို အပြစ်မရှိဘဲ စွန့်ပစ်ရသလား။ အဲဒီမိန်းမတွေထဲမှာ ညိုသွေးရဲ့မေမေက ဘာဖြစ်လို့ ပါနေရတာလဲ၊ အန့်တီမေညိုသွေးမှာ ဘာအပြစ်တွေရှိလို့ ဖေဖေ စွန့်ပစ်ရက်တာလဲ။ ဖေဖေ တကယ်ရက်စက်တာပဲ''

''. . .''

''ရက်စက်တာမှ ရက်ရက်စက်စက်ကို ရက်စက်တာ''

''အဲဒါ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်က ဖေမောင်လေ၊ အခုဂျင်မီဖြစ်သွားပြီ''

''အဲဒီလိုမပြောပါနဲ့ ဖေဖေ၊ နာမည်နှစ်မျိုးနဲ့ နေခဲ့ပေမယ့်, လူက တစ်ယောက်တည်းပါ။ သမီးရဲ့ဖေဖေပါ။ ဖေဖေ ဘယ်လိုလူမျိုးပဲဖြစ်ဖြစ် အရင်က ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ သမီး နားလည်ပေးနိုင်ခဲ့တယ်၊ ဖခင်ကောင်းတစ်ယောက်မို့ အရမ်းပဲ လေးစားခဲ့ပါတယ်။ အခုကိစ္စကတော့ ဖေဖေ အရမ်းကိုလွန်လွန်းခဲ့ပါတယ်''





''. . .''

''ဒါကြောင့် ညိုသွေးမေမေက မိန်းကလေးတွေအပေါ် ကိုယ်ချင်းစာစိတ် အပြည့်ထားခဲ့တာ။ ဒါကြောင့် ညိုသွေးနဲ့သမီး ဘာပဲဖြစ်ဖြစ် သမီးဘက်က ရပ်တည်မယ်လို့ပြောခဲ့တာ။ သမီးကို ဘယ်လောက်ချစ်တဲ့ ယောက္ခမလဲ, ဘယ်လောက် စိတ်သဘောထားပြည့်တဲ့အမျိုးသမီးလဲ၊ သမီးနဲ့လိုက်ဖက်မယ့်ယောက္ခမကို ဘုရားသခင်က ချပေးခဲ့တာဖေဖေရဲ့''

ငွေသားစကားအဆုံး ဖေဖေက သက်ပြင်းချပြီး လမ်းထလျှောက်လေ၏။

''ဖေဖေ နားလည်ပါတယ် သမီးရယ်၊ အရင်က ဖေဖေ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ သမီး, ဖေဖေ့ကို အပြည့်အဝလေးစားတယ်၊ အပြည့်အဝချစ်မြတ်နိုးတယ်ဆိုတာလည်း ဖေဖေသိပါတယ်။ ဒါပေမဲ့ အတိတ်က ဖေဖေ့ရဲ့လုပ်ရပ်တွေကိုတော့ သမီး မသုံးသပ်ပါနဲ့တော့။ တခြားလူ လာသုံးသပ်ရင်တော့ ဖေဖေ ရယ်မိမှာ။ သမီး သုံးသပ်ရင်တော့ ဖေဖေ ငိုမိလိမ့်မယ်''

''. . .''

''ဖေဖေ ပြောပြီးပြီလေ၊ အရင်က ဖေမောင်မဟုတ်တော့ဘူးလို့။ ဖေဖေ မိန်းကလေးတွေကို စွန့်ပစ်ခဲ့တဲ့အထဲမှာ မေညိုသွေးက နောက်ဆုံးပါ။ ပြီးမှ သမီးမေမေကို လက်ထပ်ခဲ့တာ။ အားလုံးထဲမှာ သူ့ကိုစွန့်ခဲ့တာကျတော့ ဖေဖေ့မှာ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တရားရှိခဲ့ပါတယ်။ နောက်ပိုင်းကိုစွ သူမသိခဲ့ပါဘူး"

"တော်ပါတော့ ဖေဖေ၊ စွန့်ပစ်တယ်ဆိုတဲ့စကားလုံးကို သမီး မကြားချင်တော့ဘူး"

ငွေသားကလည်း ဖျတ်ခနဲထပြီး ဖေဖေ့နောက် ကပ်လိုက်၍ ပြောလိုက်၏။ ထပ်ချပ်မကွာ ဖေဖေလျှောက်ရင် လျှောက်သလို။

"ယောက်ျားနဲ့မိန်းမ တူမှမတူတာ ဖေဖေရဲ့ အိမ်ထောင်သည်ဖြစ်ပြီးမှ စွန့်ပစ်ခံရတာဟာ တစ်ဖက်သားရဲ့ဂုဏ်သိက္ခာကို ဘယ်လောက်ကျဆင်းစေသလဲ, ဘယ်လောက်နစ်နာရသလဲ, ပြီးမှစွန့်ပစ်ရခြင်းရဲ့အကြောင်းတရားကို ပြောတော့လည်း ဆင်ခြေပဲ ဖြစ်မှာပေါ့။ ဘယ်သူက လက်ခံမှာလဲ"

"အိုခေ, မပြောတော့ပါဘူး။ နှစ်ပေါင်းများစွာ နေလာခဲ့ပြီးမှ ခုမှတော့ မပြောတော့ပါဘူး"

"သမီးကလည်း ဖေဖေ့ကို မသုံးသပ်ရတော့ပါဘူး။ သုံးသပ်လို့မနိုင်အောင်ဘဲ ဖေဖေ့ရဲ့အဖြတ်တွေက များလွန်းအားကြီးပါတယ်။ ဒါပေမဲ့ သမီးနဲ့ညီသွေး ဘယ်လိုလမ်းဆက်လျှောက်ရတော့မလဲ၊ သန့်စင်ညီသွေးက ဖေဖေ့သားဖြစ်နေရင်ကော"

"နို်း. . . ဖေဖေတို့က အိမ်ထောင်ကျ စောခဲ့တဲ့အတွက် အလုပ်အကိုင်က မမြဲ၊ နေရေးစားရေးကလည်း ဆင်းရဲဆိုတော့ ကလေးယူဖို့ကို နှစ်ယောက်လုံး ပြင်းပြင်းထန်ထန်တားဆီးခဲ့ပါ



တယ်။ ဒါကြောင့် သန့်စင်ညီသွေးဟာ ဖေဖေ့သားမဟုတ်ဘူးဆိုတာ ဖေဖေသေချာပေါက် ပြောရဲတယ်"

"ဒါပေမဲ့ ဖေဖေရယ်၊ အခုဘယ်လိုလုပ်ကြမလဲ၊ အားလုံးပြေလည်ပြီးမှ ဒီပြဿနာပေါ်လာတာ သမီးဘာဆက်လုပ်ရတော့မလဲ။ ညီသွေးမေမေ လုပ်သွားတဲ့ပုံစံ သမီးမျက်စိထဲက ထွက်တော့ဘူး။ သူပြောသွားတဲ့စကားတွေလည်း သမီးနားထဲမှာ ပဲ့တင်ထပ်နေပြီ၊ သမီး မခံစားနိုင်တော့ဘူး။ သမီး, ညီသွေးကို ဘယ်လိုနည်းနဲ့မှ မစွန့်လွှတ်နိုင်ဘူး"

ငွေသား နာကျင်ကြေကွဲစွာ မြည်တမ်းလိုက်တော့ ဖေဖေ့ခြေလှမ်းတွေ ရပ်တန့်သွားလေသည်။ နောက်မှကပ်လိုက်နေသော ငွေသား၏ခြေလှမ်းတွေလည်း ရပ်တန့်သွားလေသည်။ ပြီးတော့ ဖေဖေက စုပ်တသပ်သပ်ဖြင့် သက်ပြင်းတချချဖြစ်နေ၏။ ငွေသားကလည်း ဖေဖေ့ဆီမှ တစ်စုံတစ်ရာကို ရင်တမောမောနှင့် စောင့်ဆိုင်းနေမိ၏။

ကိုယ့်အဖေ ပါးရိုက်ခံရလို့ စိတ်မကောင်းဖြစ်ရတာထက် ဖြစ်ရပ်မှန်ကို အတိအကျသိလိုက်ရတာက ပိုပြီးရင်နာဖွယ်ရာဖြစ်ရလေသည်။ လောကကြီးက ဘယ်လောက်ဆန်းကြယ်ခဲ့ပါသလဲ။

မထင်မှတ်တဲ့အတွေ့အကြုံတွေ၊ မထင်မှတ်တဲ့အဖြစ်အပျက်တွေက မိုးနဲ့မြေ ကပြောင်းကပြန်ဖြစ်သွားသည့်အလား၊ လနဲ့ နေ ပျောက်ကွယ်သွားသည့်အလား။ ကြယ်တွေ မြေခသွား



www.burmeseclassic.com

www.burmeseclassic.com



သည့်အလား. . . ဘယ်လောက်များ အံ့ဩဖွယ်ရာကောင်းလိုက်ပါသလဲ။

ကြည့်စမ်း! ငွေသား အသည်းနှင့်အောင် ချစ်ရတဲ့၊ ငွေသားချစ်သူရဲ့မေမေက ဖေဖေ့ရဲ့အရင်တုန်းက ဇနီးတဲ့။ ဇနီးအ ရိုးရိုးဇနီးမဟုတ်။ နှစ်ဦးသဘောတူကွာရှင်းခဲ့တဲ့ဇနီးလည်း မဟုတ်ဘဲ အပြစ်မရှိဘဲ စွန့်ပစ်တာကို ခံခဲ့ရတဲ့ဇနီး။ ဒါကြောင့် ဒေါ်ဓေညိုသွေးရဲ့ပေါက်ကွဲမှုက အချိန်တိုတိုလေးနဲ့ တစ်ဟုန်ထိုး ပြောင်မြောက်သွားခဲ့တာ။

**★★★ ( "ဒီလိုရိုက်ရဖို့အတွက် နှစ်ပေါင်းနှစ်ဆယ်ကျော်တောင် စောင့်ခဲ့ရတာပဲ။ ကျေကျေနပ်နပ်ကြီး ခံယူလိုက်"**

**"ရှင့်ပါးစပ်က ကျွန်မနာမည် ထွက်သွားပြီ၊ ငါ ဓေဓောင် မဟုတ်ဘူး, မင်း လူမှားနေပြီလို့ ပြောင်လိမ်ချင်သေးသလား"**

**"မဓေါ်နဲ့, ရှင့်ပါးစပ်ကိုပိတ်လိုက်, မဓေါ်ထိုက်ဘူး။ ရှင့်ပါးစပ်နဲ့ ကျွန်မနာမည်နဲ့ မတန်ဘူး"**

**ဒီမှာ ဂျင်မီဆိုတဲ့ ဓေဓောင်... ဒီကိစ္စ မဖြစ်ခဲ့ဘူးလို့ပဲ သဘောထားလိုက်မယ်...ဒီလိုအဖြစ်အပျက်မျိုး မရှိခဲ့ဘူးလို့ပဲ သဘောထားလိုက်မယ်။ ဘယ်သောအခါမှ ကျွန်မတို့သားအမိနဲ့ မပတ်သက်အောင်,နေပါ။ ဘယ်လိုအကြောင်းမျိုးနဲ့ဖြစ်ဖြစ် မဆက်သွယ်ပါနဲ့။**

**"မှတ်ထားပါ, နောက်တစ်ခါ ထပ်ပြောပါမယ်။ ကျွန်မတို့သားအမိနဲ့ မပတ်သက်အောင်နေပါ။ ဘယ်လိုအကြောင်းမျိုးနဲ့မှ မဆက်သွယ်ပါနဲ့" ) ★★★**





ထိုအပြောတွေကို ငွေသား အမြဲကြားယောင်နေတော့မှာ။ ထိုလုပ်ရပ်တွေက ငွေသားကို အမြဲခြောက်လှန့်နေတော့မှာ။

ဓားရောင်,ဝင်းနေသော မျက်လုံး၊ ခက်ထန်နေသော မျက်နှာ၊ အဆိပ်ပြင်းသောနှုတ်ခမ်း၊ လက်စောင်းထက်သော ရိုက်ချက်၊ လေဟုန်ကိုတောင် ပျံသန်းသွားနိုင်သည့် ခံစားသက်ဝင်မှု။

ထိုမုဒ်တွေအားလုံး တစ်ချိန်တည်းမှာ တစ်ပြိုင်တည်းကြွတက်သွားနိုင်အောင်ပဲ ယောကျ်ားတစ်ယောက် ပေးခဲ့တဲ့ စိတ်ဒဏ်ရာက ရက်ရက်စက်စက်ပြင်းထန်ခဲ့ပါသလား. . .

ဟင့်အင်း. . .

ဒါပေမဲ့. . . ဒါပေမဲ့. . .

လူကြီးတွေက လူကြီးတွေပါ၊ လူငယ်တွေက လူငယ်တွေပါ။

လူကြီးတွေ လွတ်လပ်စွာ ပေါက်ကွဲနိုင်ဖို့အတွက် လူပတဲ့လူငယ်တွေရဲ့နှလုံးသားကို ထိုးကျွေးလိုက်ရမှာလား. . .

နိုး. . . မဖြစ်နိုင်ပါဘူး။ ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ ညိုသွေးလောက် ငွေသားကိုချစ်တာ ဘယ်မှာရှိဦးမှာလဲ၊ ငွေသား



www.burmeseclassic.com

www.burmeseclassic.com



လောက် ညိုသွေးကိုချစ်တာ ဘယ်မှာရှိဦးမှာလဲ။ ဒီလို အူ တစ်ထပ်တည်းကျတဲ့အချစ်မျိုးက ဘယ်သူဖျက်လို့ရမှာလဲ။

ငွေသားသည် တွေးရင်းတွေးရင်း ရင်ထဲမှာ လှိုင်းထ နေပြီ။ တစ်ဟုန်ထိုးပြောင်းမြောက်ခဲ့သော ဒေါ်မေညိုသွေး၏ ခံစား သက်ဝင်မှုကိုလည်း ကြောက်လန့်လာ၏။ ညိုသွေးကို စွန့်လွှတ် ရမှာ ကြောက်ပြီးတော့လည်း နှလုံးသားက နာကျင်လာသည်။

နောက်ဆုံးတွင်တော့ တစ်စုံတစ်ခုကို မျှော်လင့်နေသော် လည်း ဘာမှမပြောဘဲ ကျောက်ရုပ်လိုရုပ်နေသောဖေဖေ့ကြောင့် ငွေသားကသာလျှင် နိုးရှိမ်ကြီးစွာ မေးလိုက်ရလေ၏။

"ဖေဖေ,ပြောပါ၊ တစ်ခုခုပြောလိုက်စမ်းပါ။ ဒါမှမဟုတ် နည်းလမ်းကောင်းတစ်ခုပေးပါ။ သမီးနဲ့ညိုသွေး ဘယ်လောက် ချစ်ကြတာတွေ, အနာဂတ်အတွက် စီစဉ်ထားတာတွေကို ဖေဖေ အသိဆုံးပါ။ သမီး သူ့ကိုမစွန့်လွှတ်နိုင်ဘူး။ သူနဲ့သမီး ခွဲလို့မဖြစ် ဘူး"

"ဖေဖေ စိတ်မကောင်းဘူးသမီးရယ်၊ ဘာဆက်လုပ် ရင် ကောင်းမလဲဆိုတာကို ဖေဖေလည်း စဉ်းစားနေတာပါ။ ဒါ ပေမဲ့ သမီးကိုအားနာတယ်"

"ဘယ်လို! အားနာတယ်၊ ဘာကို အားနာတာလဲ"

ဖေဖေက ငွေသားဘက်ကို လှည့်လာပြီး ငွေသားရဲ့ မျက်နှာကို သေသေချာချာစိုက်ကြည့်ပြီး ပြောသည်။





"အဲ့ဒီဖြစ်ရာကောင်းတဲ့ ကံကြမ္မာပါ။ ဖေဖေ တကယ် အားနာပါတယ်။ သမီးဘဝမှာ လိုချင်တာမှန်သမျှ ချက်ချင်း ချင်း လုပ်ပေးနိုင်ခဲ့ပေမယ့် ဒီတစ်ခါတော့ ဖေဖေလည်း လုပ် နိုင်မှာမဟုတ်တော့ဘူး"

"ဟင်!"

"မေညိုသွေးလို့ နာမည်ပြောင်းလိုက်တဲ့ ခွာညိုသင်းရဲ့ ကို ဖေဖေကောင်းကောင်းသိတယ်၊ သူက ပြောရင် ပြောတဲ့ အတိုင်း လုပ်တတ်တဲ့သူ။ သူလုပ်သွားတဲ့ပုံစံနဲ့ သူပြောသွားတဲ့ စကားတွေကို ဖေဖေ နားလည်လိုက်ပြီ, ယုံလိုက်ပြီ၊ ဒါကြောင့် မနိုင်တော့ဘူး"

"ဘာလို့မဖြစ်နိုင်ရမှာလဲ ဖေဖေရဲ့. . . ဘာလို့မဖြစ်နိုင် ရမှာလဲ။ ညိုသွေးမှာ ဘာအပြစ်ရှိလို့လဲ၊ သမီးမှာကော ဘာအပြစ် ရှိလို့လဲ။ ဖေဖေတို့လူကြီးချင်း ဖြစ်တဲ့ပြဿနာက သမီးတို့လူငယ် တွေနဲ့ ဘာဆိုင်လို့လဲ"

ငွေသား ခေါင်းထဲ မူးမိုက်၍ပင် လာလေပြီ။ တစ်ကိုယ် လုံးလည်း နုံးပြီး ယိုင်နဲ့ချင်လာပြီ။

"ဖေဖေက ဘာမှမဆိုင်သလို တစ်ကန့်စီ ဖြေရှင်းလို့ ရမယ့် မေညိုသွေးက မရဘူး။ သမီးမြင်လိုက်တဲ့အတိုင်းပဲ။ ဒါပေမဲ့ တစ်ခုတော့ရှိတယ်"

"ဘာလဲဟင်, ဖေဖေစီစဉ်ရင် ရပါတယ်၊ ဖေဖေလုပ်



www.burmeseclassic.com

www.burmeseclassic.com



ရင် ချက်ချင်းဖြစ်နိုင်ပါတယ်''

''ဖေဖေ လုပ်မပေးနိုင်ပေမယ့် ဖြစ်နိုင်ခြေအလားအလာ တစ်ခုကိုတော့ ထောက်ပြစရာရှိတယ်။ ဖေဖေ သမီးကို ဆုံး... တုန်းက သမီးပြန်ပြောခဲ့တာရှိတယ်လေ။ သန့်စင်ညိုသွေးကို... လို့ ယုံတာထက် ယုံချင်စရာကောင်းတဲ့လူတစ်ယောက်မို့လို့ ... တာဆို''

ငွေသားလည်း ဖေဖေ့မျက်နှာကို မျက်တောင်မခတ် စို... ကြည့်နေမိတော့သည်။

''ဖေဖေက ယောက်ျားတွေကိုမယုံနဲ့ ယောက်ျားတွေကို လျှော့မတွက်နဲ့လို့ပြောတော့ သမီး, ယောက်ျားတွေကို လျှော့မတွက်ပါဘူးတဲ့။ ယောက်ျားတိုင်းကို မယုံတဲ့မိန်းကလေးတော့ မဖြစ်ပါရစေနဲ့တဲ့''

''ဟုတ်တယ်လေ ဖေဖေ၊ ဒါဆို သမီးတို့ရဲ့ရလဒ်က ဘယ်လိုဖြစ်သွားနိုင်လဲဟင်''

''ဖေဖေ ထောက်ပြတာ အဲဒါပေါ့။ ဖြစ်နိုင်တဲ့အလားအလားအလာဆိုတာ အဲဒါပေါ့။ သမီး, သန့်စင်ညိုသွေးကို ယုံတယ်မို့လား။ ယုံတယ်ဆိုရင် သူ့ဆုံးဖြတ်လိမ့်မယ်။ သူစီစဉ်လိမ့်မယ်။ သမီးအပေါ် သူ ဘယ်လိုသဘောထားလဲဆိုတာ သိရလိမ့်မယ်။ အဲဒါ သမီးရဲ့ရလဒ်ကောင်းပဲပေါ့''

ငွေသား ငြိမ်ကျသွားလေ၏။





''ဖေဖေတို့ ခဏတော့ စောင့်ကြည့်ရလိမ့်မယ်။ ဒီကိစ္စက သမီးဖြစ်ချင်တိုင်းလည်း ဖြစ်ချင်မှဖြစ်မှာ။ ဖေဖေ လုပ်ပေးလည်း ဖြစ်ချင်မှဖြစ်တော့မှာလေ။ နောက်ဆုံး သန့်စင်ညိုသွေးအပေါ်မှာပဲ မူတည်သွားပြီ။ ဒီတော့ သမီးတို့ရဲ့ရလဒ်က အကောင်းဖြစ်လာမှာပေါ့၊ ဟုတ်ပြီလား''

ရင်ထဲမှာ အနည်းငယ်တော့ ပေါ့သွားသလိုပင်။

ဟုတ်သားပဲ. . . ငွေသားနဲ့ ညိုသွေး ကတိသစ္စာတွေ

အတူတူထားခဲ့ကြတာပဲ။ ဘာစိုးရိမ်စရာရှိလို့လဲ. . .

စိတ်ထိန်းစမ်း! ငွေသားနစပယ်. . .

''ဟုတ်တယ် ဖေဖေ၊ အဲဒီလိုတွေးလည်း ဟုတ်တာပဲ။ သမီးက စိတ်အရမ်းစောနေလို့ပါ။ စိုးရိမ်စိတ်တွေလည်း အရမ်းကြီးနေလို့ပါ။ ညိုသွေးက သမီးအတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်သွားမှာပါ''

ထိုအချိန်မှာ အိမ်ဖော်မလေးက အောက်ထပ်မှ ခပ်သွက်သွက်တက်လာပြီး 'မမ'ဟု ခေါ်ရင်း ငွေသားတို့အနား ရောက်လာသည်။

''ဘယ်လိုလဲ မလေး၊ ခေါ်လို့ရလား. . . ကိုင်လား''

သားအဖနှစ်ယောက် အိမ်ပြန်ရောက်ကတည်းက ညိုသွေးဆီ ဖုန်းခေါ်တာ ဘယ်လိုမှခေါ်မရတာကြောင့် အိမ်ဖော်မလေးကို ခေါ်ခိုင်းထားရတာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်, ပထမတော့ မကိုင်ပါဘူး။ ဆက်တိုက်ခေါ်မှ ရပါတယ်။ မိန်းကလေးတစ်ယောက် ကိုင်တာပါမမ။ ဖုန်းမဆက်ပါနဲ့ဦးတဲ့, အန်တီဆွေကစပြီး အဆက်အသွယ်လုပ်ပါလိမ့်မယ်တဲ့"

"ဪ"

"ကဲ, တွေ့လားသမီး၊ သူတို့လည်း ပြောဆိုတိုင်ပင်ကြဦးမှာပေါ့။ အချိန်တန်ရင် အားလုံးအဆင်ပြေသွားမှာပါသမီးရယ်နော်။ ခုတော့ သမီး စိတ်အေးအေးထားပြီး ကောင်းကောင်းအနားယူလိုက်။ စားစရာသောက်စရာတွေ သမီးအခန်းထဲ ပို့ပေးလိုက်မယ်. . . ဟုတ်ပြီလား"

ဖေဖေကပြောရင်း ငွေသားကို အခန်းထဲထိ ပို့ပေးလေသည်။ ဘာပဲပြောပြော ညိုသွေးဆီမှ Message မရမချင်း ကောင်းကောင်းစားနိုင်မှာလည်းမဟုတ်၊ ကောင်းကောင်းအိပ်နိုင်မှာလည်းမဟုတ်၊ ညိုသွေး ဘယ်လိုဖြေရှင်းနေမလဲဆိုတာကို မြင်ယောင်ပြီး ညိုသွေးဓာတ်ပုံကိုသာ ခဏခဏယူကြည့်နေမိလေတော့သည်။

★★★ ( "ဒါ ကိုယ်ရဲ့မွေးနေ့လက်ဆောင်ပေါ့"

"ဒီလက်စွပ်ကလေးကို တစ်သက်လုံး ဆွတ်နဲ့တော့၊ အရမ်းချစ်တယ်ငွေသား။ မင်းရော ကိုယ့်လိုပဲမို့လား"

"ခဏခဏ ပြောတာကို ကြားချင်တာထက် မျက်နှာ





ချင်းဆိုင်ပြောတာကို ကြားချင်တာ"

"ကြည့်စမ်း! ချစ်သူလက်ကလေးကို ကိုင်ရင်းနဲ့ ချစ်သူမျက်နှာကိုကြည့်ပြီး ချစ်သူပြောတာကို လတ်လတ်ဆတ်ဆတ်ကြားရတာက ဘာနဲ့မှမလဲနိုင်တဲ့ခံစားမှုပါလား။ ဘယ်တော့မှ လမ်းမခွဲကြေးနော်...ကတိ"

"ဘယ်သူဖျက်ဖျက် မပျက်နဲ့နော်,အချစ်"

"ဘယ်သူသဘောမတူတူ ကိုယ်တို့အတူတူပဲနော်" )

★★★

နောက်ဆုံးတော့ ငွေသားသည် ကိုယ့်ကိုယ်ကို အားတင်းရင်း နှစ်သိမ့်ရင်းဖြင့်သာ ညိုသွေးရဲ့ဖုန်းကို မျှော်နေမိလေ၏။

▣▣▣



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"တောက်!"

"..."

"ဒါဆို သားက ဦးဂျင်မိရဲ့သားလား, ဘယ်သူ့သားလဲ, ဘယ်လိုလူဖြစ်လာတာလဲ"

ညှိုသွေးသည် ကြားလိုက်ရသောစကားတွေကြောင့် အံ့ဩမှုတွေ, မယုံကြည်နိုင်မှုတွေ, လက်မခံနိုင်မှုတွေ, ရင်ထဲမှာ တစ်ပြိုင်တည်း ထကြွလာပြီး ဒေါသတွေ ဗရုန်းဖြာထွက်လာတော့သည်။ ဘာကိုမှန်းမသိသောတစ်စုံတစ်ရာကိုလည်း အသေအလဲ ဆွဲထိုးပစ်ချင်လာသည်။

ကြည့်စမ်း...



www.burmeseclassic.com

www.burmeseclassic.com



သူ အသည်းနှင့်အောင် ချစ်ရတဲ့. . .

သူ့အသည်းနှလုံးဘုရင်မရဲ့ဖေဖေက. . .

မေမေ့ကိုဖျက်ဆီးသွားတဲ့လူကြီးတဲ့။ ဒါဆို သူက

သူကရော. . .

"အန်တီဆွေ့ပြောဗျာ၊ သားက ဘယ်သူ့သားလဲ။ မေ့ကိုရော ဘာဖြစ်လို့ အပြစ်မရှိဘဲ စွန့်ပစ်သွားရတာလဲ။ များ အိမ်ထောင်ကျကောင်းတယ်လို့ ဘာဖြစ်လို့ ကြွေး ခဲ့သေးလဲ။ မေမေလိမ်တယ်. . . သား ို ရက်ရက်စက်စက် တယ်"

တင်းမခံနိုင်သည့်အဆုံး အော်ဟစ်ပြီးတော့သာ ကွဲလိုက်မိတော့သည်။

"မအော်ပါနဲ့သားရယ်၊ ညို ကြားသွားပါ့မယ်။ ညို သနားလွန်းလို့ပါ။ အန်တီဆွေ ပြောပြပါ့မယ်၊ သားသာ မဖြစ်ဘဲ စိတ်အေးအေးထားပြီး နားထောင်ပါ။ သားအတွက် တော့ ဘယ်လိုမှမယုံနိုင်အောင် ဖြစ်နေပေမယ့် ဒါဟာ တကယ် ကံကြမ္မာပါ။ တကယ်ပဲ ဖြစ်ခဲ့ကြတာပါ"

". . ."

"ညို့အကြောင်းကို အသေးစိတ်ပြောရမယ်ဆိုရင် လို့ဆုံးနိုင်မှာမဟုတ်ဘူး သား။ ဇာတ်ကားဆိုရင် သာမန် ရှည်တဲ့ဇာတ်ကားဖြစ်လိမ့်မယ်။ ဝတ္ထုဆိုရင်လည်း နှစ်အုပ်





ထွက်ရလိမ့်မယ်။ ဒါကြောင့် အန်တီဆွေ အဓိကကျတာကိုပဲ အတိုချုပ်ပြောတော့မယ်။ မပြောခင် သားဦးနှောက်နဲ့ သားရင်ဘတ်ထဲမှာ ရှိထားရမှာက သားဟာ ညို့ရဲ့သားဆိုတာပဲ။ ညို့အသည်းနှလုံးဟာ ဂျင်မီနင်းချေခဲ့လို့ သေသွားခဲ့ပြီးပြီ။ ဒါပေမဲ့ သားကြောင့် သူ့နှလုံးသားတစ်ခြမ်းက ပြန်လည်နိုးထလာခဲ့ရှာတယ်"

". . ."

"သားကြောင့် အဲဒီနှလုံးသားတစ်ခြမ်းနဲ့ အသက်ရှင်နေတယ်။ ဒါကိုသိထားပါ။ အန်တီဆွေ ပြောနေတုန်းမှာလည်း သား တစ်ခွန်းမှပြန်မပြောပါနဲ့၊ ပြန်မမေးပါနဲ့။ သားမေမေက အိမ်ထောင်ကျကောင်းတယ်လို့ ခဏခဏပြောခဲ့တာဟာ သူ့ဘက်က စိတ်ကူးယဉ်မှုတွေနဲ့ ရူးသွပ်ပြီး ပြောခဲ့တာပါ သား။ ပြီးတော့ သားကိုလည်း စိတ်ချမ်းသာစေချင်လို့၊ သားဘဝရှေ့ရေးအတွက်ကိုလည်း အားကျစရာ နမူနာယူစရာဖြစ်အောင်လို့"

ညိုသွေးသည် အန်တီဆွေပြောလိုက်သော အဖွင့်အပိတ်စကားလုံးတွေကြောင့် သက်ပြင်းချ၍သာ သည်းခံပြီး နားထောင်နေလိုက်ရလေ၏။

"ပြောရရင်တော့ အန်တီဆွေလည်း ဇမောင်ဆိုတာ မြင်တောင်မမြင်ဖူးခဲ့တာမဟုတ်ဘူး။ ညိုဖြစ်ခဲ့တဲ့ဇာတ်လမ်းက မြင်းခြံ မြို့မှာပါ။ သူ ကလေးပိုက်ပြီး ရန်ကုန်ကိုရောက်လာမှ ရဲ့အိမ်



www.burmeseclassic.com

www.burmeseclassic.com



ထောင်ရေးအကြောင်းကိုပြောပြလို့ အန်တီဆွေ သိခဲ့ရတာ။ ဇေ မောင်ရဲ့ဓာတ်ပုံလည်း ပါမလာ, ဇေမောင်ရဲ့ပုံစံက ဘယ်လိုရှိတယ် ဆိုတာလည်း ပြောမပြပေမယ့် အဖြစ်အပျက်ကိုတော့ စေ့စေ့စပ်စပ်ပြောပြခဲ့တယ်။ အဲဒီကတည်းက သူ ပြည်မြို့ကို ခြေဦးတောင် မလှည့်တော့ဘူး''

သူ့မျက်စိထဲမှာ မေမေ (သူ့ကို) ကလေးပိုက်လာပုံလေး ကို မြင်ယောင်ကြည့်မိပါသည်။

''ညီက နာမည်ကသာ ညီတာပါ၊ နှလုံးသားက အရမ်း ဖြူစင်ပြီး နူးညံ့တယ်။ ချစ်သူရည်းစားလည်း တစ်ယောက်မှမထား ခဲ့ဘူး။ ဂျင်မီနဲ့တွေ့မှသာ တစ်ယောက်ဆိုတစ်ယောက် အချစ်ဦး ရော, အချစ်ဆုံးရော, လက်ထပ်မယ့်သူရော, သူ့ဆိုသူမှဖြစ်သွား ခဲ့တာ သားရဲ့။ နဂိုကတည်းက အစွဲအလန်းကြီးတဲ့သူ, ခံစား ထိနိုက်လွယ်တဲ့သူဆိုတော့ ပိုဆိုးတာပေါ့။ ဂျင်မီက အပြောက လည်း,ကောင်းသလို ရုပ်ကလည်းဖြောင့်တော့ ညီကလည်း သူ့ ရဲ့ရှင်သန်မှုအားလုံး ဂျင်မီ့အပေါ် ပုံပေးခဲ့တာလေ''

''. . .''

''ဂျင်မီက မန္တလေးသား, ပြည်ကအမျိုးတွေဆီ လာ လည်ရင်းနဲ့ တွေ့ကြတာ။ ဂျင်မီ့ပုံစံက သိပ်ထောင့်မကျိုးသလို သွားလိုက်ပြန်လိုက်နဲ့ ခြေသားလုံးအိမ်တိုင်လို လုပ်နေတဲ့ပုံစံမျိုး မို့လို့ ညီ့ဆွေမျိုးတွေက သဘောမတူဘူး။ ဂျင်မီ့အမျိုးတွေက





လည်း ဂျင်မီ့ကိုတာဝန်မယူနိုင်ဘူးလို့ အသိပေးတယ်။ ဒါပေမဲ့ ညီကလည်း ဒါဆိုဒါမှ ဂျင်မီကလွဲရင် ဘယ်သူ့မှယောကျ်ားမထင် တဲ့ပုံစံမျိုး။ ဂျင်မီပြောတာကလွဲရင် ဘယ်သူပြောပြော မယုံဘူး''

**မေမေက အရှုံးအမှုးနဲ့ တကယ့်ကို အချစ်ထူးခဲ့တာကိုး၊ ဒါကြောင့် သူတို့ကို အရှုံးအမှုးမဆုံးဖြတ်ဖို့ သတိပေးခဲ့ တာပဲ။**

**မေမေဆုံးမခဲ့တဲ့ စကားလုံးတွေက ဘဝနှင့်ရင်းခဲ့တာမို့ ရင်ကိုထိပါသည်။**

''နောက်တော့ အမျိုးတွေ ဝိုင်းတားနေတဲ့ကြားထဲကပဲ အများနဲ့တစ်ယောက်လဲပြီး ဂျင်မီ့ကိုလက်ထပ်ခဲ့တယ်။ အိမ်ငှား နေခဲ့ရတယ်။ ညီ့ပုံစံက ဘာမှရှိရှိမရှိရှိ ဂျင်မီရှိရင် ပြီးရော။ နှစ် ယောက်လုံး ဘဝကို ကြံ့ရာအလုပ်လုပ်ပြီး ဖြတ်သန်းခဲ့ကြတယ်။ ဒါပေမဲ့ မကြာပါဘူး. . . ဂျင်မီက ဟိုအလုပ်မမြဲ ဒီအလုပ်မမြဲနဲ့ နွားလေးကို ပြန်သွားတတ်တာ များတယ်''

''. . .''

''ညီက ယောကျ်ားကို ဘယ်လောက်ချစ်သလဲဆိုရင် ဘယ်သွားသွား ဘာလုပ်လုပ် ခွင့်လွှတ်တာပဲ၊ ရွာမကျွေးလည်း နေပါစေ, သူ့ကိုပစ်မပြေးရင် ပြီးရောဆိုတဲ့အစားထဲက။ အဲဒီ လောက်ထိ ချစ်ခဲ့တာ။ အချိန်ရရင် ရသလိုတောင် ဂျင်မီ့နောက် သိုက်ချောင်းခဲ့တဲ့ညီပါ။ စားဝတ်နေရေးကိုလည်း သူ့ဘာသာသူ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ဖြေရှင်းခဲ့တာ။ ပတ်ဝန်းကျင်က ဂျင်မီဘာအလုပ်တွေ လုပ်
သလဲလို့မေးရင်တောင် 'အရောင်းအဝယ်လုပ်နေတာပါ။ ရုံး
လုပ်နေတာပါ'လို့ လိမ်ညာပြီး ယောက်ျားရဲ့သိက္ခာကို တင်
ခဲ့တာပါ"

**မေမေ ယောက်ျားကိုချစ်ခဲ့ပုံက လက်ဖျားခါလောက်**
**ပြီးတော့ မေမေ့ရဲ့အချစ်က လေးစားဖွယ်ရာလည်း**
**သည်။**

**ဝတ်ယူစရာလည်း ကောင်းသည်။ ဒါပေမဲ့ တစ်ဖက်**
**ကျူလွန်းပြန်တော့လည်း ထိုအချစ်က သနားစရာကော**
**ပြန်လေသည်။**

"အဲဒီလိုနေလာရင်းနဲ့ ဂျင်မီက ညို့ကိုထားခဲ့တာက များ
ပြီး မန္တလေးမှာပဲ နေတဲ့အချိန်က များလာတယ်။ ဒီတော့မှ ညို့
က ဂျင်မီ့ရဲ့စရိုက်ကို သံသယဖြစ်လာတာ။ အမျိုးတွေ ပိုင်းထ
ခဲ့တာနဲ့ ဂျင်မီ့အမျိုးတွေ သတိပေးခဲ့တာကိုလည်း မြင်ယောင်
ကြားယောင်ပြီး အားငယ်လာတယ်။ ဂျင်မီဖောက်ပြန်သွားမှာ
ကြောက်လာတယ်ပေါ့။ ရှင်းရှင်းပြောရရင် နောင်တစိတ် ဝင်လာ
တယ်ပေါ့။ ဒါပေမဲ့ ညို့က သူကောင်းမယ်ထင်လို့ ဆုံးဖြတ်ခဲ့တဲ့
အိမ်ထောင်ရေးမို့လို့ ကြိတ်ကြိတ်ခံပြီး နေခဲ့တယ်"

နားထောင်ရင်း မေမေ့အတွက် စိတ်မကောင်းဖြစ်လာ
သည်။





**ဘဝကို ကြိတ်ကြိတ်ခံခဲ့ပုံတွေ…**
**ယောက်ျားပြန်အလာကို စောင့်မျှော်ခဲ့ရပုံတွေ**
**ယောက်ျားပြန်မပြေးမှာ ကြောက်သည့်သောကတွေ**
**ဒီဒဏ်တွေကို မေမေ ဘယ်လိုခံစားခဲ့ရပါသလဲ**

"ဒါပေမဲ့လည်း သားရယ်၊ ညို့က အိမ်ထောင်ရေးကို
မြဲမြဲအောင် ဘယ်လောက်ပဲလုပ်လုပ်၊ တစ်ဖက်သတ် မိန်းကလေး
အားဖြစ်နေတော့ ဘယ်မြဲပါတော့မလဲ။ တဖြည်းဖြည်းနဲ့ ဂျင်မီ့
စရိုက်တာတွေကို သိလာရတယ်။ ညို့ဆီကိုလည်း ဆယ်ကြွေ့
မှ တစ်ကြွေ့လောက်ပဲ ပြန်လာတော့တယ်။ အဲဒီအချိန်မှာ ညို့
ရှာဆိုက်ပြီး ဘာဆက်လုပ်ရမှန်းမသိတော့ဘူး။ ကူရာကယ်ရာ
မဲ့တာဝဖြစ်နေပြီပေါ့"

"…"

"အားလုံးနဲ့အတိုက်အခံလုပ်ပြီး ယူခဲ့တာဆိုတော့ ပတ်
ဝန်းကျင်ကိုလည်း ရင်မဆိုင်ရဲ၊ ဆွေမျိုးတွေကိုလည်း အသိမပေး
ရဲ၊ သူငယ်ချင်းတွေကိုလည်း မပြောရဲပေါ့။ တစ်ယောက်တည်း
အိမ်ကလေးထဲမှာ ယောက်ျားပြန်အလာကိုပဲ မျှော်နေခဲ့ရတယ်"

အန်တီခွေက ဘာမှမပြောဘဲနေဖို့ မှာထားတာကြောင့်
ညိုသွေး နားထောင်ရင်း နှုတ်ကို ကျိတ်မှိတ်ပိတ်ထားရတာ မွန်း
ကျပ်လာပါပြီ။

"ဆွေမျိုးတွေကလည်း မသိလို့တော့မဟုတ်ဘူး၊ သိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ တစ်နေ့ ဒီလိုဖြစ်မယ်မှန်းသိလို့ တားတဲ့ကြားက ဖွတ်တိုးခဲ့တာဆိုတော့ လှည့်ကိုမကြည့်တော့ဘူး။ တစ်နေ့မှာတော့ ညီဘယ်လိုမှမနေနိုင်တော့ဘဲ ဖုန်းဆက်ခဲ့တယ်။ ဆက်တော့လည်း ဟိုနေ့ပြန်လာမလိုလို ဒီနေ့ပြန်လာမလိုလိုနဲ့ ရောက်မလာခဲ့ဘူး။ နောက်တစ်ခါ ဆက်ကြည့်တော့လည်း ဇေမောင်မရှိဘူး၊ ဘယ်ထွက်သွားမှန်းမသိဘူးဆိုတဲ့အဖြေကိုပဲ ရခဲ့တယ်တဲ့"

"တောက်!"

ရင်ထဲ နာကျင်မွန်းကျပ်လာတာမို့ တောက်ခတ်သံပင် ဘယ်လိုထွက်သွားမှန်းမသိလိုက်တော့။

"နောက်တစ်ခါ ထပ်ဆက်ကြည့်တော့ ဇေမောင်နဲ့တွေ့ခဲ့ရတယ်။ ဒါပေမဲ့ သူ ညီ့ကို ဘယ်လိုပြောခဲ့တယ်ထင်လဲ"

ညီရွေးသည် အန်တီဆွေရဲ့မျက်နှာကို စိုက်ကြည့်လိုက်မိသည်။ အန်တီဆွေ့မျက်နှာကလည်း နှုတ်ခမ်းမှာ မဲ့ပြုံး၊ မျက်လုံးမှာ နာကြည်းရိပ် စွန်းနေ၏။

"ဒီအိမ်ထောင်ရေးကို ဒီလောက်နဲ့ စခန်းသိမ်းလိုက်ပြီတဲ့။ သူနဲ့ဘယ်သောအခါမှ မပတ်သက်အောင်နေပါ။ ဘယ်လိုအကြောင်းမျိုးနဲ့မှ မဆက်သွယ်ပါနဲ့တဲ့"

"ဟား..."

ဒီတစ်ခါတော့ ညီရွေး ဘယ်လိုမှသည်းမခံနိုင်တော့ဘဲ တံခါးကို ဝုန်းခနဲပြေးကန်လိုက်သည်။ ပြီးတော့ တံခါးလက်





ကိုင်ကို ဆောင့်ဆွဲဖွင့်လိုက်သည်။ အဲဒီတော့မှ သူ၏ရုတ်တရက်ပုံစံကြောင့် အငိုက်မိသွားသောအန်တီဆွေလည်း သူ့ကိုဝင်လုံးပြီး တံခါးကို ပြန်ပိတ်လေ၏။

"သား ဘာလုပ်တာလဲ၊ စိတ်ထိန်းမှပေါ့။ ဘယ်သွားမလို့လဲ"

"သား ထိန်းနိုင်သလောက် ထိန်းပြီးပြီ၊ မရတော့ဘူး။ မေမေ့ဆီ သွားမယ်"

"မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီပုံစံနဲ့သွားလို့မဖြစ်ဘူး။ ညီ့ဇာတ်လမ်းက မပြီးသေးဘူး"

"ဒီလောက်တောင် စိတ်ဒဏ်ရာ ရထားတာ ဒီနှလုံးသားက သေပြီပေါ့။ ဘာကျန်သေးလို့လဲ။ ခွာညီသြင်း သေပြီလေ"

"ဟင့်အင်း... မသေသေးဘူး။ သေလုမျောပါးပဲ ကျန်ခဲ့တာ"

"ဒါဆိုလည်း မြန်မြန်ပြောဗျာ၊ သား သည်းမခံနိုင်တော့ဘူး"

"ပြောပြပါ့မယ် သားရယ်၊ ခဏလေးပဲ သည်းခံပေးပါ။ ဒီအခြေအနေကိုရောက်လာပြီးမှ စိတ်ကို ဆက်ထိန်းထားပါ သားရဲ့။ ပြီးတော့ အခု အန်တီဆွေ ဆက်ပြောမှာကိုလေ၊ ညီ့ကိုပြန်မပြောပါဘူးလို့ ကတိပေးပါ။ နော်... သား၊ သားသိချင်တယ်ဆိုရင် ကတိဆက်ဆက်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဝေဒနာကို ကလေးတစ်ယောက် ပြုစုပျိုးထောင်နည်းနဲ့ ကုစားပြီး ကျော်လွှားဖြတ်သန်းခဲ့တာပဲ"

ညိုသွေးမျက်လုံးတွေ ဝိုင်းစက်ပြူးကျယ်သွားလေပြီ။

"ညို့ရဲ့အယူအဆက ဇာတ်မျိုးပဲ၊ ကလေးတစ်ယောက်နဲ့ အတူနေရရင် အဲဒီကလေးရဲ့ဝေယျာဝစ္စတွေကို လုပ်ကိုင်ပေးနေရင် အချိန်တွေကို ကုန်မှန်းမသိ ကုန်စေတယ်။ စိတ်ဒဏ်ရာတွေကိုလည်း သက်သာစေပြီး မေ့နိုင်သလောက် မေ့ထားနိုင်တယ်တဲ့။ အဲဒီအတွေးနဲ့ ပြည်မြို့အနီးမှာရှိတဲ့ရွာလေးတစ်ရွာက ကလေးတစ်ယောက်ကိုမွေးစားခဲ့တာ. . . အဲဒါ သားပဲ"

"ဗျာ"

". . ."

"ဒါဆို သား. . . သားက"

ညိုသွေး ဘာစကားမှဆက်မပြောနိုင်တော့ဘဲ အနားက ကုတင်ပေါ် လေးလေးပင်ပင် ကျသွားခဲ့ပါသည်။

"ဟား"ခနဲဆိုပြီး မချိတင်ကဲဖြစ်လိုက်၊ ဆံပင်တွေကို ခဏခဏသပ်လိုက်၊ "ကျစ်"ခနဲစုတ်သပ်လိုက်၊ လက်သီးဆုပ်လိုက်နှင့် စိတ်ဂဏှာမငြိမ်ဖြစ်နေတော့သည်။ မေမေရယ်. . .

**ကြည့်စမ်း! ဘယ်လောက်အချစ်ကြီးတဲ့မေမေလဲ...**
**ဘယ်လောက်ခံစားချက်ပြင်းထန်တဲ့မေမေလဲ...**
**ဘယ်လောက်လေးစားဖို့ကောင်းတဲ့မေမေလဲ...**





ညိုသွေး မချိတင်ကဲဖြစ်နေပုံကို အန်တီဆွေက အံကြိတ်ပြီး သတိပေးလာပြန်သည်။

"သား ကတိတည်တယ်နော်၊ သားရဲ့ဦးနှောက်နဲ့ သားရင်ဘတ်ထဲမှာ သားဟာ မေညိုသွေးရဲ့သားနော်"

ညိုသွေး ခေါင်းငိုက်စိုက် ချထားလိုက်မိပါသည်။ ဘာကြောင့်များ ထူးဆန်းတဲ့အဖြစ်တွေက သူ့ဆီ တစ်ခုပြီးတစ်ခု လာနေရတာလဲ။

ဘယ်လိုငြင်းလို့ကော ရတော့မှာလဲ။ အန်တီဆွေပြောသလို ဒါဟာ တကယ့်ကံကြမ္မာပဲ၊ တကယ်ဖြစ်ခဲ့တာပဲ။

"ဒီတော့ သားဘာလုပ်ရမလဲဆိုတာ သားကိုယ်သား သိလာမှာပါ။ နှလုံးသားသေပြီးတဲ့ညိုဟာ သန့်စင်ညိုသွေးကြောင့် နှလုံးသားတစ်ခြမ်းကဲ ပြန်လည်နိုးထလာတာ။ အဲဒီတစ်ခြမ်းနဲ့ အသက်ဆက်နေတာ။ အဲဒီတစ်ခြမ်းက သားပါပဲ"

နောက်ဆုံးတော့ သူ လက်နှစ်ဖက်ကို ခပ်တင်းတင်းဆုပ်ပြီး ဖျတ်ခနဲ ထလာခဲ့လေသည်။ အန်တီဆွေ လုံးဝမတားတော့။ မေမေ့အခန်းထဲရောက်တော့ ကုတင်ပေါ်မှာ မအိပ်ဘဲ မှီထိုင်နေသောမေမေ့ကို မြင်လိုက်ရတာကြောင့် သူ့ခြေလှမ်းတွေ ရပ်တန့်သွားခဲ့ပါသည်။

မွေးစားသားဆိုတဲ့အသိက ဦးနှောက်ထဲ ဝင်ရောက်ခဲ့ လို့လားမသိ။ မေမေ့ကိုကြည့်ရတာ ခါတိုင်းလိုမဟုတ်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာလည်း ခံစားမှုတစ်ခု ဖွဲ့တည်လာသည်ဟုထင်မိပါသည်။ သို့သော် ထိုသို့ဖြစ်သွားပေမယ့် မေမေ့အပေါ်ထားခဲ့သည့်ခံစားမှုနှင့် ချစ်ခြင်းမေတ္တာကတော့ ခါတိုင်းထက် ပိုလို့သာ တိုးလာသည်ဟု ထင်မိတော့သည်။

သူ ရပ်နေပုံကို မေမေက လှမ်းကြည့်ရင်း...

"သိပြီမို့လား, အားလုံးသိသွားပြီမို့လား။ မေမေ လွန်သလား သား"

ဟု မေးတာမို့ သူ မေမေ့အနား လျှောက်လာခဲ့ပါသည်။

"အားလုံးသိသွားပြီဆိုတာ ဘာကိုဆိုလိုတာလဲမေမေ။ မေမေနဲ့ဦးကျင်မီ ဖြစ်ခဲ့တာတွေ သိသွားပြီပဲ။ တခြားဘာသိစရာရှိသေးလို့လဲ။ မေမေ မလွန်ပါဘူး, မေမေ မလွန်တဲ့အတွက် သား နောက်ထပ်ဘာမှမသိချင်တော့ပါဘူး"

"..."

"ကျေးဇူးတင်ပါတယ်မေမေ,သားကိုခွင့်လွှတ်ပါ။ မေမေ တစ်ယောက်တည်း သားကို ဒီဘဝရောက်အောင် ဒီအရွယ်ရောက်အောင်..."

ညို့သွေးသည် ပြောနေရင်း လည်ချောင်းထဲ ဆို့နင့်လာတာမို့ မေမေ့ရင်ခွင်ထဲကိုသာ ခေါင်းတိုးအပ်ပြီး ဖက်ထားလိုက်မိတော့သည်။

"မေမေလိုချင်တာ အဲဒီစကားတွေမဟုတ်ဘူး။ ဆုံးဖြတ်





မှ"

လည်လာသည့်မျက်ရည်တွေကို မေမေ မမြင်အောင် ကွယ်ဝှက်သိမ်းဆည်းလိုက်ပြီး မေမေ့မျက်နှာကို ရဲရဲဝံ့ဝံ့ရင်ဆိုင်လိုက်ပါသည်။ ပြီးတော့ ဘာမှမပြောတော့ဘဲ ခေါင်းအုံးဘေးမှ ဖုန်းကို ဖျတ်ခနဲဆွဲယူလိုက်၏။

"ဘာလဲ"

"ဆုံးဖြတ်ချက်ချမလို့ နားထောင်ကြည့်"

ဟုပြောပြီး ငွေသားဆီ ဖုန်းခေါ်လိုက်သည်။ တစ်ဖက်မှ ငွေသား၏တက်ကြွရွှင်လန်းနေသောအသံလေး ထွက်လာ၏။

"အိုခေအောင် လုပ်နေတယ် ငွေသား။ အိုခေ သွားမှာပါ။ ကိုယ်တို့ နိဂုံးချုပ်ရအောင် မြန်မြန်လေး"

"..."

"ငွေသားဖေဖေရှိလား"

"..."

"ရှိရင် ချက်ချင်းလာခဲ့မယ်။ လာမှပဲပြောတော့မယ်နော်"

ဖုန်းပြောပြီးတော့ မေမေက သူ့မျက်နှာကို ခပ်ထန်ထန် စိုက်ကြည့်ပြီးမေးသည်။

"မင်းလေသံက ဘယ်လိုလေသံလဲ၊ ဘယ်လိုဆုံးဖြတ်ချက်ချမှာလဲ"

"သားကို မေမေသွန်သင်ခဲ့တဲ့နည်းလမ်းအတိုင်း သွား



www.burmeseclassic.com

www.burmeseclassic.com



မှာ။ မေမေ့စကားကို ငယ်ငယ်လေးကတည်းက သေတဲ့အထိ နားထောင်မှာ။ သား မိန်းကလေးတစ်ယောက်ကို ဘယ်တော့မှ စိတ်ဒုက္ခရာမပေးဘူး''

''ဘာ! ''

မေမေ့အသံ ဟိန်းထွက်သွားလေသည်။ သူ ဆတ်ခနဲ ထပြီး အပြေးတစ်ပိုင်း ထွက်လာခဲ့လေ၏။

''သား''

''. . .''

''သန့်စင်ညိုသွေး''

လုံးဝလှည့်မကြည့်တော့။ ခံစားချက်က အတိုင်းထက် လွန်သွားပြီ။

◙◙◙



## အခန်း (၁၁)

တစ်ချိန်လုံး မစားနိုင်မသောက်နိုင် မှိုင်တွေနေခဲ့သော ငွေသားသည် ရုတ်တရက် ညိုသွေးဆီက ဖုန်းဝင်လာမှ နှင်းဖျန်းသည့်ပန်းကလေးပမာ လန်းဆန်း၍ တထောင်ထောင်ဖြစ်လာပါတော့သည်။ ချက်ချင်းလာမယ်ဆိုတာမို့ ခြံထဲပင်ဆင်းပြီး အကြိုထောက်နေမိသည်။ သိပ်မကြာပါ။ ညိုသွေးကားလေး တကယ်ရောက်လာပါသည်။

''ဖေဖေရေ့, ညိုသွေး ရောက်လာပါပြီ''

ဖေဖေကလည်း မကြိုစဖူး ခြံထဲထိပင် လာကြိုသည်။

''ဪ, ရောက်လာပြီပဲ။ ဦးရော သမီးရော မျှော်နေကြတာကွာ။ လာ. . . အိမ်ထဲမှာ အေးဆေးပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဦး၊ ဒီမှာပဲ ပြောရအောင်ပါ။ ကျွန်တော် အချိန်သိပ်မရလို့ပါ"

"မင်းအဆင်ပြေသလိုလုပ်လေ၊ ဒါဆို သမီးရေ ... ခုခုစီစဉ်ဦး"

"မလုပ်ပါနဲ့ ဦး၊ ရပါတယ်။ ငွေသား အေးအေးဆေး..."

ငွေသားသည် ညိုသွေးကို တအံ့တသြဖြစ်ပြီး စိုက်ကြည့် နေလိုက်မိ၏။ ငွေသားမှာတော့ သူလာမယ်ဆိုလို့ မျှော်လိုက်ရ တာ, ပျော်နေလိုက်ရတာ, ခုတော့ သူ့ပုံစံက. . .

မတက်ကြွတာတော့ မဟုတ်ပါ။ တစ်ခုခုဖြစ်လာသည်ကို နားလည်ရခက်သလို၊ တစ်စုံတစ်ရာပဲ ထိခိုက်လာသလိုမျိုးဖြစ် နေသည်။

"ငွေသား ကိုယ်တို့ နိဂုံးချုပ်ရအောင်"

"ဘယ်လိုချုပ်မလဲဟင်၊ အန်တီက ဘာပြောလိုက်လဲ"

"မေမေက ပြောခဲ့ပြီးပြီလေ၊ ဘာမှထပ်ပြောမှာမဟုတ် ဘူး။ ကိုယ်ပြောတာပဲ သေသေချာချာနားထောင်ပါ။ ဦး, ကျွန် တော်တို့ အဆုံးသတ်မှဖြစ်တော့မယ်"

"အေးလေ, အခြေအနေက အဆုံးသတ်ဖို့ဖြစ်လာပြီပဲ ဘယ်လိုနည်းနဲ့အဆုံးသတ်မလဲ"

"ဘယ်လိုနည်းလဲဆိုတော့ ဦးပဲအသိဆုံးဖြစ်မှာပါ။ ကျွန် တော်လည်း အားလုံးသိသွားပြီဆိုတော့ ပြောစရာအထွေအထူး





မရှိပါဘူး။ ဒါပေမဲ့ ကျွန်တော့်ရင်ထဲမှာ အရမ်းမွန်းကျပ်နေတယ်၊ စကားတချို့ရင်ဖွင့်ချင်တယ်"

"အိုခေ. . . ဖွင့်ပါ, ဦးနားလည်ပေးနိုင်ပါတယ်"

ငွေသားရင်ထဲ တလှပ်လှပ်နှင့် ထိတ်လန့်လာမိသည်။ ညိုသွေးမျက်နှာကလည်း ကြည့်နေရင်းမှ ထန်လာသည်ဟုထင် ရ၏။ ထင်သည့်အတိုင်းပင် ညိုသွေးက ဖေဖေ့မျက်နှာကို အချိန် ကြာကြာစိုက်ကြည့်ပြီး အော်တော့သည်။

"အပြစ်မရှိတဲ့မေမေ့ကို ဘာဖြစ်လို့စွန့်ပစ်ခဲ့တာလဲ၊ မေ မေ့နှလုံးသားကို ဘာဖြစ်လို့ နင်းခြေပစ်ခဲ့တာလဲ။ ပတ်ဝန်းကျင် နဲ့ဆွေမျိုးတွေကြားမှာ ခေါင်းမဖော်ရဲအောင် ဘာဖြစ်လို့ အညွန့် ချိုးခဲ့တာလဲ"

ကြည့်စမ်း! ပြတ်သားပြီး မာန်ပါပါထွက်လာသောစကား လုံးတွေက ငွေသားတစ်ကိုယ်လုံးကို နုံးချိသွားစေတော့သည်။ ဖေဖေက နှုတ်ခမ်းလေးတစ်ချက်တွန့်ရုံမျှသာပြုံး၏။

"အိုခေ, ရပြီ ဦး၊ မဖြေပါနဲ့။ အဖြေကိုကြားချင်လို့ ရင်ဖွင့်တာမဟုတ်ပါဘူး"

"ဘယ်ဟုတ်မလဲ, မင်းမကြားချင်ပေမယ့် ဦးက ဖြေရ တော့မှာပဲ။ နှစ်ရှည်လများ ဘယ်သူ့ကိုမှမပြောဘဲ ထားခဲ့တာ၊ သမီးကိုတောင် မပြောခဲ့ဘူး။ ဒါပေမဲ့ အချိန်ကျလာပြီ။ သမီး သိချိန်တန်သွားပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"..."

"မင်းတို့အမြင် မင်းတို့အယူအဆနဲ့တော့ ဒီလောက်ပဲ သိချင်မှာပေါ့။ ဦးအမြင် ဦးအယူအဆကတော့ ဒါ့ထက်မြင့်တယ်။ ဘယ်သူနဲ့မှတူမှာမဟုတ်ဘူး။ ဘဝဆိုတာ စစ်ပွဲပဲကွ၊ တစ်ပွဲပြီး တစ်ပွဲ နွှဲနေရမှာပဲ။ စစ်တိုက်တယ်ဆိုကတည်းက အောင်မြင်ဖို့ တိုက်တာပေါ့၊ ဘယ်သူက ကျရှုံးချင်မှာလဲ"

တစ်သက်နှင့်တစ်ကိုယ် တစ်ခါမှမကြုံဖူးသော ဖေဖေ့ အသံနှင့် ဖေဖေအရှိန်အဝါကလည်း အလွန်ပင်အံ့ဩဖို့ကောင်း ပါသည်။

"အောင်မြင်ဖို့တိုက်တဲ့နေရာမှာ သူများထက်တော့ လျှင် ဖို့လိုတယ်, လည်ဖို့လိုတယ်, ဉာဏ်နီဉာဏ်နက်တွေ အများကြီး သုံးဖို့လိုတယ်, တိုက်ခိုက်နည်းအမျိုးမျိုး နည်းပရိယာယ်တွေ, ဗျူဟာတွေ အများကြီးလိုတယ်ကွာ. . . ဘဝကလည်း အဲလိုပဲ ကိုယ်လိုချင်တဲ့ဘဝကိုရဖို့ အဲလိုနည်းတွေနဲ့ တိုက်ခိုက်ရမှာပဲ"

ထိုအချိန်မှာ အိမ်ရှေ့သို့ ကားတစ်စီး ထိုးဆိုက်လာပြီး ဒေါ်မေညိုသွေး ဝင်ရောက်လာခဲ့ပါသည်။

"သား"

"ခဏလေး နားထောင်ပေးပါ မေမေ၊ နိဂုံးချုပ်နေတာ ပါ"

အားလုံးငြိမ်ကျသွားပါသည်။ ဒေါ်မေညိုသွေး၏မျက်





လုံးတွေကတော့ Police အနက်ရောင်မျက်မှန်ကြီးနှင့် အကာ အကွယ်ယူထားတာမို့ ဌေသား မဖတ်တတ်။

"တစ်ချိန်က ဦးနဲ့မင်းအမေတို့ရဲ့ စီးပွားရေးမပြေလည် မှုဒုက္ခကိုလည်း ဦးက ဒီနည်းနဲ့ဖြိုခွင်းခဲ့တာပဲ။ ဦးက အောင်မြင် ချင်တာကို။ ဉာဏ်နီဉာဏ်နက်မသုံးဘဲ တူနှစ်ကိုယ် တဲအိုပျက် မှာနေနေရင် ဒီအောက်ခြေလူတန်းစားထဲမှာပဲ တဝဲဝဲလည်နေမှာ ပေါ့။ ခက်တာက မင်းအမေက အစွဲအလန်းကြီးတတ်တဲ့သူ, စိတ် ခံစားထိခိုက်လွယ်တဲ့သူဖြစ်နေတယ်။ ဒီတော့ ဦးမှာ လွယ်လွယ် ပြောမထွက်ဘူးဖြစ်နေခဲ့တယ်"

"..."

"ဒီတော့ မတတ်သာတဲ့အဆုံး တိုးတက်အောင်မြင်မှု တစ်ခုကို လိုချင်တဲ့အတွက် မျက်စိစုံမှိတ်ပြီး မင်းအမေကို မရရ တဲ့နည်းနဲ့ ဖြတ်ချခဲ့ရတာပဲ။ ပြီးမှ ဦးရဲ့ဒီပညာတွေကို မနားတမ်း သင်ခဲ့တယ်။ Profession ဖြစ်ပြီဆိုတော့မှ မင်းအမေကို ပြန် ဆက်သွယ်မယ်ဆိုပြီးတော့ပေါ့။ တကယ်လည်း ပြန်လာခေါ်တဲ့ နေ့မှာ မင်းအမေမရှိတော့ဘူး။ ရှာလို့မတွေ့တော့ဘူး"

"တော်စမ်းပါ, ကလေးတွေရှေ့မှာ သိက္ခာဆယ်မနေပါ နဲ့။ ပြီးမှပြောရင် ဆင်ခြေပဲ။ ဘယ်သူမှလက်မခံဘူး။ တကယ် စိတ်ရင်းမှန်ရင် မတွေ့တွေ့အောင် ရှာလိုက်ပါလား။ မိုးအဆုံး မြေအဆုံး. . . ပျောက်သောသူ ရှာရင်တွေ့တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"..."

"ထားလိုက်ပါတော့၊ ဒီအချိန်မှာ ဒါတွေပြောဖို့မလိုအေး ပါဘူး။ ဒီလို သားနောက်ကိုလိုက်လာခဲ့ရတာတောင် မတတ်သာ လွန်းလို့ပါ။ ကျွန်မ ရှင့်မျက်နှာကိုမြင်ရတာ ငရဲထက် ဆိုးတယ်"

"ဒါပေမဲ့ ငါ မင်းအပေါ်ကို ပြုတ်ပြုတ်သားသားလုပ်ခဲ့ လို့ မင်း ဒီဘဝရောက်လာတာမို့လား။ ဒီလိုအောင်မြင်လာတာနော် လား"

"ကြည့်စမ်း! စကားပြောတာ ဆင်ခြင်ပါ။ ပြန်ပြင်ပြော လိုက်စမ်းပါ။ ခုထိ တစ်ဖက်သားအပေါ် နိုင်ထက်စီးနင်းအပြုအမူ တွေ မလျှော့သေးပါလား။ ကိုယ့်ကိုယ်ကို အဲဒီလိုထင်နေရင် ရှင်,ရှုံးပြီး သေသွားလိမ့်မယ်။ သေသေချာချာမှတ်ထား, ကျွန်မ ဒီဘဝရောက်လာပြီး ဒီလိုအောင်မြင်လာတာဟာ သန့်စင်ညိုသွေး ကြောင့်"

အကြိတ်အနယ်ထိုးစစ်ဆင်နေရာမှ ဒေါ်မေညိုသွေး၏ အသံက ဟိန်းထွက်သွားလေသည်။ အမုန်းသည်းခြေကြီးသော ဒေါ်မေညိုသွေး၏ခံစားချက်က ဘယ်တော့မှ ပြေလျော့သွားမှာ မဟုတ်။ ဖေဖေနှင့်ပတ်သက်လျှင် အချိန်မရွေး သွေးဆူပေါက် ကွဲနေမှာသာတည်း။

"ဒီမှာ ဖေမောင်... လူဆိုတာ သတ်မှ လူသတ်သမား လား"





"..."

"စိတ်ကိုသတ်တာလည်း လူကိုသတ်တာနဲ့အတူတူပဲ၊ ကျွန်မကို ရှင်သတ်ခဲ့တာ အနှစ်နှစ်ဆယ်ကျော်သွားပါပြီ။ အခု သားအတွက် ကျွန်မအသက်ရှင်နေတယ်၊ အဲဒါ မြဲမြဲမှတ်ထားပါ၊ ဪ သား... တစ်ခါတည်းလိုက်ခဲ့ မေမေ့စိတ်ကို သိတယ်နော်"

ဒေါ်မေညိုသွေးက ထိုမျှသာပြောပြီး ချာခနဲလှည့်ထွက် သွားသည်။ ပြီးမှ ခပ်လှမ်းလှမ်းမှာ ကျောခိုင်းရပ်ပြီး ညိုသွေးကို စောင့်နေသည်။ စိုးရိမ်ထိတ်လန့်နေသည့် ငွေသားက ခြေလှမ်း ထက်ဖျားတွေပင် အေးလာပြီ။

ညိုသွေးရယ်... ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ၊ ဘယ် လိုအဆုံးသတ်ပေးမှာလဲ...

ညိုသွေးက ငွေသားမျက်နှာကို လုံးဝမကြည့်တော့။ ခေါင်းငုံ့နေရာမှ ဖေဖေ့ကိုသာ ခပ်ဖြည်းဖြည်းမော့ကြည့်လာပါ သည်။ အမြဲတမ်းပြုံးချိုနေသော ညိုသွေးမျက်နှာသည် ဒီနေ့တော့ တစ်ခါမှမမြင်စဖူး တည်ငြိမ်ရင့်ကျက်နေသည်။ နှုတ်ခမ်းတွေက သည်း ပိပိရိရိနှင့် စနစ်တကျရှိလွန်းလှသည်။ မျက်ဝန်းတွေက သည်း စူးထက်လှပါသည်။

"သန့်စင်ညိုသွေး, OK...Come on! မင်းပြောစရာ ရှိတာသာပြောပါ။ ဦးရင်ထဲမှာ အနှစ်နှစ်အလလက ထည့်ထားခဲ့ တဲ့စကားစုကို ပြောလိုက်ရလို့ ပေါ့သွားပါပြီ၊ ဒီအချိန်မှာ မင်းအပေ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတဲ့အတွက် ပိုကျေနပ်တယ်။ သူဘယ်လို ပဲထင်ထင် ဘယ်လိုပဲပြောသွားသွားပေါ့။ အားလုံးဟာ ပြီးခဲ့ပြီပဲ''

''. . .''

''မင်းပြောတဲ့အဆုံးသတ်ရမယ့်အချိန်က ဒီအချိန်ပါပဲ။ သမီးရမယ့်ရလဒ်က ဘယ်လိုရလဒ်မျိုးပဲဖြစ်ဖြစ် ဦးဘက်က ကြိုတင်ပြင်ဆင်မှုတွေ လုပ်ပြီးပါပြီ။ ဦးက မိန်းကလေးရှင်နော်၊ သန့်စင်ညိုသွေး. . . သမီးရဲ့နှလုံးသားကို သနားလို့ အခွင့်အရေးပေးထားတာ''

ဖေဖေ၏မာနစွန်းသောစကားသံကြောင့် ဒေါ်မေညိုသွေးက ဖျတ်ခနဲလှည့်ကြည့်သည်။

''ဟုတ်ကဲ့ပါ ဦး၊ ဒီလိုအခွင့်အရေးပေးတဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်။ ကျွန်တော် အခုပဲအဆုံးသတ်ပေးမှာပါ။ မေမေက ကျွန်တော့်ကို အမြဲတမ်းဆုံးမခဲ့ပါတယ်၊ မိန်းကလေးတွေကို မနောက်ယှက်ပါနဲ့တဲ့၊ မိန်းကလေးတွေကို စိတ်ဒုက္ခ ရာမပေးပါနဲ့တဲ့''

''. . .''

''အဲဒီ့စကားကို ကျွန်တော်သေတဲ့အထိ လိုက်နာမှာပါ။ ကျွန်တော်ချစ်ရတဲ့မိန်းကလေးကို မနောက်ယှက်ပါဘူး၊ စိတ် ဒုက္ခ ရာမပေးပါဘူး''

''သား''





ညိုသွေးက စကားဖြတ်လိုက်တော့ ဒေါ်မေညိုသွေးက ပြန်လှည့်လာသည်။ အားလုံးလည်း ညိုသွေးမျက်နှာကိုစိုက်ကြည့်နေကြသည်။

''တကယ်ပဲ အဲဒီမိန်းကလေးကို စိတ်ဒုက္ခရာမပေးပါဘူး။ ဒါပေမဲ့ လူပြောင်းသွားပါပြီ၊ အဲဒီမိန်းကလေးက ခွာညိုသင်းပါ''

''သား''

''ညိုသွေး''

တစ်ပြိုင်နက် အထိတ်တလန့်အော်လိုက်ပေမယ့် ဖေဖေကတော့ ပြုံးပါသည်။ ငွေသား ယိုင်လဲတော့မည်။

''ဒီတော့ သေသေချာချာမှတ်ထားပါ ငွေသား၊ မင်းနဲ့ ကိုယ့်ရဲ့အချစ်ဇာတ်လမ်းကို ဒီလောက်နဲ့ စခန်းသိမ်းလိုက်ပါပြီ။ ကိုယ်နဲ့ဘယ်သောအခါမှ မပတ်သက်အောင်နေပါ၊ ဘယ်လိုသော အကြောင်းမျိုးနဲ့မှ မဆက်သွယ်ပါနဲ့''

''ဟင့်အင်း. . . ဟင့်အင်း. . . ညိုသွေး''

ငွေသား အရူးတစ်ယောက်လိုဖြစ်သွားစဉ် ဖေဖေက ငွေသားကို ဖမ်းချုပ်လိုက်လေသည်။ ညိုသွေးကလည်း ဒေါ်မေညိုသွေးလက်ကို ဆွဲခေါ်သွားသည်။ နှစ်လှမ်းသုံးလှမ်းလောက် လျှောက်ပြီးမှ ပြန်လှည့်လာကာ. . .

''ဦးဇေမောင်. . . လက်စားချေတယ်လို့မထင်ပါနဲ့၊ ငွေ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီလို့လည်း မတွေးပါနဲ့။ ဒီအချိန်မှာ ဒီလိုဖြစ်ဖို့အကြောင်း ရှိလာလို့ပါ။ ဒီစကားတွေကို ဦးဇေမောင် မေမေ့ကိုဖုန်းနဲ့ပြောတုန်းကလို ကျွန်တော်လည်း ငွေသားကိုပြောလို့ရပါတယ်။ ဒါပေမဲ့ မေမေက ဒီလိုယဉ်ယဉ်ကျေးကျေးလာပြောဖို့အတွက် ကျွန်တော့်ကို မွေးဖွားပေးခဲ့လို့ပါ"

"..."

"တစ်ခုတော့ရှိတယ်. . . ကျွန်တော် ဦးဇေမောင်ရဲ့သမီးကို မဖျက်ဆီးခဲ့ပါဘူး"

ဟုပြောပြီး တကယ်ထွက်သွားတော့သည်။ ငွေသား ဖေဖေ့လက်မှရုန်းပြီး ပြေးလိုက်မိသည်။

"ညီုသွေး. . . ညီုသွေး, ကျွန်မမှာ ဘာအပြစ်ရှိလို့ စွန့်ပစ်ခဲ့တာလဲ။ ကျွန်မနဲ့ညီုသွေး ကတိတွေ ထားခဲ့ကြတယ်လေ။ ဘယ်တော့မှလမ်းမခွဲဘူးဆို"

"..."

"ဘယ်သူဖျက်ဖျက် မပျက်ဘူးဆို. . . ဘယ်သူသဘောမတူတူ ကိုယ်တို့အတူတူပဲဆို. . . ညီုသွေး"

တစ်ချက်မှလှည့်မကြည့်တော့ပါ။ သားအမိနှစ်ယောက်သား ကားပေါ်ဖျတ်ခနဲတက်ပြီး ဝေါခနဲမောင်းထွက်သွားတော့သည်။ ငွေသား တကယ်ရှုံးရလေပြီ။

"ညီုသွေး"





"သမီး"

"ညီုသွေး"

ဖေဖေက နောက်မှပြေးလာပြီး ငွေသားကို ဆွဲပွေ့ထားတော့သည်။

"သမီး, စိတ်ထိန်းစမ်း"

"ဟင့်အင်း. . . သမီးရဲ့ညီုသွေးက အဲ့ဒီလိုမဟုတ်ဘူး"

"..."

"ဒါ ဘယ်သူ့ကြောင့်လဲ၊ ဘယ်သူ့ကြောင့်ဖြစ်ရတာလဲ၊ သမီးမှာ ဘာအပြစ်ရှိလို့လဲ ဖေဖေရဲ့. . . သမီးမမှားပါဘူး"

ငွေသားသည် နာကျင်ကြေကွဲစွာပြောနေရင်းမှ မောပန်းနွမ်းနယ်လာပြီး ဖေဖေ့ရင်ခွင်ထဲ ပျော့ခွေကျသွားလေသည်။

ဒါပေမဲ့ ခဏလေးပါ။ သတိရလာတော့ အိပ်ရာပေါ်ရောက်နေပြီး ဖေဖေက စီးမိုးကြည့်နေပါသည်။ ငွေသား ဖျတ်ခနဲထလိုက်မိ၏။

"ဖေဖေ, သမီးသူငယ်ချင်းတွေကို ဘယ်လိုမျက်နှာပြရတော့မလဲ"

"..."

"သမီးတို့ ရက်ရွေးနေကြပြီဆိုတာ အားလုံးသိနေပြီ။ ဆော်ဝန်းကျင်ကို ဘယ်လိုရင်ဆိုင်ရတော့မလဲ"

"..."



www.burmeseclassic.com

www.burmeseclassic.com



"သမီးရှက်တယ်ဖေဖေ၊ ဘယ်သူ့ကိုမှ ရင်မဆိုင်ရဲတော့ဘူး။ သမီးသေချင်တယ်. . . ညို့သွေးမရှိတဲ့ဘဝမှာ မနေချင်ဘူး။ ညို့သွေးနဲ့ခွဲပြီးမနေနိုင်ဘူး"

"တော်ပါတော့သမီးရယ်၊ စိတ်ထိန်းစမ်းပါ။ သမီး ရင်မဆိုင်ရဲတာတွေ၊ ကြောက်ရွံ့နေတာတွေကို ကျော်လွှားနိုင်အောင် ဖေဖေ လုပ်ပေးပါ့မယ်"

"ဟင့်အင်း. . . ဟင့်အင်း. . , မယုံဘူးဖေဖေ၊ အဲဒီလို လုပ်လို့ရလို့လား။ သမီးက တကယ်ချစ်တာဖေဖေရဲ့။ သေရာပါမှာပါ"

"ဖေဖေနားလည်ပါတယ်သမီးရယ်၊ သမီးက ငယ်သေးလို့ပါ။ ခဏပဲ သည်းခံလိုက်၊ သမီးအောင်မြင်အောင် ဒီလိုဒဏ်တွေကို ခံနိုင်အောင် ဖေဖေ တကယ်လုပ်ပေးတော့မှာပါ။ ဘဝဆိုတာ ဒီလိုပဲလို့ မှတ်လိုက်၊ အချစ်ဆိုတာ ဒီလိုပဲလို့မှတ်လိုက်၊ ဒါမှ ဘဝနဲ့အချစ်က ပီပြင်သွားမှာ"

"ဒါဆို သမီးက ဘယ်လောက်ထိ ခံစားရမှာလဲ၊ ဘယ်လောက်ထိ ခံစားပြီးမှ ပြီးသွားမှာလဲ"

"အချိန်တစ်ခုတော့ လိုအပ်တယ်သမီး၊ နားလိုက်ပါ သမီးရယ်. . . ခုချိန်မှာ ဖေဖေ ဒီလောက်ပဲ ပြောဦးမယ်နော်"

ငွေသား, ဖေဖေ့ရင်ခွင်ထဲကိုသာ ဝင်လိုက်မိတော့သည်။ ဖေဖေက ပြန်လည်ထွေးပွေ့၍ ကျောပြင်လေးကိုပုတ်၍ နှစ်သိမ့်





ပေးပါသည်။

"အချစ်ကြီးလိုက်တဲ့ သမီးလေးရယ်"

◙◙◙

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ရက်စက်မှုတွေ ပြီးဆုံးသွားလို့ တစ်ပတ်ခန့်အကြာမှာ ညီလေးတို့ခြံရှေ့သို့ မိန်းကလေးတစ်ယောက်က အဖြူရောင်ကတ်လေး တစ်ကတ် လာပေးသွားတာကို မေမေနှင့်ကြုံတွေ့ခဲ့ရလေသည်။

ဖြစ်ချင်တော့ ညီလေးက ခြံထဲမှာ ဂျာနယ်ထိုင်ဖတ်နေခဲ့တာဖြစ်၏။ မေမေက ထိုကတ်လေးကို ယူလာကာ. . .

"သားရေ့ မိန်းကလေးတစ်ယောက်က သားအတွက်တဲ့"

ဆိုပြီး အနားရောက်လာ၏။ မေမေလှမ်းပေးတာကို မယူဘဲ လှမ်းကြည့်ရုံ ကြည့်လိုက်ပါသည်။ ဒီအချိန်မှာ ငွေသားက



www.burmeseclassic.com

www.burmeseclassic.com



လွဲလျှင် သူ့ကိုပေးမယ်လူမရှိပါ။ ဒါပေမဲ့ ဂျာနယ်ကိုတော့ စားပွဲပေါ် တင်လိုက်ပါသည်။

"ဘာကတ်လဲ မေမေ"

"ဖိတ်စာကတ်တော့ မဟုတ်ဘူး"

"ဒါဆို မေမေ ဖတ်ပြပါ"

"ညီုသွေးတဲ့၊ ဘုရားရေ. . . ငွေသားနစ်ပယ်များလား"

မေမေက ပြုံးပြုံးပြာပြာဖြစ်သွားပြီး အောက်ဆုံးထိ ကြည့်လိုက်သေးသည်။

"ဟင်! ဟုတ်တယ်,သား. . . ငွေသားတဲ့"

"ဖတ်လိုက်ပါ မေမေ"

"ဘယ်လိုလုပ်မလဲ သားရယ်"

"ဖတ်လိုက်ပါ မေမေရယ်၊ ပြီးသွားပြီပဲ"

"ညီုသွေး. . ."

"ဟင့်အင်း၊ အဲဒီအသံမလိုချင်ဘူး မေမေ"

"ညီုသွေး. . . တကယ်တော့ ဖေဖေဟာ"

"အဲဒီအသံလည်း မဟုတ်ဘူးမေမေ၊ တိုးတိတ်စိုးရွံ့နေတယ်"

"ညီုသွေး၊ တကယ်တော့ ဖေဖေဟာ"

"မဟုတ်သေးဘူး၊ ဒါလည်း ခံစားမှုတစ်ခု ငြိနေသလိုပဲ"





"ညီုသွေး၊ တကယ်တော့ ဖေဖေဟာ"

"နွဲ့တယ် မေမေရ"

"ညီုသွေး၊ တကယ်တော့ ဖေဖေဟာ"

"ပျော့သွားပြန်ပြီဗျာ"

"သားရယ်. . . ကဲ၊ ညီုသွေး တကယ်တော့ ဖေဖေဟာ"

"ဒါကျတော့ အရမ်းမာလွန်းသွားပြီ"

"ဘယ်လိုဖြစ်နေတာလဲ သားရယ်၊ သားလိုချင်တဲ့အသံမျိုး မေမေမှမလုပ်တတ်တာ"

"လွယ်လွယ်လေးပါ မေမေရယ်၊ အားငယ်တဲ့ခံစားမှု မပါရဘူး၊ မာနရှိတဲ့အသံမျိုး မဖြစ်ရဘူး၊ အခြောက်ဆန်တဲ့အသံမျိုးလည်း မဖြစ်ရဘူး။ တည်တည်ငြိမ်ငြိမ်နဲ့ ကြည်ကြည်လင်လင် ပြတ်ပြတ်သားသားရှိဖို့ပဲလိုတယ်"

"ဟုတ်ပြီ၊ ဒီတစ်ခါ နောက်ဆုံး မေမေသတိထားမယ်၊ OK... Are you ready! "

ဒီတစ်ခါတော့ မေမေသည် သူလိုချင်သည့်အသံမျိုး တကယ်ပဲ ရွတ်ပြနိုင်ခဲ့ပါသည်။

**"ညီုသွေး...**

**တကယ်တော့ ဖေဖေဟာ**

**နီဒါန်းမှာ ဘာပဲလုပ်ခဲ့လုပ်ခဲ့**



www.burmeseclassic.com

www.burmeseclassic.com

နိဂုံးမှာတော့ ရက်စက်တတ်တဲ့လူ
မဟုတ်ဘူးဆိုတာ...
ကျွန်မ တကယ်ပဲသိလိုက်ရပါပြီ...
အနိတ်မေညိုသွေးကလည်း
နိဒါန်းမှာ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့
နိဂုံးမှာတော့ ရက်စက်ရက်တဲ့သူ
မဟုတ်ဘူးဆိုတာ
ကျွန်မ တကယ်ပဲ ဖမ်းစားမိခဲ့ပါပြီ...
နိဒါန်းမှာ ရက်ရက်စက်စက်ချစ်ပြီး
နိဂုံးမှာ တကယ်ပဲ
ရက်ရက်စက်စက် ရက်စက်ရက်သွားတဲ့သူကတော့
ညိုသွေးပါပဲ...
ကျွန်မမှာ အပြစ်မရှိဘူးဆိုတာ ညိုသွေးအသိဆုံးပါ
ဘယ်လောက်ထိချစ်ခဲ့တယ်ဆိုတာလည်း
ညိုသွေးသာလျှင် အသိဆုံးပါပဲ...

မွေသား"

မေမေက ပြတ်ပြတ်သားသားဖတ်ပြီး သူ့မျက်နှာကို စိုက်ကြည့်တော့သည်။ လေသံက ပြတ်သားပေမယ့် မျက်ဝန်းတို့ကတော့ ရီဝေနေလေ၏။ ပြီးတော့ မေမေ တကယ်ပဲ မထိန်းနိုင်တော့။

ရွှေပဒေသာစာပေ



"သားရယ်. . . မေမေစိတ်မကောင်းလိုက်တာ။ စပယ်ပြောတာ တကယ်မှန်နေပြီထင်ပါရဲ့သားရယ်။ ဒီကလေး့ မေမေငယ်ငယ်ကလို ဖြစ်နေပြီထင်ပါရဲ့"

သူ ဖျတ်ခနဲထပြီး မေမေ့နှုတ်ခမ်းကို လှမ်းပိတ်လိုက်၏။ ပြီးတော့ မေမေ့ကိုဖက်ထားပြီး. . .

"မပြောပါနဲ့မေမေ၊ ငြိမ်ငြိမ်လေးပဲ နေပေးပါ။ သားမေမေ့မျက်နှာကိုပဲ ကြည့်တော့မှာပါ။ အမြဲတမ်း စိတ်ချမ်းသာအောင် ကျေးဇူးဆပ်နေပါ့မယ်"

ဟု ပြောလိုက်မိသည်။

ပြီးတော့. . . ပြီးတော့ မေမေ့အကြိုက်ဆုံး. . .

'သီချင်းဆို၍ ကျေးဇူးဆပ်ပါမည်' ဆိုသည့် ကျော်ဟိန်း၏သီချင်းကို ဆိုပြလိုက်ပါသည်။

မေမေ မျက်ရည်ဝဲနေမှာကို သူသိသည်။

သူ မျက်ရည်ဝဲနေမှာကိုလည်း မေမေရိပ်မိလိမ့်မည်။

ဒါပေမဲ့ တစ်ယောက်နှင့်တစ်ယောက် မမြင်စေရ။

(အတောင်ပံတစ်စုံကို အားကိုးသောငှက် × × ×
မိုးပေါ်ပျံသန်းအသွားမှာ× × × ရေလှိုင်းထဲက ရေမျော်ငါးလည်း ကူးနေတယ် × × × မြေပေါ်မှာ လူစွမ်းအားအပြည့်နဲ့ အချစ်ရေစင်များ အေးတာ× × × ကမ္ဘာကြီးသာယာပါစေ သီချင်းလေး ညည်းနေတယ် × × ×



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာကြီး× × × ကမ္ဘာကြီးရယ်× × × ကြင်နာစွာ သင့်ရင်မှာ ငါစွန့်စားလို့ ကျေးဇူးဆပ်ပါမယ်× × × ကြင်နာသူတွေ ကျေးဇူးသိတယ် ထမ်းနေပါမယ်× × × မိခင်ကမ္ဘာရယ် ထာဝရခွဲပဲပေါ့)

(ရက်ရက်စက်စက် ရက်စက်ရက်သူ)

**5th, October, 2011**

**6:15 (PM)**

**Wednesday**

လက်တစ်စုံဖြင့် တစ်စုံတစ်ရာ. . .

**လေဒီဇော်**

◙ စာအုပ်အငှားဆိုင်များတွင်

အငှားများ၊ အမေးများသည့်

# ဝိုးစက်ပွင့်

ထွက်ပြီးစာအုပ်များ

၁။ တိတ်တခိုး စူးသော မြားတစ်စင်း (ဗီဒီယို)
၂။ မြေပြင်ပေါ်သက်ဆင်း၍ လမင်းကပန်ဆင်းသောအရာ
၃။ အမုန်းသချ်ိုမှ
၄။ သံစဉ်လွဲသည့် ချစ်ခြင်းတေး
၅။ တစ်ဆောင်းသစ် နှင်းတွေတစ်ခါဝေတိုင်းမှာ
၆။ သံစုံကျူးတဲ့ ငှက်ကလေး
၇။ ဆောင်းနှင်းမှုန် ဝတ်ရုံကြားမှာ မင်းပျော်ရစ်ခဲ့ပါ
၈။ မာနအလယ်သောင်ထွန်း ချစ်သူနေတဲ့ကျွန်း

ယခုလ (စက်တင်ဘာ ၂၀၁၂)

၉။ မြားသုံးစင်း ပစ်ခွင်းဘယ်သို့ရွယ်

ဖတ်ပြီးပြီလား. . .

ကြိုက်မှာပါ. . .။

BURMESE CLASSIC .com

www.burmeseclassic.com